
www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

# မင်းစိကြ

## ရွှေမျက်နှာဖုံး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




| | |
|---|---|
| ၁၃။ | အတိတ်ဇာတ်ကြောင်း |
| ၁၄။ | မျက်နှာပေါက်ဆိုးဆိုးနှင့်လူ |
| ၁၅။ | လမ်းပျောက်သစ်ပင် |
| ၁၆။ | ကံကြမ္မာအရိပ်မည်းကြီး |
| ၁၇။ | သေမင်းနှင့်စစ်ခင်းကြသူများ |
| ၁၈။ | ပြန်မလာနိုင်ကြတော့ |
| ၁၉။ | လမ်းပြည်ကြမ္မာ |
| ၂၀။ | မကောင်းဆိုးရွားတစ်ကောင်ရဲ့မျက်နှာ |
| ၂၁။ | နာမ်မကိန်းသောရုပ်တု |
| ၂၂။ | ကိုယ့်အတတ်နဲ့ကိုယ်စူး |
| ၂၃။ | အသားစားအပင် |
| ၂၄။ | သစ်ခေါက်မျက်နှာ |
| ၂၅။ | တကယ်လား အိပ်မက်လား |
| ၂၆။ | ခရီးသည်နှစ်ဦး |
| ၂၇။ | အပြန်ခရီး |




(၁)

[illegible]

BURMESE CLASSIC .com

နှင်းများက တသောသောဖြင့်ကျနေကြသည်။ မြူကမ္ဘလာသည် ဆွတ်ဆွတ်ဖြူလျက်ရှိသည်။ မကြာသေးမီက မုန်တိုင်းကျခဲ့သည်။ ယခု အရှိန်လျော့ပါးသွားသော်လည်း နှင်းများက အကျစိတ်နေသေးသည်။ မုန်တိုင်းကျနေခဲ့စဉ်က မိုးသီးများလည်း အတူပါလာခဲ့ကြသည်။ အမြင့်မှ အရှိန်ဖြင့်ကျလာခဲ့သည်မို့ လူ၊ သတ္တဝါတစ်ဦးဦးကိုသာ ထိမှန်ခဲ့လျှင် မလွယ်။ နေရာမှာတင် ပွဲချင်းပြီးသေဆုံးသွားနိုင်သည်။

ခပ်ဝေးဝေးမှ သတ္တဝါနက်တစ်ခုသည် အပြေးအလွှားပင်လာနေသည်။ မြင်းတစ်ကောင်ဖြစ်သည်။ ခွာအကျတွင် နှင်းများက ဖွာခနဲ၊ ဖွာခနဲဆို လွင့်စဉ်သွားခဲ့ကြသည်။ မြင်းပေါ်မှာ မိန်းကလေးတစ်ယောက်။ ကိုယ်ပေါ်မှာ သားမွေးအင်္ကျီ၊ ဘောင်းဘီများကို ဝတ်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသော ဆံကေသာမျှင်များကို မူလက ထုံးနှောင်ဖွဲ့ထားသော်လည်း အကြောင်းတစ်ခုခုကြောင့် ပြေလျော့သွားဟန်တူသည်။ ထို့ကြောင့် လေထဲတွင် တဖွားဖွားနှင့် လွင့်မျောလျက်ရှိနေသည်။ သူမသည် နောက်ကြောင်းမအေးသလို နောက်ကို မကြာ၊ မကြာပင် လှည့်ကြည့်တတ်သည်။ မြင်းပေါ်မှ လိုက်နေရသော်လည်း စိတ်မော၊ လူမောဖြစ်နေသည်။ စိတ်လှုပ်ရှားလွန်း၍ ဖွံ့ထွားသောရင်အမြွာသည် အတက်အကျမြန်ဆန်လွန်းနေသည်။

သူမ၏မြင်းက ကောင်းလွန်း၍ တစ်ဟုန်ထိုးပင် ပြေးနေဆဲ။ ခရီးတော်တော်ဝေးဝေးရောက်လာခဲ့သည့်တိုင် သက်လုံကောင်းနေဆဲ။ ခြေမကုန်သေး။ သို့သော် သူမမှာ စိတ်မချနိုင်သေး။ နောက်ထပ် သုံးမိုင်လောက်အထိ ပြေးပြီးမှ တစ်နေရာရာတွင် ပုန်းအောင်းနိုင်ဖို့နေရာ ရှာရပေမည်။ သူမသည် လွတ်မြောက်နိုင်မည်ဟု ယုံကြည်ထားသည်။

◆ ◆

အတော်အတန်ဝေးကွာသော အရပ်ဆီက တအားနှင်လာခဲ့ကြသော မြင်းတစ်အုပ်စု။ စုစုပေါင်း ငါးကောင်။ မြင်းပေါ်မှာလည်း လူငါးယောက်။ ဓား၊ လေးမြားကိုယ်စီနှင့်။ ကိုယ်ပေါ်မှ





အဝတ်အစားများကလည်း ဖျင်ကြမ်း၊ သားကောင်အရေများသာ ဖြစ်ကြသည်။

သူတို့ထွက်လာခါစက နှင်းမုန်တိုင်းကမကျသေး။

"တောက် ... ဒီကောင်မ လွတ်သွားလို့မဖြစ်ဘူး။ ငါက တစ်မျိုးလုံးကို ဖြုတ်ပစ်ချင်တာ၊ မိန်းကလေးဆိုတော့ အိမ်ထောင်ကျရင် သားသမီးရမယ်၊ ဒီထက်ပွားတိုးလာခဲ့ရင် မျိုးနွယ်တစ်ခုအနေနဲ့ ထပ်ပြီးတော့ပွားစီးလာကြဦးမှာ၊ မလိုချင်ဘူး၊ သင်းလည်းသေရမှာပဲ"

ထိုသူက ကြုံးဝါးလိုက်လေသည်။ သူသည် မျိုးနွယ်တစ်စု၏ ခေါင်းဆောင်ဖြစ်သည်။ ဘိုးဘွားဘီဘင်များ၏ လက်ထက်ကတည်းကရှိလာခဲ့သော ရန်ငြိုးရန်စတစ်ခုသည် ယခုထက်တိုင် မပြီးကြသေး။ သူဦးလျှင်သူ၊ ကိုယ်ဦးလျှင်ကိုယ် တိုက်ခိုက်နေကြဆဲ။ ကောင်းကောင်းမနေကြရ။ ကောင်းကောင်းမစားကြရ။ အနိုင်အထက်ပြုနေကြသော သုတ်သင်ပွဲကြီးများကြောင့် ရင်တထိတ်ထိတ်နှင့် ရှိနေကြရသည်။

နောက်မှနေ၍ အသည်းအသန်လိုက်နေကြရင်းက မမျှော်လင့်ဘဲ နှင်းမုန်တိုင်းက ကျလာသည်။

"ဆရာလုထန် ... မုန်တိုင်း"

"ဟိတ် ... နောက်ဆုတ်ဖို့ ခိုနားဖို့ မစဉ်းစားကြနဲ့၊ မျက်ခြည်ပြတ်သွားမယ် ... ဆက်လိုက်"

လုထန်က အမိန့်ပေးလိုက်သည်။ သူ့ကို အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြသည်။ သူက ကျားသစ်မျိုးနွယ်စုခေါင်းဆောင်။ ရက်စက်ကြမ်းကြုတ်သည့်နေရာမှာ နှစ်ယောက်မရှိ။ ကိုယ်တပည့်သားချင်းကိုဆုံးမရာတွင်ပင် လက်လွန်ခြေလွန်၊ အသက်ကိုပါ နှုတ်ယူတတ်သူ။ ထို့ကြောင့် လုထန်က သေဆိုလျှင်သေ၊ ရှင်ဆိုလျှင်ရှင်။ သွားရမည့်လမ်းက သေလမ်းဖြစ်နေပြီး ပြန်လမ်းမရှိလျှင်လည်း ဆက်သွား။ ငြင်းပယ်က သူ၏ဓားချက်မိကာ သေပွဲဝင်သွားမှာ ကျိန်း။ လုထန်ကိုယ်တိုင်က ရှေ့ကိုတိုးပြီးတော့ လိုက်မှတော့ မာကျောက်လည်း ဘာကြောင့်နောက်တွန့်ရမှာလဲ။

''ကိုင်း''

မြင်းတွေကို နှင်းတောထဲမှာ တောက်လျှောက်နှင်လာခဲ့ကြ သည်။ လေကလည်း တရကြမ်းပင်တိုက်ခတ်နေသည်။ အချို့ရှေ့မှာ မိုးသီးများက တဖြုတ်ဖြုတ်နှင့်ကျလာနေကြသည်။ အချို့က ကွမ်းသီးလုံးလောက်၊ အချို့က လက်သီးဆုပ်လောက်ရှိသည်။ သူတို့ သွားရာလမ်းကြောင်းပေါ်မှာ နှင်းကျားသစ်တစ်ကောင်။ သူသည် အငြိမ်နေတတ်သော သတ္တဝါမဟုတ်။ တစ်ကောင်တည်းပဲ နေတတ်သည်။ ယခုလည်း မုန်တိုင်းကြားမှာ ပြေးသွားနေသည်။

'ဒုတ်'

အရှိန်ဖြင့်ကျလာသောလက်သီးဆုပ်ခန့်ရှိ မိုးသီးတစ်လုံးက နှင်းကျားသစ်၏ခေါင်းတည့်တည့်ကို ထိသွားသည်။ ခွေခနဲ လဲကျသွားသည်။ မထနိုင်။ တစ်ချက်နှစ်ချက်အကြောဆွဲပြီးတော့





ငြိမ်သက်သွားသည်။ သေဆုံးသွားသော နှင်းကျားသစ်၏ကိုယ်ပေါ်မှ မြင်းများက ဖြတ်ကျော်ကွားခဲ့ကြသည်။ မိုးသီးတွေက အကျစိတ်နေကြသည်။ သူတို့၏ဘေးမှ ပွတ်ချော်သွားခဲ့ကြသည်။

သို့သော် ထိခါမှထိရော . . . ဖွတ်အတင်းပင် ဖြတ်ကျော်သွားခဲ့ကြသည်။ မြင်းများ၏ခြေထောက်အောက်မှာ နှင်း တွေက တဖွားဖွားနှင့် လွင့်ပြီးတော့၊ စဉ်ပြီးတော့ ကျန်ရစ်ခဲ့ကြသည်။

'ဟီး . . ဟီး . . ဟီး . . ဟီး'

မြင်းတစ်ကောင်က နာကျင်စွာ အော်ဟစ်လိုက်သည်။ ခေါင်းတည့်တည့်ပေါ်ကို မိုးသီးတစ်လုံးက ကျလာသည်။ ရှေ့ခြေနှစ်ချောင်း ပစ်ကာလဲကျသွားသည်။ မြင်းပေါ်ကလူလည်း မြင်းနှင့်အတူ တလိမ့်ခေါက်ကွေး။ နှင်းတောထဲမှာမို့ အကျသက်သာသွားသည်။ ချက်ချင်းပင် လူးလဲပြီးတော့ထသည်။ မြင်းလေးကောင်က ဝေါခနဲဆို သူ့ဘေးနားမှ ဖြတ်ကျော်သွားခဲ့ကြသည်။

''ဟေ့ . . . ဟေ့''

သူက ပြေးလိုက်ရင်းခေါ်သည်။ မည်သူကမှ နောက်ကို လှည့်မကြည့်ကြတော့။ ထိုစဉ် . . .

''အား''

မိုးသီးတစ်လုံးက သူ့ခေါင်းပေါ်ကို ကျလာခဲ့သည်။ တစ်ချက်သာ အော်နိုင်သည်။ ပစ်လဲကျသွားသည်။ နှင်းတွေပေါ်မှာ မှောက်ခုံကြီးဖြစ်သွား၏။

◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ . . . မြင်းနှင့်အတူပြေးနေသော မိန်းကလေး။ မြင်းက ပြေးနေသလို သူမ၏စိတ်ကလည်း ပြေးနေသည်။ ဒီလိုပဲ ဆက်ပြီးပြေးနေလို့ကတော့ လွတ်လမ်းဘယ်မမြင်။ နောက်မှ အသေအချာလိုက်လာကြသောသူများသည် မြင်းစီးကျွမ်းကြ သည်။ မြင်းကောင်းတွေကိုသာ သုံးကြသူများ။ ဖွဲလည်းကောင်း ကြသည်။ သူထွက်ပြေးသွားမှန်း သိသည်။ မရမက အမိဖမ်းရန် လိုက်ကြမှာအမှန်ပင်။ ထို့ကြောင့် ခြေရာဖျောက်ပြီး လုံခြုံမည် ထင်သည့်နေရာမှာ ပုန်းခိုနေမှ တန်ကာကျမည်။

"သမီး . . . ပြေး . . . ပြေးတော့၊ ဒီကောင်တွေက အင်အားများတယ်၊ အဖတို့မျိုးနွယ်စုမှာ အနည်းဆုံးတစ်ယောက် ကတော့ ကျန်ခဲ့ရမယ်၊ ဒါမှ မျိုးဆက်မပြတ်မှာ"

"သမီးတစ်ယောက်တည်း တစ်ကိုယ်ကောင်းဆန်ပြီး မပြေးဘူး။ ဒီကျားသစ်တွေကို အဖေတို့နဲ့အတူ တိုက်မယ်၊ သေ လည်းအတူတူ၊ ရှင်လည်းအတူတူပဲ"

"မပိုက်စမ်းပါနဲ့ သမီးရယ် . . . သူတို့က လက်ဦးမှုကို ရသွားကြပြီ၊ အဖပြောတာတောင် နောက်ကျနေပြီ၊ ခုနေ ဖောက် ထွက်ရင် ရနိုင်သေးတယ်၊ သမီး မပိုက်စမ်းပါနဲ့ . . . အဖစကား ကို နားထောင်ပါ၊ နားမထောင်ရင် အဖ တမလွန်ကိုရောက် သွားတဲ့တိုင် သမီးကို ခွင့်မလွှတ်ဘူးနော်"





"အဖ"

"သမီး . . . သွား သွား . . . နောက်ဆံတင်းမနေနဲ့"

ဦးဒီပ သည် ဖန်လေး၏ပခုံးကို ဟွန်းလွှတ်လိုက်သည်။ ယင်းအချိန်တွင် လုထန်နှင့်အပေါင်းအပါများသည် ရွာထဲသို့ဝင် ကာ တရကြမ်းပင် တိုက်ခိုက်သတ်ဖြတ်လျက်ရှိနေကြသည်။ ရွာထဲမှ လူငယ်လူရွယ်၊ လူကြီးများသာမက . . . အရွယ်ကောင်း မိန်းမကြီးများပါ လုထန်၏လူများကို ဝင်ရောက်တိုက်ခိုက်ကြ သည်။ သို့သော် လုထန်တို့က အင်အားကြီးသည်။ အလစ်မှာ ဝင်ရောက်တိုက်ခိုက်ကြသည်လည်းဖြစ်၍ ရွာခံများ တော်တော် များများ ထိခိုက်ကြသည်။ သေဆုံးကုန်ကြသည်။

ဦးဒီပသည် ငှက်ပျောရွက်ဓားကြီးကိုဆွဲကာ တိုက် ခိုက်နေကြသောနေရာဆီကို ပြေးဝင်သွားခဲ့သည်။ သူတို့ရွာသူ ရွာသားများ၊ ကလေးလူကြီးမကျန် ယှဉ်တိုက်ခံကြရသည်။ ဖန်လေးသည် တစ်ကိုယ်ကောင်းမဆန်လို၊ ကိုယ်လွတ်ရုန်းပြီး ထွက်သွားဖို့ မရည်ရွယ်။ သူမသည်လည်း မိမိတို့မျိုးနွယ်စု အတွက် တစ်ဖက်တစ်လမ်းကနေ၍ ဝင်ရောက်တိုက်ခိုက်ချင် သည်။

"သမီး . . . အဖတို့က သေမလား၊ ရှင်မလား မသိ ရဘူး၊ သေမယ်၊ ရှင်မယ် မကျိန်းသေဘူး၊ အားလုံး တစ်ယောက် မကျန်သေကုန်ကြရင် သမီးက မျိုးဆက်မပြတ်စေဖို့ ဆက်ပြီး တော့ တာဝန်ယူရမယ်၊ ဒါကြောင့် သမီးယူရမယ့်တာဝန်က



www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ်၊ အားလုံးအတွက် အရေးကြီးတယ်၊ အချည်းနှီး အသေ မခံပါနဲ့ ... ပြေးပါ ပြေးပါ''

အဖဦးဒီပသည် ဝံနက်မျိုးနွယ်စုခေါင်းဆောင် တစ်ဦး။ မိမိအမျိုးအတွက် အမြဲတမ်းနီရဲသောသွေး ရှိသည်။ အားလုံးသေလျှင် တစ်ယောက်တော့ ကျန်ရမည်။ ယင်းတစ်ယောက်သည် မလွဲမသွေ အိမ်ထောင်ပြုရမည်။ သားသမီးများ မွေးဖွားကာ ဝံနက်မျိုးနွယ်စုတို့ ဆက်လက်ပြီးတော့ ထူထောင်ရမည်။ ထိုတာဝန်ကိုယူရမည့်သူသည် သမီးဖန်လေးကလွဲပြီး မည်သူမှမဖြစ်နိုင်။ ဖန်လေးသည် စိတ်ကိုပိုင်းဖြတ်လိုက်သည်။ မြင်းပေါ်ကို လွှားခနဲဆို ခုန်တက်လိုက်သည်။ သူမ၏လှုပ်ရှားမှုသည် ဖက်ရွက်ကလေးလိုပေါ့ပါးလှသည်။ တစ်ခဏအကြာတွင် ရွာအနောက်ဘက် လျှို့ဝှက်ကယ်ပေါက်ဆီကို ရောက်လာခဲ့လေပြီ။

''ဟိတ် ဟိုမှာ ... တစ်ယောက်ထွက်ပြေးသွားတယ်''

ထွက်ပြေးသွားသော ဖန်လေးကို လုထန်လှမ်းပြီးတော့ မြင်လိုက်သည်။

''ဟာ ... သင်းဟာ ဒီပရဲ့သမီး ဖန်လေးပဲ၊ လိုက်ကြစမ်း ... မိအောင်ဖမ်းလာခဲ့ ... အရှင်လိုချင်တယ်''

ထိုအခါ လုထန်၏ လူနှစ်ယောက်သည် ဖန်လေး၏ နောက်ဆီ မြင်းကိုနှင်ပြီးတော့ လိုက်သွားကြသည်။

''ငါ့နောက်က လိုက်လာကြပြီ''





ဖန်လေး၏စိတ်ထဲမှာတစ်ချက်တော့ ထင့်သွားသည်။ အချိန်က မိုးလင်းဖို့ အများကြီးလိုသေးသည်။ တစ်ရွာလုံးလည်း မီးဟုန်းဟုန်းတောက်လျက်ရှိနေလေပြီ။ အိမ်များဆီက လောင်သောမီးရောင်ကြောင့် မိမိကိုမြင်သွားခြင်းပင် ဖြစ်သည်။ သူတို့သည် ညသန်းခေါင်ကျော်ကျော်လောက်မှာ မိမိတို့ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ကြသလို အနားယူ၍ကောင်းဆဲ၊ အိပ်ကောင်းဆဲ အချိန်မှာ အလစ်တွင် တိုက်ခိုက်ခံကြရခြင်းပင်။

နောက်မှလိုက်လာကြသည့် မြင်းနှစ်ကောင်က ဖန်လေးကို ချက်ချင်းလိုက်မှီပင် မီလာခဲ့သည်။

''ဟိတ် ... မပြေးနဲ့''

သူတို့သည် လက်ထဲမှာ ဓားများကိုကိုင်ဆောင်ထားကြသော်လည်း ဖန်လေးကိုမတိုက်ခိုက်ကြဘဲ လက်ရဖမ်းနိုင်ဖို့သာ ကြိုးစားကြသည်။ မြင်းနှစ်ကောင်က ဖန်လေး၏မြင်းကိုညှပ်မိထားလိုက်ကြသည်နှင့် ...။

'ဝှစ် .. ဝှစ် .. ရှပ် .. ရှပ်'

''အ .. အား .. အား''

ဖန်လေး၏ဓားက ဘယ်၊ ညာဝင့်ကာ လှုပ်ရှားသွားခဲ့သည်။ ဓားရိုးကိုဆုပ်ကိုင်ကာ ဓားကိုဦးစိုက်ထားလျက် အနေအထားက တွက်ထည့်လိုက်ခြင်းပင်ဖြစ်သည်။ မထင်မှတ်သောတိုက်ကွက်ကြောင့် နှစ်ယောက်စလုံး အငိုက်မိသွားခဲ့ကြရသည်။ ဖန်လေး၏မြင်းက အရှိန်အဟုန်မပျက် ဆက်၍ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သိုသူနှစ်ယောက်စလုံး မြင်းပေါ်မှ တဖုတ်ဖုတ်နှင့် မြင်းပေါ်မှ ပစ်ကျသွားခဲ့ကြသည်။

ရွာမှထွက်ခဲ့စဉ်တွင် ကြားသံပေးကြသံများ၊ အော်ဟစ်သံများက နောက်မှာကျန်ရစ်ခဲ့ကြသည်။ တဟုန်းဟုန်းနှင့် တောက်လောင်နေကြသော မီးတောက်မီးလျှံများက သစ်ပင်များကိုပင် ကူးစက်ကာလောင်ကျွမ်းနေသည်။ မီးအလင်းရောင်များက ဇန်လေး၏နောက်ကိုပင် လိုက်လာကြနေသလို။ ဒီလိုနှင့် အသံဗလံများက ဝေးလာခဲ့ကြသည်။

နောက်ဆုံးတော့ . . . ဘာသံမှ မကြားရတော့။ ရွာနှင့်လည်း ဝေးလာခဲ့လေပြီ။

◆ ◆

ဇန်လေးသည် မြင်းကိုနှင်လာခဲ့ရင်းက နောက်ကြောင်းကိစ္စများကို ပြန်ပြီးတော့တွေးလာခဲ့သည်။ သူမ၏အဖ ဦးဒီပနှင့် ဆွေမျိုးများ၊ ရွာသူရွာသားများသည် မည်သို့ဖြစ်ကျန်ခဲ့ကြသလဲ မသိ။ အမြဲအနေကတော့ မကောင်း။ အဖသည်လည်း အသက်ရှင်ကျန်နိုင်ခဲ့ပါမည်လော။ လုထန်၏လက်ချက်မိကာ အားလုံးမျိုးပြုတ်ကုန်ကြပြီလား။

မိုးလည်းလင်းခဲ့ပြီ။ တစ်ညလုံး မရပ်မနားပြေးလာခဲ့ရ





သည့် မြင်းကြီးလည်း ပန်းလှပြီ။ တစ်ကြိမ်လောက် ရပ်နားခွင့်ပေးလိုက်ဦးမှ။ သို့သော် လုထန်သည် သူ့လူနှစ်ယောက်သေဆုံးသွားကြသည့်အဖြစ်ကိုသိပြီး ဇန်လေး၏နောက်ကို လိုက်လာခဲ့ကြမှာ ကျိန်းသေသည်။ သူမကို ဒီအတိုင်းလွှတ်ပေးမှာ မဟုတ်ပါ။ နှင်းမှုန်တိုင်းက အမှတ်မထင်ကျရောက်လာခဲ့၍ ဇန်လေးအတွက် သက်သာရာရသွားခဲ့သည်။ သဘာဝ၏ပြောင်းလဲမှုကြောင့် နောက်မှလိုက်လာသူများအတွက် အခက်အခဲဖြစ်သွားကြမည်မှာ မလွဲ။ ထိုစဉ် . . .

"ဟော့ . . . ဒိုမှာ"

အသံတစ်သံက ကျောဘက်မှ ထွက်ပေါ်လာသည်။ ဇန်လေး နောက်ကိုလှည့်ကြည့်မိလိုက်သည်။ တကယ်ပင် နောက်မှလိုက်လာကြသူ လူတစ်စု။ မြင်းများကို အပြင်းနှင်လာနေကြသည်။

"ငါထင်တဲ့အတိုင်းပါလား . . . သင်းတို့ လိုက်လာကြပြီ"

ဇန်လေး နောက်ကို တစ်ချက်လှည့်ကြည့်မိလိုက်သည်နှင့် သိသည်။ ရှေ့ဆုံးကလူသည် လုထန်။ မြင်းကိုရပ်နားရန်လုံးဝမဖြစ်တော့။ ဆက်ပြီးတော့ နှင်ရမည်။

"နင့်ကိုငါ အနားပေးမလို့ပါပဲဟယ် . . . ဒါပေမဲ့ မရတော့ဘူး"

ဇန်လေးက မြင်းပေါ်မှနေ၍ ပြောလိုက်သည်။ မြင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



သည့် အခြေအနေကိုသိသွားသည်ထင့် . . . ခွန်အားကိုဖျစ်ညှစ်ထုတ်ကာ အဆတိုးပြီးတော့ ပြေးသည်။

"ဟိတ် ဖန်လေး . . . နင် ငါ့လက်ကလွတ်မယ် ထင်သလား၊ ရပ်လိုက်စမ်း . . . ခုချက်ချင်းရပ်လိုက်"

လုထန်က အော်ဟစ်ပြီးတော့ တားဆီးလိုက်သည်။

"တောက် လုထန်ရယ် . . . နင် ငါ့အဖကို ဘာလုပ်ပစ်ခဲ့ပြီလဲ၊ ငါတို့မျိုးနွယ်စုတွေကို ဘာလုပ်ပစ်ခဲ့ပြီလဲ၊ ဘာပဲဖြစ်ဖြစ် နင့်ကို ငါ တစ်သက်မကျေဘူးဟေ့"

ဖန်လေး နောက်ကိုတစ်ချက် လှည့်ကြည့်လိုက်သည်။ လုထန်၏မြင်းကြီးက ရှေ့ဆုံးမှာ။ သူ့မျက်နှာဖြူဖြူကြီးကိုပင် နှင်းတသောသောကြားမှာ ကောင်းကောင်းမြင်နေရလေပြီ။ မကြာမီမှာပင် သူ့အနားကို ရောက်လာနိုင်သည်။ ထို့ကြောင့် မြင်းကို တအားနှင်ကာ ပြေးစေသည်။ သို့သော် မြင်းကြီးမှာ အတော်ကလေးကို ပန်းလျက်ရှိနေလေပြီ။ တဖြည်းဖြည်းနှင့် နှေးကွေးလာသည်။

နောက်မှလိုက်လာကြသောသူများသည်လည်း အတော်ကလေးကို နီးကပ်လာခဲ့ကြလေပြီ။ ဖန်လေးသည် စိုးရိမ်စိတ်များပင် ဝင်လာခဲ့ရသည်။ သူမကိုသာမိသွားခဲ့လျှင် သိမ်းပိုက်ခံရမည်။ ဖနီးမယားပြုမည်။ သည့်နောက် အဆုံးစီရင်ခြင်းခံရမှာမလွဲ။ လုထန်၏မြင်းသည် ပိုပြီးတော့ အားကောင်းသည်။ ဖန်လေးနှင့်အနီးဆုံးအနေအထားကို ရောက်လာခဲ့သည်။ မာ







ကျောက်က သူ့နောက်မှာ။ ဖန်လေးသည် ကြိုရာမရဖြစ်လာခဲ့သည်နှင့် ဓားရှည်ကို ပြောင်းပြန်ဆုပ်ကိုင်ကာ နောက်ကိုလှည့်ပြီး ပစ်ပေါက်ခဲ့လိုက်သည်။

"အား"

ဓားက လုထန်ကို တိုက်ရိုက်ထိမှန်သွားသည်။ မြင်းပေါ်မှ ပစ်ကျသွားခဲ့သည်။ မြင်းလည်းခြေခေါက်ပြီးတော့ ဒူးထောက်ကာ ကျသွားသည်။

'ဟီး ဟီး . . ဟီး ဟီး'

"ဟာ . . . ဆရာလုထန်"

မာကျောက်သည် မြင်းကိုရပ်တော့မလိုပြုသည်။ သူ့နောက်မှ လူနှစ်ဦးသည်လည်း ထို့အတူပင်။

"ဟေ့ . . . မ . . . မရပ်နဲ့ . . . ဆက်လိုက် ဆက်လိုက်"

လုထန်က ကိုယ်မှာ ဓားတန်းလန်းနှင့် မျက်နှာကြီးကို ရှုံ့မဲ့ကာ အော်လိုက်သည်။ ထို့ကြောင့် မြင်းများကို ဆက်ပြီးတော့ နှင်သွားခဲ့ကြသည်။ လုထန်ကျသွားခဲ့သည်ကို ဖန်လေးသိသည်။ သို့သော် လုထန်နှင့်ပါလာကြသူများက သူမနောက်မှ ဆက်ပြီးတော့လိုက်လာကြသည်။

"ဟင်"

ထို့ကြောင့် မြင်းကို ဆက်ပြီးတော့နှင်ရသည်။ ထိုစဉ် မမျှော်လင့်သောအခြေအနေတစ်ခုကို ကြုံကြိုက်လိုက်ရလေသည်။ ရှေ့မှာ ချောက်ကြီးတစ်ခု ဘွားခနဲဆိုပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖန်လေးလည်း မြင်းကိုထိန်းရန် ဘယ်လိုမှ အချိန်မမီတော့။

''ဟင်''

သူ့မျက်လုံးတွေ ပျာသွားခဲ့ရသည်။ မြင်းကြီးသည် ချောက်နှုတ်ခမ်းကိုကျော်ကာ လေထဲကိုရောက်သွားသည်။ ခြေလွတ်လက်လွတ်ဖြစ်သွားသည်။

'ဟီး ဟီး ..ဟီး ဟီး'

''အား''

မြင်းရောလူပါ အောက်ကို တစ်ရှိန်ထိုးပင်ကျသွားခဲ့သည်။ နက်ရှိုင်းသောချောက်ကြီးက အားကုန်စုပ်ယူနေသလို အောက်ကို ဆွဲချသွားခဲ့သည်။ ရေခဲမြစ်ကြီးက လျှင်မြန်သော အဟုန်ဖြင့် တရဟောပင် ထိုးဆင်းနေသည်။ ဖန်လေးသည် ဘာကိုမှမမြင်တော့။ သူမကိုယ်သူမ သေလူဟု သတ်မှတ်ထားလိုက်သည်။

'ဘွမ်း'

အေးစက်သောအတွေ့အထိကို ခံစားလိုက်ရသည်။ မြင်းတခြားလူတခြား ဖြစ်သွားသည်။ ရေစီးရှိန်သည် ကြောက်စရာကောင်းလောက်အောင်ပင် သူမကိုဆွဲခေါ်သွားသည်။ သတိကိုကြိုးစားထားသည်။ အသာကလေးမျှောပြီးတော့ လိုက်သွားသည်။ မည်မျှကြာအောင် မျောပါသွားခဲ့သလဲမသိ ... ရှေ့တွင် မြင်ကွင်းဖြူကြီးက တိုးပြီးတော့ ဝင်လာခဲ့သည်။ ရေပြင်ကြီးပေါ်ကို အဖြူရောင်နှင့် နှင်းငွေ့များက ထိုးပြီးတော့ကျနေကြသည်။





ဖန်လေးသည် ယင်းအဖြူရောင်နှင်းငွေ့များထဲသို့ရောက်သွားသည်။ ရုတ်တရက် အသက်ရှူမွန်းသွားခဲ့သလို ခံစားလိုက်ရသည်။ ရေမနစ်ဘဲ ယင်းအငွေ့များကြောင့် ရင်ထဲကျပ်တက်သွားကာ သတိလစ်သွားသည်။ အသိအာရုံထဲမှာ အမှောင်ကျသွားသည်။ ဘာဆို ဘာမှမသိတော့။



www.burmeseclassic.com

(၂)

## [illegible]

ပိန်းပိတ်နေသော အသိအာရုံက ကြီးစိုးလျက်ရှိနေသည်။ ခေါင်းထဲမှာ နာကျင်နေသလိုလို၊ ကိုက်ခဲနေသလိုလို ခံစားနေရသည်။ သို့သော် မျက်လုံးတွေကိုတော့ ဖွင့်၍မရ။ မျက်ခွံနှစ်ဖက်စလုံးကို တစ်သားတည်းဖြစ်အောင် ချုပ်နှောင်ထားခြင်းခံရသည်လားဟု ထင်မှတ်နေရသည်။ သူမ၏ခန္ဓာကိုယ်အထက်ပိုင်း၊ အောက်ပိုင်းများသည်လည်း လှုပ်ရှား၍မရ လေးလံလျက်ရှိနေသည်။

"ငါ သေဆုံးသွားခဲ့ပြီလား၊ မြေတွင်းထဲကို ထည့်ပြီးဖို့ သိပ်ထားခြင်း ခံနေရပြီလား"

ပထမဆုံး ဝင်လာသောအသိ။ ဒီလိုသာဖြစ်ခဲ့ရင် သူမကို ချောက်ချားသွားစေသော ခံစားမှုမျိုးက တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာခဲ့သည်။ မြေတွင်းထဲ၊ ခေါင်းတလားထဲကိုရောက်နေ





သောကြောင့် ပကာတိ အမှောင်ဖုံးနေရခြင်းပင်ဖြစ်သည်။ နာခေါင်းထဲကို အောက်သိုးသိုးအနံ့များက တစ်မုဟုတ်ချင်းပင် ဝင်ရောက်လာခဲ့သည်။ ကြောက်ကြီး၏အစိုးတတ်ကြောင့် သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေသည်။ သူသည် လူသေကောင်တစ်ယောက်ဖြစ်သွားခဲ့ပြီလား။

လှုပ်မရသောကိုယ်လုံးက လှုပ်၍ရလာခဲ့သည်။ ခြေလက်များက လွတ်လွတ်လပ်လပ်ရှိနေသည်။ သူမသည် အားတက်လာမိသည်။ မိမိကိုယ်ကို မျှော်လင့်ချက်ထားလာမိသည်။ ခက်သည်က ပိန်းပိတ်နေသောအမှောင်ထုကြီးကိုသာ ဆက်၍မြင်နေရခြင်းပင်။ သူမ၏မျက်လုံးတွေပင် ကန်းသွားခဲ့ပြီလား။ ထို့ကြောင့် ပိုပြီးတော့ ရင်ထိတ်သွားခဲ့ရသည်။

"အား"

လန့်ပြီးတော့အော်မိလိုက်သည်။ ထိုအခါ ပိတ်ထားသော မျက်ခွံတွေက ပွင့်ထွက်သွားတော့၏။

"ဟင်"

ဖန့်လေး အံ့အားသင့်သွားခဲ့သည်။ သူမ သိလိုက်ရသည်က အတော်အတန်ကျယ်ဝန်းသော အခန်းကြီးတစ်ခုထဲသို့ ရောက်နေခဲ့ခြင်းပင်။ ကျောအောက်မှာ အိစက်နူးညံ့သော အတွေ့အထိမျိုးကို ခံစားရသည်။ ချက်ချင်းပင်သိလိုက်သည်က သူမသည် ခေါင်းတလားထဲတွင် ရှိနေခြင်းမဟုတ်ပါ။ မြေတွင်းနက်ကြီးထဲကိုရောက်နေခြင်းမဟုတ်ပါ။ အမှောင်ထုကြီးထဲကို ရောက်

www.burmeseclassic.com



နေသည်ဟု ထင်မိနေရခြင်းသည် မျက်ခွံတွေကိုပိတ်ထားသော ကြောင့်ပင် ဖြစ်သည်။

လတ်တလောမှာ သူမ၏မှတ်ဉာဏ်တွေက ရှင်သန်ခြင်း မရှိသေး။ မိမိကိုယ်မိမိ ဘာဖြစ်လို့ဖြစ်မှန်းပင် မသိ။ မိမိသည် ဘယ်သူမှန်းကို မသိသေး။ လောကသစ်ထဲကို ရောက်နေသည့် လူသားတစ်ဦးပမာ ခံစားနေရသည်။ ထို့ကြောင့် မျက်ခွံတွေကို တစ်ခဏပိတ်ထားမိသည်။ မှတ်ဉာဏ်သည် ပြေးလွှားနေသည်။ တစ်ခုခုကို ရှာဖွေနေသည်။ ခဲယဉ်းစွာပင် တူးဆွနေသည်။

မကြာမီ အနက်ထည်ကြီးထဲမှာ ပုံရိပ်များက တဖြည်း ဖြည်းနှင့်ပေါ်လာခဲ့ကြသည်။ တောက်ပသောအလင်းရောင်များ က သူမ,ကြုံတွေ့ခဲ့ရသည့်အဖြစ်သနစ်များကို မီးမောင်းထိုး သလို ဖော်ပြနေကြသလို မီးဟုန်းဟုန်းတောက်လောင်နေကြ သော အိမ်များ၊ သစ်ပင်များ၊ ကျားသစ်မျိုးနွယ်စုတို့၏ တစ်ခဲ နက်ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုများ၊ ဝံနက်မျိုးနွယ်စုတို့ ၏ ပြန်လည်၍ စွမ်းစွမ်းတမံတိုက်ခိုက်မှုများ။

မားသံ,လုံသံများ၊ ရဲဒင်းသံ,ပုဆိန်သံများ၊ မိန်းမ၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုတို့၏ အော်ဟစ်သံများ။

အနိုင့်အထက်အပြုခံကြရသော မိန်းမပျိုလေးများ၊ အ ရွယ်ကောင်းသော အမျိုးသမီးများ၏ ရုန်းကန်ညည်းညူသံများ၊ အားကောင်းသော ဝံနက်တို့၏ မညှာမတာပြုမူမှုများ၊ ဝံနက် သားရေကို ဝတ်ဆင်ထားသည့် လူကြီးတစ်ယောက်၏ မားကိုင်၍





မကြောက်မရွံ့တိုက်ခိုက်မှုများ။ ထိုလူကြီးကြောင့် ဖန်လေးသည် ဆတ်ခနဲဆိုဖြစ်သွားခဲ့ရသည်။

"ဟင် ... အဖ"

သူမသည် အလုံးစုံကို သတိရသွားခဲ့လေပြီ။ မှတ်မိ သွားခဲ့လေပြီ။ မိမိ၏နောက်ကို တရကြမ်းလိုက်လာခဲ့သော လုထန်၊ မိမိ၏ဘေးချက်မိကာ မြင်းထက်မှ ပစ်ကျသွားခဲ့သော လုထန်။ ရှေ့မှာ အမှတ်မထင်ပေါ်လာသော ချောက်ကြီး၊ လူ ရောမြင်းပါ ချောက်ကြီးထဲသို့ ထိုးပြီးတော့ကျသွားခဲ့သည်များ။

ဖန်လေးသည် သေကံမရောက်ခဲ့သည့်အဖြစ်ကို ပြန်ပြီး တော့ နားလည်သဘောပေါက်သွားခဲ့ရသည်။ သေတွင်းထဲက လွတ်မြောက်ခဲ့သည်မှာ ကျိန်းသေခဲ့လေပြီ။ ယခု သူမ ရောက် နေသည့်နေရာမှာ အိစက်ညက်ညောသည့် အိပ်ရာကြီးဖြစ်သည်။ အိပ်ရာဟုပင် ယူဆ၍ရသည်။ မိမိဘဝမှာ ဤကဲ့သို့သော အိပ် ရာမျိုးနှင့် မအိပ်စက်ခဲ့ဖူးပါ။ အိစက်ညက်ညောသည့်အရာကြီးကို လက်နှင့်စမ်းမိသည်။

(မွေ့ရာ ... ဆိုသည်ကို သူမ မသိ။ မခေါ်တတ်။)

ခြေထောက်လေးချောင်းသဏ္ဌာန်ရှိသော အရာကြီးပေါ် မှာ ရောက်နေသည်ကလည်း တစ်မျိုးဆန်းကြယ်သည်။

(ယင်းအရာကို ခုတင် ... ဟု နားမလည်။)

အဆန်းတကြယ်ဖြစ်နေသည်။ အတွေ့အထိသည် ဆန်း သစ်လျက်ရှိသည်။ သူမကိုယ်သူမလည်း သတိထားမိလာသည်။



www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



စကား၏အဓိပ္ပာယ်အားလုံးကို သိနေသည်။

"ဟုတ်ကဲ့ . . . ကျွန်မ သတိရတာကြာပါပြီ"

ပြန်ပြီးတော့ ဖြေမိလိုက်သည်။ ဖြေပြီးမှ အထူးအဆန်း ဖြစ်သွားသည်။ မိမိကိုယ်ကို နားမလည်နိုင်အောင် ဖြစ်သွားခဲ့ရသည်။ အကြောင်းမှာ သူမ၏နှုတ်မှထွက်လာသော စကားသည် ပြောနေကျစကားမဟုတ်။ အမျိုးသမီးကြီးပြောလိုက်သော စကားအတိုင်း ဖြစ်နေသောကြောင့်ပင်တည်း။

"သမီး ဆာနေမယ်ထင်လို့ စားစရာတွေယူလာတယ် . . . စားလိုက်ပါဦး"

ဖန်လေးလည်း ဆာနေသည်။ ဟန်မဆောင်နိုင်တော့။ နို့ကိုသောက်သည်။ မုန့်များကိုစားသည်။ နို့ကတော့ ထားပါတော့ . . . မိမိတို့နေရာမှာ အမြဲသောက်ဖူးသည်ပဲ။ ဒီလို အရသာထူးကဲသည့် မုန့်မျိုးကို တစ်ခါမှမစားဖူးခဲ့။ လျှာကြောထဲတွင် စိမ့်သွားကာ အရသာရှိလွန်း၍ တစ်ကိုယ်လုံး ဖျဉ်းဖျဉ်းနှင့်ပင် ဖြစ်သွားခဲ့ရသည်။

တော်တော်များများ စားပြီးသောအခါ ဆာလောင်မွတ်သိပ်မှုများ ပြေပျောက်သွားခဲ့ရသည်။ အားအင်များလည်း ပြန်လည်၍ပြည့်ဖြိုးလာသည်။ အမျိုးသမီးကြီးသည် ဖန်လေးစားနေသည်ကို အားရကျေနပ်သောအကြည့်ဖြင့် ကြည့်နေခဲ့လေသည်။

"စားလို့ကောင်းလား သမီး"

"ဟုတ်ကဲ့ ကောင်း . . . ကောင်းပါတယ်၊ ဖန်လေး





ဒီလိုအစားအစာမျိုးတွေကို ခုမှပဲ စားဖူးတယ်၊ ဒါ . . . ဒါနဲ့ ဖန်လေး ဘယ်လိုရောက်နေတာလဲဟင်"

"သမီး နှင်းသုခမြို့ကို ရောက်နေတာ"

"နှင်းသုခမြို့ . . . ဟုတ်လား"

ဖန်လေး၏နှုတ်မှ လွယ်ကူစွာပင် ထွက်သွားသည့် စကား။ အို . . . မိမိနှင့်ကျွမ်းရင်းသော စကားအသုံးအနှုန်းမဟုတ်ပါဘဲနှင့် ရင်းနှီးစွာခေါ်နိုင်ခဲ့တာ အံ့အားသင့်စရာပဲ၊

"ထပ်မေးပါရစေဦး . . . ဖန်လေးကို ဘယ်သူခေါ်လာခဲ့တာလဲ"

"သခင်ကြီးပါ . . . သခင်ကြီးက ခေါ်လာခဲ့တာ"

"သခင်ကြီး . . . သူက ဘယ်သူလဲဟင်"

"နှင်းသုခမြို့ရဲ့ အရှင်သခင်ပေါ့"

"ဟုတ်ပါပြီ . . . ဒါနဲ့ သူ့နာမည်က"

"နန္ဒသုခ"

"နန္ဒသုခ . . . နန္ဒသုခ"

ဖန်လေးသည် မိမိနှင့်မရင်းနှီးသော ပြောလေ့ပြောထမရှိသော အမည်ကို နှုတ်မှ အလွယ်တကူပင်ပြောထွက်သွားခဲ့သည်။ ဒီနေရာကိုရောက်ခဲ့စဉ်မှာ နှုတ်ထွက်စကားများက လက်မှာကိုင်ထားသည့် ငါးရှဉ့်တစ်ကောင်လို လျှောခနဲ၊ လျှောခနဲ ထွက်သွားခဲ့သည်က ဘယ်လိုမှ နားမလည်နိုင်။ အထစ်အငေါ့မရှိဘဲ ပြောနိုင်ခဲ့သည်။ မိမိတို့၏ပြောစကား မဟုတ်ပါဘဲ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အခန်းသည် ကျယ်ဝန်းသော်လည်း လေဝင်လေထွက်မရှိ။ လက်ခုပ်တစ်ဖောင်သာသာရှိ အမြင့်တစ်နေရာမှာတော့ အလင်းပေါက်တစ်ခုရှိသည်။

နှစ်ပေပတ်လည်ခန့် ရှိသည်။ မှန်တစ်ချပ်ဖြင့် ကာထားသည်။ ယင်းနေရာမှ ပြင်ပအလင်းရောင်က ဝင်နေသည်။

(ဖုန်လေးသည် မှန်ချပ်ကို မမြင်ဖူးချေ။ ထူးဆန်းစွာဖြင့် မော့ကာကြည့်နေလေသည်)

အိပ်ရာဘေးတွင် စားပွဲတစ်လုံးရှိသည်။ ရှေးဟောင်းကုလားထိုင်လေးတစ်လုံးကိုလည်း ချထားသည်။ စားပွဲထက်တွင် ပန်းပွင့်သဏ္ဌာန်အရာလေးတစ်ခုကို မှောက်ထားသည်။ လက်ကိုင်ပါသည်။ ထို့နောက် လက်ကိုင်ပါသောအရာလေးတစ်ခုကို ဘေးနားမှာတွေ့လိုက်ရပြန်သည်။ သစ်သားဖြင့်ပြုလုပ်ထားသော်လည်း သစ်သားတံလေးတွေက တစ်ချောင်းစီဖြစ်နေသည်။ အမှန်ကတော့ ဘီးတစ်ချောင်းဖြစ်သည်။

ဖုန်လေးသည် ပန်းပွင့်ပုံသဏ္ဌာန်ရှိသောအရာကို ယူပြီး တော့ကြည့်လိုက်ရာ ...

◆ ◆ ◆ ◆



# (၃)

## ရွှေမျက်နှာဖုံးနှင်းရှု

''ဟင်''

လက်ထဲတွင်ကိုင်ထားသည့် မှန်ကိုလွှတ်ချမိမတတ် ဖြစ်သွားခဲ့ရသည်။ အကြောင်းမှာ မိမိ၏မျက်နှာသည် ထိုအရာထဲ၌ ကြည်လင်ပြတ်သားစွာပင် ပေါ်နေသောကြောင့်ဖြစ်သည်။ အရင်ကဆို မိမိ၏မျက်နှာ၊ ပုံပန်းသဏ္ဌာန်ကို မြင်ချင်လျှင် ကန်ရေပြင်ကိုသွား၍ကြည့်ရသည်။ ယခုတော့ ... ဤပြောင်လက်ချောမွတ်သောအရာလေးထဲမှာ ဖုန်လေး၏ရုပ်သွင်ကို ထင်ရှားစွာပေါ်လွင်စေခဲ့သည်။

စောစောက နှီးကိုသောက်စဉ်ကလည်း ချောမွတ်နေသာခွက်ဖြင့် သောက်ရသည်။ ယခုလည်း ဤပစ္စည်းသည် ချောမွတ်နေသောအသားဖြင့် ပြုလုပ်ထားသည်မဟုတ်ပါလား။ ဖုန်လေး နှစ်သက်သွားပါသည်။ ထို့နောက် လက်ကိုင်လေးပါ



www.burmeseclassic.com

www.burmeseclassic.com



သော သစ်သားချောင်းလေးများစိုက်ထားသည့်အရာကို လက်နှင့်ကောက်ကိုင်လာသည်။ အသိဉာဏ်တစ်ခုက ခေါင်းထဲသို့ လက်ခနဲဆို တိုးဝင်လာခဲ့သည်။

ခေါင်းပေါ်တင်ကြည့်သည်။ မသေမသပ်ဖြစ်ကာ မွှေးရောင်းနေသော ဆံကေသာမျှင်များကို ဖြီးသင်ကြည့်သည်။ လုပ်ရင်း လုပ်ရင်းနှင့် နားလည်လာမိသည်။ ထိုအခါ တစ်ခေါင်းလုံးကို သေသပ်စွာဖြီးသင်ပြီးသား ဖြစ်သွားခဲ့ရလေသည်။

"ငါလုပ်တာ မှန်သားပဲ"

ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်သွားခဲ့ရလေသည်။ မိမိမကျွမ်းရင်းသောကိစ္စမှန်သမျှ အလွဲလွဲအချော်ချော် မဖြစ်။ နားလည်အောင်၊ သဘောပေါက်အောင် လှုံ့ဆော်မှုတစ်ခုက ပေးနေသည်။ ထို့ကြောင့် အဆင်ချောကာ လုပ်တတ်ကိုင်တတ်သွားသည်။ နားလည်သွားသည်။

သို့သော် ဤအရာသည် မှန်၊ ဘီး၊ ခုတင်၊ ကုလားထိုင်ဟူသောအသုံးအနှုန်းများကိုတော့ မခေါ်တတ်၊ နားမလည်ခဲ့ချေ။ ဖန်လေးသည် အခန်းကျယ်ကြီးထဲမှာ တစ်ယောက်တည်း။ အထီးကျန်ဆန်နေသည်။ ကြာတော့ ပျင်းရိငြီးငွေ့လာသည်။

"နန္ဒသုခဆိုတဲ့လူက ဒီအိမ်ကြီးရဲ့ အရှင်သခင်ဆိုပါလား၊ ငါ့ကို သူက ရေခဲမြစ်ထဲက ဆယ်ယူလာခဲ့တယ်တဲ့၊ ဒေါ်သီရိက ငါ့ကိုကျွေးမွေးပြီး ပြန်ထွက်သွားတယ်၊ အခန်းတံခါးကိုလည်း ပိတ်သွားတယ်၊ ငါ့ကို အခန်းထဲမှာ တမင်လှောင်ပိတ်ထားတာလား၊ အပြင်ကိုထွက်ခွင့်မပေးဘဲ ဖမ်းထားတာလား"

ဖန်လေးသည် မိမိ၏အခြေအနေကို သံသယဝင်လာခဲ့မိသည်။ အကျဉ်းစံတစ်ယောက် ဖြစ်နေပြီလားဟုပင် . . .။ သို့သော် ပြင်းထန်သောစိုးရိမ်စိတ်မျိုးတော့ မဖြစ်မိ။ အိပ်ရာထက်မှာ ပြန်ပြီးတော့လှဲမိလိုက်သည်။

"အခုအချိန်မှာ ငါ့အဖေတော့ ဘယ်လိုရှိနေမလဲ၊ ငါ့ရွာသူရွာသားတွေရဲ့အခြေအနေကရော အားလုံး သေဆုံးကုန်ကြပြီလား"

"လုထန်ရော . . . သင်း ငါ့မောင်းချက်မိသွားတယ်၊ ဘယ်လိုဖြစ်ပြီးတော့ ကျန်ရစ်ခဲ့သလဲ၊ ငါ့ကိုလိုက်ဖမ်းတာ မိသွားခဲ့ရင် မယားပြုမှာ . . . ပြီးတော့ ငါ့ကိုသတ်ပစ်မှာ . . .၊

သူ့လက်ထဲကို ငါရောက်မသွားဘဲ လွတ်သွားတာက ကံတရားကထောက်ပံ့ကူညီလို့ပဲ၊ သခင်ကြီးဆိုတဲ့လူက ငါ့ကိုကယ်ထားတာဆိုတော့ ငါ့ကျေးဇူးတင်ရမယ်၊ တမင်အကျဉ်းချထားတာတော့ ဟုတ်မယ်မထင်ပါဘူး၊ ငါထင်ရာ လျှောက်သွားမှာစိုးလို့ဖြစ်မှာပါ"

ဟု ခေါင်းထဲမှာ အတွေးပေါင်းစုံဝင်ကာနေရင်း မျက်ခွံတွေက လေးလံလာခဲ့သည်။ နွားနို့ထဲတွင် သို့မဟုတ် အစားအစာများထဲတွင် ဘာတွေပါသလဲ မသိ။ လူကိုအိပ်စေတတ်သော ဆေးဝါးအချို့များ ထည့်ထားလေသလား။ အို . . . အို . . . အိပ်ချင်စိတ်ကို ဘယ်လိုမှထိန်းမရတော့။ တစ်ခဏအတွင်းမှာပင်

www.burmeseclassic.com



မေ့ခန့်ဖြစ်ကာ အိပ်ပျော်သွားခဲ့လေသည်။

◆ ◆

အချိန်မည်မျှကြာသွားခဲ့သလဲ မသိ။

'ဒင် .. ဒင် .. ဒင် .. ဒင်''

နားထဲမှာ ထူးခြားသောအသံတစ်မျိုးကို ကြားလာခဲ့ရသည်။ ရင်ထဲမှာ အထိတ်တလန့်ဖြစ်သွားခဲ့ရသည်။ လူးလဲပြီးတော့ ထမည်ကြံသည်။ သို့သော် ရုတ်တရက် ထ၍မရ။ မိမိ၏ကိုယ်ပေါ်ကို လေးလံသောအရာတစ်ခုက ဖိစီးထားသလို ခံစားနေမိရသည်။ တစ်ကိုယ်လုံးလည်း လှုပ်၍မရ။ အကြောအခြင်တွေ အားလုံးသေနေသလို ... မိမိ လေဖြတ်သွားပြီလား။ မျက်ခွံတွေလည်း ဖွင့်၍မရ။ ပင့်မ၍ မရ။ ဒီလိုမျိုး ဖြစ်ပြန်ပြီ။

ထိုစဉ် ...

'ဒင် .. ဒင် .. ဒင် .. ဒင်'

ထူးခြားသောအသံသည် နားထဲတွင် နီးလာလိုက်၊ ဝေးသွားလိုက်နှင့် ရှိနေသည်။ သည့်နောက် တစ်ကိုယ်ရှိ အင်အားများကို ပြန်စုပြီးညှစ်လိုက်တော့မှ သတိကောင်းစွာ ရလာသည်။ မျက်လုံးတွေကို ဖွင့်လိုက်နိုင်သည်။ အခန်းထဲတွင် အားနည်းသောမီးအလင်းရောင်က ရှိနေသည်။ ဖယောင်းတိုင် တုတ်





တုတ်ကြီးတစ်တိုင်ကို စားပွဲထက်မှာထွန်းထားသည်။

မျက်လုံးတွေကို မှေးမှေးပြူထားရာက တဖြည်းဖြည်းနှင့်ဖွင့်လာခဲ့လေရာ သူမ၏မျက်လုံးထဲမှာ သဏ္ဌာန်တစ်ခုကို ရေးရေးဝါးဝါးမြင်လာခဲ့ရသည်။ ပြောင်ချောနေသော မျက်နှာပြင်ကြီးတစ်ခု၊ ဝါရွှေသောအရောင် တောက်ပနေသည်။ နှာခေါင်းနေရာရှိသော်လည်း နှာခေါင်းပေါက်ကမရှိ။ နှုတ်ခမ်းနှစ်လွှာရှိသော်လည်း ပါးစပ်ပေါက်ကမရှိ။ အပေါ်၊ အောက်နှုတ်ခမ်းလွှာများသည် တစ်သားတည်းလိုဖြစ်နေသည်။ သို့သော် ... မျက်လုံးပေါက်များမှာတော့ အပေါက်သေးသေးလေး နှစ်ပေါက်ကရှိနေသည်။

"ဟင် ... အမလေး"

ဖန်လေးသည် ယင်းမျက်နှာပြင်ကြီးကို မြင်လိုက်ရသည်နှင့် လန့်ပြီးတော့ အော်မိလိုက်သည်။ ထိုမျက်နှာကြီးသည် ဖန်လေးကို အပေါ်မှမိုးထားပြီးတော့ ကြည့်လျက်ရှိသည်။ မိုးတဝါးမြင်ကွင်းက တစ်ခဏအတွင်းမှာပင် ကြည်လင်လာခဲ့သည်။ ထိုအခါ အရယ်အပြုံးမဲ့သော ထိုမျက်နှာပိုင်ရှင်ကြီးကို သေချာစွာပင် မြင်လာခဲ့ရလေသည်။

သူကား ... လူတစ်ယောက်ပင်။ မြင့်မားသော အရပ်အမောင်းရှိသူ တစ်ဦး၊ ထူထဲရှည်လျားသော သားမွေးအင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသည်။ သူမတို့နေရာ အရပ်ဒေသတွင် လူမျိုးစုအချင်းချင်းတိုက်ခိုက်ကြရာတွင် သို့မဟုတ် အခြားမျိုး

www.burmeseclassic.com



နွယ်စုကို ချောင်းမြောင်းပြီးဖျက်ဆီးကြရာတွင် မျက်နှာပြင်ကို ကြောက်စရာသွင်ပြင်မျိုးဖြစ်အောင် ဆေးရေးခြယ်ထားကြလေသည်။ ညဘက်မှာဆိုလျှင် ပို၍တော့ ချောက်ချားစရာကောင်းသော မျက်နှာကြီးများဖြစ်လာကြသည်။

ယခု ဖန့်လေးမြင်လိုက်ရသောသူသည် ထိုကဲ့သို့ပင် ဖြစ်ဟန်တူသည်။ သို့သော် မျက်နှာကို ဆေးရေးခြယ်ထားသည်တော့ မဟုတ်။ သူ့မျက်နှာကြီးသည် နဂိုကတည်းက ဤအတိုင်းဖြစ်နေသည်ပဲလား။ မဖြစ်နိုင်။ အခြားမျက်နှာဖုံးပုံစံအတုတစ်ခုဖြင့် ကပ်ထားသည်လည်းဖြစ်နိုင်သည်။

"မင်း အိပ်ရာက တကယ်နိုးလာပြီလား"

ထိုစဉ် ...

ကြည်လင်ပြတ်သားသောအသံတစ်သံက ထိုသူ့ထံမှ ထွက်လာသည်။ အသံကတော့ မဆိုး၊ ကြည်လင်နေသည်။ ကရုဏာသံပေါက်နေသည်။

"မေးနေတယ်လေ ... မင်း အိပ်ပျော်နေရာက နိုးပြီလားလို့၊ အဲ ... ငါ အဲ့သလိုမေးရတာက မင်း စောစောက ကယောင်ကတမ်းနဲ့ ပြောချင်ရာကိုပြောနေလို့"

"ဟင် ... ဟုတ် ... ဟုတ်လား ... ဖန့်လေး အဲ့သလိုဖြစ်သွားသလား ... ဟင်"

"ဟုတ်တယ် ... ငါ မင်းကို စောင့်ကြည့်နေတာကြာပြီ အဲ့ဒီအတိုင်းပဲ ဖြစ်နေတယ်၊ အိပ်မက်ဆိုးတွေ မက်နေတာနဲ့တူ





တယ် ... ဟုတ်လား"

"အိပ်မက်ဆိုးတွေပဲလို့ပဲ ပြောရမလား မသိဘူး ... လူတစ်ကိုယ်လုံးကို ဘီလူး့သဘက်စီးထားသလို လှုပ်လို့ကို မရဘူး ... ဟင်း"

ထိုသူ့ထံမှ ရယ်သံက ခပ်အုပ်အုပ်ပင်ထွက်ပေါ်လာသည်။ ဖန့်လေး သူ့ကို အူကြောင်ကြောင်မျက်နှာထားဖြင့် ကြည့်နေမိသည်။ ခု သူမ၏အနားမှာရပ်နေသူက ဘယ်သူလဲ။ ဝါရွှေသောအရောင်ရှိသည့် မျက်နှာသဏ္ဌာန်ကြီးကို ပိုင်ဆိုင်သူက ဤအိမ်ကြီးနှင့် သက်ဆိုင်သူပဲလား။

ဖန့်လေး ဖျတ်ခနဲဆို သတိရသွားသည်။ ဒေါ်သီရိ ပြောခဲ့သည့် ...

"နန္ဒသုခ"

အိမ်ကြီးရှင်သည် သူပဲလား။ ဖြစ်နိုင်သည် ... သူပဲ ဖြစ်နိုင်သည်။

"ဖန့်လေးကို ကယ်တင်ခဲ့တာ ..."

"ဟုတ်ပါတယ် ... မင်းကို ငါ ရေခဲမြစ်ထဲက ဆယ်လာခဲ့ရတာ၊ ကံကောင်းချင်တော့ မင်းဟာ သစ်တုံးတစ်တုံးကို ဖက်ပြီးတော့ မျောပါလာတယ်၊ ငါ မင်းကိုဆင်းဆယ်တော့ မင်းဟာ သတိလစ်နေတယ်"

"သခင်ကြီး ဖန့်လေးကို ... ခုလို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မဟုတ်ရင် ရေခဲမြစ်ထဲမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အေးခဲပြီးတော့ သေသွားမှာ”

“ဟင် . . . သခင်ကြီး . . . ဟုတ်လား။ ဩော် . . . ဒေါ်သီရိက ငါ့ကို ဒီလိုခေါ်ဖို့ သင်ထားတယ်ထင်တယ်၊ ဒါဆိုလည်း ငါ နန္ဒသုခဆိုတာကို မင်းသိပြီးပြီပေါ့”

ဖန်လေးက ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူမ၏မျက်ဝန်းများသည် ရှေ့တည့်တည့်နံရံဆီကို ရောက်သွား၏။ တစ်တောင်သာသာခန့်ရှိ အရာတစ်ခု။ အပေါ်ပိုင်းသည် ဝိုင်းစက်စက်၊ အောက်ပိုင်းသည် ရှည်မျောမျောနှင့်လေးထောင့်စပ်စပ် မှန်ကြည်ကြည်ကို တပ်ဆင်ထားသည်။ မှန်၏နောက်တွင် ကြေးနီရောင် ဝိုင်းစက်စက်အရာလေးတစ်ခုကို ခိုင်မာသောအတံချောင်းလေးများဖြင့် ချိတ်ဆွဲထားသည်။ ယင်းအရာလေးသည် ဘယ်ညာလွှဲလျက်ရှိနေလေသည်။ မှန်၏နောက် ဝိုင်းစက်စက်အကွက်ထဲတွင် လက်တံမည်းမည်းနှစ်ခုကို တွေ့ရသည်။ ယင်းတို့၏အပေါ်မှာ ရွေ့လျားနေသော လက်တံမျှင်မျှင်သေးသေးလေးတစ်ခုကို တွေ့ရသည်။ လက်ယာရစ်ရွေ့လျားနေခြင်းပင်ဖြစ်သည်။ ဖန်လေးသည် ယင်းပစ္စည်းကို အထူးအဆန်းအနေဖြင့် ကြည့်နေသည်။ စောစောက တဒင်ဒင်ဖြင့် အသံပေးပြီးထွက်ပေါ်လာခဲ့ခြင်းသည် ယင်းအရာဆီက ဖြစ်ရမည်။

(ဖန်လေးသည် ယင်းအရာကို ရှေးဟောင်းတိုင်ကပ်နာရီကြီးတစ်လုံးရယ်ဟု မသိပေ။)

နန္ဒသုခဆိုသည့်လူသည် သူ၏မျက်နှာကို ဤသို့ဖုံး





ကွယ်ထားရသည်မှာ မည်သည့်ကြောင့်လဲ။ သူ၏မျက်နှာကို မမြင်စေချင်လို့လား။ သို့မဟုတ် အကျည်းတန်အရုပ်ဆိုးတစ်ယောက်ဖြစ်နေ၍လား။ သိချင်သည်။ မေးကြည့်ချင်သည်။ သို့သော် မေးရန် မဝံ့မရဲဖြစ်မိသည်။

ညအမှောင်ကို ရောက်နေပြီထင်သည်။ ဒါကြောင့် ဖယောင်းတိုင်ကို မီးထွန်းထားတာပဲ။ ဖန်လေးသည် ဖယောင်းတိုင်ကိုလည်း မမြင်ဖူးသူ။ မီးလင်းနေသောအတိုင်ကြီးဟုသာ သိရသည်။ မြင်မြင်သမျှအားလုံးသည် အထူးအဆန်းများသာ။

အို . . . အခုမှပဲ စဉ်းစားမိသည်။ မိမိသည် မနက်အစောကြီးကတည်းက နိုးနေသည်။ စားသောက်ပြီး ပြန်၍အိပ်ပျော်သွားခဲ့သည်။ ယခုတစ်ကြိမ်နိုးလာတော့ မိုးက စုံးစုံးချုပ်နေပြီ။ ဒါဆိုရင် သူမသည် တစ်နေကုန်အိပ်ပျော်နေခဲ့သည်ပဲ။ ဒေါ်သီရိ။ ဒေါ်သီရိ . . . သူ ဘယ်မှာလဲ။ နန္ဒသုခက ဤအခန်းထဲကို ဘာကြောင့်ရောက်နေတာလဲ။

“သူနဲ့ငါနဲ့ နှစ်ယောက်တည်းပဲ၊ အိမ်ကြီးတစ်အိမ်လုံးကလည်း တိတ်ဆိတ်လို့၊ တကယ်လို့ သူကများ ငါ့ကို . . .”

ဖန်လေးသည် တွေးရင်း ကျောထဲမှာ တစ်ချက်စိမ့်ပြီးတော့ တက်သွားသည်။

“အိပ်ပျော်နေတုန်းကများ ငါ့ကို”

ပိုပြီးတော့ နက်ရှိုင်းလာသောအတွေးများက မိမိကိုယ်ကို နှိပ်စက်နေသလို။ သို့သော် ကိုယ်ပေါ်မှာ ကာယိကဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



များကို မခံစားရ၍ မိမိ ဘာမှမဖြစ်ခဲ့ကြောင်း စိတ်သက်သာရ
ရမိသည်။

"သခင်ကြီး"

"ဟင် ဘာလဲ ... ဘာသိချင်လို့လဲ"

"ဒေါ်သီရိရောဟင်"

"သြော် သူလား ... ရှိပါတယ်၊ ဒါပေမဲ့ ခုလိုအချိန်မျိုး
မှာ မင်းဆီကို လာနိုင်မှာမဟုတ်ဘူး။ ဘာလဲ ... မင်း ဆာလို့
လား၊ ဟိုမှာလေ ... မင်းစားဖို့အတွက် သူ ညနေကတည်းက
စီစဉ်ထားပေးခဲ့တာ"

နန္ဒသုခသည် စားပွဲထက်ရှိ အစားအစာများကို လှမ်း
ညို့းတိုးပြလိုက်သည်။ ဇန်လေး သတိမထားမိခဲ့ ... ယခုမှ
ကြည့်မိတော့သည်။

"ဟင့်အင်း ... မစားချင်တော့ပါဘူး"

"ဒီလိုမလုပ်နဲ့လေ ... မင်း တစ်နေ့လုံးအိပ်နေတာ
ဝမ်းထဲမှာ အစာမရှိရင် ရောဂါတစ်ခုခုရလိမ့်မယ်၊ စားလိုက်ပါ"

"အခု မဆာသေးလို့ပါ ... ဆာတော့ စားပါ့မယ်"

သူမက မယုတ်မလွန် ပြောလိုက်သည်။ သူက ထပ်၍
မတိုက်တွန်းတော့။

"အေးပါလေ ... မင်းရဲ့စိတ်တွေက ပုံမှန်ဖြစ်မလာ
သေးဘူး၊ ဆက်ပြီး နားချင်လည်းနားလိုက်ဦးပေါ့၊ ဟောဒီအခန်း
ကြီးထဲမှာ ရေချိုးခန်း၊ ရေအိမ်ကအစ ရှိတယ်၊ မင်း သက်သော





သက်သာ နေပါ ... ငါသွားမယ်"

နန္ဒသုခ အခန်းထဲက ထွက်သွားသည်။ တံခါးကို ပိတ်
လိုက်သံ ကြားလိုက်ရသည်။ အပြင်ဘက်က သော့ခတ်သွားဦး
မှာ ကျိန်းသေသည်။ ရှေးဟောင်းတိုင်ကပ်နာရီကြီးဆီမှ တချက်
ချက်နှင့် မြည်သံက အခန်းထဲမှာ မှန်မှန်ပင် ပေါ်ထွက်နေလျက်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

## (၄)

### သခင်းသော်ကရှင်ကူ

ဖန်လေးသည် တတိယအကြိမ်မြောက် အိပ်ရာထက်မှ နိုးလာသည်။ ယင်းအချိန်တွင် သူမသည် စိတ်ရောကိုယ်ပါ လန်းဆန်းနေလျက် အားအင်လည်း ပြည့်ဖြိုးလျက်ရှိနေလေပြီ။ မှတ်ဉာဏ်သည်လည်း ပိုပြီးတော့ထက်သန်လာသည်။ ညက အဖြစ်အပျက်များကိုလည်း ကောင်းစွာပင် မှတ်မိနေခဲ့သည်။ နန္ဒသုခပြန်သွားပြီးသည့်နောက် ဟန်ဆောင်ကာတင်းထားသမျှ မအောင့်အည်းနိုင်တော့။ စားပွဲပေါ်က အစားအစာများကို ယူစားမိသည်။

နန္ဒသုခ၏ရှေ့မှာတော့ အစားအစာများကိုစားရန် မဲ့မရဲဖြစ်မိသည်။ ရှက်ကြောက်မိခဲ့သည်။ ထို့နောက် အစာအိမ်၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့သဖြင့် တစ်ခဏအတွင်းမှာပင် ပြန်ပြီးတော့ အိပ်ပျော်သွားမိခဲ့သည်။ မိုးအလင်း တစ်ရေးနိုး





ဆိုသည့်အတိုင်းပင် အစာထဲမှာ အားအင်ဖြစ်စေသော ဆေးဝါးများကို ထည့်ထားလေသလား။

(ဖန်လေးသည် ယင်းအတွက် အမြဲပင် သံသယရှိနေခဲ့သည်။)

နိုးထလာသည့် တစ်ခဏအတွင်းမှာပင် သူမ ဆောင်ရွက်ရသည့်အပြုအမူက မိမိကိုယ်ကို ပြန်ပြီးသုံးသပ်ခြင်းပင်။ ယခုလည်း ဆိုနိုင်လောက်စရာ၊ သတိထားမိစရာ မရှိသောအခါကျမှ သက်ပြင်းချမိရလေသည်။ ယခုအချိန်တွင် သူမအတွက် ယုံကြည်ရမည့်သူ မရှိသေး။

"နန္ဒသုခက ဘယ်သူလဲ၊ ဒေါ်သီရိဆိုတဲ့ မိန်းမကြီးကရော ဒီအိမ်ကြီးနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ သူ အခု ဒီအိမ်ကြီးထဲမှာပဲရှိနေသလား။ ညက ငါ့ဆီကို ဘာဖြစ်လို့ ရောက်မလာတာလဲ"

သံသယဝင်စရာမဟုတ်သော်လည်း အရာရာကို သတိထားနေရသည်။ ဤနေရာသည် မိမိ၏နေရာ မဟုတ်။ ဘယ်သောအခါမှ သက်ဆိုင်မှုမရှိခဲ့။ လူမျိုးစုပဋိပက္ခဖြစ်ကာ ရောင်ရှားလာခဲ့ရသည့် အခြေအနေ။ ဒယ်အိုးထဲ ဆီပူထဲနစ်နေရာက ပူ၍ခုန်ချမိရာ မီးပုံထဲကျသွားရသလို ဖြစ်သွားနိုင်သည်။ မည်သူ့ကိုမှ မယုံကြည်နိုင်သောအခြေအနေမျိုးပင် မဟုတ်ပါလား။

ဖန်လေးသည် သူမ မမြင်ဖူး၊ မတွေ့ဖူးသော အသုံး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပစ္စည်းများ၊ အိပ်ရာ၊ နံရံတွင်တွယ်ကပ်ကာ တချက်ချက်နှင့်မြည်နေသောအရာ (ဟိုင်းကပ်နာရီကြီးကို ဆိုလိုသည်) မစားဖူးသောအစားအစာ၊ ဝတ်စားဆင်ယင်မှုများ၊ ယင်းတို့ကြောင့် ထူးဆန်းနေမိရခြင်းများ။ ယို့အပြင် မိမိတို့နေရာဒေသမှာ ပြောခဲ့သည့် စကားအသုံးအနှုန်းများမဟုတ်ဘဲ ထူးဆန်းသောစကားတစ်မျိုးကို ပြောနေမိခြင်း။

(ထိုထူးဆန်းသောစကားကိုပင် မိမိက ပြောတတ်၊ ဆိုတတ်နေသည်က ကြီးမားသောပြောင်းလဲမှုကြီးတစ်ခု၊ အဓိပ္ပာယ်ရှာ၍မရသော လွဲမှားမှုကြီးတစ်ခုပင်။)

"ငါ ... အိပ်မက်မက်နေတာလား၊ အိပ်မက်ထဲမှာ အတွေ့အကြုံအသစ်တွေကို ကြုံတွေ့နေရတာလား"

ဆက်ပြီး စဉ်းစားနေလျှင် အဖြေရှာရမှာမဟုတ်။ မိမိသာလျှင် ရူးသွပ်သွားနိုင်သည်ဖြစ်၍ အတွေးတွေကို တန့်ပစ်လိုက်လေသည်။ ထိုစဉ်မှာပင်လျှင် ဒေါ်သီရိက အခန်းထဲကို ဝင်လာခဲ့လေသည်။

◆ ◆

ဖန်လေးကို ဒေါ်သီရိက အခန်းထဲမှာပင် ရေမိုးချိုးစေသည်၊ မိမိတို့နေရာမှာဆိုလျှင် ရေကန်ကြီးထဲဆင်းပြီး ချိုးကြ





ရသည်။ ကျွန်မနေရာက သတ်သတ်စီခွဲပြီးတော့ချိုးကြရသည်။ တစ်ဦးတည်းမဟုတ်ဘဲ မိန်းကလေးတွေအားလုံး စုပြုံပြီးတော့ ချိုးကြရသည်။ ညနေဘက်တွင်သာ ချိုးကြရသည်။ တစ်နေ့ကို တစ်ကြိမ်သတ်မှတ်ထားသည်။ မိန်းကလေးများ ရေချိုးသောနေရာကို ယောက်ျားလေးများ မလာကြရ။ ချောင်းမကြည့်ရ။ ကြည့်သောသူကိုမိလျှင် စကျွန်နှစ်ကွင်းကို ဖျက်ဆီးပစ်သည်။ ပြင်းထန်သောအပြစ်ဒဏ်ကို ပေးသည်။

ယခုလည်း အခန်းထဲမှာ သူမတစ်ဦးတည်း ရေချိုးရသည်။ ရေချိုးခန်းထဲမှာ သူမတစ်ဦးတည်း ရှိနေသည့်တိုင် စိတ်က မလုံမလဲ၊ တစ်ဦးဦးက ယောက်ျားများ ချောင်းကြည့်နေသလားဟု။ လွတ်လပ်မှုကို မခံစားရ။ ရေချိုးပြီးသောအခါ ဒေါ်သီရိက သူမကို မွေးပွတဘက်ကြီးတစ်ထည်ဖြင့် တစ်ကိုယ်လုံးအနှံ့ ရေသုတ်ပေးသည်။ မိန်းမချင်းပေမယ့် စိတ်ထဲမှာ ကသိကအောက် ဖြစ်မိရသည်။ သူမ နေထိုင်ခဲ့သည့်နေရာက အခြေအနေမျိုးနှင့် ဘာမှမဆိုင်။ အတွေ့အထိ၊ အဆက်အဆံ၊ အပြုအမူတွေက အားလုံးကွာခြားလှကာ ကမ္ဘာသစ်တစ်ခုသို့ကို ရောက်နေသလိုပင်။

"ကဲ သမီး ... ဒါ သမီးအတွက်"

ဒေါ်သီရိက အဝတ်အစားတစ်စုံကို ထုတ်ပေးလာသည်။ သေသေသပ်သပ်ဖြစ်စေရန် ဒေါ်သီရိကပဲ ဝတ်ဆင်ပေးသည်။ စဉ်းစားစရာတစ်ခုက ခေါင်းထဲကို ဝင်လာခဲ့သည်။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေက အဆင်သင့်ရှိနေသည်ကိုပင်။

"အိမ်ကြီးထဲမှာတော့ နွေးနေတယ် ... အပြင်မှာ အေးတယ်၊ ဒါကြောင့် အနွေးထည်ဝတ်မနေပါနဲ့တော့ ... လာ"

ဒေါ်သီရိလည်း ဖန်လေးကို အခန်းအပြင်သို့ခေါ်သွားခဲ့သည်။ အပြင်ထွက်ခွင့်ရပြီဖြစ်၍ ဝမ်းသာသွားခဲ့သည်။ လွတ်လပ် သွားခဲ့သည်။ သူက ... နန္ဒသုခ လာသလားဟု ဒေါ်သီရိက မမေး။ ဖန်လေးကလည်း မပြော။ သူမ သိပြီးဖြစ်ဟန်တူသည်။ ကျယ်ဝန်းသောအခန်းကြီးတစ်ခုက ဖန်လေးကို ဆီးပြီးတော့ကြို နေသည်။ ဘေးတစ်ဖက်တစ်ချက်မှာ ကြီးမားသော ပွတ်လုံးတိုင်ကြီးများကို တွေ့ရသည်။ အလယ်မှာ တောက်လျှောက်ကြီးကို ကျယ်ဝန်းရှည်လျားသည်။ နူးညံ့သောအခင်းများ ရှိသည်။ ဖန် လေး ခြေချရန်ပင် မဝံ့မရဲဖြစ်ရသည်။ မည်သည့်စားပွဲ၊ ကုလား ထိုင်မှ မရှိ။ သို့သော် တစ်နေရာတွင် ကြေးမုံမှန်ချပ်ကြီးတစ်ခု ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ဘဲဥပုံ ရှည်ရှည်မျောမျော ကြီးဖြစ်သည်။

ဖန်လေး အဝေးမှရပ်နေစဉ် သူမ၏တစ်ကိုယ်လုံးက မှန်ထဲမှာ ထင်ဟပ်လျက်ရှိသည်။

"ဒေါ်ဒေါ် ... ဒါ ဘာလို့ခေါ်သလဲ"

"ကြေးမုံတဲ့ ... မှန်လို့လည်းခေါ်တယ်"

"မှန် ... မှန် ... ဟုတ်လား"

သူမ၏နှုတ်မှ တိုးတိုးလေးပင် လိုက်ဆိုနေမိသည်။





အခန်းထဲမှာကျန်ခဲ့သည့် မျက်နှာကွက်ကွက်ကလေးသာမြင်နိုင်သောအရာလေးကို သတိရမိသွားသည်။ ယင်းသည်လည်း မှန်အသေးစားလေးပင်။ ဖန်လေးသည် မှန်ချပ်ကြီးဆီကို တရွေ့ရွေ့နှင့် တိုးကပ်သွားခဲ့သည်။ တဖြည်းဖြည်းနှင့်နီးကပ်လာလေလေ၊ ကိုယ်လုံးသဏ္ဌာန်က ပိုပြီးတော့ ထင်ရှားလာလေလေပင်။ မှန်ချပ်ကြီး၏ရှေ့မှာ ရပ်တန့်လိုက်သည်။ သူမ၏တစ်ကိုယ်လုံးကို ပြက်ထင်စွာမြင်လိုက်ရသည်။

ဖန်လေး၏ရင်ဝဲဝယ် လှုပ်ရှားသွားခဲ့ရသည်။ ကြေးမုံထဲမှာ မိမိ၏ကိုယ်ပွားက ရောက်နေသလိုပင်။ မျက်နှာကလည်း ပြောင်းလဲသွားသည်။ ပိုပြီးတော့ ကြည့်ကောင်းလာသည်။

"ငါ ... ငါ ... ဖန်လေးမှ ဟုတ်ရဲ့လား"

သူမ၏မျက်လုံးများကိုပင် မယုံကြည်နိုင်တော့။ ဒေါ်သီရိ၏ပြုပြင်ပေးမှုကြောင့် မျက်နှာပြင်ထက်က ခြယ်မှုန်းမှုများက ရုပ်ပြောင်းသွားစေသည်ဟု ထင်မိသည်။ ရှည်လျားသောဆံပင်များကိုလည်း သပ်ရပ်စွာဖြီးသင်ထားကာ ဆီမွှေးများလိမ်းထား၍ ဖရိုဖရဲမရှိတော့။ ကြည့်ကောင်းသွားသည်။ အဝတ်အစားများကလည်း ပွရောင်းရောင်းမဟုတ်။ ချပ်ချပ်ရပ်ရပ်နှင့် အမို့၊ အမောက်၊ အရှိုက်၊ အဝှန်း၊ သူ့နေရာနှင့်သူ ... ကိုယ်လုံး၏အလှကို ပိုပြီးတော့ ပေါ်လွင်နေစေသည်။ မိမိတို့လူမျိုးစုများ နေထိုင်ရာဒေသတွင် မျက်နှာပြင်ကိုလိမ်းခြယ်မှုမျိုး၊ တစ်ကိုယ်လုံးကို အမွှေးနံ့သာများနှင့်ဆွတ်ဖျန်းခြင်းမျိုး မရှိကြ။ မည်



www.burmeseclassic.com

www.burmeseclassic.com



သူမှမပြုလုပ်ကြ။ ဓလေ့ထုံးစံမရှိ။ ပင်ကိုသဘာဝနှင့်သာ နေကြသည်။

မည်သို့ပင်ဆိုစေ ဖန်လေးသည် မှန်ထဲမှာ ထင်ဟပ်နေသော သူမ၏ရုပ်သွင်ကိုကြည့်ကာ ကျေနပ်နေမိသည်။

"ဒီလို အပြုအပြင်,အခြယ်အမှုန်းမျိုးနဲ့ဆိုရင် ငါက ပိုပြီးတော့ လှလာပါလား"

ပီတိဖြစ်မိသည်။ ခံစားမိသည်။ မိမိ၏ကိုယ်လုံးလေးကိုပင် မှန်ရှေ့မှာ လိပ်ပြာကလေးလိုဝဲပြီး လှည့်ပတ်ကာကြည့်မိလိုက်သေးသည်။ ထိုစဥ် မှန်ထဲမှာ သဏ္ဍာန်တစ်ခုက ပေါ်လာခဲ့သည်။ သူမကို ရပ်ပြီးတော့ကြည့်နေသည်။ ယင်းသဏ္ဍာန်သည် ဖန်လေး၏နောက်မှာ ဖြစ်သည်။

"ဟင်"

ဖန်လေးသည် ဖျတ်ခနဲဆို နောက်ကိုလှည့်ကြည့်မိလိုက်သည်။ ထိုသူသည် မျက်နှာသေကြီးဖြင့် ဖန်လေးကို ကြည့်နေသည်။ ရွှေမျက်နှာဖုံးနှင့်လူ ... နန္ဒသုခပင်။

ပြတင်းမှန်ချပ်များကို မှန်နောက်များဖြင့် တပ်ဆင်ထားသောကြောင့် ဝိုးတဝါးအလင်းရောင်သာ ရသည်။ နန္ဒသုခ၏ကိုယ်လုံးကိုမြင်ရသည့်တိုင် မျက်နှာကို ဖုံးကွယ်ထားသည့် မျက်နှာဖုံးကိုကြည့်ပြီး အနည်းငယ်တော့ ကြက်သီးထမိသွားသည်။ ကျောထဲမှာ စိမ့်တက်သွားမိသည်။ ခန္ဓာကိုယ်ပေါ်မှ မွေးညှင်းလေးများပင် ထောင်တက်လာခဲ့ကြရသည်။





နန္ဒသုခသည် ဖန်လေးဆီကို တစ်လှမ်းချင်းပင်လျှောက်လာခဲ့သည်။

"ကိုယ့်အလှကို မှန်ကြီးထဲမှာကြည့်ပြီးတော့ ကျေနပ်နေတယ်ပေါ့လေ ... ဟုတ်လား"

သူ့အသံက တည်ငြိမ်ဆေးဆေးနေသည်။ ဖန်လေး ရှက်သွားမိသည်။ မိမိ၏ကိုယ်လုံးလေး တစ်ပတ်ဝဲကာ မှန်ထဲကြည့်မိလိုက်သည်ကို သူတွေ့သွားပြီဟုထင်သည်။ မျက်နှာလေးရဲတက်လာကာ ခေါင်းလေးကိုငုံ့ထားမိလိုက်သည်။ သူ့မျက်နှာကိုလည်း မမြင်နိုင်၍ ကြောက်သလိုလို၊ ရွံ့သလိုလိုပင် ခံစားနေမိသည်။ မမျှော်လင့်မိသောအချိန်တွင် ရောက်ရောက်လာတတ်သောသူ ... စကားကို ခပ်အေးအေးပြောတတ်ပေမယ့် အတွင်းသဘောက ဘယ်လိုမှန်းမသိ။ သူသည် လူယောင်ဆောင်ထားသည့် မိစ္ဆာတစ်ကောင်ပဲလား။

"ငါ မင်းကိုစောင့်နေတာ ... လိုက်ခဲ့"

"ရှင်"

"ငါ့နောက်ကို လိုက်ခဲ့လို့ ပြောတာ"

သူ့လေသံက တစ်မျိုးဖြစ်သွားသည်။ အမိန့်ပေးဟန်လေးနည်းနည်းပါသလားဟု။ သို့မဟုတ်ဘဲ မိမိ၏စိတ်ကပဲ ထိုသို့ထင်မိတာလား။ အေးလေ ... ဒါ သူ့နေရာပဲ။ သူက ငါ့အသက်ကိုကယ်တင်ထားတဲ့ သူပဲ။ သူ ဘာပြောပြော သူ့သဘောကို လိုက်လျောရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . ဘာတွေ တွေးနေတာလဲ"

"ဟင် . . . ဘာ . . . ဘာမှမတွေးပါဘူး"

"ကဲ . . . ဒါဖြင့် လာ"

နန္ဒသုခက သူမ၏လက်မောင်းကို ဆုပ်ကိုင်ကာ ခေါ်သွားသည်။ အေးဆေးစွာပင် လိုက်သွားမိသည်။ မလိုက်ဘူးလို့ ငြင်းဆန်လည်း ရမှာမှမဟုတ်တာ။ ရှည်လျားသော စကြံလမ်းတစ်လျှောက်တွင် သစ်သားများ၏အပွေးအကွက်များကို အတုံးကလေးများပြုကာ ခင်းထားသည်။ အလင်းရောင်အားနည်းနေ၍လား မသိ . . . သစ်သားအပွေးအကွက်များသည် အရောင်အဆင်း ဖျော့တော့လျက် ရှိနေကြသည်။

နှင်းသုခမြို့င်သည် မြင့်မားသောအမိုးမျက်နှာကြက်များ ရှိနေကြသလို အဆောင်ဆောင်အခန်းခန်းတွေကလည်း များလှသည်။ သို့သော် အိမ်သားများ ရှိကြဟန်မတူ။ ယခုအချိန်တွင် နန္ဒသုခနှင့်ဒေါ်သီရိကိုသာ တွေ့ရသေးသည်။ လူများများစားစား မနေကြဘဲ ဤအိမ်ကြီးကို ဘာကြောင့်များ အကြီးကြီး ဆောက်ထားတာပါလိမ့်။

ယခင်ကတော့ မိသားစုဝင်တွေ အများကြီးရှိခဲ့ကြပုံပေါ်သည်။ ဒေါ်သီရိလည်း ပျောက်သွားပြန်ပြီ။ ဘယ်ကိုရောက်သွားသလဲ မသိတော့။ နန္ဒသုခသည် သူ့လက်မောင်းကို ကိုင်ထားဆဲ။ စကြံရှည်ကြီးပေါ်မှာ လျှောက်လှမ်းနေဆဲ။ သူ့ကိုဘယ်အထိခေါ်သွားမှာလဲ၊ မရောက်နိုင်သေးပါလား။ သူကို့နှစ်ဦး





လျှောက်လှမ်းနေကြသည့် ခြေသံများက ဖွဖွညင်သာ။ သို့သော် ဖန်လေး၏နားထဲမှာ နောက်ထပ်ခြေသံတွေ အများကြီးထွက်ပေါ်နေသည်ဟု ထင်မိသည်။

ခြေသံရှင်များက သူမ၏နောက်မှ ဝိုင်းပြီး စုပြုံပြီးတော့ လိုက်နေကြသလားဟု ကြောက်စိတ်လေးဖြစ်ပေါ်လာခဲ့၍ ခြေလှမ်းကို ပိုပြီးတော့သွက်လက်စွာ လျှောက်နေမိသည်။ နန္ဒသုခသည်ပင် ဖန်လေးကို ငဲ့ကြည့်မိရသည်အထိ။ တစ်နေရာကို အရောက်တွင် ညာဘက်တွင် တံခါးဖွင့်ထားသောအခန်းကြီးတစ်ခုကို တွေ့လိုက်ရသည်။ ယင်းအခန်းကြီးထဲကို ဝင်သွားခဲ့ကြသည်။

မြင်ကွင်းတစ်ခုက ဖန်လေး၏မျက်ဝန်းတွေထဲကို တိုးဝင်လာခဲ့သည်။ ရှည်လျားသော စားပွဲကြီးတစ်ခု။ ကုလားထိုင်အသီးသီးတွင် ထိုင်နေကြသူများက တစ်ဖက်တစ်ချက်စီမှာ။ စုစုပေါင်း လူအစိတ်၊ သုံးဆယ်လောက်တော့ ရှိလိမ့်မည်။ အားလုံးသည် ဖန်လေး တစ်ခါမှမမြင်ဖူးသော အဝတ်အစားများကို ဝတ်ထားကြသည်။ ထိုအထဲတွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။

(သျှောင်တစောင်းနှင့် ခေါင်းပေါင်းနှင့် ပင်နီတိုက်ပုံအကျီ၊ ဘီးဆံပတ်လုံးများနှင့် ရွှေခြည်ထိုး၊ ငွေခြည်ထိုး အဝတ်အစားများ။ ကတ္တီပါဖိနပ်များ။ ခြုံလွှာများကို ဝတ်ဆင်ထားကြသည်။ ရှေးမြန်မာကြီးများပင် ဖြစ်ကြသည်။)

အမျိုးသမီးများဆိုလျှင် ရွှေဘယက်၊ ရွှေရင်ထိုး၊ စိန်



www.burmeseclassic.com

www.burmeseclassic.com



ရင်တို့။ ပန်းလက်ကောက်များကို ကိုယ်ပေါ်မှာဆင်ယင်ထားကြသည်။ ဤမျှများပြားလှသောသူများကို တစ်နေရာတည်းမှာ တစ်စုတည်း တစ်ဝေးတည်းတွေ့လိုက်ရသဖြင့် ဖန်လေး အံ့အားသင့်သွားခဲ့ရသည်။

"ဒီအိမ်ကြီးထဲကလူတွေဟာ အားလုံးစုပြီး ဒီနေရာကို ရောက်နေကြတာကိုး၊ မိသားစု အတူတူအားလုံးရှိနေကြတာ အစည်းအဝေးသဘောများလား။ ဒီအထဲမှာ ဆွေမျိုးတွေအပြင် ပြင်ပကဧည့်သည်တွေရော ပါနေသေးသလား"

မျက်နှာကြက်တစ်နေရာတွင် မှန်နောက်တစ်ချပ်ကို တပ်ဆင်ထားသည်။ အလင်းရောင်သည် ယင်းမှန်ချပ်ကိုဖောက်ထွင်းကာ အခန်းထဲကို ကျဆင်းလျက်ရှိနေသည်။ မှန်နောက်ဖြစ်နေ၍ ပြည့်ဝသောအလင်းရောင်ကိုမရ။ အရာဝတ္ထုအားလုံးကို မြင်သာရုံပင်။ ဤအိမ်ကြီး၏ အမိုးတစ်နေရာကိုလည်း မှန်နောက်တစ်ချပ် တပ်ဆင်ထားပုံရသည်။ ယင်းမှတစ်ဆင့် အခန်းမျက်နှာကြက်မှမှန်ချပ်ကို အလင်းက တစ်ဆင့်ကျရောက်လာခဲ့ခြင်းပင်။

စားပွဲနားကို မရောက်မီ ဖန်လေး သတိထားမိသည်မှာ ... ထိုသူများသည် စကားမပြောကြဘဲ ငြိမ်သက်နေကြခြင်းပင်။ ခြေဟန်လက်ဟန် မျက်နှာအမူအရာများနှင့်သာ ရှိနေကြသည်။ စကားတစ်ခွန်းမှ ထွက်မလာခဲ့ကြ။ ထို့ကြောင့် အံ့အားသင့်နေမိသည်။ စားပွဲနားကိုရောက်ခါမှ အကြောင်းစုံကို သိ





လိုက်ရလေတော့သည်။

"ဟင် ... သူ ... သူတို့ဟာ"

ဖန်လေး အသက်ရှူများမှတတ် ဖြစ်သွားခဲ့ရလေသည်။

◆ ◆ ◆

အကြောင်းမှာ ...

ထိုသူများအားလုံးသည် သက်ရှိထင်ရှားလူသားများ မဟုတ်ကြ။ ရုပ်တုများဖြစ်နေကြသောကြောင့်ပင်တည်း။ သက်ရှိပြောက်လွန်းလှ၍ အချိုးအစားကျလွန်းလှ၍ တကယ့်လူသားစစ်စစ်နှင့် ခွဲခြား၍မရအောင်ပင် တူလွန်းလှသည်။

"ဘယ်လိုအကြောင်းကြောင့် ဒီအခန်းကြီးထဲမှာ ရုပ်တုတွေက တစ်စုတည်းတစ်ဝေးတည်း ရှိနေကြရတာလဲ"

ဖန်လေး မိမိကိုယ်မိမိ အံ့အားသင့်သွားခဲ့ရသည်။ ရုပ်တုဆိုသောစကားကို အမှတ်တမဲ့ နှုတ်မှထွက်သွားစေခဲ့သောကြောင့်ပင်။ ထို့အတူ ဤအရာများသည် ရုပ်တုတွေပါလားဟုလည်း နားလည်နေမိသည်။ နန္ဒသုခသည် ဖန်လေး၏လက်ကို လှုပ်လိုက်သည်။

"ဒီလူတွေ အားလုံးဟာ ရုပ်တုတွေပါပဲ၊ ငါ့ရဲ့ဆွေမျိုးအစဉ်အဆက်တွေပဲဆိုပါတော့၊ ဘယ်သူက ဘာဆိုတာကိုတော့ ငါ မပြောပြတော့ပါဘူး။ ပြောပြလည်း မင်း နားလည်မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ မင်းသိစေချင်လို့ ငါ . . . ဒီကိုခေါ်လာပြီး ပြတာပါ''

''ဖန်လေး သိစေချင်လို့ . . . ဟုတ်လား''

''ဪ . . . မင်းက နှင်းသုခမြိုင်ကို မမျှော်လင့်ဘဲ ရောက်လာခဲ့တာကိုး၊ ဒီအိမ်ကြီးနဲ့ပတ်သက်တဲ့ အရာတစ်ခုခုကို သိထားသင့်တယ်လေ''

''ဘာဆိုင်လို့လဲ . . . ကျွန်မက ဘာကြောင့် သိထားရမှာလဲ''

ဖန်လေးက မကျေမနပ်ဖြင့် စိတ်ထဲကပြောမိလိုက်သည်။

◆ ◆ ◆ ◆





## (၃)

### ဖန်လေးပုံပြ

ဖန်လေး၏ မျက်ဝန်းထဲမှာ ရုပ်တုများအားလုံးက လှုပ်ရှားလာသည်ဟု ထင်မိသည်။ တီးတိုးစကားပြောသံများပင် ထွက်ပေါ်လာကြသလို၊ သေချာစွာ ပြန်ပြီးကြည့်မိလိုက်သောအခါ ထင်သလိုမဟုတ်၊ အားလုံး ငြိမ်သက်နေကြစမြဲ။ သို့သော် မွန်းကျပ်သောဝေဒနာကို ခံစားလာရသည်။ စိတ်လက်မအီမသာဖြစ်မိသောအခါ ထိုကဲ့သို့သောဝေဒနာမျိုး ဖြစ်ပေါ်လာတတ်သလားမသိ။

ဖန်လေး ပြန်လှည့်ချင်နေပြီ။ ဤအခန်းထဲမှာနေရသည့်အတွက် တာဝန်ကြီးနေသလိုပင်။ သို့သော် နန္ဒသုခက စားပွဲကိုလှည့်ပတ်ကာ သွားနေသေးသည်။ ထိုအခါ တစ်ယောက်တည်းနောက်ကြောင်းလှည့်ပြန်ရန် မဖြစ်တော့။ မကျေမနပ်နှင့်ပင်နောက်မှလိုက်နေရသည်။ ထိုစဉ် ဖန်လေး၏မျက်ဝန်းများသည်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲတစ်ဖက်မှာ ထိုင်နေသော ရုပ်တုတစ်ခုဆီကို ရောက်သွားခဲ့သည်။ မိန်းကလေးတစ်ဦး၏ ရုပ်တုပင်။ ကြည့်နေရင်းက မိန်းကလေး၏မျက်နှာဆီက လုံးဝခွာမရ ဖြစ်သွားခဲ့ရသည်။

"ဟင်"

သေချာစွာကြည့်လေလေ မိမိနှင့်တူလေလေ။ ဆံပင်အနေအထားနှင့် ဝတ်စားဆင်ယင်ပုံသာ လွဲသွားသည်။ မျက်နှာကတော့ ချွတ်စွပ်ပင်တူနေသည်။ မတော်တဆတော့ မဖြစ်နိုင်။ တစ်ထေရာတည်းမှ တစ်ထေရာတည်း။ ခြေလှမ်းတွေက ဆက်၍လှမ်းမရတော့။ ထိုရုပ်တုသည် ဖန်လေးကို တစ်သမတ်တည်းပင် ညို့ယူလျက်ရှိနေသည်။

"ဖန်လေး"

"ရှင်"

မျက်နှာဖုံးရှင်က သူ့ကို ခပ်တိုးတိုးပင်ခေါ်လိုက်သည်။ သို့သော် နားထဲမှာ ပေါက်ကွဲသံစဉ်ကြီးတစ်ခုပမာပင် ဖြစ်သွားခဲ့ရသည်။ သူမ၏ရင်ထဲက ထွက်လာသော ဟင် တစ်လုံးသည် အထိတ်တလန့်ဟန်မျိုး။

"လာလေ ... ဘာရပ်လုပ်နေတာလဲ"

မျက်နှာဖုံးနောက်ကွယ်မှ မျက်လုံးအစုံကို မြင်နေရသည်။ သူမကို စူးစမ်းသည့်ပမာ ကြည့်နေသည်။

"ဖန်လေး ... ဒီနေရာက သွားချင်နေပြီ"

"ဩော် ... အေး ... ဟုတ်သားပဲ၊ ဒီမှာက လေဝင်







လေထွက် မရှိဘူး ... မင်း အသက်ရှူကျပ်မှာပေါ့။ ငါ မင်းကို တစ်ဖွတ်ဆိုးခေါ်လာမိသလိုဖြစ်သွားတယ်၊ လာ လာ ... သွားကြမယ်"

နန္ဒသုခသည် ယခုမှ သတိရမိသလိုလို ပြောသည်။ ဟိုနောက် အခန်းအပြင်ကို ထွက်လာခဲ့ကြလေသည်။ လမ်းမှာ ဖန်လေးစဉ်းစားလာမိသည်။

"သူ ငါ့ကို ဟိုအခန်းထဲကို တမင်ခေါ်သွားခဲ့တာလား၊ ငါနဲ့တူတဲ့ရုပ်တုကို မြင်စေချင်လို့လား။ ပြီးတော့မှ မသိချင်ယောင်ဆောင်ပြီးတော့ ပြောနေတယ် ... ဟွန်း"

စိတ်မကျေမနပ် ဖြစ်သွားခဲ့ရသည်။ စကြံလမ်းကလည်း အလာတုန်းကကဲ့သို့ပင် အလင်းအားက နည်းနေဆဲ။ ဒီလိုပဲ အလင်းဖျော့ဖျော့အောက်မှာ နေနေကြတာပဲလား။

တစ်နေ့ ရာရာကိုရောက်သော် နန္ဒသုခက ...

"အလင်းရောင် အလုံအလောက်မရှိတာ ငါကို တိုင်က ဒီလိုပဲနေချင်လို့ပါ။ ဒါပေမဲ့ မင်း စိတ်မရှင်းဘူးဆိုတာ ငါ သိတယ်"

နန္ဒသုခ၏လက်သည် အိမ်နံရံဆီကို ရောက်သွားသည်။ လိုက်ကာအညိုစကြီးတစ်ခု။ အိမ်နံရံကလည်း အညိုရောင်ပင်။ အရောင်က တစ်သားတည်းဖြစ်နေ၍ နံရံဟုပဲ ထင်နေမိသည်။

လိုက်ကာစကိုဆွဲလိုက်သောအခါ လင်းခနဲဆို ဖြစ်သွားသည်။ သို့သော် နန္ဒသုခသည် သူ့ကိုယ်ကို အလင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



လွတ်ကင်းအောင် ရုတ်တရက် ကွယ်လိုက်သည်။ သို့သော် သူ ဆွဲဖွင့်လိုက်သည်က တစ်ထွာခန့်သာ။ လိုက်ကာစ၏အထက် ဘက်မှာ သံကွင်းများကိုတပ်ထားသည်။ ကြိုးတန်းတစ်လျှောက် တွင် ကွင်းကလေးများကိုစွပ်ထား၏။ နန္ဒသုခသည် နံရံ၏ ခပ် လှမ်းလှမ်းအထိ ရောက်သွားခဲ့သည်။ သူသည် မည်သည့် အ ကြောင်းကြောင့် ဒီလောက်အထိ အလင်းကို ကြောက်နေရသလဲ။

"ဒါလောက်လေးပဲ ဖွင့်ထားပါ၊ မင်း အပြင်ကိုကြည့်ချင် ရင် ဒီကွက်ကွက်ကလေးထဲက ကြည့်ပေါ့၊ ကိုယ့်အခန်းကိုယ် သွားတတ်တယ် မဟုတ်လား၊ ငါ သွားတော့မယ်"

နန္ဒသုခသည် သူမ၏အနားက ထွက်သွားခဲ့သည်။ ထို့ နောက် စကြံလမ်းတစ်ခုသို့ ချိုးကွေ့ကာဝင်ရောက်သွားခဲ့သည်။ ဖန်လေးသည် နန္ဒသုခပျောက်ကွယ်သွားသည့်အထိ မျက်စိတစ် ဆုံးကြည့်ကာ ကျန်ရစ်ခဲ့သည်။ ထို့နောက် ခပ်ဟဟလေးသာ ဖွင့်ထားသော လိုက်ကာစလွတ်နေသည့် နေရာမှ အပြင်ဘက်ကို လှမ်းကြည့်လိုက်သည်။

ခုမှပဲ သေချာစွာကြည့်မိသည်။ မှန်တစ်ချပ်ကာထား ပါလား။ လက်လေးလုံးခန့်ဟထားသော်လည်း ပြတင်းပေါက် (အပေါက်မဲ့သော)သည် တစ်ပေပတ်လည်သာသာလောက်ပဲ ရှိ သည်။ ဖန်လေး၏ အတန်အသင့်မြင့်မားသော အရပ်နှင့်ပင် တစ်တန်းတည်းလောက်ကို ရှိသည်။ မျက်လုံးပေါက်လောက်ပဲ ပြတင်း၏အောက်ဘောင်မှာတင်သည်။ ခြေဖျားမထောက်ရ





သည်ကပင် ကံကောင်း၏။

လိုက်ကာကို သည်ထက်ဆွဲဖွင့်လျှင် ရနိုင်သော်လည်း မျက်နှာဖုံးရှင်၏ဆန္ဒအရ မဖွင့်တော့ပါ။ ကြည့်ခွင့်ပေးသော သူ့စေတနာကို လေးစားရပေမည်။

◆ ◆

အပြင်ကိုလှမ်းမျှော်ပြီးတော့ ကြည့်မိလိုက်စဉ်မှာ အား လုံးသည် လင်းလင်းကျင်းကျင်းပင် ရှိနေသည်။ ခြံကြီးတစ် ခြံ၏အထဲကို သူမ ရောက်နေမှန်း သိရသည်။ မြင့်မားသောအုတ် တံတိုင်းသည် အိမ်ကြီးနှင့် အတော်ဝေးကွာသောနေရာမှာ ရှိ သည်။ ထိုအခါ လွန်စွာမှကျယ်ဝန်းသောခြံကြီးတစ်ခြံဖြစ်မှန်း သိရသည်။ အိမ်ကြီး၏မျက်နှာစာရှေ့မှာတော့ အပင်ကြီးများ သိပ်မရှိ၊ ထို့ကြောင့် အုတ်တံတိုင်းကြီးကို လှမ်းပြီးတော့ မြင်နေရ ခြင်းပင်။

အုတ်တံတိုင်းကြီးက မြင့်မားနေသောကြောင့် အပြင် ဘက်ကိုမမြင်နိုင်။ မည်သည့်အကြောင်းကြောင့် အုတ်တံတိုင်း မြင့်မြင့်ကြီးများကို ကာရံထားရပါသလဲ။ တံခါးမကြီးကိုတော့ လှမ်းပြီးတော့မြင်နေရသည်။ ကြေးဝါသားဖြင့် ခိုင်မာစွာ တည် ဆောက်တပ်ဆင်ထားခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သူ ဘယ်နေရာကခေါ်လာခဲ့တာလဲ၊ ရေခဲမြစ်ဟာ ဘယ်နားမှာရှိသလဲ၊ အိမ်ကြီးနဲ့ ဘယ်လောက်အထိဝေးသလဲ"

အတွေးတွေက ဝင်လာခဲ့သည်။ ယခုအချိန်တွင် အိမ်ကြီးထဲမှာနေရသည်က မိမိအတွက် အလုံခြုံဆုံးဟုထင်မိသည်။ အပြင်ကိုထွက်ချင်သည့်ဆန္ဒက မရှိ။

"လုထန် ... လုထန် ... သင်း မသေသေးရင်တော့ ငါ့ကို မိုးအဆုံးမြေအနှံ့ မတွေ့တွေ့အောင်လိုက်ပြီးတော့ ရှာနေမှာပဲ၊ ငါ ရင်ဆိုင်လို့ မဖြစ်သေးဘူး။ သူက ငါ့ကိုရှာဖို့ မလိုဘူး၊ ငါကသာ သူ့ကိုရှာပြီး လက်စားချေမှုကိုရယူရမယ်"

လိုက်ကာစလေးကို ဆွဲပိတ်လိုက်သည်။ ထို့နောက် သူမအတွက်ပေးထားသော အခန်းဆီကို လျှောက်သွားခဲ့လေသည်။ ဒေါ်သီရိသည် နန္ဒသုခနှင့် မည်သို့ပတ်သက်နေသလဲ ဟူသည့် အတွေးမျိုးက ဝင်လာခဲ့ဖြစ်သည်။

"ဟို ရုပ်တုတွေထဲမှာ ငါနဲ့တူနေတဲ့မိန်းကလေးတစ်ယောက် ရှိနေတယ်ဆိုတာ ဒေါ်သီရိသိထားမှာပဲ၊ ဒါနဲ့တောင် ငါ့ကို အံ့ဩဟန်မပြဘူး"

သူမ၏အခန်းဆီကို ရောက်လာခဲ့သည်။ တံခါးကို ပိတ်မထား။ အထဲကို တန်းပြီးတော့ဝင်သွားခဲ့သည်။ ထိုစဉ် လက်ခနဲဆိုဖြစ်သွားသောကြောင့် လှည့်ကြည့်မိလိုက်သည်။

"ဟင်"





အံ့အားသင့်သွားခဲ့ရသည်။ အပြင်ဘက်မှာတွေ့ခဲ့ရသော ကိုယ်လုံးပေါ်မှန်ကြီးက အခန်းထဲကိုရောက်နေသောကြောင့်ပင်။ မည်သူကများ ရွှေ့ထားခဲ့တာပါလိမ့်။ နန္ဒသုခလား ... မဖြစ်နိုင်။ ဒေါ်သီရိလား ... မဖြစ်နိုင်။ ထောက်ခံတပ်ထားသော မှန်ချပ်ကြီးက လေးသည်။ တစ်ယောက်တည်းလည်း ရွှေ့နိုင်မှာ မဟုတ်။ နှစ်ယောက်အတူ ရွှေ့ခဲ့ကြရင်ရော ... ဒါတော့ ဖြစ်နိုင်သည်။ သို့သော် ... နန္ဒသုခက ဒါမျိုးကိုလုပ်ပါ့မလား။

ဖန်လေးသည် ကိုယ်လုံးပေါ်မှန်ချပ်၏ရှေ့မှာ နောက်တစ်ကြိမ် ရပ်မိပြန်သည်။ ဘာမှမပြောင်းလဲ။ စောစောကအတိုင်းပင်။ သို့သော် ... ဖန်လေး၏အဝတ်အစားများမဟုတ်၍ ဖန်လေးဆိုသည့်အသွင်က ပျောက်နေသလိုပင်။ ကြည့်နေရင်းက သူမ၏မျက်နှာသည် စောစောက ရုပ်တုမိန်းကလေး၏အသွင်မျိုး ဖြစ်သွားခဲ့ရသည်။

"ဟင်"

စိတ်လှုပ်ရှားသွားခဲ့ရသည်။ မျက်လုံးတွေကိုမှိတ်ပြီး ခေါင်းကိုခါယမ်းပစ်လိုက်ရသည်။ ပြန်ကြည့်မိလိုက်သည်။ မှန်ထဲက မိမိ၏ရုပ်သွင်သည် ဤအတိုင်း။ မပြောင်းလဲ။ ထိုအခါမှ အာရုံများသွားမှန်း သိသွားခဲ့ရသည်။ ဟက်ခနဲဆိုရယ်မိလိုက်သည်။ သို့သော် ဟိုအခန်းထဲရှိ မိန်းကလေး၏ရုပ်တုလေးကိုတော့ မေ့ပျောက်၍မရတော့။

❖ ✿ ❖



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံးလိုလို နန္ဒသုခကို မတွေ့ရ။ သူ ဘယ်မှာ နေမှန်းမသိ။ အမှောင်ကြိုက်သူဆိုတော့ မှောင်အတိကျနေသည့် အခန်းထဲမှာများ သူရှိနေသလား။ မျက်နှာကို ရွှေမျက်နှာဖုံးဖြင့် ဖုံးကွယ်ထားသည့်လျှို့ဝှက်ချက်ကို သိချင်နေသည်။ အကြောင်း မရှိဘဲနှင့်တော့ ဒီလိုမလုပ်တန်ရာ၊

ဒေါ်သီရိကတော့ ထမင်းချိန် ထမင်းလာပို့သည်။ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်များကို လဲပေးသည်။ စကားပြောလည်း တစ်ခွန်း၊နှစ်ခွန်းသာ။ လိုတာထက် ပိုမပြော။ နှုတ်စောင့်စည်းသည့်ပုံမျိုး။ နန္ဒသုခနှင့်ပတ်သက်ပြီးမေးလည်း ဖြေမှာမဟုတ်။ ထို့ကြောင့် မမေးတော့။

မိုးချုပ်ခါနီးမှာ ဖယောင်းတိုင်ကြီးများကို လာပေးသည်။ တယောပုံယမ်းမီးခြစ်တစ်ဘူးကို ထားခဲ့သည်။ မီးခြစ်ဆံ သုံးပုံသုံးနည်းကို ဇန်လေးအား ပြထားပြီးသား။

"ဇန်လေး ... ဒေါ်ဒေါ် ဘာလုပ်ပေးရဦးမလဲ"

"ဟင့်အင်း မရှိပါဘူး ... ကျေးဇူးပဲ"

ကျေးဇူးပဲဆိုသည့်စကားကို ယဉ်ကျေးစွာသုံးမိလိုက်သည့်အတွက် မိမိကိုယ်ကိုယ်ပင် အံ့အားသင့်နေမိသည်။ မိမိတို့လူမျိုးစုအနွယ်ထဲမှာ သုံးနှုန်းသည့်ဘာသာစကားက တစ်မျိုး။ ဒီလိုမဟုတ်။ သူမ၏နှုတ်က အလိုလိုထွက်သွားခြင်းပင်။





"ဒါဆို ဒေါ်ဒေါ်သွားတော့မယ်နော်"

ဒေါ်သီရိက ထွက်သွားတော့မည်အပြု။

"ဪ ... ဒေါ်ဒေါ်"

ဇန်လေးက ခေါ်လိုက်သည်။ လှည့်အကြည့်မှာ ...

"ဒေါ်ဒေါ် ... ဒီအိမ်ကြီးထဲမှာပဲ နေတာလားဟင်"

"အေးပေါ့ကွယ်"

ပြုံးပြီးတော့ လှည့်ထွက်သွားခဲ့သည်။ တံခါးကိုလည်း ပိတ်သွားသည်။ ဇန်လေးပြေးသွားပြီး တွန်းကြည့်တော့ ...

"အပြင်က ပိတ်သွားပြန်ပြီ"

◆ ◆

မည်သည့်အကြောင်းကြောင့် အခန်းကိုပိတ် ပိတ်သွားသလဲ မသိ။ ညဘက်တွင်ပိတ်ထားပြီး နေ့ဘက်မှာတော့ တစ်နေ့လုံး ဖွင့်ထားသည်။ အလုံပိတ်ထားသောအခန်းကြီးထဲမှာ နေရသလိုပင်။ ပြတင်းပေါက်ကလည်း မရှိ။ နံရံ၏အမြင့်တစ်နေရာမှာတော့ မှန်ချပ်တစ်ချပ်ကို ကပ်ထားသည်။ နေ့ဘက်မှာတော့ လင်းနေရာမှ အလင်းကဝင်သည်။

"အရေးအကြောင်းဆိုရင် ငါ အပြင်ကို ဘယ်လိုထွက်နိုင်မလဲ"





www.burmeseclassic.com

မလိုလဲလိုလဲ အတွေးတစ်ခုက ဝင်လာခဲ့သည်။

"ဥပမာ အခန်းထဲကို လူတစ်ယောက်က ကြိုရောက်နေပြီး ငါ့ကိုတိုက်ခိုက်ရင် ... ငါ ဘယ်လိုခုခံမလဲ"

လျှောက်ပြီးတော့တွေးနေမိသည်။ ဖန်လေးသည် ဖယောင်းတိုင်စွပ်ထားသော ကြေးတိုင်ကြီးကိုဆုပ်ကိုင်ကာ ရေချိုးခန်း၊ သန့်စင်ခန်းထဲကို မရဲတရဲနှင့်ဝင်သွားခဲ့သည်။ ဘာကိုမှ မတွေ့။ ဒါလောက် ဝင်ရဲသည်ဆိုကတည်းက မဆိုး။ ငုပ်လျှိုးနေသောသတ္တိတွေ ပြန်ပေါ်လာခဲ့သည်။ အခန်းထဲမှာ ကြွက်တစ်ကောင်ပင် မရှိ။ လေဝင်လေထွက်မရှိဘဲနှင့်တော့ သူ အသက်မရှူနိုင်။

မီးတိုင်ကိုကိုင်ပြီးတော့ မော့ကြည့်လိုက်သည်။ ပေနှစ်ဆယ်အမြင့်နံရံထက်တွင် သံဆန်ခါကွက်များကို တွေ့လိုက်ရသည်။ ယင်းအပေါက်များမှာ လေကဝင်လာခဲ့ခြင်းပင်။

(သံဆန်ခါဟူသောအသုံးအနှုန်းကို ဖန်လေး နားမလည်ယင်းအပေါက်များမှ လေဝင်လေထွက်ရှိသည်ဟုသာ နားလည်မိသည်။ အိပ်ပျော်စဉ် အနားမှာ လက်နက်တစ်ခုခုကို ထားချင်သည်။ သို့သော် လက်နက်ဆို၍ အပ်တိုတစ်ချောင်းပင် မရှိသက်ပြင်းချမိလိုက်သည်။ ဒီလိုနှင့် အိပ်ချင်လာမိသည်။

"ငါ လျှောက်တွေးနေရင် ဆုံးတော့မှာမဟုတ်ဘူး။ ရှူးသွားနိုင်တယ်၊ ငါထင်သလို ဖြစ်လာမှာလည်းမဟုတ်ဘူး။ အိပ်မယ်"





ဖန်လေးသည် သူမ၏စိတ်ကိုခြောက်လှန့်စေသည့်အရာများကို မတွေးတော့။ ထို့အပြင် အိပ်ချင်စိတ်ကိုလည်း မည်သည့်အရာကမှ တားဆီး၍မရတော့။ ချက်ချင်းဆိုသလို နှစ်ခြိုက်စွာပင်အိပ်ပျော်သွားခဲ့လေသည်။ သို့သော် ကောင်းကောင်းမအိပ်ရ။

လုထန်သည် ဖန်လေး၏နောက်ကို လိုက်လျက်ရှိနေသည်။ ဖန်လေးက သူမ,စီးလာသည့်မြင်းကို အသားကုန်ပင်နှင်နေသည်။

"ဟိတ် ... ရပ်လိုက်စမ်း ဖန်လေး ... နင် ငါ့လက်က ဘယ်တော့မှ ပြေးလို့မလွတ်ပါဘူး။ ငါသေသွားလည်း နင့်ကို ခွင့်မလွှတ်ဘူး။ ဒီမှာကြည့်စမ်း ... ငါ သေမယ်ထင်သလား"

ဖန်လေးက မြင်းထက်မှနေ၍ နောက်ကိုလှည့်ကြည့်လိုက်သည်။ လုထန်၏ရင်ဘတ်မှာ ဓားကတန်းလန်း။

"ဟင် လုထန် ... နင်အခု ထက်ထိ မသေးသေးဘူးလား။ ငါ့နောက်ကို လိုက်လာနိုင်သေးတယ်၊ အေး ... မကြာဘူး မကြာတော့ဘူး ... နင် သေမှာပါ"

ဖန်လေးသည် နောက်ကိုလှည့်ကြည့်ကာပြောနေသည်။ ထိုစဉ် ရှေ့မှ ရုတ်တရက်ပေါ်လာသော ချောက်ကမ်းပါးကြီးကို မမြင်။ သတိမထားမိ။ အရှိန်ဖြင့် ပြေးလာနေသောမြင်း သည် ချောက်ကြီးထဲကို ... ထိုးပြီးတော့ ကျသွားခဲ့လေရာ၊

'ဟီး ဟီး .. ဟီး .. ဟီး' "အား"

www.burmeseclassic.com

# (၆)

## လျှို့ဝှက်ချက်လေးများ

အိပ်မက်က နေရာမှာပင် ရပ်တန့်သွားခဲ့ရသည်။ ဖန်လေး လန့်ပြီးတော့နိုးသွားခဲ့ရသည်။ အပြင်မှာအေးနေသလောက် သူမ၏တစ်ကိုယ်လုံးမှာ ချွေးစေးများပြန်လျက်ရှိသည်။ အိပ်မက်ဆိုတာကို သိပေမယ့် တကယ်ဖြစ်နေသလိုပင် ခံစားနေရသည်။ ရင်ခုန်သံများကိုပင် အပြင်ကနေ ကြားနေရသည်။

'ဒင် ‥ ဒင် ‥ ဒင် ‥ ဒင်'

ပြန်ပြီးတော့ သတိထားမိလာခဲ့သည်က အချက်ကျကျ လွှဲယမ်းနေသော နာရီချိန်သီး၏ မြည်သံပင်။ စောစောက အိပ်မက်ဖောကြောင့် အဖြစ်အပျက်များက လွှမ်းမိုးခြင်းကိုခံနေရသည်။ ထို့ကြောင့် တဒင်ဒင်နှင့် ချိန်သီးလွှဲနေသည့်အသံကိုပင် သတိမထားမိခဲ့။ ယခုမှပင် သတိထားမိလာခဲ့သည်။ တိတ်ဆိတ်သောအချိန်တွင် ဘာမဟုတ်သည့် တိုးညင်သောအသံလေး





ကပင် ကျယ်လောင်လာသည်။

ဖန်လေးသည် လှိုင်းထနေသော ရင်အမြွှာ၏လှုပ်ရှားမှု ငြိမ်သက်သွားတော့မှ အိပ်ရာထက်က အောက်ကိုဆင်းလိုက်သည်။ စားပွဲနှင့်မလှမ်းမကမ်းရှိ ခုံရှည်ရှည်မြင့်မြင့်လေးပေါ်မှာ ဖယောင်းတိုင်မီးက တောက်လောင်နေဆဲ။ သုံးပုံတစ်ပုံလောက်ပဲ ကုန်သွားသေးသည်။

"ငါအိပ်ပျော်သွားတာ ဘယ်လောက်မှ မကြာသေးဘူးပဲ"

ဖန်လေးသည် နာရီကို အမှတ်တမဲ့ပင်မော့ကြည့်မိလိုက်သည်။

"၁၂ နာရီခွဲ၊ ဒါဆို ငါ အိပ်ပျော်သွားခဲ့တဲ့အချိန်က ဘာမှမကြာသေးဘူးပေါ့"

ဟုတွေးပြီး ရေတကောင်းထဲက သောက်ရေကို ဖန်ခွက်ထဲမှငှဲ့ပြီးတော့ သောက်လိုက်သည်။ ရေများကို မျိုမချမီမှာပင် အတွေးတစ်ခုက ခေါင်းထဲကိုဝင်လာခဲ့သည်။

"ဟောတော့"

စိတ်ထဲမှ ဟောတော့မိလိုက်သည်။ ထို့နောက် ဖရှေးဟောင်းတိုင်ကပ်နာရီကြီးကို တစ်ဖန်မော့ကြည့်မိလိုက်ပြန်သည်။ သူမကိုယ်သူမ မယုံနိုင်သလိုပင် ဖြစ်သွားခဲ့ရသည်။

"ငါ ‥‥ ငါ နာရီကြည့်တတ်နေပါလား"

ဒေါ်သီရိက ပြောပြထား၍ နာရီဟူသော အသုံးအနှုန်း



www.burmeseclassic.com

www.burmeseclassic.com



ကို သိခဲ့ရသည်။ သူမ၏စိတ်ထဲမှာလည်း တစ်ခါမှမမြင်ဖူးသည့် နာရီဆိုသည့်ပစ္စည်းကိုကြည့်ပြီး အထူးအဆန်းဖြစ်နေခဲ့သည်။ ဒေါ်သီရိသည် အချိန်မှတ်သည့်အရာဟု ပြောမပြခဲ့။ သို့သော် ဖန်လေးကတော့ အချိန်ကိုသိလို၍ ကြည့်တတ်ခဲ့လေပြီ။

အိပ်မက်အနှောင့်အယှက်မှလွဲပြီး တခြား ဘာမှမရှိ။ မိုးလင်းဖို့က အများကြီးလိုသေးသည်။ အိပ်ရာထက် ပြန်ပြီး အိပ်မည်အပြုမှာ ...

နားထဲတွင် အသံများကို ကြားလာရသည်။ နာရီချိန်သီး၏မြည်သံကို ဥပေက္ခာပြုထားလိုက်သည်။ အကြားအာရုံကို ထပ်မံပြီးခံစားသည်။ မျက်လုံးတွေကိုပင် မှိတ်ထားမိသည်။ သေချာသည် ...။ ခြိတံခါးမကြီးဖွင့်သံ၊ တီးတိုးစကားပြောသံများ လိုလို။ ဟုတ်ပါ့မလား ... ဒါလောက်အဝေးကြီးက အသံများကို ကြားနိုင်ပါ့မလား။

မကြာမီ နောက်ထပ် အသံဗလံများကို ကြားလိုက်ရပြန်သည်။ ဒါက အိပ်မက်ထဲကထွက်ပေါ်လာသည့် အသံများ။ တံခါးဖွင့်သံများကိုလည်း ကြားလိုက်ရသည်။

"ဒီအချိန်ကြီးမှာ ဘယ်သူတွေများ ရောက်လာခဲ့ကြပါလိမ့်"

စပ်စုချင်စိတ်က ဖြစ်ပေါ်လာခဲ့သည်။ အပြင်ကိုလှမ်းပြီးတော့ ကြည့်ချင်သည်။ ဘယ်လိုကြည့်ရမှန်း မသိ။ တံခါးက ပိတ်ထားသည့်အတွက်။ သို့သော် ဖန်လေးသည် တံခါးဆီကို





ပြေးသွားခဲ့သည်။ ချောင်းကြည့်စရာအပေါက်လေး တစ်ခုခုလေ ရှိလို့ရှိငြား ...။

သို့သော် ...

တစ်နေရာတွင် အပေါက်လေးတစ်ပေါက်ကို တွေ့သွားခဲ့သည်။ တံခါး၏အလယ်လောက်မှာ ဖြစ်သည်။ စောစောက သတိမထားမိလိုက်။ ထို့ကြောင့် ဒူးထောက်ကာ ထိုင်ချလိုက်သည်။ အပေါက်လေးဆီကို မျက်လုံးတစ်ဖက်ကပ်ကာ ကြည့်လိုက်၏။

(ယင်းအပေါက်လေးသည် ကြေးကွင်းစွပ်ထားသော သေးငယ်သည့် သော့ပေါက်လေးပင်ဖြစ်သည်။)

ဖန်လေးသည် မြင်ကွင်းထဲကို ဝင်လာသောအရာများကြောင့် အံ့အားတသင့်ဖြစ်သွားခဲ့ရသည်။ သူမ၏အခန်းရှေ့တွင် လူတစ်စုကို အမှတ်မထင်တွေ့လိုက်ရသောကြောင့်ပင်။ နန္ဒသုခသည် ဖယောင်းတိုင်တုတ်တုတ်ကြီးကို စွပ်ထားသော ကြေးတိုင်ကြီးကို ကိုင်ထားသည်။ မီးရောင်သည် အမူအရာပြောင်းလဲခြင်းမရှိသော မျက်နှာသေကြီးပေါ်ကို ကျရောက်လျက် ရှိသည်။

အနားမှာ လူသုံးယောက်က မတ်တတ်ရပ်နေကြသည်။ သူတို့သည် အသက်သုံးဆယ်၊ လေးဆယ်ကျော်၊ ငါးဆယ်နီးပါးလောက်များ ဖြစ်ကြသည်။ ငါးဆယ်နီးပါးလူသည် ခေါင်းတုံးတုံးထား၏။ သုံးယောက်စလုံး ပါးမြိုင်းမွေးရေးရေးရှိကြ၏။ ငါးဆယ်နီးပါးရှိ လူကြီးသည် ထူထဲသော နှုတ်ခမ်းမွေးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးဝေးမှ ရောက်လာကြသူများဖြစ်ပါန်တူသည်။

"ဘယ်လိုအခြေအနေရှိသလဲ **ဦးကျောက်မောင်း**"

"အခြေအနေကို စုံစမ်းနေဆဲပါ၊ သူနေတဲ့နေရာကို စုံစမ်းပြီးတော့လိုက်သွားတာ ဘယ်လိုမှ ရှာမတွေ့ဘူး၊ တော်တော်လေးကိုလုံခြုံတဲ့ နေရာဖြစ်တယ်၊ အဲဒီအပြင် သူမွေးထားတဲ့ သစ်ပင်ကြီးတွေက တိုက်ခိုက်ကြလို့ ဘယ်လိုမှ ဝင်လို့မရဘူး။ ကိုယ်လွတ်ရုန်းပြီးတော့ ပြေးလာခဲ့ရတယ် သခင်ကြီး"

နှုတ်ခမ်းမွေးထူထူနှင့်လူက ဦးကျောက်မောင်းဟု သိရသည်။ စကားတွေက အဆန်းပင်။

**'သူမွေးထားတဲ့ သစ်ပင်ကြီးတွေ'** . . . တဲ့။ ဘာတွေလဲ။ ဘယ်လိုဆိုလိုတာလဲ။ သစ်ပင်တွေက တိရစ္ဆာန်တွေလိုပဲ မွေးထားတယ်လို့ ပြောတာလား။ ပြီးတော့ သစ်ပင်တွေက သူတို့ကို တိုက်ခိုက်ကြတယ်တဲ့။ လူကိုတိုက်ခိုက်ကြတဲ့ သစ်ပင်တွေဆိုတာ ရှိသလား။

ဖန်လေး စဉ်းစားရခက်သွားသည်။ နန္ဒသုခသည် ဦးကျောက်မောင်း၏စကားကို နားထောင်ပြီး ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။ မျက်နှာဖုံးကာပ်ထားသောကြောင့် မျက်နှာပြင်မှ ထင်ဟပ်နေသောခံစားချက်ကို မမြင်နိုင်။

"ကောင်းပြီလေ . . . ဒီလိုနဲ့ ပြီးသွားမှာမှ မဟုတ်ဘဲ၊ သူ ဘယ်လောက်အထိ ရှောင်တိမ်းနိုင်မလဲ၊ ကျွန်တော့်ကို ဒုက္ခပေးခဲ့တဲ့လူတစ်ယောက်အဖို့ တန်ပြန်အကျိုးသက်ရောက်မှုကိုခံစားရမှာပဲ၊ ကျွန်တော် အလစ်မှာ ခံလိုက်ရတာပါ၊ ကျွန်တော့်ရဲ့ ပေါ့လျော့မှုပါ"

"ကျုပ် သခင်ကြီးကို သတိမပြတ်ပေးခဲ့ပါတယ်၊ သူက"

"ကဲ . . . ဒါတွေကို ပြန်ပြောမနေပါနဲ့တော့လေ၊ ပြောလည်း ဘာမှထူးလာတော့မှာမှ မဟုတ်ဘဲ၊ ဟုတ်တယ် . . . ကျွန်တော့်ပေါ့လျော့မှုပဲ၊ ကျွန်တော် စိတ်တည်ငြိမ်အောင် ကြိုးစားနေရဆဲပဲ၊ နောက်ပိုင်းမှာတော့ ဦးကျောက်မောင်းတို့ကို မနိုင်းတော့ဘူး . . . ကိုယ့်ကိစ္စ ကိုယ်ရှင်းမယ်"

နန္ဒသုခ၏လေသံက မာသွားသည်။ သူ ဒီလိုလေသံမာမာနှင့်ပြောလိုက်သည်ကို ဖန်လေး ပထမဦးဆုံးကြားဖူးလိုက်ခြင်းပင်။ ထို့နောက် သော့ပေါက်မှနေ၍ ဆက်ပြီးတော့ကြည့်နေမိသည်။

"မဟုတ်တာ . . . သခင်ကြီး ဒီလိုလုပ်စရာမလိုပါဘူး။ ဒါ ကျုပ်တို့ရဲ့ကိစ္စပါ၊ နှင်းသုခမြို့ရဲ့ အကျိုးပျက်စီးရာပျက်စီးကြောင်း၊ သခင်ကြီးကို ထိခိုက်နစ်နာစေတဲ့ ပျက်စီးရာပျက်စီးကြောင်းတွေကို လုပ်တဲ့သူမှန်သမျှ ကျုပ်တို့ရဲ့ ရန်သူတွေပဲ၊ နောက်တစ်ကြိမ် ထပ်ပြီးတော့ ကြိုးစားပါ့မယ်"

"မလိုသေးဘူး . . . သူက ပုန်းအောင်းနေတဲ့ ဝံပုလွေတစ်ကောင်ပဲ၊ တစ်ချိန်ချိန်မှာတော့ သူ့အသိုက်ထဲက ထွက်ကိုထွက်လာဦးမှာ၊ သူကျူးလွန်ခဲ့တဲ့လူ ဘယ်လိုခံစားပြီး ကျန်ရစ်ခဲ့တယ်ဆိုတာကို နောက်တစ်ခါလာပြန်ကြည့်ဦးမှာပဲ၊ အဲ့ဒီအချိန်မှာ







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့တွေ့မယ်''

ဦးကျောက်မောင်းသည် ခေါင်းကိုခါယမ်းလိုက်ပြီး . . .

''ဒါပေမဲ့ သခင်ကြီးဆန္ဒရှိလို့ သူ့ကိုသွားရှာမယ်ဆိုရင် ကျုပ်ကိုအသိပေးပါ . . . တစ်ယောက်တည်း မလှုပ်ရှားပါနဲ့''

နန္ဒသုခထံမှ တဟင်းဟင်းနှင့်ရယ်သံက ထွက်ပေါ်လာခဲ့သည်။

''စိတ်ချပါ . . . ကျွန်တော် ဘာပဲလုပ်လုပ် ဦးကျောက်မောင်းကို တိုင်ပင်ပါ့မယ်၊ နှင်းသုခမြို့ရဲ့အနွယ်တော်အစဉ်အဆက်မှာ ဦးကျောက်မောင်းက တောက်လျှောက်ပါဝင်လာခဲ့တဲ့ အတွင်းသိလူယုံတော်ကြီးပဲ၊ ကျွန်တော်လည်း ဦးကျောက်မောင်းရဲ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့ရတဲ့သူပဲ . . . ဆိုးတိုင်ပင်ကောင်းတိုင်ပင်ပဲပေါ့''

''သခင်ကြီး . . . တစ်ယောက်တည်း သင်းဆီကိုမသွားပါဘူးလို့ ထပ်ပြီးကတိပေးပါ''

ဦးကျောက်မောင်းက မယုံသလိုပြောသည်။

''ကျွန်တော် ယောက်ျားပါ . . . ကတိပေးပါတယ်''

မျက်နှာဖုံးနောက်ကွယ်မှ ထွက်လာသော ကတိပေးသံ။ နန္ဒသုခသည် လွယ်လွယ်နှင့် ကတိပေးတတ်သူမဟုတ်။ သူ့ကတိကို ယုံကြည်သည်။

''ဘယ်လိုအကြောင်းတွေ ပြောနေကြပြီး ဘာကတိတွေများ ပေးနေတာပါလိမ့်''





ဖန်လေး နားမလည်။ သိချင်နေသည်။ မိန်းကလေးပီပီ စပ်စုချင်မိသည်။ ဤအချိန်လိုမျိုးတွင် ဒေါ်သီရိကို မတွေ့တတ်။ ညှိသည်တွေရောက်လာကြသည်ကို ဒေါ်သီရိ မသိလေရော့သလား။ ခြံတံခါး၊ အိမ်တံခါးမကြီးကို ဖွင့်ပေးသောသူသည် နန္ဒသုခပဲ ဖြစ်သည်။ သူတို့သည် အိမ်ထဲကိုဝင်ပြီးတော့ အေးဆေးစွာ စကားမပြောကြ။ ဤနေရာမှာပင် ရပ်ပြီးတော့ ပြောနေကြသည်။

''ကဲ . . . ဦးကျောက်မောင်တို့လည်း ခရီးပန်းလာကြပြီ၊ နားလိုက်ကြတော့လေ . . . အပေါ်ထပ်ကို သွားကြပါလား''

''နေပါစေတော့ သခင်ကြီး . . . ဒီမှာတော့ မနားတော့ပါဘူး၊ အိမ်ကိုပဲ ပြန်တော့မယ်''

''မိုးချုပ်နေပြီ''

''ရပါတယ် . . . အကျိုးအကြောင်းပြောပြချင်လို့ ညတွင်းချင်း ရောက်လာခဲ့တာပါ၊ ဒီကြားထဲမှာ ကျုပ်ရဲ့လူတွေက သင်းကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြတယ်၊ အကြောင်းထူးရင် ရောက်လာခဲ့မှာပါ''

''အကြောင်းထူးထူး, မထူးထူး ဒီရက်ထဲမှာ တစ်ခေါက်လောက်လာခဲ့ပါဦး''

''ကောင်းပါပြီ''

ဦးကျောက်မောင်းက ရိုကျိုးစွာပင် ပြန်ပြောလိုက်သည်။ အိမ်ထဲမှ ပြန်ထွက်သွားခဲ့ကြသည်။ နန္ဒသုခလည်း လိုက်သွား၏





www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ခြံတံခါးကိုပိတ်မည်။ ပြီးတော့ ပြန်လာမည်။ ဖန်လေးသည် သော့ပေါက်လေးမှ မျက်လုံးတွေကို ခွာလိုက်သည်။ အိပ်ရာထက်ဆီကို ပြန်လာခဲ့သည်။ အိပ်ရာထက်မှာ ခြေပစ်လက်ပစ်ဖြစ်သွားသည်။ ဖြစ်နေကျအတိုင်း ချက်ချင်းအိပ်မပျော်။ နန္ဒသုခနှင့်ပတ်သက်ပြီး စဉ်းစားစရာတွေ ရှိလာခဲ့သည်။ သည်နောက်မှာတော့ နန္ဒသုခအိမ်ကြီးဆီကို ပြန်ရောက်ခဲ့သည်ကိုပင် မသိတော့။ အိပ်မောကျသွားခဲ့ပြန်သည်။

◆ ◆

အိပ်ရာထနောက်ကျသည်။ နိုးလာတော့ အလင်းရောင်က မှန်ချပ်ကိုဖောက်ထွင်း၍ အခန်းထဲကို ရောက်နေခဲ့လေပြီ။ အလျှင်စလိုပင် ထလိုက်ရသည်။ ကိုယ်ပေါ်မှာ လျော့တိလျော့ရဲ ဖြစ်နေသော အဝတ်အစားများကို ပြုပြင်သည်။ မျက်နှာသစ်၍ ကိုယ်လက်သန့်စင်ပြီးသောအခါ ဒေါ်သီရိရောက်လာခဲ့လေသည်။

"ဟင်း ဟင်း ... ဖန်လေး ခုလေးတင်ကမှ နိုးတာ"

ဖန်လေးက ရှက်စနိုးဖြင့်ပြောလိုက်သည်။

"အိပ်ရေးဝတော့ ကောင်းတာပေါ့ကွယ်၊ သမီး ခါတိုင်း ညတွေမှာ အိပ်မပျော်တတ်ဘူး မဟုတ်လား"

"အိပ်ပျော်ပါတယ်၊ ဒါပေမဲ့ ညကတော့ ပိုပြီးကောင်းကောင်းအိပ်ပျော်သွားတယ်"

ဖန်လေး ဒေါ်သီရိကို အကဲခတ်ကာကြည့်မိသည်။ ညက နန္ဒသုခမြို့ဆီကို လူတစ်စုရောက်ခဲ့ကြတာ ဒေါ်သီရိ သိ၊ မသိ မေးကြည့်ချင်သည်။ သို့သော် စိတ်က ပြောင်းသွားသည်။ သိပ်ပြီးတော့ စပ်စုရာကျမည်ကို စိုးရိမ်မိ၍ အထင်သေးသွားနိုင်သည်။ အရေးတကြီးကိစ္စလည်းမဟုတ်၍။ ထို့အပြင် သူက နန္ဒသုခပြောသည့်အထဲတွင် အိမ်အပေါ်ထပ်ဟူသည့် စကားကို ကြားလိုက်ရသည်။

"အိမ်အပေါ်ထပ်ဆိုတာ ရှိသေးတာပဲ၊ လှေကားဘယ်မှာရှိသလဲ ... ငါ သတိမပြုမိဘူး"

လှေကားဆိုသည့် အသုံးအနှုန်းကို သူ သုံးမိလိုက်သည်။ ထူးခြားမှုတစ်ခုပင်။ ဤစကားလုံးမျိုးကိုလည်း ဘယ်တုန်းကမှ မသုံးဖူးခဲ့။ မီးတိုင်၊ နာရီ၊ လှေကား၊ မှန်၊ ဘီး ... ဤပစ္စည်းများ၏ဝေါဟာရများကို ဖန်လေး ကောင်းကောင်းနားလည်နေမိသည်။ ရင်းနှီးကျွမ်းဝင်မှုရှိသွားခဲ့သည်ပဲ။

"ကဲ သမီး ... အခန်းထဲမှာပဲ စားမနေနဲ့တော့၊ ဆာနေမှာပဲနော် ... ဒေါ်ဒေါ်နဲ့လိုက်ခဲ့"

"ဟုတ်ကဲ့"

ဖန်လေး ဒေါ်သီရိနှင့်အတူပါသွားခဲ့သည်။ အိမ်ရှေ့တံခါးမကြီး၏ အဝင်တည့်တည့်မှာပင်လျှင် ...

"ဟောဟော့"







www.burmeseclassic.com

www.burmeseclassic.com



ဖန်လေး ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရသည်။ မျက်နှာချင်းဆိုင်တည့်တည့် ပေနှစ်ဆယ်ခန့်အကွာလောက်မှာ ကြီးမားသောလှေကားကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့် ပင်တည်း။ အရင်ရက်တွေက ဖြတ်သွားဖြတ်လာရှိနေခဲ့ပါလျက်နှင့် ဤလှေကားကြီးကို မမြင်မိခဲ့သည်မှာ အံ့အားသင့်စရာပင် မဟုတ်ပါလား။

◆ ◆ ◆ ◆



## (၅)

### သော်သံကြီး

အိမ်အပေါ်ကိုတက်သော လှေကားကြီးက ရှေးဟောင်းလှေကားကြီးတစ်ခုပင်။ ပွတ်လုံးတိုင်များက ညိုမောင်းနေပြီဖြစ်သော်လည်း ခိုင်ခန့်နေကြသေးသည်။ လှေကားလက်ရန်းများမှာလည်း ညိုမောင်းမောင်းနှင့် ကိုင်ပါများ၍ ချောမွတ်နေကြသည်။ လှေကားထစ်များကိုတော့ နဂိုကတည်းက ကြက်သွေးရောင်ကတ္တီပါစများဖြင့် ဖုံးအုပ်ထားသည်။ ကွပ်ရှားသည်။ ဤအိမ်ကြီး၏ မိသားစုများသည် အတက်အဆင်းပြုလုပ်ဖန်များကြသော်လည်း ပစ္စည်းကို ရှိသေကြဟန်တူသည်။ ဟောင်းသော်လည်း ကောင်းနေကြသေးသည်။

ဘယ်ဘက်သည် ရုပ်တုများထားသော အခန်းဘက်ဆီကိုသွားရာလမ်းဖြစ်ပြီး လှေကားကြီးရှိရာဘက်ကို မျက်နှာမူ၍ ဆက်ပြီးလျှောက်သွားသောအခါ ဘေးမှာ စင်္ကြံလမ်းလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုက ရှိနေသည်။ ဒေါ်သီရိက လမ်းမှာ စကားထပ်မပြော။ ဦးဆောင်ပြီးတော့သွားနေသည်။ နံရံတစ်ဆစ်ချိုး၊ နှစ်ဆစ်ချိုးကွေ့များကို ကျော်သွားပြီးသောအခါ မီးဖိုခန်းကိုရောက်သည်။

မီးဖိုခန်းဆိုပေမယ့် တော်တော်လေးကို ကျယ်ဝန်းသည်။ ကြီးမားသော ခုံဝိုင်းကြီးတစ်ခုကို တွေ့လိုက်ရသည်။ လူဆယ့်ငါးယောက်လောက်အထိ ဝိုင်းပြီးတော့ထိုင်နိုင်သည်။ ယခင်က ကြီးမားသော မိသားစုရှိခဲ့ပြီး ဤတစ်ဝိုင်းတည်းမှာပင် ပျော်ပျော်ပါးပါးနှင့် စားသောက်ခဲ့ကြပေလိမ့်မည်။ ထိုအခါ ဖန်လေးသည် ဟိုအခန်းထဲက ရုပ်တုများကို ပြန်ပြီးတော့ သတိရသွားခဲ့သည်။

ထိုသူများသည် ယခုအခါ ရှိကြတော့ဟန်မတူ။ ဘဝတစ်ပါးသို့ ပြောင်းသွားကြသူ၊ မိသားစုအသိုင်းအဝိုင်းမှ သီးခြားခွဲပြီးတော့ ထွက်သွားကြသူများရှိကြ၍ နောက်ဆုံးမှာတော့ နန္ဒသုခတစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့လေသလား။ ဖန်လေးသည် သူမနှင့်တူသော မိန်းကလေးရုပ်တုကိုလည်း ခေါင်းထဲမှ မေ့ပျောက်၍ မရခဲ့။ တူနေသည်က တစ်ထေရာတည်း။ တစ်ဆံချည်ပင် မလွဲ။ တိုက်ဆိုင်မှုပဲ ဖြစ်လိမ့်မည်။

"ထိုင် သမီး ... ဒေါ်ဒေါ် သမီးအတွက် စားစရာပြင်ပေးမယ်"

"ဖန်လေး ဝိုင်းပြီးလုပ်ပေးမယ်လေ"

"ရပါတယ်ကွယ် ... ဒါလောက်ကတော့ ဒေါ်ဒေါ်လည်း နိုင်ပါတယ်၊ ဒီမှာ သခင်ကြီးတစ်ယောက်ပဲရှိတာ ... သူ့





အတွက် ဘာမှအပန်းမကြီးပါဘူး၊ လူများရင်တော့ တစ်မျိုးပေါ့"

"အခု သူရောဟင်"

"သူဆိုတာက ..."

ဒေါ်သီရိသည် ပန်းကန်ကိုင်လျက်နှင့် နောက်ကိုလှည့်ကြည့်ကာ မေးလိုက်သည်။

"သ ... သခင်ကြီးကို ပြောတာ"

"အိမ်ထဲတစ်နေရာရာမှာ ရှိမှာပေါ့ကွယ်၊ စောစောကပဲ ဒီနေရာမှာ သူ စားသောက်ပြီးသွားပြီလေ"

"ဪ"

နန္ဒသုခ၏မျက်နှာပေါ်က မျက်နှာဖုံးကိုစွနှင့်ပတ်သက်ပြီး မေးချင်သည်။ စောစောက တင်းမာသွားသော မျက်နှာထားအရ မမေးရဲတော့။ တွေးကြည့်သည်။ မေး၍လည်း ကောင်းမှာမဟုတ်။

"အို ... အချိန်တန် သိသင့်ရင်သိလာရမှာပဲ"

"ဪ ... သမီးကို တစ်ခုပြောရဦးမယ်"

"ဘာများလဲ ဒေါ်ဒေါ်"

"သခင်ကြီးက ပြောတယ် ... သမီးကို လှောင်အိမ်ထဲသွင်းထားသလိုဖြစ်နေတယ်တဲ့၊ ခြံထဲကို ထွက်ခွင့်ပြုလိုက်ပါတဲ့"

"ဟင် ... ဟုတ်လား၊ သူ ... အဲ ... သခင်ကြီးက အဲ့လိုပြောတယ်၊ ဘယ်အချိန်က ပြောတာလဲဟင်"

ဒေါ်သီရိ၏အကြည့်က တစ်မျိုးဖြစ်သွားခဲ့ပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com



"အို ... ဖန်လေး မှားသွားတယ်၊ မမေးဘူးလို့ပဲ သဘောထားလိုက်ပါတော့"

ဖန်လေးသည် နံနက်စာအဆာပြေကို အားပါးတရပင် စားမိလိုက်သည်။

"ဒေါ်ဒေါ်က ဘယ်လိုအစားအစာမျိုးကိုပဲ ချက်ချက် ... စားလို့ကောင်းနေတာပဲ၊ ဒီအတိုင်းဆိုရင် ဖန်လေး ဝက်ပုတ်မလေး ဖြစ်သွားလိမ့်မယ်ထင်တယ်"

"အင်း ... သမီးကတော့ ဒေါ်ဒေါ့်ကို မြှောက်ပင့်ပြီးတော့ ပြောနေပြန်ပြီ၊ ဒေါ်ဒေါ့်လက်ရာက ဒါလောက်ကြီးလည်း မဟုတ်ပါဘူး။ ယုယကိုတော့ မမီပါဘူးလေ"

"ရှင် ... ယုယ ... ဟုတ်လား။ ယုယဆိုတာ ဘယ်သူလဲဟင်"

ဖန်လေးသည် ပထမဦးဆုံးကြားဖူးသော နာမည်ဖြစ်၍ မေးမိလိုက်သည်။

"အို ... ဘာ ... ဘာမှမဟုတ်ပါဘူးကွယ်၊ ဒေါ်ဒေါ် ဘာပြောမိလိုက်မှန်းတောင် မသိဘူး။ သမီး ... ဒေါ်ဒေါ် မပြောမိလိုက်ဘူးလို့ပဲ သဘောထားလိုက်ပါနော် ... အဟင်း ဟင်း"

ဒေါ်သီရိက ပျာပျာသလဲပင်ပြောသည်။

"ဟုတ် ... ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

"ကဲ ... လာ သမီး"

ဒေါ်သီရိသည် ထမင်းစားခန်းထဲမှနေ၍ ဖန်လေးကိုခေါ်





သွားပြန်သည်။ ဖန်လေးက လျှောက်လမ်းအသွယ်သွယ် များလှသော ဤအိမ်ကြီး၏အနေအထားတို့ကို လိုက်ပြီးတော့ မှတ်နေမိသည်။ မျက်စိလည်လမ်းမှားနိုင်သည်။ လုံလောက်သော အလင်းရောင်က မရ။ မှုန်ဝါးဝါးအလင်းရောင် တစ်ဝက်တစ်ပျက်သာ စိုးမိုးနေသည်။

မကြာမီ တံခါးမကြီးဆီကို ပြန်ရောက်လာသည်။ တံခါးမကြီး၏ဘေးမှာ လူတစ်ယောက်စာ ဝင်နိုင်၊ ထွက်နိုင်သော တံခါးသေးသေးလေးတစ်ခုကို အမှတ်မထင် တွေ့လိုက်ရလေသည်။

◆ ◆

နှင်းသုခမြိုင်အိမ်ကြီး၏အပြင်ဘက်ကို ထွက်လိုက်သည်နှင့် လှောင်အိမ်ထဲမှ လွတ်မြောက်သွားသည့်ငှက်ပမာ လွတ်လပ်မှုကို အပြည့်အဝခံစားလိုက်ရသည်။ ကျဉ်းကျပ်ထဲရောက်နေသည့် မိမိ၏စိတ်နှင့် ခန္ဓာကိုယ်ကို ထွက်ပေါက်ပေးခဲ့သည့် နန္ဒသုခအား ကျေးဇူးတင်မိသည်။ အပြင်ဘက်မှာ ပို၍ သိပ်သည်းသော အအေးဓာတ်က ဖြန့်ကြက်လျက်ရှိနေသည်။

ဒေါ်သီရိက ထူထဲရှည်လျားသည့် သားမွေးအကျီရှည်ကြီးကို ဖန်လေးကိုဝတ်ခိုင်းခဲ့၍သာ ခံသာသွားသည်။ သားမွေးခေါင်းစွပ်တစ်ခုကိုလည်း ခေါင်းမှာစွပ်ပေးခဲ့သေးသည်။ မြို့ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းသလောက် မျက်နှာစာကလွဲပြီး ဘေးနှစ်ဖက်နှင့် နောက်ဘက်မှာ သစ်ပင်ကြီးငယ်တွေ ပေါများလှသည်။ ထို့ကြောင့် ယင်းနေရာများတွင် အလင်းရောင်အားနည်းလျက်ရှိသည်။

ဖန်လေး အပြင်ကိုရောက်လာချိန်တွင် နှင်းများက တဖွဲဖွဲနှင့်ကျဆင်းနေကြသည်။ ထိုအခါ မိမိတို့၏အရပ်ဒေသကို လွမ်းဆွတ်မိသလိုလို ခံစားလာခဲ့ရသည်။ ဤနေရာကနေ မျှော်မှန်းပြီးတော့ မကြည့်နိုင်။ မည်သည့်အရပ်မျက်နှာကို ခန့်မှန်းရမှန်း မသိ။ ထိုအခါ ဖခင်ကို သတိရလာမိသည်။ မျက်ရည်များပင် လည်လာမိလေသည်။

"အို .. အချိန်တန်ရင်ပြန်ပြီးတော့ ဆုံမိကြဦးမှာပါလေ"

မိမိကိုယ်ကိုယ်ပင် အားတင်းမိလိုက်သည်။ အားငယ်စိတ်ကိုလည်း ချက်ချင်းပင် ဖျောက်မိလိုက်လေသည်။ ပတ်ပတ်လည် ကာဆီးထားသော အုတ်တံတိုင်းကြီးများကို အနှောင်အဖွဲ့ဟု မထင်။ မိမိအတွက် လုံခြုံအောင် ကာရံပေးထားသည်ဟုပဲ လက်ခံလိုက်သည်။ သို့သော် ...

"ဒါလောက်အထိ မြင့်မားတဲ့တံတိုင်းကြီးကို ဘာဖြစ်လို့များ ကာရံထားတာပါလိမ့်၊ လုံခြုံမှုအတွက်လား၊ ဒီအိမ်ကြီးအတွက် ဘယ်လိုအန္တရာယ်တွေများ ရှိနေလို့လဲ"

အတွေးတွေက ထပ်ပြီးတော့ ဝင်ရောက်လာခဲ့ကြသေးသည်။ နှင်းသုခမြိုင်နှင့်ပတ်သက်ပြီး အားလုံးသည် စိတ်ဝင်စားစရာအတိ။





နန္ဒသုခက ဖန်လေးအတွက် ပိုပြီးတော့ စိတ်ဝင်စားစရာကောင်းနေသည်။ ထို့အပြင် ယမန်နေ့ညက သန်းခေါင်ယံအချိန်မှာရောက်လာသော ဦးကျောက်မောင်းနှင့် လူတစ်စုတို့သည်လည်း လျှို့ဝှက်ချက်တစ်ခုလို ယူဆောင်လာခဲ့သည် မဟုတ်ပါလား။

ဖန်လေးသည် ခေါင်းထဲသို့ စုပြုပြီးဝင်လာသောအတွေးများကို တစ်ခဏအတွင်းမှာပင် ဖျောက်ဖျက်ပစ်လိုက်သည်။ အပြင်ဘက်မှာ အေးနေသော်လည်း စိတ်ထဲမှာတော့ အတန်ငယ်ရှင်းသွားသည်။ ထို့ကြောင့် လွတ်လပ်ပေါ့ပါးစွာပင် ဟိုဒီလျှောက်ပြီးတော့ သွားနေမိသည်။ တစ်ခါတစ်ရံမှာ သူမ၏ခန္ဓာကိုယ်လေးကို လေဝဲလွင့်သလို ပတ်ချာလှည့်မိလိုက်သေးသည်။

ဖန်လေး ခြံထဲကိုရောက်နေသည်ကို သိသူတစ်ယောက်ရှိနေသည်။ အိမ်အပေါ်ထပ်ပြတင်းတံခါး၏ အတွင်းဘက်ပြတင်းလိုက်ကာစလေးကို အသာလှပ်ပြီးတော့ ကြည့်နေသူတစ်ဦး။ သူကတော့ နန္ဒသုခပင်။ တစ်ခဏအကြာတွင် နန္ဒသုခသည် ထိုနေရာမှ ပျောက်သွားခဲ့လေသည်။ ဆေါ်သီရိသည် တံခါးမကြီး၏ရှေ့မှရပ်ကာ ဖန်လေးကို လှမ်း၍ကြည့်နေသည်။ ဖန်လေးကလည်း မြင်လိုက်သည်။

"ငါ့ကို ပြန်လာဖို့ ကြည့်နေတာပဲ"

◆ ◆



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ဝန်းကြီးက တဖြည်းဖြည်းနှင့် မြင့်တက်လာပြီဖြစ်၏။ သို့သော် တိမ်သားစိုင်ခဲတို့က ပြေးလွှားနေကြသည်ဖြစ်၍ လ၏မျက်နှာပြင်ပေါ်မှ ဖြတ်ဖြတ်ပြီးတော့ ပြေးသွားခဲ့ကြသည်။ တစ်ခါတစ်ရံမှာ တိမ်မည်းညိုတို့က လကို ကွယ်ပြီးတော့နေကြသည်။ ထိုအခါ ချက်ချင်းလိုလိုပင် အမှောင်ကျသွားခဲ့လေသည်။ နှင်းကလည်း တဖွဲဖွဲတသဲသဲဖြင့် အဆက်မပြတ်ကျနေကြသည်။ နှင်းအကျစိတ်သောညဟု ဆိုရပေမည်။

နှင်းသုခမြိုင်ခြံကြီးထဲမှာလည်း နှင်းတွေက ဖွေးဖွေးလှုပ်လျက်ရှိသည်။ သစ်ပင်ကြီးများပေါ်တွင်လည်း နှင်းဖတ်တွေကတင်ကျန်နေကြသည်။ တစ်လောကလုံးလည်း အဖြူရောင်ရှုခင်းကြီး ဖြန့်ကြက်ထားသလိုပင်။ တိမ်ကွယ်ထားဆဲဖြစ်၍ လကထွက်ပြူမလာနိုင်သေး။

သို့ရှိစဉ် ...

"အား .. အား .. အား"

အော်သံကြီးက ထွက်ပေါ်လာသည်။ ရုတ်တရက်ဆိုသလို မထင်မှတ်သောအချိန်ကြီးမှာမို့ ဖန်လေးလည်း အိပ်ရာထက်မှ လန့်ပြီးတော့နိုးသွားခဲ့ရလေသည်။

"ဟင် ... ဘာသံကြီးပါလိမ့်"

မိမိပဲ နားကြားလွဲသလား။ အိပ်မက်ဆိုးလည်း မမက်



ဘဲနှင့် နားထဲမှာ အထင်ကရပင် ကြားလိုက်ရသည်ကတော့အမှန်။

"ငါ့စိတ်ကထင်တာ ဖြစ်မှာပါ"

အိပ်ရာထက်မှာထိုင်ကာ ဆက်ပြီးတော့ နားစွင့်နေမိသေးသည်။ နောက်ထပ် ဘာသံမှ ထွက်မလာတော့။ ထို့ကြောင့်ပြန်ပြီးတော့ ခေါင်းချကာ အိပ်မည်အပြုမှာ ...

"အား .. အား .. အား အား"

စောစောက အသံကြီးက ထပ်မံပြီးတော့ ထွက်ပေါ်လာခဲ့ပြန်သည်။

"ဟင်"

ဖန်လေးသည် ချက်ချင်းပင် ထထိုင်လိုက်ရပြန်လေ၏။ ယင်းအသံကြီးသည် နက်ကျောလွန်းလှ၍ ရင်ထဲအထိ စူးပြီးတော့ဝင်သွားခဲ့သည်။ အိပ်ရာထက်မှာ ကြောင်စီစီနှင့် အတန်ကြာမျှပင် ထိုင်နေမိသည်။ နောက်ထပ် ထိုအသံကြီးက ထွက်ပေါ်လာမှာကို စိတ်ထဲကထင့်နေမိသည်။ အတန်ကြာသည်အထိ အိပ်ရာထက်မှာ ငုတ်တုတ်။ အပြင်ကိုလည်း ထွက်မကြည့်ရဲ။ ထွက်ရန်လည်း မလွယ်။ တံခါးကို အပြင်က သော့ခတ်ထားသောကြောင့်ပင်။

ထိုအသံဆိုးကြီးထွက်ပေါ်မလာနိုင်တော့ဟု ယုံကြည်စိတ်ချမိသွားမှသာ အိပ်ရာထက်မှာ ပြန်ပြီးတော့ လှဲချလိုက်မိသည်။ သို့သော် ရင်တထိတ်ထိတ်နှင့်ရှိနေရင်းက အိပ်ချင်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလာသည်နှင့် မအောင့်အည်းနိုင်တော့ဘဲ ပြန်ပြီးတော့ အိပ်ပျော်သွားခဲ့လေသည်။

"အား ..အား ..အား ..အား"

"ဟင်"

အော်သံကထပ်ပြီးတော့ ထွက်ပေါ်လာပြန်သည်။ ဖန် လေးမှာ ငုတ်တုတ်ထထိုင်ရပြန်သည်။ ဒီလိုနှင့် အသံဆိုးကြီးကို ကြားလိုက်၊ ထထိုင်လိုက်နှင့် တစ်ညလုံးလိုလို မအိပ်ရ။ မိုးလင်း ခါနီးမှ နှစ်ခြိုက်စွာအိပ်ပျော်သွားခဲ့သည်။ ယင်းနောက်ပိုင်းမှာ ဘာသံမှ မကြားရတော့။



(၈)

## ကျွန်းသစ်တစ်ခုလို

အသံဆိုးကြီး အနှောင့်အယှက်ကြောင့် မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့သဖြင့် နေမြင့်မှပင် နိုးသည်။ အခန်းတံခါးကို လည်း ဘယ်အချိန်ကတည်းက လာဖွင့်သွားသလဲမသိ။ မျက် နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသောအခါ ထမင်းစားခန်းဆီကို သွားသည်။ ဒေါ်သီရိသည် စားပွဲထက်တွင် အစားအစာများကို ပြင်ဆင်ထားသည်။

"သမီး ...စားလိုက်ပါဦး"

"ဟုတ် ...ဟုတ်ကဲ့ ဒေါ်ဒေါ်"

ဒေါ်သီရိက ထုံးစံအတိုင်း အမြဲပင် စကားကို တိုတောင်း စွာပြောသည်။ သူမ လုပ်စရာရှိသည်များကို ဆက်ပြီးတော့ လုပ်နေသည်။ စားသောက်နေစဉ်မှာ ညကကိစ္စကို မေးလျှင် ကောင်းမလား၊ မမေးရင်ကောင်းမလားဟု ချိန်ဆနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်သောအခါ ...

"ဒေါ်ဒေါ် ... ဖန်လေး မေးစရာရှိလို့"

"ဘာမေးမလို့လဲ သမီး"

သို့သော် ဖန်လေး ဘာမေးမည်ကိုသိနေသလို ဒေါ်သီရိ၏မျက်နှာက အပြောင်းအလဲဖြစ်သွားခဲ့သည်။

"ဟို ဟို ... ညက အော်သံကြီးကို ကြားလိုက်ရတယ်၊ ညသန်းခေါင်ယံလောက်ကစပြီး ကြားရတာ၊ တစ်ညလုံးလိုလိုပဲ .. မိုးလင်းခါနီးမှ မကြားရတော့တာ၊ ဆက်တိုက် တော့ မဟုတ်ဘူး ... တစ်ချက်တစ်ချက်မှာ ထထပြီးတော့ အော်တာ၊ အဲဒီအသံကြီးကြောင့် ဖန်လေး ကြောက်ပြီး အိပ်မရလို့ ဒေါ်ဒေါ်ရော ကြားတယ် မဟုတ်လားဟင်"

"ဟင့်အင်း ... မကြားမိပါဘူးကွယ်၊ ကေန္တ ... သမီး အိပ်မက်ဆိုးတွေမက်နေတာနဲ့တူတယ်၊ အိပ်ခါနီးမှ အစားစားရင် အစာမကြေဖြစ်ပြီး ဒီလိုပဲဖြစ်တတ်တယ်ကွယ့်၊ သမီးက မနေ့က ထမင်းစားတာနောက်ကျသွားခဲ့တာကိုး"

ဒေါ်သီရိက ဘာမှမထူးခြားသည့်မျက်နှာဖြင့် အေးဆေးစွာပြောသည်။ ဖန်လေးပင် စိတ်ထဲ ဇဝေဇဝါဖြစ်သွားခဲ့ရလေသည်။

"မဟုတ်သေးပါဘူး ... ငါနားကိုက တကယ်ကြားခဲ့ရတာပါ၊ တစ်ကြိမ် မဟုတ်၊ နှစ်ကြိမ်မှလည်းမဟုတ်နဲ့ ဒီအသံကြီးက ထွက် ထွက်လာခဲ့တာ၊ အိပ်မက်မဟုတ်တာကတော့ ကျိန်းသေ





တယ်၊ ဒေါ်သီရိလည်း မကြားဘဲနေမှာ မဟုတ်ပါဘူး။ သူ ကြားကိုကြားမှာပါ၊ ကေန္တ ... သူ အမှန်ကိုဖုံးကွယ်ထားတာ ငါ့ကို မသိစေချင်လို့၊ ဒီအိမ်ကြီးမှာ ဘာတွေဖြစ်နေသလဲ၊ ဘယ်သူက အဲသလောက်အသံဆိုးကြီးနဲ့ အော်လိုက်တာလဲ"

စိတ်ထဲက အမျိုးမျိုးပင် တွေးတောနေသည်။ သိချင်နေသည်။ ဤအိမ်ကြီးက လျှို့ဝှက်ချက်တွေ များသည်။ ဖန်လေး ဒီနေရာကိုရောက်လာသည့်ကိစ္စကိုပင် ထူးဆန်းနေသည်။ မိမိတို့၏အရပ်ဒေသနှင့် မြင်ကွင်းရော၊ အသုံးအဆောင်ပစ္စည်းများရော၊ လူတွေ၏ဝတ်စားဆင်ယင်ပုံတွေရော ဘာမှမဆိုင်။ တသီးတခြားဖြစ်နေကြသည်။ ကမ္ဘာသစ်တစ်ခုကို ရောက်လာခဲ့သလိုပင်။ ဖန်လေးအတွက် အလာလမ်းလည်း မသိ။ အပြန်လမ်းလည်း မသိ။ မည်သို့ရောက်လာမှန်းလည်း မသိ။

တစ်ခုရှိသည်က သူမကို နန္ဒသုခရော၊ ဒေါ်သီရိကပါ လိုလိုလားလားနှင့် ဆက်ဆံနေကြသောကြောင့်ပင်။ သို့မဟုတ်ပါက ဖန်လေး စိတ်ညစ်ပြီး လှည့်ထွက်သွားနိုင်သည်။

ဒေါ်သီရိက အသံနှင့်ပတ်သက်ပြီး မကြားရဟု ငြင်းလိုက်၍ ဖန်လေး ဘာမှမဖြစ်သလိုနေလိုက်သည်။ ထုံးစံအတိုင်း နန္ဒသုခကို မတွေ့ရ။ သူသည် ဤအိမ်ကြီးထဲတွင်ရှိနေသည်မှာ သေချာသည်။ ခြံအပြင်ကိုထွက်မှာတော့ မဟုတ်။ သူ့ကိုတွေ့နိုင်ဖို့က မလွယ်။ ဖန်လေးဆီကို လာချင်လျှင် သူ့ဘာသာသူ ရောက်လာတတ်သည်။ ဘွားခနဲဆို ပေါ်လာသလိုမျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ...အပေါ်ထပ်မှာများ ရှိလေမလား"

အိမ်အပေါ်ထပ်ကို သတိရသွားသည်။ ဟုတ်သည်။ သူ အပေါ်ထပ်မှာ ရှိနိုင်သည်။

"ငါ့ကို အပေါ်ထပ်မတက်ရဘူးလို့ ပြောထားတာမှ မဟုတ်ဘဲ"

တားမြစ်ချက်မရှိ၍ အပေါ်ကိုတက်ချင်စိတ် ဖြစ်ပေါ်လာမိသည်။ ဒေါ်သီရိ အလုပ်ရှုပ်နေစဉ် ထမင်းစားခန်းထဲမှ ထွက်လာခဲ့သည်။ အပေါ်ကိုတက်သည့် လှေကားဆီကိုအရောက်တွင် ချီတုံချတုံဖြစ်နေမိသေးသည်။ အမြင့်မှ အသေတပ်ထားသော မှန်ပြတင်းအချို့မှ ဝင်လာသော အလင်းရောင်လောက်သာလျှင် အိမ်ကြီးထဲမှာ မြင်သာစေနိုင်သည်။ အချို့မှန်ပြတင်းပေါက်များကို လိုက်ကာစကြီးဖြင့် ကာထား၍ အလင်းပိတ်နေသည်။

လှေကားကြီးရှိနေသော နေရာမှာလည်း အမှောင်ရိပ်က အနည်းငယ်သည်းနေသည်။ သို့သော် ဖန်လေးသည် လှေကားထစ်များပေါ်ကို တက်လှမ်းစပြုနေပြီဖြစ်သည်။ ဘာကိုမှ မစဉ်းစားတော့ဘဲ တစ်ထစ်ပြီးတစ်ထစ် ...။ နောက်ဆုံးမှာတော့ အပေါ်ကို ရောက်သွားခဲ့လေသည်။

အပေါ်ထပ်ကိုရောက်သွားတော့လည်း ရှုပ်ရှုပ်ထွေးထွေး မရှိလှ။ ခန်းမကြီးတစ်ခုပမာ ကျယ်ဝန်းနေသည်ကို တွေ့လိုက်ရသည်။

"ဒီအခန်းကြီးဟာ လူတော်တော်များများ ဆံ့မယ်၊





အစည်းအဝေးလုပ်တဲ့ အခန်းကြီးများလား၊ ဒါမှမဟုတ် ရပ်ဝေးဧည့်သည်တွေရောက်လာရင် တစ်စုတစ်ဝေးတည်း တည်းလို့ရအောင် အကျယ်ကြီးဖန်တီးထားတာလား"

လျှောက်တွေးနေမိသည်။ ခန်းမကြီး၏ ဘယ်ဘက်၊ ညာဘက်တို့တွင် အခန်းငယ်ကလေးများကို တွေ့လိုက်ရသည်။ တံခါးတွေကို ပိတ်မထား၊ အသီးသီးဖွင့်ထားသည်။

"လူလည်းမရှိဘဲနဲ့ ဒီအခန်းတံခါးတွေက ဘာဖြစ်လို့ ဖွင့်ထားရတာလဲ"

ဖန်လေးသည် ပထမဦးဆုံး မြင်ရသည့်အခန်းဆီကို လျှောက်သွားသည်။ အလင်းရောင်က လုံလောက်စွာမရ၍ အခန်းထဲမှမြင်ကွင်းသည် မပီမသ ပိုးတဝါးဖြစ်နေသည်။ မတ်တတ်ဗီရိုကြီးများကို ခြောက်လုံးခန့် တွေ့လိုက်ရသည်။ စာအုပ်တွေအများကြီး စီစီရီရီထည့်ထားသည်။

"စာအုပ်တွေပါလား"

ဖန်လေး၏နှုတ်မှ စာအုပ်ဟူသောအသုံးအနှုန်းက လွှတ်ခနဲဆို ထွက်သွားခဲ့လေသည်။ အံ့အားတသင့်လည်း ဖြစ်သွားမိသည်။ စာအုပ်ဆိုသည်မှာ အထဲတွင်စာတွေပါသည်။ အကြောင်းအရာအမျိုးမျိုးကို မှတ်တမ်းပြုကာ ရေးသားထားသည်။ ဖတ်၍ရသည်။ စာတတ်လျှင် ဖတ်နိုင်သည်။ ဒါတွေအားလုံးကို ဖန်လေး သိနေခဲ့သည်ပဲ၊ ဖန်လေးသည် ဗီရိုတစ်လုံးဆီကို လျှောက်သွားသည်။ သူ့အကန့်နှင့်သူ အစီအရီထောင်ထားသော စာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်များ၊ သပ်သပ်ရပ်ရပ်၊ နေသားတကျ။

ဖန်လေးသည် စာအုပ်တစ်အုပ်၏အနောင့်ကို လက်ချောင်းလေးများဖြင့် ပွတ်ကြည့်သည်။ ဖုန်များက ကပ်မနေ။

"ဒါ . . . အမြဲတမ်းသန့်နေလို့ပဲ၊ ဒေါ်သီရိလက်ရာပဲဖြစ်ရမယ်၊ ဒီစာအုပ်တွေကို ဘယ်သူဖတ်တာပါလိမ့်၊ ဒီအိမ်ကြီးမှာ နေသွားခဲ့ကြတဲ့လူတွေက အစဉ်အဆက် ဖတ်လာခဲ့ကြတာပဲ ဖြစ်ရမယ်၊ သားစဉ်မြေးဆက် ဂရုတစိုက်နဲ့ သိမ်းထားခဲ့ကြတာပဲ"

ဖန်လေးသည် စာအုပ်စင်၊ ဗီရိုကြီးများကို ကြည့်နေရင်းက ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ မျက်ဝန်းတွေလည်း ဝေဝါးသွားသည်။ သို့သော် ချက်ချင်းပင် ပုံမှန်အတိုင်း ပြန်ပြီး တော့ဖြစ်သွားသည်။ ယင်းသို့ဖြစ်သွားခိုက်မှာ ခန္ဓာကိုယ်သည် ယိမ်းထိုးသွားခဲ့ရသေးသည်။ လေထဲမှာ လွင့်မျောသွားသော ခံစားမှုမျိုးလည်း ဖြစ်ပေါ်သွားခဲ့ရသည်။

"ငါ ဘာဖြစ်သွားတာပါလိမ့်"

သတိထားမိလိုက်စဉ်မှာ မိမိဖြစ်သွားခဲ့သည်ကို နားမလည်နိုင်ခဲ့။ စိတ်ထဲမှာတော့ ဤစာအုပ်များသည် မိမိနှင့်မစိမ်း။ ကျွမ်းရင်းခဲ့ဖူးသည်ဟုပင် ထင်နေမိသည်။ ထို့ကြောင့် လက်က စာအုပ်တစ်အုပ်ဆီကို ရောက်သွားခဲ့သည်။ အလယ်လောက်မှ ဖြတ်ပြီး ဖွင့်လိုက်သည်။





ဤကမ္ဘာလောကကြီးသည် အခုံးအစမထင်သော အကြောင်းအရာများဖြင့် ပြည့်နှက်လျက်ရှိနေလေသည်။ နားမလည်သလို နားလည်သလိုကိစ္စများ၊ နားလည်သလိုလိုနှင့် နားမလည်သော၊ နားမလည်သော်လည်း နားလည်ခြင်းအလိုလိုဖြစ်ပေါ်လာသည့် အကြောင်းအရာများက လူ၏စိတ်ကို လည်ပတ်ရှုပ်ထွေးစေခဲ့သည်။

ရှိသားမရှိနှင့် ကောက်ကျစ်သည်။ မျက်နှာကို မြင်ကာ ဤသူကား သူယုတ်မာဖြစ်နိုင်သည်ဟုအထင်က တစ်ချိန်မှာ တက်တက်စင်အောင် အလွဲကြီးလွဲမှားနိုင်သည်။ လောကကြီး၏ အမြင်ဘက်၊ ကမလွန်ကိုရောက်သွားသော်လည်း ကုသိုလ်ကံအကြောင်းသင့်က . . . လူ့လောကထဲကို ပြန်ပြီးတော့ရောက်လာနိုင်သည်။ မြတ်ဗုဒ္ဓ၏ တရားအရ ၃၁ ဘုံတွင် ကျင်လည်နေကြသူ သတ္တဝါအားလုံးမှန်သမျှ ဘဝအမှန် မရှိ။ တစ်နေ့ရာပြီး တစ်နေ့ရာ ဘဝတစ်ခုပြီးတစ်ခု ပြောင်းလဲကာ ရုပ်သဏ္ဍာန်အမျိုးမျိုးဖြင့် ဖြစ်တည်နေကြသည်။

သို့သော် . . . ဘဝဟောင်းက မျိုးစေ့ချခဲ့သောစိတ်သည် အခြား အခြားသောဘဝများမှာလည်း အထုံရောက်ပတ္တာန်းဆက်ပါလာတတ်သည်။ ဆိုးညစ်သောသူသည် . . ဆိုးညစ်သောစိတ်အတိုင်း၊ စိတ်ထားကောင်းသူသည် ဤဘဝမှာလည်း စိတ်ထားဖြူစင်သူ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖန်လေးသည် စာအုပ်ထဲမှာ ရေးသားထားသည့် စာပိုဒ်အတိုင်း တစ်ကြောင်းချင်းဖတ်လာအပြီးတွင် ...

"ဟင် ... ငါ ... ငါ ဒီစာတွေကို ဖတ်တတ်နေပါလား"

ထိုအခါကျမှ ကိုယ့်ကိုယ်ကိုယ် သတိထားမိလေသည်။ အံ့အားတသင့်လည်း ဖြစ်သွားခဲ့ရသည်။ တဒင်္ဂတွေဝေမပြတ် မျက်မှောင်လေးကြုတ်ကာ အဖြေကိုရှာဖွေနေဆဲမှာပင် သူမ၏ ကျောဘက်တွင် တစ်ဦးတစ်ယောက်က ရောက်နေသည်ဟု ခံစားအသိက ဝင်လာခဲ့လေသည်။ လှည့်အကြည့်မှာ ...

"ဟင် ... အ ... အမလေး"

အမှတ်တမဲ့ လန့်ပြီးတော့ အော်မိလိုက်သည်။ သူမနှင့် နီးကပ်စွာရပ်နေသူက အခြားသူမဟုတ် ... နန္ဒသုခ။ မျက်နှာဖုံးရှင် နန္ဒသုခ။ မျက်နှာချင်းဆိုင်မိသည့် အကွာအဝေးသည် ဘာမှမရှိ။ မျက်လုံးပေါက်နှစ်ပေါက်ထဲမှ စူးစမ်းပြီး ကြည့်နေသော မျက်လုံးနှစ်လုံး။

"လန့်သွားသလား ဖန်လေး"

"အင်း အင်း ... ဟုတ်တယ်၊ ဖန်လေး သူတစ်ပါးရဲ့ ခွင့်ပြုချက်မရဘဲ ဒီကိုရောက်လာတယ်၊ နိုးထုပ်နိုးထည်နဲ့ မိသွားသလိုဖြစ်သွားတော့ မလန့်ဘဲနေပါ့မလား"

ပြောရင်းကပင် အသံကလေးက တုန်ယင်လျက်ရှိသည်။

"ဒီလို မပြောပါနဲ့ ... ဖန်လေးလည်း ဒီအိမ်ကြီးထဲမှာ တစ်ယောက်တည်းနေနေရတာ စိတ်အိုက်မှာပဲ၊ ပျင်းလည်း ပျင်း





နေမှာပဲ၊ ဒီတော့ ဟို ဒီ သွားချင်မှာပေါ့၊ သွားချင်တာက တစ်နေရာ၊ စိတ်က အပြင်မှာ၊ ဒါပေမဲ့ တကယ်တမ်းကျတော့ အိမ်ကြီးထဲမှာပဲ သွားလာဖို့ အခွင့်အရေးက ရှိနေတာ"

"အခွင့်အရေး ... ဟုတ်လား"

"ဟုတ်တယ် ... ဒီအခွင့်အရေးလောက်ကတော့ ဖန်လေး ရသင့်တယ်လေ၊ ဘာကြောင့်လဲဆိုတော့ ..."

ဖန်လေး နားစွင့်နေသော်လည်း သူဆက်မပြောတော့။

"ထားပါတော့ ... ဖန်လေးက ဧည့်သည်ပဲလေ၊ အိမ်ရှင်ရဲ့သဘောကျ နေရမှာပေါ့၊ အပြင်ကို မထွက်ရ၊ မပြုရတာကလည်း ဖန်လေးအတွက် ပြဿနာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖန်လေးလည်း အခုလိုပဲ အေးအေးဆေးဆေးနဲ့ နေရတာကို သဘောကျနေမိလို့ပါ"

"ဟုတ်ပါ့မလား ... ဖန်လေးကို တို့က ချုပ်ချယ်ထားတယ်လို့ မထင်ဘူးလား၊ တို့က အိမ်ရှင်ပဲဆိုပြီး လိုက်လျောညီထွေတဲ့စကားကို ပြောပေးတာလား"

"အို ... ဒီလိုမဟုတ်ပါဘူး၊ တကယ် ... တကယ်ပြောတာပါ"

နန္ဒသုခထံမှ သက်ပြင်းချသံဖွဖွက တိတ်ဆိတ်နေသော အခန်းထဲမှာ သိသာသွားခဲ့သည်။

"ဖန်လေး ဘယ်ကလာတာလဲဆိုတာ သိချင်သလား ... ပြောပြရမလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သောစကားကြောင့် နန္ဒသုခ၏မျက်လုံးများက အရောက်တောက်သွားခဲ့ရသည်။

"ဟင့်အင်း ... မပြောပါနဲ့ ... မသိချင်ဘူး"

"ဘာဖြစ်လို့လဲ ... တကယ်တော့ ဖန်လေးဟာ ..."

"မသိချင်ဘူးလို့ ပြောနေတယ်"

သိသာစွာ တင်းမာ၊ ကျယ်လောင်သွားသောအသံ။ သူမ၏အပေါ်မှာ လေသံမမာစဖူး မာသွားသည့်အတွက် အံ့အားသင့်သွားခဲ့ရသည်။

"ဖန်လေး အခု ဒီနေရာကိုရောက်နေတယ်၊ နှင်းသုခမြို့မှာ ရှိနေတယ်မဟုတ်လား။ ဒါဆို ဒီမှာပဲပေါ့။ တခြား ဘာမှ မတွေးနဲ့တော့နော် ... နောက်ထပ်လည်း မမေးနဲ့တော့"

"ဟုတ်ကဲ့ သခင်ကြီး"

ဖန်လေးက သခင်ကြီးဟုဆိုလိုက်သည့်အတွက် နန္ဒသုခ၏မျက်လုံးအရောင် ပြောင်းလဲသွားခဲ့သည်။

"အင်း ... မင်းရဲ့စိုးထိတ်မှုဟာနက ယုယလိုပါပဲလား"

"ရှင် ... ယုယ ... ယုယဆိုတာ ဘယ်သူလဲဟင်"

"ဖန်လေး ... ဒီအိမ်ကြီးထဲမှာ ဘယ်နေရာမဆို သွားလို့ရတယ်၊ ခြံကျယ်ကြီးထဲမှာ လမ်းလျှောက်လို့လည်းရတယ်၊ ဒါပေမဲ့ ခြံအပြင်ကိုတော့ မထွက်ရဘူးနော်"

"ဟုတ်ကဲ့"

◆ ◆ ◆ ◆

(၃)

ဖန်လေးသည် နန္ဒသုခ၏အပါးမှ ခေါင်းလေးငုံ့ကာ ထွက်လာခဲ့သည်။ မျက်နှာဖုံး၏နောက်ကွယ်မှ မျက်လုံးအစုံသည် ဖန်လေး၏ကျောပြင်ကိုကြည့်ရင်း ကျန်ရစ်ခဲ့လိမ့်မည်ဟု ထင်မိသည်။ လှေကားအတိုင်း ဆင်းလာခဲ့သည်။ မိမိ၏အခန်းထဲကို မဝင်လိုသေးသည်နှင့် ခြံထဲကိုဆင်းရန် စိတ်ကူးမိသည်။ ဒေါ်သီရိသည် သူမကို လှေကားအောက်မှာ စောင့်နေသည်။

"သမီး ... ခြံထဲဆင်းရင် ခေါင်းဆောင်းဆောင်းသွား"

သူမကိုယ်တိုင် ဖန်လေး၏ခေါင်းမှာ ဆောင်းပေးလိုက်သည်။ ဒေါ်သီရိသည် ဖန်လေး စောစောက အပေါ်ထပ်သို့တက်သွားသည်ကို သိနေသည်။ သို့သော် စိတ်အနှောင့်အယှက်ဖြစ်ဟန် မပြ။ တံခါးရှိရာကိုလျှောက်သွားပြီး ဘေးတံခါးချပ်လေးကို ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''အပြင်မှာ သိပ်ကြာကြာမနေနဲ့နော်သမီး ... အေးလွန်းတယ်''

''ဟုတ်ကဲ့ ... ဖန်လေး အသက်ရှူဝသလောက်ရှိရင် ပြန်လာခဲ့မှာပါ၊ မကြာပါဘူး ဒေါ်ဒေါ်''

ဖန်လေး အပြင်ကိုရောက်သွားသည်နှင့် တံခါးကိုပြန်ပိတ်လိုက်သည်။ ထိုအခါ ဖန်လေး၏စိတ်ထဲမှာ လှုပ်ရှားသွားခဲ့ရသည်။ မိမိကိုယ်ကိုယ်ပင် မလုံခြုံသလိုဖြစ်သွားခဲ့ရသည်။ အိမ်ကြီးထဲမှာက ပိုပြီးတော့လုံခြုံသည်ဟု ခံစားမိသည်။ ဒါကလည်း ရက်အနည်းငယ်အတွင်းမှာ နေသားကျလာသောကြောင့် ထိုစိတ်မျိုး ဖြစ်လာခဲ့ခြင်းပင်လား။ မိမိခြံထဲကိုရောက်နေစဉ်တွင်း နန္ဒသုခသည် အိမ်အပေါ်ထပ်တစ်နေရာက တိတ်တဆိတ် ကြည့်နေလိမ့်မည်ဟု ထင်သည်။ ဖန်လေး ကျွဲမြီးတိုသွားသည်။

''ဟင် ဒီတံတိုင်းကြီးကျော်ပြီးတော့ ထွက်မသွားပါဘူးနော်''

တကယ်တော့ ဖန်လေးသည် နန္ဒသုခ ကြည့်နေ၊ ကြည့်မနေ သိနိုင်သည်မဟုတ်။ စိတ်အထင်နှင့်သာ မကျေမနပ်ဖြစ်နေခြင်းပင်။ အပြင်မှာလည်း ကြာကြာမနေနိုင်။ တစ်ယောက်တည်း အထီးကျန်ပိုဆန်နေသည်ဟု ထင်မိသည်။ ထို့အပြင် အိမ်ကြီးထဲမှာ ပိုပြီးတော့လုံခြုံမှုရှိသည်။ ဘေးကင်းသည်ဟူသော ခံစားချက်မျိုးက ဝင်လာခဲ့လေသည်။ ထို့ကြောင့် အိမ်ဘက်ဆီကို ပြန်မည်အပြုတွင် ...





'ဖလပ် .. ဖလပ် .. ဖလပ်'

ခိုဖြူလေးတစ်ကောင်သည် အမှတ်မထင် သူ့မဆီကို ပျံသန်းကာ ရောက်လာသည်။ ပခုံးထက်မှာ လာနားသည်။

''အို''

ဖန်လေးသည် ရုတ်တရက်မို့ လန့်သွားသည်။ လက်နှင့်လှမ်းပြီးတော့ ယူမိလိုက်သည်။ လက်ထဲမှာကိုင်ထားသော ခိုဖြူလေး၏ခြေထောက်မှာ စက္ကူဖြူဖြူလေးကို ရစ်ပတ်ထားသည်။ ပိုးကြိုးဖြင့် ချည်နှောင်ထားသည်။ ခြေထောက်မှ ကြိုးကိုဖြည်ရန် လက်က ရောက်သွားစဉ် ...

'ဖလပ် .. ဖလပ် .. ဖလပ်'

ခိုဖြူလေးသည် ရုတ်တရက် ထပျံသွားလေတော့သည်။ အိမ်ကြီးဆီကို တန်းပြီးသွားသည်။ တံစက်မြိတ်အောက်သို့ ဝင်ရောက်သွားပြီး ပျောက်ကွယ်သွားခဲ့လေသည်။ ယင်းနေရာမှနေ၍ အိမ်ကြီးထဲကို ဝင်ရောက်နိုင်သည့် အပေါက်တစ်ပေါက်ပေါက်တော့ရှိလိမ့်မည်။

''ခိုဖြူလေးရဲ့ခြေထောက်မှာ ပတ်ထားတဲ့စာရွက်ကလေးဟာ တစ်ယောက်ယောက်အတွက်ပဲ၊ မဟုတ်မှလွဲရော ... နန္ဒသုခကို ရည်ညွှန်းတာပဲဖြစ်ရမယ်''

ဤအိမ်ကြီးတွင် စိတ်ဝင်စားစရာတွေက ပိုပြီးတော့များလာသည်။ ခိုဖြူကလေးဝင်သွားရာ တံစက်မြိတ်နှင့်တန်းကြားကို မော့ကြည့်ရင်း အိမ်ကြီးဘက်ဆီကို ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းအချိန် . . .

နန္ဒသုခ စာကြည့်ခန်းထဲရှိနေစဉ်တွင် ခိုဖြူလေးတစ်ကောင်က စားပွဲပေါ်မှာ လာနားသည်။

"အင်း . . . ထူးခြားမှုတော့ရှိပြီ"

ခိုဖြူလေး၏ခြေထောက်မှ စာရွက်လေးကို ဖြုတ်ယူလိုက်သည်။ ထို့နောက် လျင်မြန်စွာပင် ဖတ်လိုက်လေ၏။

သို့

သခင်ကြီး . . .

ဝံပုလွေရှိနေတဲ့နေရာကို သေသေချာချာသိရပြီ။ ကျုပ်နဲ့ အဖော်တွေကို ထပ်ပြီးခေါ်သွားရင်ဖြစ်တယ်။ ဒါ ဒါပေမဲ့ သခင်ကြီးက ကိုယ်တိုင်ကိုယ်ရှင်းမယ်ဆိုလို့ အသိပေးတာပါ။ မနက်ဖြန်ညနေလောက်မှာ ကျုပ်တို့လာခေါ်မယ်။ လိုက်လိုက လိုက်ခဲ့ပါ။ မလိုက်လိုကလည်း သခင်ကြီးရဲ့ သဘောပါ . . .။

ကျောက်မောင်း

"ငါထင်တဲ့အတိုင်းပဲဖြစ်လာခဲ့တာပါလား။ မလိုက်ဘဲ ဘယ်နေပါ့မလဲ ဦးကျောက်မောင်းရယ်၊ ဒီလိုအခွင့်အရေးမျိုး ဘယ်လက်လွှတ်ခံပါ့မလဲဗျာ၊ ဟင်း ဟင်း ဟင်း . . ဒတ္တ ဒတ္တ . . . သင်းနဲ့ငါ တစ်ကွေ့ကွေ့မှာတော့ ပြန်ပြီးဆုံရဦးမှာပေါ့ကွာ"

---

ရွှေကောအလေး



နန္ဒသုခသည် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အံကြိတ်ပြီး ကြုံးဝါးလိုက်လေသည်။

◆ ◆ ◆

နောက်တစ်နေ့ ညနေလောက်တွင် ခြံကျယ်ကြီး၏ပြင်ပမှ မြင်းခွာသံများကို တဖြောက်ဖြောက်နှင့် ကြားလာခဲ့သည်။

'ဖြောက် . . ဖြောက် . . ဖြောက် . . ဖြောက်'

ထိုအချိန်တွင် ဇနီလေးသည် ခြံထဲမှာရှိနေသည်။ ဒေါ်သိရိသည် အိမ်ကြီးပေါ်မှ ဆင်းသွားသည်။ ခြံတံခါးဆီကိုလျှောက်သွားသည်။ ဇနီလေး စိတ်ဝင်စားသွားသည်။

"ဘယ်သူလာသလဲ မသိဘူး"

ခြံတံခါးက သစ်ပင်ကြီးနှင့်ကွယ်နေသည်။ ဇနီလေးသည် သစ်မြစ်ဆုံကြီးပေါ်မှာ ထိုင်နေသည်။ တံခါးဖွင့်သံကိုတော့ ကြားနေရသည်။ မကြာမီ လူသုံးယောက်သည် မြင်းကိုယ်စီနှင့် ဝင်လာခဲ့သည်။ ဇနီလေး မျက်မှောင်တွန့်သွားမိသည်။

"ဟိုတစ်ညက ရောက်လာခဲ့ကြတဲ့လူတွေပါပဲလား"

ထိုညက မီးတိုင်အလင်းရောင်အောက်မှာ မြင်နေရပေမယ့် အားလုံးကို မှတ်မိနေသည်။ ထိုသူများသည် ဇနီလေးနှင့် မနီးမဝေးမှနေ၍ ဖြတ်သွားခဲ့ကြသည်။ သူမကိုတော့ မြင်ဟန်မတူ

www.burmeseclassic.com

www.burmeseclassic.com



ကြ၊ ဦးကျောက်မောင်းတို့လူစုပင်တည်း။ သူတို့သည် အိမ်ကြီးပေါ်ကိုမတက်ကြတော့ဘဲ အိမ်ကြီး၏ခြေရင်းဘက်မှ ခြံအနောက်ဘက်ဆီကို ဝင်သွားခဲ့ကြသည်။

''ဘယ်လိုပါလိမ့်''

နောက်ဆုံးလူစီးလာသော မြင်း၏နောက်တွင် မြင်းတစ်ကောင်ကိုဆွဲယူလာသည်။ လူမပါ။ မြင်းလွတ်သက်သက်။

ဒေါ်သီရိသည် ခြံတံခါးဆီက ပြန်ရောက်မလာသေး။ ထို့ကြောင့် ဖန်လေးသည် အိမ်ကြီးဆီကိုလျှောက်သွားခဲ့သည်။ အိမ်ထဲကိုရောက်သော် သူမ၏အခန်းဆီကို တန်းပြီးတော့သွားလေသည်။

''ငါ အပြင်မှာရှိနေလို့ မဖြစ်ဘူး ... တော်ကြာ ငါ့ကို သိပ်ပြီးစပ်စုတယ်လို့ထင်နေဦးမယ်''

အမှန်မှာတော့ ဖန်လေး ခြံထဲရောက်နေသည်ကို နန္ဒသုခနှင့်ဒေါ်သီရိက လုံးဝမေ့လျော့နေခြင်းပင် ဖြစ်ဟန်တူသည်။

အကယ်၍သာသိခဲ့လျှင် သူမ၏အခန်းထဲကို ဝင်စောကြောင်တိမ်းနိုင်းမည်လား မသိ။ ထိုသူများသည် တော်တော်နှင့်ထွက်မလာကြ။

''နန္ဒသုခဟာ အိမ်နောက်ဘက်မှာ ရှိနေဟန်တူတယ်၊ သူတို့ ဘာများဆွေးနွေးနေကြပါလိမ့်''

ဖန်လေးသည် ဟိုတစ်ညကကိစ္စကို ပြန်ပြီးတော့ သတိရသွားခဲ့သည်။

---



''အင်း ... သူတို့ရဲ့ကိစ္စက လူတစ်ယောက်နဲ့ပတ်သက်နေလိမ့်မယ်၊ နန္ဒသုခလည်း အဲဒီလူကို မကျေမနပ်ဖြစ်နေတယ်၊ သူ့ကို အဲဒီလူက ဘာများနာကြည်းအောင် လုပ်ခဲ့လို့လဲ၊ ဒီလူတွေ နန္ဒသုခဆီကို ရောက်လာကြတော့ အကြောင်းထူးရှိလို့ပဲ''

ဖန်လေး တွေးရှုမဆုံးမီမှာပင် ...

'ဖြောက် ဖြောက် .. ဖြောက် ဖြောက်'

မြင်းခွာသံများကို ကြားလာခဲ့ရလေသည်။ အသားကျစီးလာခြင်းမဟုတ်။ ဒုန်းစိုင်းကာ နှင်လာခဲ့ကြခြင်းပင်။

အိမ်ကြီး၏အကွယ်မှ မြင်းများကထွက်ပေါ်လာခဲ့ကြသည်။ ရှေ့ဆုံးကလူသည် ဦးကျောက်မောင်း။ သူ၏နောက်မှလူကို ဖန်လေးမြင်တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရသည်။ ရွှေမျက်နှာဖုံး နန္ဒသုခပင်တည်း။

''ဟင် ... သူ ... သူပါလား၊ ဘယ်ကိုလိုက်သွားခဲ့တာလဲ၊ ဒီလူတွေက နန္ဒသုခကို တစ်ပါတည်းခေါ်သွားကြပါလား''

နန္ဒသုခသည် အနားအပြားထူသော ဦးထုပ်ဝိုင်းဝိုင်းကြီးကို ဆောင်းထားသည်။ ကျောထက်မှာ ဓားအိမ်နှင့်တကွ ဓားရှည်တစ်လက်ကို ပိုးထားသည်။ ဘောင်းဘီရှည်၊ အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားလေသည်။ သူတို့သည် ချက်ချင်းမှာပင် ခြံထဲမှ ထွက်သွားခဲ့ကြသည်။ မြင်းခွာသံများသည် တဖြည်းဖြည်းဝေးကာ နောက်ဆုံးမှာတော့ ပျောက်သွားခဲ့လေသည်။ ဒေါ်သီရိသည် အိမ်ထဲကို ပြန်ရောက်လာသည်။ အိမ်တံခါးမကြီးကိုလည်း အသေ

---

ရွှေကောသလ

www.burmeseclassic.com

www.burmeseclassic.com



အချာပင် ဝိတ်လိုက်သည်။

◆ ◆

မြင်းငါးကောင်သည် တောလမ်းတစ်လျှောက် ခပ်သွက်သွက်ပင် ခရီးနှင်လျက်ရှိနေသည်။ လမ်းမှာ တစ်ယောက်နှင့်တစ်ယောက်စကားမပြောကြ။ မြင်းခွာသံများကသာ တဖြောက်ဖြောက်မြည်နေလျက်။ ဝန်းကျင်မှာ ယင်းအသံများကလွဲပြီး ဘာမှမရှိ။

သူတို့ဖြတ်လာခဲ့သည့် တစ်မိုင်ပတ်လည်အတွင်းမှာ ရွာမရှိ၊ အိမ်ခြေမရှိ၊ တောင်ကုန်းကြီးများ၊ သစ်တောကြီးများနှင့်သာ မင်းမူလျက်ရှိနေကြသည်။ ထိုနေရာပတ်ပတ်လည်တွင် မြူတွေက ဝေ့ရစ်ဆိုင်းလျက်ရှိနေကြသည်။ ဦးကျောက်မောင်းက မြင်းပေါ်မှနေ၍ လက်ညှိုးထိုးပြသည်။ ရှေ့တွင် ...

"အကောက်တော"

ယင်းတောထဲကို ဝင်ကြမည်ဟု အသိပေးလိုက်ခြင်းပင်။ သိပ်မကြာလိုက်ပါ ... မြင်းကို ခပ်သွက်သွက်လေး နှင်လိုက်သည်နှင့် အကောက်တောကြီးထဲကို ဝင်ရောက်သွားခဲ့ကြလေသည်။

နေမဝင်သေးသော်လည်း တောထဲကိုဝင်ရောက်လာခဲ့







ကြသည့်အတွက် သစ်ရိပ်ဝါးရိပ်များကြောင့် အမှောင်ကကျသွားခဲ့သည်။ ဦးကျောက်မောင်းသည် နန္ဒသုခကို သူ၏နောက်မှာပဲထားသည်။ ရှေ့ကို မရောက်စေရ။ အန္တရာယ်ရှိလျှင် သူကပဲရှေ့ဆုံးမှနေပြီး ရင်ဆိုင်မည်။ နန္ဒသုခ၏စိတ်ကို သိသည်။ စိတ်ဆတ်သည်။ ရှေ့လောကြီးသည်။ ထိုကဲ့သို့သောလူမျိုးသည် ငြိမ်ငြိမ်းတော့နေတတ်သော်လည်း တကယ်အရေးကြုံလာခဲ့လျှင် ကျားတစ်ကောင်ထက်ပင် ပိုပြီးတော့ ဖျတ်လတ်တက်ကြွနေသေးသည်။ ထိန်းမနိုင်ဖြစ်ရတတ်သည်။

ဒဏ္ဍာရီ ဤအကောက်တောကြီးထဲမှာရှိနေသည့် သတင်းကို သူ မသိ။ ဦးကျောက်မောင်းက မရမက လိုက်ခဲ့ခြင်းပင်။ နှင်းသုခမြို့၏ကျေးဇူးသည် ဦးကျောက်မောင်း၏အပေါ်မှာ တင်ရှိနေခဲ့သည်။ သူ့ကို ငယ်စဉ်ကတည်းက ပေးကမ်းကျွေးမွေးပြုစုထားခဲ့သည့် ကျေးဇူးရှင်များ၊ အစဉ်အဆက် လူယုံတော်ကြီးအဖြစ် အမှုထမ်းခဲ့သည်။

ယခု နှင်းသုခမြို့၏ မျိုးနွယ်စဉ်ဆက်က ပြတ်တောက်လုနီးပါးဖြစ်ခဲ့သည်။ နန္ဒသုခ တစ်ဦးတည်းသာလျှင် ကျန်ရစ်ခဲ့သည်။ သူသာမရှိခဲ့လျှင် မျိုးကန်းပြီ။

"ဦးရိုး ... လိုသေးသလား"

"ရှေ့တစ်ခေါ်လောက်ဆိုရင် ရောက်ပြီ"

လမ်းက သစ်ပင်ကြိုသစ်ပင်ကြား သွားရသည်။ အကွေ့အကောက်များသည်။ ဝက်ပါဆန်လာသည်။ သည့်ထက်လွန်



www.burmeseclassic.com

www.burmeseclassic.com



သော် ပြောင်းလဲမှုများရှိလာခဲ့ကြသည်။ ယင်းကား သစ်ပင်များသည် ဖြောင့်ဖြောင့်မတ်မတ်မဟုတ်ကြဘဲ ပင်စည်များက တွန့်လိမ်ကွေးကောက်နေကြခြင်းပင်။ အချို့အပင်များသည် ခါးကုန်းနေကြသော အဘိုးကြီး၊ အဘွားကြီးသဏ္ဌာန်များနှင့် တူနေကြသည်။ ခါးတစ်ဝက်သာသာခန့်ရှိအပင်များသည် သတ္တဝါတစ်ကောင်ကောင်၏အသွင်သဏ္ဌာန်မျိုး ရှိနေကြသည်။ ခြေကားယား၊ လက်ကားယားနှင့် တွေ့သည့်သူကို လှမ်းပြီးဆွဲမည့်ဟန်များ ဖြစ်နေကြသည်။

ပင်စည်အထက်ပိုင်းသည် ပုံပန်းမကျသောမျက်နှာမျိုး ဖြစ်ပေါ်နေသည်။ ပင်စည်၏အပွေး၊ အခေါက်၊ အရစ်များကိုက အလိုလိုထူးခြားစွာ ဖြစ်ပေါ်နေကြခြင်းပင်။

အချို့အပင်ကြီးများသည် ရှည်မျောမျောသဏ္ဌာန်ကြီးများဖြစ်နေကြသည်။ မတ်မနေနိုင်ဘဲ မြွေကြီးတစ်ကောင်ကျောဆန့်ပြီးတော့ သွားနေသလို။ မြင်းများဖြတ်သွားစဉ်မှာ ပုံပန်းမကျပေါက်နေကြသော အပင်ကြီးများ၏လက်တံများက လှမ်းပြီးတော့ ဆွဲလွဲကြတော့မတတ်ပင်။ နန္ဒသုခသည် ပြောင်းလဲနေကြသော ရုက္ခပင်များကို မြင်လိုက်ရသည်နှင့် . . .

"အင်း . . . ဒါဟာ ဒတ္တရဲ့လက်ချက်ပဲ"

ဟု ချက်ချင်းပင် သဘောပေါက်သွားခဲ့ရသည်။ တကယ်တော့ ဒတ္တဆိုသည့်လူသည် အကောင်းကိုအဆိုးဖြစ်အောင် ဖန်တီးရမှ ကျေနပ်သူဖြစ်သည်။ လောကကြီးတစ်ခုလုံးကိုလည်း





အကျည်းတန်မြင်ကွင်းများအဖြစ် ပြောင်းလဲပစ်လိုသူ။ ရယ်မောပျော်ရွှင်နေကြသူများကို မမြင်ချင်။ ငိုကြွေးခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ လောဘမီး၊ ဒေါသမီးများတောက်လောင်နေကြခြင်း ဖြစ်ပြီးဆုံးစေလိုသူ ဖြစ်သည်။

အမှောင်ရိပ်က ပိုပြီးတော့ ကျလာခဲ့သည်။

◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

### သစ်ပင်ရိုးရိုး

လမ်းသည်လည်း ကွေ့ကွေ့ကောက်ကောက်။ သစ်ပင်ကြီးများသည်လည်း လိမ်တွန့်ပြီး အချိုးအစားမကျကြ။ ထို့ကြောင့် ဤတောကြီးကို အကောက်တောဟု ခေါ်ကြသည်။ မဖြောင့်သောသဘောရှိ၍ အကောက်တောဟုခေါ်ကြခြင်းသည် မမှားပါ။ ဒတ္တလိုလူမျိုး ဤတောထဲမှာ မင်းမူနေမှတော့ . . . ဒီလိုပဲ မမှန်သည့် သဘောမျိုးတွေက ဖြစ်လာခဲ့ရမှာပင်။

မကြာမီ ရှေ့ကသွားနေသော ဦးကျောက်မောင်းက မြင်းအရှိန်ကိုတန့်လိုက်သည်။ ထိုအခါ အားလုံးရပ်သွားခဲ့ကြလေသည်။ မြင်းပေါ်မှ အားလုံးဆင်းလိုက်ကြသည်။ မြင်းများကို သစ်ပင်ကြီးများနှင့်ဝေးရာဆီကို ယူသွားခဲ့ကြသည်။ သစ်ပင်များမှာ ချည်နှောင်ထားခဲ့၍မဖြစ်။ သစ်ပင်တွေကို စိတ်မချ။

ရှေ့ကွက်လပ်တစ်နေရာတွင် ရှည်မျောမျောကျောက်





တုံးများ၊ ကျောက်တိုင်ကြီးများက မြေထဲမှထွက်ပေါ်လာသည့်အလား မိုးမိုးမတ်မတ်၊ ထိုးထိုးထောင်ထောင်နှင့် ရှိနေကြသည်။ မြင်းများကို ကျောက်တိုင်များမှာ တစ်ကောင်စီချည်နှောင်လိုက်ကြသည်။

အမှောင်ရိပ်က ပိုပြီးတော့ ကျလာခဲ့လေပြီ။ အလိုက်သိစွာဖြင့် မည်သူကမှ စကားမပြောကြ။ ဦးကျောက်မောင်းက ရှေ့ဆောင်ပြီး ရှေ့ကနေထွက်သွားသည်။ နန္ဒသုခနှင့် လူနှစ်ယောက်က နောက်မှလိုက်သွားခဲ့ကြသည်။

အားလုံး မားကိုယ်စီနှင့်။ သူတို့သည် မည်သည့်နေရာကိုသွားကြမှာလဲ။ ဦးကျောက်မောင်းနှင့်အဖော်နှစ်ဦးကလွဲပြီး နန္ဒသုခမသိ။ မိုးက မချုပ်သေးပါ။ သို့သော် မှောင်ရိပ်ိုးတဝါးအချိန်ကိုတော့ ရောက်လာခဲ့လေပြီ။

ထိုစဉ် . . .

စကားတိုးတိုးပြောနေကြသံများလိုလို၊ ရယ်မောသံများလိုလို ကြားလာခဲ့ရသည်။ သိပ်ကျယ်ကျယ်လောင်လောင်ကြီးတော့ မဟုတ်။ သိသာထင်ရှားလှသည်။ ဆက်တိုက်မဟုတ်။ ဝေါခနဲ၊ ဝေါခနဲ ထွက်ပေါ်လာသည်။ သည့်နောက် ထိုအသံများသည် တဖြည်းဖြည်းဝေးသွားသည်။ အဝေးကလိုလို၊ အနီးကလိုလို ထွက်ပေါ်လျက်ရှိသော အသံများ။

တောထဲတွင် လူတွေရှိနေကြသလား။ အကြောင်းတစ်ခုခုကြောင့် စခန်းချနေကြသလား။ ဦးကျောက်မောင်းကအစ



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့်သာ ရှေ့ကိုတိုးလာသည်။ သတိထားကာ ဂရုစိုက်နေရသည့်အသွင်မို့ နန္ဒသုခနှင့် ကျန်နှစ်ယောက်ကလည်း ဘာကိုမှန်းမသိဘဲ သတိထားနေကြရသည်။

ထိုစဉ် . . .

"ဟား ဟား . . ဟား ဟား ဟား"

"ဟေး ဟေး ဟေး . . ဟေး ဟေး"

အားပါးတရရယ်မောသံ၊ ခွက်ထိုးခွက်လန်ရယ်လိုက်သံများက အနီးကပ် ထွက်ပေါ်လာသည်။ ထိုအခါ အားလုံး တိုင်ပင်ထားကြသလိုပင် ကျောထက်ရှိ ဓားအိမ်ထဲက ဓားများကို ဆွဲထုတ်လိုက်ကြသည်။ ဆက်မလျှောက်ကြတော့ဘဲ တောင်ပို့ကြီးတစ်ခု၏အကွယ်မှာ ရပ်ပြီးတော့ အသံထွက်ပေါ်လာရာဆီကို မှန်းဆကာ ကြည့်မိလိုက်ကြသည်။ ရယ်သံကြီးက ထပ်ပြီးတော့ ထွက်ပေါ်လာပြန်သည်။

"ဟား ဟား . . ဟား ဟား ဟား"

"ဟိုး ဟိုး ဟိုး . . ဟိုး ဟိုး"

သစ်ပင်ကြီးနှစ်ပင်သည် တသိမ့်သိမ့်လှုပ်ကာ ယမ်းနေသည်။ ရယ်သံများထွက်ပေါ်လာတိုင်း သစ်ပင်ကြီးများက ပင်စည်ရော၊ အကိုင်းအခက်တွေပါ တသိမ့်သိမ့် တုန်ခါယမ်းနေကြသည်။

"ဘယ်လိုလဲ"

အများအမြင်မှာ ကြည့်လိုက်လျှင် သစ်ပင်ကြီးတွေကပဲ





အားပါးတရရယ်မောနေကြသလို။ မဖြစ်နိုင်။ သစ်ပင်ကြီးတွေလှုပ်ခါယမ်းခြင်း၊ ရယ်သံများထွက်ပေါ်လာကြခြင်းသည် တခြားစီ၊ တစ်နေရာစီ။ သူ့အကြောင်းနှင့်သူ ဘာမှမဆိုင်။

သေသေချာချာကြည့်မိလိုက်ကြတော့လည်း သစ်ပင်ကြီးနှစ်ပင်က ငြိမ်သက်နေကြသည်။ ထိုနေရာကို ကွေကွင်းပြီး ထွက်လာခဲ့ကြသည်။ ပုံပန်းမကျ သစ်ပင်ကြီးများ၏ ပင်စည်အပွေးအရစ်များသည် အချို့က မျက်လုံးမျက်ဆန်များနှင့် တူနေကြသည်။ ရွှေ့လျားပြီး လိုက်ကြည့်နေကြသည်ဟု ထင်နေမိကြသည်။ ရုပ်သိမ်းစပြုနေသော အလင်းရောင်ကြောင့် အာရုံမှားခြင်းလော။

တစ်နေရာကိုအရောက်တွင် သူတို့သွားကြမည့် လမ်းရှေ့တည့်တည့်တွင် ထူးခြားမှုတစ်ခုကို တွေ့လိုက်ရပြန်သည်။ အပင်ကြီးနှစ်ပင်သည် သွားလိုက်လာလိုက်နှင့် ရှိနေကြသည်။ တစ်ပင်နှင့်တစ်ပင် မျက်နှာချင်းဆိုင် ဖြတ်ကျော်သွားလိုက်၊ ပြန်လာလိုက်နှင့် လမ်းသလားနေသည်မျိုး။

သစ်ပင်ကြီးတွေက လမ်းလျှောက်နေကြသလိုပင် တောခြောက်ခံရသည်ဆိုတာ ဒါမျိုးလား။ အမြင်မှားတာလား။ သေသေချာချာကြည့်လိုက်ကြပြန်တော့ ပုံပန်းမကျသည့် သစ်ပင်ကြီးတွေက သူ့နေရာနှင့်သူ ငြိမ်သက်နေကြသည်။

"ဒါ . . . ဒဏ္ဍာရဲ့လက်ချက်ပဲ"

ဦးကျောက်မောင်းက လေသံတိုးတိုးနှင့် ပြောလိုက်





www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ရှိစဉ် ရုတ်တရက်အမှောင်ကျသွားသည်။

"ဟင်"

"ဟာ"

အားလုံး မမြင်မကန်းနှင့် ဖြစ်သွားခဲ့ကြသည်။ မှောင်အတိကျသွားခဲ့ကြသည်။ ချက်ချင်းပင် ပြန်ပြီးတော့ လင်းလာသည်။ မပီဝိုးတဝါးအလင်း။ အပင်ကြီးတစ်ပင်က သူတို့၏ရှေ့ကို ရောက်နေသည်။ စောစောကအခြေအနေအတိုင်းဆို ဘာသစ်ပင်မှ မရှိ။ သစ်ပင်ကြီး၏အကိုင်းအခက်တွေက လက်တံကြီးတွေ သဖွယ် လှုပ်ရှားလာပြီး ...

'ဖြန်း'

"အား"

တအားလွဲကာ ရိုက်ချလိုက်သည်။ တစ်ယောက်ကိုထိ သွားသည်။ ဦးကျောက်မောင်းသည် သစ်ကိုင်းတစ်ကိုင်းကို ဓား နှင့်ပိုင်းချလိုက်သည်။

'ဝှစ် ရှပ်"

'ရှီး'

ပြတ်ကျသွားသည်။ အစေးများက ရှီးခနဲဆို ပန်းထွက်လာကြသည်။ အရောင်မြန်၍သာ။ ဘာအစေးတွေမှန်း မသိ။ အဆိပ်တွေသာဖြစ်ခဲ့ရင် ရေမီးစားသလို လောင်ကျွမ်းသွားနိုင်သည်။ နောက်ထပ်လှုပ်ရှားလျက်ရှိသော အကိုင်းများက သူတို့ကို လက်နှင့်ရမ်းသလို တိုက်ခိုက်သည်။

ရွှေကားစာပေ

(၀၉)



'ဝိုး .. ဖြန်း'

နန္ဒသုခသည် ကိုယ်ကိုလှည့်ကာ ပိုင်းချလိုက်သည်။

'ဝှစ်'

'ရှပ်'

'ရှီး'

ဓားကထက်သည်။ အကိုင်းက လက်တစ်ဖက်လို ပြုတ်ကျသွားသည်။

'ကျွတ် .. ကျွတ်'

လူတစ်ဦး၏ စုပ်သတ်သံမျိုး ထွက်ပေါ်လာသလို စိတ်ထဲကပဲ ထင်မိလိုက်တာလား။ ပန်းထွက်လာတာအစေးများကို ရှောင်ရမည်။ ယင်းအစေးများနှင့်ပတ်သက်ပြီး သင်္ကာမကင်းဖြစ်မိသည်။ ဒတ္တကိုတွေးပြီး နာကြည်းမိသည်။ သင်းကြောင့်၊ သင်းကြောင့်။ အံကြိတ်ကာ မခံမရပ်နိုင် ဖြစ်သွားမိသည်။ သစ်ကိုင်းလက်တံကြီးတွေက တိုက်ခိုက်လာပြန်သောကြောင့် ပါလာသူနှစ်ဦးကလည်း တရစပ်ပင် ပိုင်းချပစ်လိုက်ကြသည်။

နွယ်ရှင်ရှိသလို ဤကဲ့သို့ လှုပ်ရှားတတ်သော အပင်မျိုးလည်း ရှိနိုင်သလားမသိ။ သို့မဟုတ် ဖန်တီးရယူနိုင်သလား။ ကမ္ဘာပေါ်ရှိ အမျိုးပေါင်းများစွာသော ရုက္ခပင်တွေထဲမှာ အစွမ်းသတ္တိရှိသောအပင်များလည်း ရှိကောင်းရှိနိုင်ကြသည်။

(ယင်းရုက္ခပင်များနှင့်ပတ်သက်ပြီး ဒတ္တက လွန်မင်းစွာ စိတ်ဝင်စားသည်။ သာမန်အပင်များကိုပင် ပြုပြင်ဖန်တီးယူ၍

ရွှေကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဆန်းတကြယ်ဖြစ်အောင် လုပ်ယူနိုင်သည်ဟု သူ ပြောဖူးထား ခဲ့သည် မဟုတ်ပါလား။)

ဒီလိုနှင့် သစ်ပင်ကြီးများနှင့်ဝေးရာကို ခပ်ခွာခွာရှောင် တိမ်းပြီးတော့ ဆက်လျှောက်လာခဲ့ကြသည်။ လမ်းဘေးဝဲယာ မှာ ပေါက်နေကြသော သစ်ပင်ကြီးငယ်တို့သည် လေမတိုက်ဘဲ လှုပ်ယမ်းနေကြသည်။ လူနှံ့ရ၍လား မသိ။ တစ်နေရာအရောက် တွင် ဦးကျောက်မောင်းသည် အရာတစ်ခုကို လက်ညှိုးထိုးပြ လိုက်သည်။

◆ ◆ ◆

တွေ့လိုက်ရသည်ကား အံ့အားမသင့်ဘဲ မနေနိုင်ကြ။ လွန်စွာမှ ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကိုပင်တည်း။ ယင်း အပင်ကြီးသည် မည်မျှအထိ ကြီးမားပါသလဲဆိုလျှင် ပင်စည်လုံး ပတ်နှင့် အောက်ခြေသည် ပေ ၁၀၀ ပတ်လည်လောက်ကို ရှိ လိမ့်မည်။ အပင်ကြီး၏အမြင့်သည်လည်း ပေ ၁၀၀ ဝန်းကျင် လောက်ပဲ ရှိလိမ့်မည်။ အကိုင်း၊ အခက်၊ အရွက်၊ အလက်များ ကား မြင့်လွန်းသောနေရာမှာပင် ဝေဝေဆာဆာနှင့်ရှိနေကြသည်။

အမှတ်တမဲ့ကြည့်လျှင် အပင်ဒါစစ်မှ ဟုတ်ရဲ့လား။ ကျောက်တုံးကျောက်ခဲများဖြင့် တည်ဆောက်ထားသော ...





သစ်ပင်ရဲတိုက်ကြီး တစ်ခုများလားဟု ထင်မိရသည်။

ဦးကျောက်မောင်းကတော့ အံ့အားသင့်မိခြင်း မဖြစ်မိ။ ဤနေရာကို သူတစ်ယောက်တည်း စုံစမ်းခဲ့ခြင်းပင်ဖြစ်သည်။ ဤအပင်ကြီးကို သူ မြင်ဖူးခဲ့ပြီ။

"ဒါ ... ဒဏ္ဍာနေတဲ့နေရာပဲ"

"ဦးရီး ... ဒီသစ်ပင်ကြီးဟာ အစစ်မှဟုတ်ရဲ့လား၊ ဒီလောက်တောင်ကြီးမားလှတာ"

"သခင်ကြီး တွေးကြည့်ပေါ့ ... ဒဏ္ဍာဟာ ရုက္ခအပင် တွေနဲ့ပတ်သက်ပြီး အလွန်အမင်း စိတ်ဝင်စားခဲ့တာ၊ သစ်ပင်တွေ ကို သူလိုသလို နိုင်းစေလို့ရအောင် ဖန်တီးပြဖို့ကြိုးစားခဲ့တာ သခင်ကြီးအသိပဲ မဟုတ်လား။ ဒါကြောင့် ဒီသစ်ပင်ကြီးကိုလည်း ဒီလိုဖြစ်အောင် သူပဲ ဖန်တီးခဲ့တာနေမှာပေါ့"

"ဖြစ်နိုင်တယ် ဦးရီး"

ရုက္ခပင်များကို အလိုရှိသလို စိုက်ပျိုးစေစားနိုင်သောသူ အဖြစ် ကြိုးပမ်းခဲ့သည့်သူ။ သူ့ကိုယ်သူ ရုက္ခရာဇာတစ်ဦးဟု သတ်မှတ်ထားသူ။ သူ့အလိုရှိသည်ကို မလိုက်လျောခဲ့၍ နန္ဒသုခ အား ဒုက္ခပေးခဲ့သူ။ ယခုတော့ သူနေသောနေရာကို တွေ့လိုက်ရ လေပြီ။

"သင်းပဲ နေမှာပါ ... သူဟာ သစ်ပင်တွေကို နိုင်နင်း စွာ စေစားနိုင်သူပဲ၊ ဒါကြောင့်မို့လို့ ဒီတောကြီးဟာ ပုံစံတစ် မျိုးနဲ့ ပြောင်းလဲနေတာပေါ့၊ ခုတောထဲကို ဝင်လာကြတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်ထွက်မလာကြဘဲ အစပျောက်ပျောက်သွားခဲ့ကြတာ သစ်ပင်ကြီးတွေရဲ့ လက်ချက်ပဲနေမှာ''

''သခင်ကြီး . . . ဒဏ္ဍာယာ ဒီသစ်ပင်ရဲတိုက်ကြီးထဲမှာ ရှိ့,မရှိ မပြောနိုင်ဘူး။ ဝင်ကြည့်ကြမလား''

''ဒီအထိရောက်နေမှတော့ ဝင်ကြည့်ရမှာပေါ့။ စောစောက ရယ်သံကြီးဟာ သူ့အသံပဲလား။ ဟုတ်တယ်ဆိုရင်တော့ သူဟာ ဒီအထဲမှာ ကျိန်းသေရှိမှာပဲ ဦးရိုး''

''ကောင်းပြီ . . . ဒါဆိုရင် ဝင်ကြမယ် . . . သတိတော့ ထားကြရလိမ့်မယ်၊ ဒီလူဟာ ကျုပ်တို့ကို အထဲကနေစောင့်ပြီး ကြည့်ချင်ကြည့်နေမှာ၊ ဘယ်လို ဉာဏ်နီဉာဏ်နက်သုံးပြီးတော့ ရင်ဆိုင်မလဲမသိဘူး''

''တစ်ခုတော့ မှာထားမယ် . . . သူ့အပေါ်တင်နေတဲ့ အကြွေးကို ကျွန်တော်ကိုယ်တိုင်ဆပ်မယ်၊ ဦးရိုးတို့ ဝင်မပါကြပါနဲ့''

နန္ဒသုခက တောင်းဆိုသည်။ ထိုအခါ ဦးကျောက်မောင်းသည် သူ့တပည့်နှစ်ဦးကို တစ်ချက်ဝေ့ပြီးတော့ ကြည့်လိုက်သည်။ သူ့အမူအရာကိုကြည့်ပြီးတော့ သိကြသည်။ နန္ဒသုခ တစ်ဦးတည်း လွှတ်မထားနိုင်။ အရေးကြုံက ဝင်ပြီးတိုက်ခိုက်ကြ ဟူသည့်သဘော။

◆ ◆ ◆ ◆ ◆



(၁၁)

ရွှေမှုရာ

သစ်ပင်ရဲတိုက်ကြီး၏အပြင်ဘက်တွင် လူတစ်ရပ်ခန့်မြင့်သော အပင်များက စည်းရိုးသဖွယ် ကာရံထားသည်။ ဝင်ပေါက်ဟုခန့်မှန်းရသည့်နေရာတွင် ကျောက်ဖြူသားတံခါးတစ်ချပ်ကို တွေ့လိုက်ရသည်။ တံခါး၏တိုင်များကား ဖြတ်တောက်ထားသော ပင်စည်များပင်တည်း။ သေသေချာချာကြည့်မှသာ တံခါးဟု သိနိုင်သည်။ အတွင်းဘက်မှ ပိတ်ထားဟန်တူသည်။ လူတစ်ရပ်ခန့်မြင့်သော တံခါးကြီးကို ဖွင့်ရန်မလွယ်။ ကုတ်ကတ်ပြီး ကျော်တက်မှသာ ရပေလိမ့်မည်။

''ကဲ ဦးရိုး . . . သင်းရှိနေလည်း အလွှတ်ပေးလို့ မဖြစ်ဘူး။ ဝင်ကြမှာပဲ''

နန္ဒသုခသည် နောက်ကို တဖြည်းဖြည်းနှင့် ဆုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီး"

ဦးတိုက်မောင်းက သတိပေးမည်ပြုစဉ်မှာပင် နန္ဒသုခသည် တစ်ရှိန်ထိုးပြေးလာပြီး တံခါးကို ခြေ၊လက်များနှင့် တစ်ချက်ထောက်ကာ လွှားခနဲဆို ခုန်ကျော်ကာဝင်သွားသည်။

"နှင်းသုခမြို့ရဲ့အနွယ်ဆက် ပီသပါပေတယ်၊ ကိုင်း ငါ့လူတို့ ..."

ဦးကျောက်မောင်းသည် နန္ဒသုခတို့ စိတ်မချ။ ထိုအတိုင်းပင်လျှင် တစ်ဦးပြီးတစ်ဦး ခုန်၍ တံခါးကိုကျော်ကာ ဝင်သွားခဲ့ကြသည်။ သူတို့သည် ပွဲကျောင်းသားအဆက်များလည်း ဖြစ်လေကြသည်။ အရေးကြုံက သက်လုံကောင်းကြစေရန် မသင်မနေရ အတတ်သင်ထားသော ပညာ။

နန္ဒသုခသည် တံခါး၏တစ်ဖက်ကို ဖျတ်ခနဲဆို ကျသွားခဲ့သည်။ မရှေးမနှောင်းမှာပင် ဦးကျောက်မောင်းနှင့် တပည့်နှစ်ယောက်တို့သည်လည်း သူ့ဘေးနားမှာ တစ်ယောက်ပြီးတစ်ယောက် ကျလာခဲ့ကြသည်။ ဓားတွေကိုလည်း အသင့်ဆွဲထုတ်ပြီးသား ဖြစ်သွားခဲ့ကြသည်။ အမှောင်ရိပ်က တော်တော်လေးကို ကျလာခဲ့ပြီဖြစ်သည်။ ကျင့်သားရနေပြီဖြစ်သောမျက်လုံးတွေက တစ်ယောက်၏သဏ္ဌာန် တစ်ယောက်မြင်နေကြရသည်။ သစ်ပင်ရဲတိုက်ကြီး၏ အခြေအနေကို တဒင်္ဂတော့ စောင့်ကြည့်နေကြသေးသည်။

ခြံထဲတွင် အနှောင့်အယှက်ပေးမည့်အရာများ ရှိနေလေမလားဟူ၍။ သို့သော် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သစ်ပင်အချို့ ရှိနေကြသော်လည်း ငြိမ်သက်နေကြသည်။ မျက်လုံးသဏ္ဌာန်ရှိနေကြသော ပင်စည်၏အပွေးအခေါက်တွေက သူတို့ကို ကြွေရွစွာ အကဲခတ်နေကြသလိုပင်။

ခြံအပြင်ဘက်တွင်ရှိနေစဉ် ကြားခဲ့ရသော ရယ်သံကြီးသည် ဒတ္တ၏ရယ်သံများ ဖြစ်လေမလား။ ဒတ္တသည် နန္ဒသုခတို့ ခြံထဲကိုဝင်လာကြသည်ကို သိနေသည်လား။ သစ်ပင်ရဲတိုက်ကြီးထဲက စောင့်နေသည်ပဲလား။ ရောမအပင်ကြီးနားကို တဖြည်းဖြည်းနှင့် ချဉ်းကပ်လာခဲ့ကြသည်။ ယခုထက်ထိ မည်သည့် အနှောင့်အယှက်ကိုမှ မတွေ့ရသေးပါ။

ပင်စည်ကြီး၏အောက်ခြေတွင် သစ်လုံးတံခါးကြီးကို တွေ့လိုက်ရသည်။ အနိုင်အမာလုပ်ထားသည်ပင်။ ဖွင့်ပြီးဝင်ရန် မလွယ်။ အတွင်းကနေ ပိတ်ထားသည်။ သို့ဆိုလျှင် ဒတ္တသည် အထဲမှာရှိနေသည်မှာ သေချာသည်။ သို့ရှိစဉ်မှာပင် အပင်ကြီးထိက အလင်းရောင်များက တဖြည်းဖြည်းနှင့် ထွက်ပေါ်လာနေကြသည်။ အံ့အားတသင့်နှင့်ကြည့်နေကြဆဲမှာပင် တောက်ပသောအစိမ်းရောင်များက ပိုပြီးတော့ လင်းလက်လာကြသည်။ ထိုအခါ ဝန်းကျင်သည် စိမ်းဖန့်ဖန့်အရောင်များဖြင့် လွှမ်းခြုံလျက်ရှိနေသည်။

ထိုစဉ် ...

"ဘယ်လိုလဲကွ ... မင်းတို့က ငါရှိမယ့်နေရာကို တော်

www.burmeseclassic.com



တော်အရှာကောင်းခဲ့ကြပါလား''

အသံတစ်သံက ထွက်ပေါ်လာသည်။ အိမ်ထဲကထွက်ပေါ်လာသောအသံ။ သို့သော် အမြင့်ကနေ ထွက်ပေါ်လာသောအသံဖြစ်၍ မော့ကြည့်လိုက်ကြသည်။ အပင်ကြီး၏အမြင့် လသာဆောင်လိုထုတ်ထားသောနေရာက လူတစ်ယောက်၏သဏ္ဍာန်ကို တွေ့လိုက်ရသည်။ ထိုသူ၏မျက်နှာပြင်တွင် ပါးမြိုင်းမွေးမုတ်ဆိတ်မွေးများထူထပ်လျက်ရှိပြီး ရှည်လျားသော ဆံပင်များကလည်း ကျောပြင်ထက်ထိ ကျဆင်းလျက်ရှိသည်။

အမှတ်တမဲ့မြင်လိုက်ရလျှင် နာနာဘာဝတစ်ကောင်နှင့်မခြား ရှိနေသည်။ သူ့မျက်နှာသည် မှောင်နေသော်လည်း မျက်လုံးတွေက စူးလက်နေသည်။ အမြင်အားကောင်းသူ၊ ထူးခြားသောမျက်လုံးများပိုင်ရှင်။ နန္ဒသုခသည် ဒတ္တမှန်းသိလိုက်သည်နှင့် တစ်ကိုယ်လုံးရှိသွေးများ ဆူပွက်သွားခဲ့ရသည်။

''နန္ဒသုခ . . . မင်းက ငါ့ကို ဒီအထိအောင် မတွေ့တွေ့တဲ့အထိ လိုက်ရှာတယ်ဆိုတော့ ငါ့ဆန္ဒကို လိုက်လျောတော့မယ်တဲ့လား''

''ဒီမှာ ဦးဒတ္တ . . . ခင်ဗျားဟာ ကျွန်တော့်ကို လူ့တောထဲမတိုးနိုင်တဲ့အထိ ဒုက္ခပေးပြီးခဲ့ပြီးပြီ၊ ဒါလောက် နှစ်ပေါင်းများစွာကြာလာခဲ့တာတောင် ခုထက်ထိ လောဘရမ္မက်တက်နေဆဲပဲလား။ ခင်ဗျားကို လိုက်လျောဖို့ရောက်လာခဲ့တာ မဟုတ်ဘူး . . . ကျွန်တော့်မျက်နှာကို နဂိုအတိုင်းပြန်ဖြစ်အောင် ကုစား



ပေးဖို့ လာတောင်းဆိုတာ''

''မင်းရဲ့တောင်းဆိုချက်ကို ငါက မလိုက်လျောဘူးဆိုရင်ကော''

''အဲဒီလိုဆိုရင် နန္ဒသုခ ဘာကောင်လဲဆိုတာ သိသွားမယ်၊ ခင်ဗျားရဲ့အသက်ကို နုတ်ယူရတော့မှာပေါ့ဗျာ၊ ကျွန်တော့်အပေါ်မှာ ခင်ဗျားကျူးလွန်ပြီးထွက်ပြေးရှောင်တိမ်းခဲ့တာ သူ့ရဲ့ဘောနည်းတဲ့ အပြုအမူပဲဗျ။ ခင်ဗျား ယောကျ်ားဆိုရင် ရင်ဆိုင်ပြီးဖြေရှင်းလှည့်''

''ဟား ဟား ဟား ဟား . . . ငါက ရှောင်ပြေးနေတာမဟုတ်ဘူးကွ . . . ဒီမှာ ငါ့အလုပ်ငါလုပ်နေတာ၊ မင်းက သိပ်ပြီးခေါင်းမာတဲ့အတွက် ငါပစ်ထားတာ၊ နှင်းသုခမြိုင်စံအိမ်ကြီးကို ငါ့လက်ထဲအပ်ရင် မင်းရဲ့ နဂိုချောမောတဲ့မျက်နှာအတိုင်းပြန်ဖြစ်အောင် လုပ်ပေးမယ် . . . ဘယ့်နှယ်လဲ''

''နှင်းသုခမြိုင်ဟာ ကျွန်တော့်ရဲ့ ဆွေစဉ်မျိုးဆက် ပိုင်လာခဲ့တဲ့ အိမ်ကြီးဗျ။ ခင်ဗျားက ဘာဆိုင်လို့ လိုချင်ရတာလဲ၊ ဘာမှလည်း မပတ်သက်ဘဲနဲ့ . . . အချောင်လိုချင်တာ မရှက်ဘူးလား ဦးဒတ္တ''

''ဘာ . . . မင်းက ငါ့ကိုဒီလိုပြောသလား၊ အချောင်သမားလို့ စွပ်စွဲတယ်ပေါ့လေ၊ ကောင်းပြီ . . . ဒီနေရာမှာတင် မင်းတို့အားလုံးကို ရှင်းပစ်ပြီး နှင်းသုခမြိုင်ရော, စံအိမ်ကြီးကိုရော ငါ အပိုင်သိမ်းပစ်မယ်ဟေ့''

ရှေ့ကားဆက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ဒတ္တသည် ကြိမ်းဝါးလိုက်လေ၏။ ချက်ချင်းလိုလိုပင် လသာဆောင်ထက်မှ လွှားခနဲဆို ခုန်ချလာခဲ့သည်။ ဖက်ရွက်ကလေးလိုပင် ပေါ့ပါးစွာ ကျလာခဲ့လေသည်။ သူသည် အနက်ရောင်အကျီ ဘောင်းဘီကို ဝတ်ဆင်ထားသည်။ နာနာဘာဝကြီးတစ်ကောင် ရောမသစ်ပင်ကြီးပေါ်က ခုန်ဆင်းလာခဲ့သလိုပင်။ မြေပြင်ပေါ်ကို ဖတ်ခနဲဆို ရောက်လာ၏။

နန္ဒသုခ၏ ရှေ့တည့်တည့်မှာပင် ကျလာခဲ့သည်။ ရုတ်တရက် ညာလက်ချောင်းများကိုဖြန့်လိုက်ပြီး နန္ဒသုခ၏ မျက်လုံးပေါက်နှစ်ခုနေရာကို ပစ်ထိုးထည့်လိုက်သည်။ သို့သော် နန္ဒသုခက ညာခြေတစ်ကွက်နောက်ဆုတ်လိုက်ကာ ဒတ္တ၏လက်ကို ပုတ်ထုတ်လိုက်သည်။ ဒတ္တ၏ ချွန်မြည့်ရှည်လျားသော လက်သည်းကြီးများသည် နန္ဒသုခ၏မျက်နှာပေါ်မှ ချော်ထွက်သွားခဲ့သည်။ လက်ချောင်းများသည် သဘာဝအတိုင်းမဟုတ်တော့ဘဲ သစ်ကိုင်းများပမာ ရှည်ထွက်နေသည်ကို အားလုံးတွေ့လိုက်ကြရသည်။

ဦးကျောက်မောင်းနှင့် သူ့လူနှစ်ယောက်သည် ဓားများကိုဆွဲကာ ခုန်ဝင်လာခဲ့ကြသည်။

"ဦးရီးတို့ . . . အသာနေ"

နန္ဒသုခက တားလိုက်သည်။ ထို့ကြောင့် ကိုယ်ရှိန်တန့်သွားခဲ့ကြသည်။ ဒတ္တက ဘောက်ကျစ်သည်။ ယုတ်မာသည်။ နန္ဒသုခကို ညာဏ်နီညာဏ်နက်သုံးကာ ထပ်ပြီးတော့ကျူးလွန်လိုက်





မှာကို စိုးရိမ်မိကြသည်။ သူတို့နှစ်ယောက်ချင်းသာ သွေးစာရင်းရှင်းကြမည်ဟု ဒတ္တကတောင်းဆိုထားသည့်အတွက် မလွှဲမရှောင်သာဘဲ ကြည့်နေလိုက်ရသည်။ နန္ဒသုခ အရေးနိမ့်မည့်အခြေအနေမျိုး ပေါ်ပေါက်လာခဲ့လျှင်တော့ ဝင်ကြရမည်။ လက်ပိုက်ပြီးတော့ ကြည့်နေကြမှာမဟုတ်။

◆ ◆

နန္ဒသုခသည် ဒတ္တ၏တိုက်ကွက် လွဲချော်သွား၍ ကိုယ်ဟန်ပျက်အသွားမှာ ဓားဖြင့် တစ်ချက်တည်းပိုင်းချလိုက်သည်။ ဒတ္တကလည်း ဝင်လာသောဓားချက်ကို သွက်လက်စွာပင် ရှောင်တိမ်းလိုက်သည်။

"ဒတ္တကို ဒီလိုလုပ်လို့ မရဘူးမှတ်"

ကိုယ်ရည်သွေးလို့မှ မဆုံးမီ . . .

"အွတ် . . အု"

နန္ဒသုခ၏ခြေဦးက ဒတ္တ၏အရှိက်ဆီကို တစ်ချက်ဝင်သွား၏။ ဒတ္တ မျက်လုံးပြူးထွက်သွားသည်။ ခါးကုန်းသွား၏။ ထိုအခါ ဓားနောင့်ဖြင့် ထိပ်ကိုထုချလိုက်သည်။ ဒုတ်ခနဲအသံနှင့်အတူ ဒတ္တ၏ကိုယ်လုံး ယိမ်းယိုင်ပြီးထွက်သွား၏။ သို့သော် နန္ဒသုခ လစ်ပြီဟုထင်ကာ လက်နှစ်ဖက်စလုံးအသုံးပြုပြီး လက်



www.burmeseclassic.com

www.burmeseclassic.com

သည်းရှည်ကြီးများနှင့် ပြေးဝင်လာပြန်၏။

နန္ဒသုခသည် လက်များကို ဓားနှင့်ခုတ်ချမည်ပြုပြီးမှ ဓားပြားနှင့်ရိုက်ချလိုက်သည်။

'ဖြောင်း'

''အား''

ဒတ္တ အော်ထွက်သွား၏။ နောက်ထပ်အတိုက်ခိုက်မခံလို၍ ခုန်ရှောင်ကာထွက်သွားသည်။ ယင်းအချိန်တွင် ဦးကျောက်မောင်းတို့ ဆရာတပည့်များဆီကို သစ်ပင်အချို့က ... တရွေ့ရွေ့နှင့် တိုးကပ်ကာလာနေကြသည်။

''ဦးရီး ... နောက်မှာ''

တစ်ယောက်က သတိပေးလိုက်သည်။ သစ်ကိုင်းကြီးတစ်ခုက သူတို့ကို ရိုက်ချလိုက်သည်။

'ဖြောင်း''

''သတိထားကြဟေ့''

ဦးကျောက်မောင်းက သတိလည်းပေးရင်း ဓားနှင့်လည်းခုတ်ချရင်း ...

'ဝုစ် .. ရှပ်'

'ရှီ''

သစ်ကိုင်းက ပြတ်ထွက်သွားသည်။ အဆိပ်စေးများက ပန်းထွက်လာသည်။ တော်သေး၏ ... အရှောင်မြန်ပေလို့သာ။ လူတစ်ယောက်ကို ငရဲမီးအစားခံရသလို ပြင်းထန်သောအဆိပ်



သင့်ကာ မရှုမလှဖြစ်စေမည့်လက်နက်။ ဤကဲ့သို့သော မအပ်မရာ အကြံအစည်များဖြင့် မည်သူ့ကိုမဆို ဒုက္ခပေးရန် ဝန်မလေး။

သူ့လူနှစ်ယောက်ကလည်း နောက်မှနေ၍ ဝင်ရောက်တိုက်ခိုက်သော သစ်ပင်များကို အခွင့်အရေးရလျှင်ရသလို ဓားနှင့်ပိုင်းချသည်။

'ရှပ် .. ရှပ် .. ဘုန်း .. ရှီး'

အကိုင်းအခက်များက ဓားချက်ထိကာ လက်တံများသဖွယ် ပြုတ်ကျကုန်သည်။ အဆိပ်စေးများက ဒုတိယလက်နက်။ အထိနာသွားကြသော သစ်ပင်ကြီးများသည် တဖြည်းဖြည်းနှင့် နောက်ဆုတ်သွားခဲ့ကြသည်။ ထို့နောက် အမှောင်ထဲတွင် တိုးဝင်ကာ ပျောက်ကွယ်သွားခဲ့ကြလေသည်။

◆ ◆

နန္ဒသုခသည် ဒတ္တကို အသေတိုက်ခိုက်သော်လည်း မဖြစ်သေး။ သူသေသွားခဲ့လျှင် မျက်နှာအတွက်ဖြေဆေး ရနိုင်တော့မှာမဟုတ်။ ဒတ္တကလည်း သိသည်။

''မင်း ငါ့ကို အသေမသတ်ရဲပါဘူးကွာ ... ဟုတ်တယ်မဟုတ်လား။ ငါသေသွားခဲ့ရင် မင်းရဲ့မျက်နှာ ပုံပျက်ပန်းပျက်ကြီး-

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ကိစ္စ ဒီအတိုင်းပဲ တစ်သက်လုံးနေသွားရတော့မှာပေါ့၊ မင်းကြောင့် ယုယကလေးလည်း ငါနဲ့လွဲခဲ့ရတယ်၊ သေကွဲ,ကွဲခဲ့ရတယ်၊ တကယ်တော့ ငါကသာ မင်းကို တစ်သက် အခဲမကျေစရာဖြစ်ရမှာကွ''

''တော် ... တိတ်စမ်း၊ ခင်ဗျားလိုလူမျိုးကို ယုယကရော ကြိုက်မတဲ့လား၊ နဂိုကတည်းက သူ့သဘောကို ခင်ဗျားသိရဲ့သားနဲ့ ဖွတ်အတင်းဝင်လုံးတယ်၊ ထားပါတော့လေ ... ဒီအဖြစ်တွေက ကြာခဲ့ပြီ၊ အနှစ်နှစ်ဆယ်နီးပါး ရှိခဲ့ပြီပဲ၊ ခင်ဗျားမမယုယနဲ့ပတ်သက်ပြီး ထပ်မပြောနဲ့တော့''

''မင်းက မပြောနဲ့ဆိုလည်း ငါက ပြောရမှာပဲ၊ ခုတော့ယုယကပြန်ပြီး အသက်ရှင်လာဦးမယ်ဆိုရင် ငါက ထပ်ပြီးတော့ကြိုးစားဦးမှာပဲ''

''ဘာဗျ''

'ဝုစ် .. ရှုပ်''

နန္ဒသုခလည်း စိတ်မထိန်းနိုင်တော့။ ဓားဖြင့်တစ်ချက်တည်း ပိုင်းချပစ်လိုက်သည်။ သို့သော် ဒတ္တသည် ထိုနေရာမှ လှစ်ခနဲဆို ပြေးထွက်သွားခဲ့လေသည်။ ဘယ်ဆီရောက်သွားမှန်းမသိလိုက်။ နန္ဒသုခက ဒတ္တ၏နောက်ကို လိုက်မည်ကြံသည်။

''သခင်ကြီး''

ဦးတိုက်မောင်းက ဟန့်တားလိုက်၏။

''သင်းက ဉာဏ်များတယ်၊ ထောက်ချောင်တစ်ခုခု ဆင်





ထားမှာ၊ ပြန်ကြပါစို့၊ သင်း ... ဘယ်မှာရှိတယ်ဆိုတာ သိထားပြီပဲ၊ အို ... ဘယ်ကိုပဲပြေးပြေး မြေလှန်ရှာမယ်၊ ခုတော့ပြန်ကြပါစို့''

နန္ဒသုခလည်း လောလောဆယ် လက်လျှော့လိုက်သည်။

''ကောင်းပြီလေ''

တစ်ခဏအကြာတွင် မြင်းကိုယ်စီဖြင့် နောက်ကြောင်းပြန်လှည့်လာကြသည်။ ထိုစဉ် ...

''ဟား ဟား .. ဟား ဟား ဟား''

ရယ်သံကြီးကို အမှတ်မထင်ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

## ကြယ်ကြွေကျသောည

ညသန်းခေါင်ကျော်ကျော် ဖန်လေး၏နားထဲတွင် မြင်းခွာသံများကို သဲ့သဲ့မျှကြားရသည်။ ညနေဘက် သူတို့ထွက်သွားကြပြီးကတည်းက ဖန်လေးတစ်ယောက် အိပ်၍မပျော်ရှိနေခဲ့ရသည်။ မှေးခနဲအိပ်ပျော်သွားလိုက်၊ ပြန်၍နိုးလာလိုက်နှင့် ဖြစ်သည်။ သူမ၏စိတ်ထဲမှာ နန္ဒသုခအတွက် စိုးရိမ်နေမိသည်။

"အရေးတကြီးနဲ့တော့ ထွက်သွားခဲ့ကြတာပဲ၊ ဘယ်လိုအကြောင်းကြောင့်လဲတော့ မသိဘူး"

စိတ်ဝင်စားမိသည်။ စပ်စုချင်သည်။ သို့သော် မသင့်တော်၊ မလျော်ကန်၍ ဆင်ခြင်မိရသည်။ မြင်းခွာသံတွေ ဆိုတာကတော့ သေချာသည်။ သူတို့ကလွဲပြီး အခြားသူတွေ မဖြစ်နိုင်။ စားပွဲထက်မှာ ဖယောင်းတိုင်တုတ်တုတ်ကြီးကို ထွန်းထားသည်။ အတိုင်၏သုံးပုံတစ်ပုံလောက်ပဲ ကုန်သေးသည်။ ဖန်လေး ခုတင်





ထက်က အောက်ကိုဆင်းလိုက်သည်။ တံခါးနားကို တိုးသွားသည်။

သူတို့ပြန်ရောက်လာကြလျှင် ဘာတွေပြောကြမလဲ။ ခရီးဆိုသည်ကို သိချင်နေမိသည်။ ပိတ်ထားသော တံခါးဆီကို ကပ်သွားသည်။ လက်နှင့်ထိလိုက်သည်။ ထုံးစံအတိုင်း၊ အပြင်ဘက်ကနေ သော့ခတ်ထားသည်။ အပြင်ကိုထွက်လို့ရလျှင် ကောင်းမှာပဲ ဟုတွေးမိသည်။ မထင်မိသော်လည်း တံခါးရွက်ကို လက်ဝါးဖြင့် ဖိကာတွန်းကြည့်လိုက်သည်။

'ကျွီ'

"ဟင်"

မထင်မှတ်ဘဲ တံခါးက ပွင့်သွားခဲ့လေသည်။ ယုံပင်မယုံချင်။ သေချာစွာကြည့်သောအခါ အမှန်တကယ်ပင် ပွင့်နေသည်ကို သိလိုက်ရလေတော့သည်။ အပြင်ကနေ သော့ချဖို့ မေ့သွားခဲ့လေသလား။ တစ်ခါတလေတော့ မေ့သွားလိမ့်မည်ဟု ထင်သည်။ ဤသည်ကို အခွင့်ကောင်းယူပြီး အပြင်ကို ထွက်ကြည့်ရင် ကောင်းမလား။ အိမ်ကြီးထဲမှာတော့ မှောင်နေသည်။ ဖန်လေး အမှောင်ကိုမကြောက်ပါ။ သို့သော် မီမီ အရဲစွန့်လို့ ကောင်းပါ့မလား။

မီးတိုင်ကိုပြန်ပြီးတော့ ယူမည်ပြုစဉ် အိမ်မကြီးထဲမှ ထွက်ပေါ်လာသော မီးရောင်လက်လက်ကို အမှတ်မထင် တွေ့လိုက်ရသည်။ မီးရောင်က တဖြည်းဖြည်းနှင့် ဖြန့်ကြက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူလဲ ... ဒေါ်သီရိပဲဖြစ်မှာပဲ”

ဖန်လေးသည် အခန်းတံခါး၏အပြင်ကိုထွက်ပြီး ပုဏ္ဏားကွယ်တစ်ခုမှ ရပ်နေလိုက်သည်။ ဒေါ်သီရိသည် လှေကားကြီး၏ ဘေးဘက်မှ ထွက်လာခဲ့သည်။ လက်ထဲမှာလည်း ကြေးကွင်းတိုင် စွပ်ဖယောင်းတိုင်ကြီးကို ကိုင်လျက်သား။ သူမ လျှောက်လှမ်းလာသည်။ အနေအထားက စမ်းတဝါးဝါးနှင့် ရှိနေသလို။ မတ်တတ် စမ်းစ ကလေးငယ်တစ်ဦး၏ ဟန်မျိုး။ သို့မဟုတ် မမြင်မကန်းနှင့် လျှောက်နေသူတစ်ဦး၏အခြေအနေမျိုး။

“ဟင် ... ဒေါ်သီရိ ဘယ်လိုဖြစ်နေတာလဲ၊ လမ်းလျှောက်လာတာ ယိုင်တိယိုင်တိုင်နဲ့၊ အိပ်ရာက ယောင်ပြီးတော့ ထလာတာလား ... နေများမကောင်းလို့လား”

ဖန်လေးသည် ဒေါ်သီရိ၏ ထူးခြားသော လမ်းလျှောက်ဟန်ကြောင့် အံ့အားသင့်နေမိသည်။ ထို့ကြောင့် အမှတ်တမဲ့ ဖြစ်သွားကာ နေရာမှပြေးထွက်ခဲ့သည်။ သတိပေးရင်း အကူအညီပေးရန် ဖြစ်သည်။ သို့ရှိနိုက်မှာပင် ဒေါ်သီရိသည် ခြေခေါက်ကာ လဲကျသွားခဲ့လေသည်။

“အို”

ဖန်လေး၏နှုတ်မှ “အို” ဟု အမှတ်တမဲ့ ထွက်သွားခဲ့သည်။ ကြေးမီးတိုင်သည် အောက်ကိုလွတ်ကျသွားခဲ့သော်လည်း လဲကျမသွားခဲ့။ ထောင်လျက်သား ဖြစ်နေသည်။ ဒေါ်သီရိသည် မီးတိုင်ကို မမြင်မကန်းနှင့် လိုက်ပြီးတော့ စမ်းနေသည်။ မီးတိုင်က





သူမနှင့် အနည်းငယ်ကွာဝေးနေသောနေရာကို ရောက်သွားသောကြောင့် လှက်လှမ်းကမမီ။

“ဟင် ... ဒေါ်သီရိက ဒီကြေးမီးတိုင်ကိုတောင် မမီမကမ်းနဲ့ စမ်းနေတယ်၊ ဘာဖြစ်လို့ မမြင်နိုင်ရတာလဲ”

ဖန်လေး အံ့အားသင့်သွားခဲ့ရသည်။ ပြေးသွားပြီး ဒေါ်သီရိကို တွဲထူလိုက်သည်။ မီးတိုင်ကိုလည်း ကောက်ယူလိုက်သည်။

“ဘယ် ... ဘယ်သူလဲ ... ဖန်လေးလား”

“ဟုတ် ... ဟုတ်ပါတယ်၊ ဒေါ်ဒေါ် နေမကောင်းဘူးလား”

ဒေါ်သီရိက ကြောင်စီစီမျက်လုံးများဖြင့် ဟိုကြည့်ဒီကြည့်နှင့်ရှိနေသည်။ မူးဝေနေသော မျက်လုံးမျိုးလည်းမဟုတ်ပါ။ ဒါ ... ဒါဆို ဖန်လေးသိလိုက်ပါပြီ။ ဒေါ်သီရိသည် ကြက်မျက်သင့်နေသူတစ်ဦး။ နေ့ဘက်မှာသာ အရာအားလုံးကိုမြင်ရပြီး ညဘက်တွင် မည်သည့်အရာကိုမှ မမြင်ရသော မျက်စိဝေဒနာရှင် ဖြစ်နေသောကြောင့်ပင်တည်း။

“ဖန် ... ဖန်လေး သခင်ကြီးပြန်လာပြီ၊ ခြံတံခါးသွားဖွင့်ပေးရမယ်၊ ဒါ ... ဒါပေမဲ့ ... ဒေါ် ... ဒေါ်ဒေါ်ဟာ”

“နေ နေ ဒေါ်ဒေါ် ... ဖန်လေးသွားဖွင့်ပေးလိုက်မယ်”

“ဖြစ်ပါ့မလား ဖန်လေး ... တော်ကြာ သခင်ကြီးက ပြောနေဦးမယ်”

“အို ... ဘာလို့မဖြစ်ရမှာလဲ၊ ဖန်လေးက အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



ပေးတာပဲဟာ''

ဖန်လေးသည် အိမ်တံခါးမကြီးဆီကို ပြေးသွားပြီး တံခါးမင်းတုပ်ကို ဆွဲမလိုက်သည်။ ထို့နောက် မီးတိုင်ကိုကိုင်ကာ ခြံဝဲသို့ ဆင်းလာခဲ့သည်။ အပြင်ဘက်တွင် အတော်ကလေးကို အေးသည်။ လေငြိမ်နေ၍တော်သေးသည်။ သို့သော် မီးမငြိမ်းစေရန် သတိထား၍လျှောက်သွားသည်။ ခြံတံခါးနားကိုအရောက်တွင် မြင်းများ၏နှာမှုတ်သံများကို ကြားလိုက်ရသည်။

ခရီးဝေးကနေ ပြန်လာခဲ့ကြဟန်တူသည်။ မောပန်းနေကြသော မြင်းများ တံခါးအဖွင့်ကို စောင့်နေကြဟန်တူသည်။ ဖန်လေးသည် ဒေါ်သီရိဆီက ခြံတံခါးသော့ကိုယူလာသည်။ သော့ကိုဖွင့်လိုက်သည်။ မြေပြင်မှာချထားသော မီးတိုင်ကို ပြန်ယူသည်။ တံခါးကို ဖွင့်လိုက်သည်။ အမှန်မှာ မီးတိုင်လည်းမလိုပါ။ အပြင်ဘက်မှာ သူ၏အလင်းရောင်ကြောင့် အားလုံးကို ထင်ရှားစွာမြင်နိုင်သောကြောင့်ပင် မြင်လည်းမြင်နေရသည်။

ခြံတံခါးနှင့်ခပ်လှမ်းလှမ်းတွင် မြင်းလေးကောင်သည် ရပ်နေကြသည်။ နန္ဒသုခသည် မီးတိုင်ကိုကိုင်ကာ တံခါးဝမှာ ရပ်နေသောဖန်လေးကို မြင်လိုက်ရသောအခါ အံ့အားသင့်သွားမိသည်။ ထို့အတူ ဦးကျောက်မောင်းသည်လည်း မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရသည့်အတွက် မျက်မှောင်ကြုတ်သွားခဲ့သည်။ ထူထဲသောမျက်ခုံးနှစ်ဖက်သည် နှာရောင်မှာစုကာ ထိစပ်လုမတတ် ဖြစ်သွားရ၏။ ထို့နောက် မြင်းများနှင့်အတူ တစ်လှမ်း





ချင်း လာနေကြသည်။ ဖန်လေးကလည်း သူ့ကို နန္ဒသုခက မမျှော်လင့်ဘဲတွေ့လိုက်ရသည့်အတွက် ဆူပူကြိမ်းမောင်းမှာလား။ ဒေါသတကြီးနှင့် အော်ကြီးဟစ်ကျယ် ပြောပစ်လိုက်မှာလားဟု ရင်တထိတ်ထိတ်နှင့် ခံစားနေရသည်။

ရွှေမျက်နှာဖုံးတပ်ထားသော နန္ဒသုခ၏မျက်နှာဖုံးနောက်ကွယ်မှ မျက်နှာအမူအရာကို မည်သို့မှမသိနိုင်ပေ။ သို့သော် ထူးခြားချက်တစ်ခုမှာ ဦးကျော်ကမောင်း၏မျက်နှာအမူအရာသည် ဖန်လေးကိုတွေ့လိုက်ရသောအခါ သိသာစွာ ပြောင်းလဲသွားခြင်းပင်ဖြစ်သည်။

''ဟင် ယုယ ... ယုယ''

နှုတ်မှ တီးတိုးထွက်သွားခဲ့ရသည့်အထိပင် တစ်ပြိုင်နည်းမှာပင် သူ၏တစ်ကိုယ်လုံးသည် ကြက်သီးမွေးညင်းများ ထသွားခဲ့ရသည်။

''သ ... သခင်ကြီး သူ ... သူဟာ''

''ဟုတ်တယ် ဦးရိုး ... အံ့အားသင့်မယ်ဆိုလည်း ဒီအတိုင်းပဲ ရှိရမယ်လေ၊ ခုတော့ ဒီအကြောင်းတွေကို မသိချင်ပါနဲ့ဦး။ နောက်တော့မှ အေးအေးဆေးဆေး ပြောပြပါ့မယ်၊ ဒါပေမဲ့ ဟိုလူဆိုတဲ့လူကြီးသာ သိသွားခဲ့ရင်တော့ ဘယ်လိုဖြစ်သွားမလဲ မသိဘူး''

''ယုယဟာ သေရွာက ပြန်လာခဲ့တာ မဟုတ်ဘူးဆိုရင်တော့ သူနဲ့ ဒါလောက်တူတဲ့မိန်းကလေးတစ်ယောက် နှင်းသုခ



www.burmeseclassic.com

www.burmeseclassic.com



မြိုင်ကြီးထဲကို ပြန်ရောက်နေတာ မယုံနိုင်စရာပဲ''

ဖန်လေးသည် သူမကို ဦးကျော်ကမောင်းကပါ ယုယဟု ပြောလာခဲ့ပြန်သည့်အတွက် အံ့အားသင့်မိသွားခဲ့ရသည်။

''ဒီ ဦးကျောက်မောင်းဆိုတဲ့လူကြီးကလည်း ငါ့ကို ယုယ နဲ့တူတယ်လို့ ပြောနေပြန်ပါလား''

တွေးရင်းနှင့် အိမ်ကြီး၏အခန်းတစ်ခန်းထဲရှိ ဆွေစဉ်မျိုးဆက်ရုပ်တုများစွာထဲက သူမနှင့်တူသော မိန်းကလေးရုပ်တုကို သတိရမိသွားခဲ့သည်။

''ကဲ ဦးရိုးတို့ ... အချိန်လည်းမရှိတော့ဘူး၊ ဒီမှာပဲ အိပ်လိုက်ကြပါလား''

''မအိပ်တော့ဘူး သခင်ကြီး ... ပြန်ရမယ်၊ တစ်ခုတော့ မှာခဲ့ချင်တယ် ... ကျားစေဦးလဲကို ဒေါသထွက်အောင် ဆွပေးခဲ့ပြီမို့ သခင်ကြီး ရှေ့ဆက်ပြီး သတိထားရပါတော့မယ်''

''အေးပေါ့လေ ... သူ ဘယ်လိုပဲ အပုန်းကောင်းကောင်း ... ဝေးဝေးမှာမပုန်းဘဲ နှင်းသုခမြိုင်နဲ့ အဆက်အသွယ်ရှိတဲ့နေရာမျိုးမှာဆိုတော့ သူ့အကြံအစည်ကို သိလောက်ပါပြီလေ၊ သတိထားစရာပဲပေါ့''

''ကျုပ်လည်း ခါတိုင်းထက်ကို သခင်ကြီးအတွက် ဂရုစိုက်ပေးရပါတော့မယ်၊ ကိုင်း ... သွားဦးမယ်''

ဦးကျောက်မောင်းနှင့် ပည့်နှစ်ယောက်သည် မြင်းများကိုဖက်ခွ့ကာ တစ်နေရာကို ဦးတည်ပြီးတော့ ထွက်သွားခဲ့ကြလေ၏။ သူတို့ယူလာခဲ့သော နန္ဒသုခစီးသည့် မြင်းကိုတော့ ပြန်ပြီးယူမသွားခဲ့ပေ။

◆ ◆

နန္ဒသုခသည် ခြံထဲကိုမြင်းနှင့်အတူ ဝင်လာခဲ့ပြီး မြင်းပေါ်က ဆင်းလိုက်သည်။ ဖန်လေးက သူမကို တစ်ခုခုများပြောလေမလားဟု ခေါင်းလေးငုံ့ကာ နားထောင်နေမိသည်။

သို့သော်သူမ ကြားလိုက်ရသည့်စကားက ...

''ဖန်လေး ... အပြင်မှာ အေးတယ် ... လာ''

ဟူသော တိုတောင်းသည့် စကားတစ်ခွန်းပင်။ လေသံကလည်းစိတ်ဆိုးပြီး တင်းမာနေသည့်မျိုးမဟုတ်။ ပုံမှန်ပင်။

''ဟုတ်ကဲ့''

နန္ဒသုခက မြင်းဇက်ကြိုးကိုဆွဲပြီး ဖန်လေးနှင့်အတူ လျှောက်လာခဲ့သည်။ လမ်းမှာ မည်သည့်စကားမှ ထပ်မပြောတော့။

◆ ◆









www.burmeseclassic.com

www.burmeseclassic.com

ရက်အတန်ငယ်ကြာလာသည်အထိ ထူးခြားမှုမရှိခဲ့။ ထူးခြားမှုမဟုတ်ဘဲ နှင်းသုခမြို့တွင် လူတစ်ယောက်တိုးလာခဲ့သည်က သိသာသည်။ ထိုသူ၏အမည်မှာ ဦးမော်ဖြစ်သည်။ အသက်ငါးဆယ်ဝန်းကျင်ခန့် ရှိမည်ဖြစ်ပြီး နန္ဒသုခစီးသည့် မြင်းကို ထိန်းကျောင်းရသည်။ ကျွေးမွေး ပြုစုရသည်။ သူ့ကိုခြံကြီး၏ အနောက်ဘက်တွင်နေစေသည်။ သီးခြားအိမ်တစ်လုံး ဆောက်ပေးထားဟန်တူသည်။ သို့မဟုတ် နဂိုကပင် နေစရာ အိမ်ဟောင်းတစ်လုံး ရှိထားသည်လည်းဖြစ်နိုင်သည်။

နန္ဒသုခနှင့် ဖန်လေးတို့သည် တစ်အိမ်တည်းမှာနေပြီးတော့ တွေ့ရခဲသည်။ နေ့ပိုင်းတွင် ဖန်လေး လွတ်လပ်သည်။ အိမ်အပြင်ကို ထွက်ခွင့်ရှိသည်။ ဝင်းခြံကြီး၏အပြင်ဘက်ဆီကိုတော့ ထွက်ခွင့်မပြု။ ချုပ်ချယ်မှုမဟုတ်ဘဲ အန္တရာယ်၊ အနှောင့်အယှက်၊ ရန် စသည်တို့ကြောင့်ပဲ ဖြစ်မည်ထင်သည်။ ဖန်လေးသည် ခေါင်းထဲတွင် အမည်တစ်ခုက စွဲထင်လျက်ရှိသည်။

"ဒတ္တ . . . ဒတ္တ . . . တဲ့၊ သူတို့ပြောမှုခဲ့ကြတဲ့ အဲ့ဒီနာမည်ပိုင်ရှင်ဟာ ဘယ်သူလဲ၊ ငါ သိသလိုလိုပဲ"

ဒတ္တဆိုသည့် အမည်ကို နန္ဒသုခနှင့် ဦးမိုးကောင်းတို့၏ နှုတ်မှ သုံးခဲ့သည်။ ထိုအမည်ကိုကြားမိလိုက်သည်နှင့် သူမ၏ အသိအာရုံတို့ ဖျတ်ခနဲဆို လှုပ်နိုးလိုက်သလို ဖြစ်သွားခဲ့ရသည်။ ဇစ်မြစ်အကြောင်းရင်းကို မသိမသာ ဖွေရှာဆန်းစစ်သော်လည်း ခေါင်းထဲက အဖြေထွက်မလာ။







မိမိ၏မျက်နှာကို မည်သူမှမမြင်စေရဘဲ ရွှေမျက်နှာဖုံး တပ်ထားသော . . . နန္ဒသုခ၊ ကြက်မျက်သင့်နေကာ ညဘက်တွင် ဘာမှမမြင်နိုင်သော ဒေါ်သီရိ၊ ဦးမိုးကောင်းဆိုသည့် လူသူသည် နန္ဒသုခထက် အသက်ကြီးသော်လည်း သခင်ကြီးဟု လေးလေးစားစားခေါ်ကာ ဦးစားပေးတတ်သူ။ ပြီးတော့ . . . ဒတ္တဆိုသည့်လူသည် နန္ဒသုခ၏ ရန်ဘက်တစ်ဦးဟု ထင်ရချက်။

အိမ်ကြီး၏အခန်းတစ်ခန်းထဲမှ ဒွေစဉ်မျိုးဆက် ရုပ်တုများ။ ထိုအထဲမှ မိန်းကလေးရုပ်တုသည် ဖန်လေးနှင့် တစ်ထေရာတည်းတူနေသည်။ သူတို့၏နှုတ်မှ "ယုယ" ဟု အမှတ်မထင်ထွက်ထွက်လာတတ်သည်။ ထိုရုပ်တုသည် ယုယလား။ ဖန်လေး၏ အတွေးထဲတွင် ယင်းအရာများက နေရာယူထားကြလေသည်။ လိမ့်ပတ်လည်အောင် နားမလည်နိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

### [illegible]

သို့နှင့် ...

နောက်ထပ်လပြည့်ညသို့ ရောက်လာခဲ့ပြန်လေပြီ။ ဝိုင်းဝိုင်းစက်စက်နှင့် ဖန်လိမ်းလုံးကြီးတစ်လုံးပမာ လင်းထိန်နေသောလမင်းကြီးသည် မိုးအောက်မြေပြင်ပေါ်သို့ လင်းရောင်ခြည်များကို ပက်ဖျန်းပေးထားသည်။ မြင့်တက်မလာသေးသောလသည် တောင်အကွယ်၊ သစ်ပင်များအကြိုအကြားမှာပင် ရှိနေသေးသည်။ ဇန်လေးသည် ယခင်တစ်လခန့်က လပြည့်ညကို ပြန်ပြီးတော့ သတိရမိသည်။ ထူးခြားသော အော်သံကြီးက ဆက်ကာ၊ ဆက်ကာပင် ထွက်ပေါ်လာခဲ့သည် မဟုတ်ပါလား။

ယင်း ချောက်ချားစရာအသံကြီးကို ကြားနေရပြီး ပြန်ပြီး အိပ်မရတော့။ နောက်ထပ် သုံး၊လေးရက်တိုင် ထိုအသံကြီးက စိတ်ထဲမှာ စိုးမိုးနေဆဲပင်ရှိနေခဲ့သည်။ ယခုလည်း လပြည့်ည





ကို ရောက်လာခဲ့ပြန်လေပြီ။ ဘာမဆိုင်၊ ညာမဆိုင် ဟိုတစ်ခါကလို ဖြစ်နေဦးမှာလားဟု၊ နက်ကျောသောအော်သံကြီး ကြားရဦးမှာလားဟူသော အတွေးက ဝင်လာမိသည်။

အိပ်ရာထဲသို့ စောစောဝင်ခဲ့သည်။ နှစ်ခြိုက်စွာအိပ်ပျော်သွားခဲ့မှ ဖြစ်မည်။ သို့မှသာလျှင် အော်သံနက်ကြီးထွက်ပေါ်လာခဲ့ပါက မကြားနိုင်ဘဲရှိနေရမည်။ ထို့ကြောင့် အိပ်ရာထဲတွင် ပက်လက်အနေအထားဖြင့် စိတ်ကိုဖြေလျှော့ထားမိလိုက်သည်။ လရောင်သည် အခန်းနံရံအထက်၊ အုတ်ပေါက်လေးများကြားထဲက ယိုစိမ့်ပြီးတော့ ဝင်လာခဲ့သည်။ စိတ်ကို ဖြေလျှော့ထားသည် ဖြစ်၍ အာရုံကြောများ၏တင်းမာမှုများသည်လည်း တဖြည်းဖြည်းနှင့် လျှော့သွားကြသည်။ ပျော့ပျောင်းသွားခဲ့ကြသည်။ ထိုအခါ မျက်ခွံမှိုမှိုလေးတွေက ငြိမ်သက်လာကြသည်။ ကော့စင်းသော မျက်တောင်လေးတွေကလည်း တဖြည်းဖြည်းနှင့် မေးစင်းလာကြကာ ...

◆ ◆

ယင်းအချိန်တွင် ...

နှင်းသုခမြိုင်စံအိမ်ကြီး၏ အပေါ်ထပ်တွင် သီးခြားအခန်းကျယ်ကြီးတစ်ခုအတွင်း၌ တစ်ယောက်တည်း ခေါက်တုံ့ခေါက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်နေသော လူတစ်ယောက်။ ရွှေမျက်နှာဖုံးကိုတပ်ထားသော နန္ဒသုခ။

“ဒုက္ခ . . . ဒုက္ခ . . . သင်းနေတဲ့နေရာကို ငါသိပြီ၊ လက်စသတ်တော့ သင်းက အဝေးတစ်နေရာမှာ ဇာတ်မြှုပ်ထားသယောင်နဲ့ တကယ်တော့ ငါနဲ့မဝေးတဲ့နေရာ၊ လက်တစ်ကမ်းလောက်မှာပဲ ရှိနေတာပါလား”

နန္ဒသုခသည် မျက်နှာကိုဖုံးအုပ်ထားသော ရွှေမျက်နှာဖုံးကို လက်နှင့်စမ်းသပ်လိုက်သည်။

“ဒီမျက်နှာကြီးကို ပြုပြင်ပေးလို့ရဲ့နဲ့ တမင် ဥပေက္ခာပြုထားတာ ကောက်ကျစ်မှုပဲ၊ ဟိုနေ့က သူ့ကိုငါ နစ်စပြတ်လုပ်လိုက်လို့ရတယ်၊ ဒါပေမဲ့ သင်းသေသွားခဲ့ရင် ငါ့မျက်နှာအတွက် ဖြေဆေး သူ့ဆီက ရနိုင်မှာမဟုတ်တော့လို့ . . . အဲဒါကြောင့် . . . မဟုတ်ရင်တော့လားကွ . . . တောက်”

သူသည် မထိုင်နိုင်သေးဘဲ နံရံမှာကပ်ထားသည့် ကြေးမုံမှန်ဆီကို လျှောက်သွားသည်။ မှန်ထဲတွင် ထင်ဟပ်လာသည့် သဏ္ဌာန်က လူတစ်ယောက်၏မျက်နှာသဏ္ဌာန်နှင့်။ ရွှေမျက်နှာဖုံး၊ မျက်နှာသေကြီးကို သူမြင်နေရသည်။ ခံစားမှုကင်းမဲ့နေသည့် အရုပ်မျက်နှာ။ နန္ဒသုခ၏လက်နှစ်ဖက်သည် မျက်နှာဆီကို ရောက်သွားခဲ့သည်။ ရင်ထဲမှာ တလှပ်လှပ်နှင့် ဖြစ်လာခဲ့ရသည်။ မူးဝေသောဝေဒနာကို ရုတ်တရက် ခံစားလာရသလို မတ်မတ်ရပ်နေသော ခန္ဓာကိုယ်သည် ယိမ်းယိုင်သွားခဲ့ရသည်။





စိတ်ကို တစ်ချက်တင်းလိုက်ပြီး တုန်ယင်သောလက်ချောင်းများဖြင့် မျက်နှာဖုံးကို ဆွဲဖြုတ်ပစ်လိုက်လေသည်။ ထိုအခါ ကြေးမုံပြင်မှာထင်ဟပ်လာသော မျက်နှာကြီးတစ်ခု။ အထွတ် အထွတ်များထနေသော အရေပြားများ။ အချို့နေရာများတွင် ပျောတွဲလျက်ရှိပြီး သက်ကြားရှယ်အိုတစ်ဦး၏ပုံ ပေါက်နေကာ ရွတ်တွကြီးဖြစ်နေသည်။ မျက်လုံးနှစ်လုံးသာလျှင် အကောင်းအတိုင်း ကျန်ရစ်ခဲ့သည်။ အပေါ်နှုတ်ခမ်းကခပ်ပါးပါး။ သို့သော် အောက်နှုတ်ခမ်းက သိသာစွာ တွဲပြီးတော့ကျနေသည်။

ဘယ်လိုမှ ကြည့်မကောင်းသောမျက်နှာ၊ မသတီစရာကောင်းသည့်ရုပ်သွင်။ ဒီရုပ်ကြီးကို မကြည့်ချင်ဘဲကြည့်နေရသည့်အတွက် စိတ်ထဲမှာ အော်ဂလီဆန်လာမိသည်။ ယူကျုံးမရ ဖြစ်လာမိသည်။ ဖြစ်ခဲ့သည့်ကိစ္စများကို အဆင့်ဆင့်ပြန်တွေးမိလာခဲ့ပြီး ရင်ထဲမှာပိုပြီးတော့ တင်းကျပ်စွာခံစားလာခဲ့ရသည်။ မျိုသိပ်ထားသမျှ ပေါက်ကွဲမတတ်ဖြစ်လာခဲ့ရလေကာ . . .

“အား”

“အား”

ခါးသည်းစွာပင်လျှင် အော်ပစ်မိလိုက်လေတော့သည်။ ယင်း အသံကြီးသည် အခန်းထဲမှ လွင့်မျောပြီးထွက်သွားသည်။ အိမ်ကြီးတစ်အိမ်လုံးပင် သိမ့်သိမ့်တုန်သွားခဲ့ရလေ၏။

ယင်းအချိန်တွင် . . .

အိပ်ပျော်စပြုနေသော ဖန်လေ။ မမျှော်လင့်ဘဲ ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသော အသံဆိုးကြီးကြောင့် •••

“ဟင်”

လန့်ပြီးတော့ နိုးသွားခဲ့ရပါတော့သည်။

◆ ◆

BURMESE CLASSIC .com

လွန်စွာမှ ဝေးလံသီခေါင်သောနေရာတစ်ခု။ ရှေးဟောင်းရဲတိုက်ကြီးနှင့်တူသော ဤအိမ်ကြီးကို မည်သူတွေက မည်သည့်အချိန်တွင် တည်ဆောက်ခဲ့ကြသလဲမသိ။ မည်သူတွေက နေထိုင်ခဲ့ကြသလဲမသိ။ နောက်ဆုံးရောက်လာသောသူများမှာ တိုင်းရင်းသားမျိုးနွယ်စပ်သော မိသားစုများပင်။ သူတို့သည် နှင်းသုခခြံ၊ နှင်းသုခစံအိမ် ဟု အမည်ပေးခဲ့ကြသည်။

မြို့နှင့်အတန်ငယ်ဝေးကွာသောနေရာတွင် တိတ်တဆိတ် လာရောက်၍ အခြေချခဲ့သောမိသားစု။ သူတို့၏ဘဝကားတကယ်ပင် ငြိမ်းချမ်းခဲ့ကြသည်။ အခြွေအရံများစွာလည်း ပါလာခဲ့ကြသည်။ ထိုအထဲတွင် ပန်းပုပညာရှင် ကိုသူရလည်း အပါအဝင်။ ကိုသူရသည် ဤအတတ်ကို အိန္ဒိယပြည် မဒရပ်မြို့တွင် သင်ကြားခဲ့သည်။ ငယ်စဉ်ကတည်းက ထိုပညာရပ်ကို ဝါသနာကြီးစွာထုံခဲ့သည်။ အိပ်မက်ထဲမှာပင်လျှင် လှုပုံများကို ထုဆစ်နေမိလေသည်။ အဆက်အသွယ်ကောင်း၍ တိုင်းတစ်ပါးတွင် ပန်းပုပညာကိုသွားရောက်သင်ခဲ့သည်။ မည်သူ့အဆက်အသွယ်နှင့် ဆိုသည်ကို မသိရ။ ထို့အပြင် သူသည် နှင်းသုခမြိုင်မိသားစုနှင့်အတူ ပါလာခဲ့သော်လည်း ဆွေမျိုးမတော်စပ်။

(ရင်းနှီးမှုနှင့်လည်းကောင်း၊ ငွေကြေးကိုမက်လောက်အောင်ပေးပြီး အပြီးခေါ်လာခဲ့ခြင်းဖြင့်လည်းကောင်း တစ်ခုခုဖြစ်နိုင်သလို နှစ်ခုစလုံးလည်း ဖြစ်နိုင်သည်။)

ကိုသူရ၏တာဝန်မှာ နှင်းသုခမြိုင်မိသားစုဝင် တစ်ဦးချင်းစီ၏ **ကိုယ်ပွားရုပ်ကုများကို** ထုဆစ်ပေးရခြင်းပင်။

ဤစံအိမ်ကြီးဆီကိုရောက်လာကြသော မိသားစုများမှာ **ဦးကေတု၊ ဒေါ်စက်ရှင် (နှင်းသုခ၏အဘိုးနှင့် အဘွားများဖြစ်ကြသည်။ မိခင်ဘက်မှတော်စပ်သည်)** မိခင်နှင့်ဖခင်မှာ **နန်းသီတာနှင့် ကိုကျော်ဝ**ဖြစ်၏။ ဦးကေတု၊ ဒေါ်စက်ရှင်တို့မှာ ဒေါ်နန်းသီတာ၏မိဘများ။ ကိုကျော်ဝ၏မိဘမျိုးရိုးကိုတော့ မသိရ။ ဤနှင်းသုခခြံကြီးကို ဦးကေတုက ဝယ်ခဲ့ခြင်းပင်ဖြစ်၏။

နှင်းသုခနှင့် အနီးဆုံးနေရာမှာ **ချင်းမြည်နယ် (-----) မြို့** ဖြစ်၏။ နီးသည်ဟုဆိုပေမယ့်လည်း မိုင်နှစ်ဆယ်ပျော့ပျော့ကတော့ ကွာဝေးသည်။ တိုက်ရိုက်ဖြောင့်ဖြူးစွာ မသွားနိုင်။ ကုန်းတစ်တန်၊ ရေတစ်တန် အဆင့်ဆင့်။ ဤမျှဝေးကွာသောနေရာမှ မည်သည့်အကြောင်းကြောင့် လာပြီးနေရသလဲဟူမှု သူတို့မိသားစုမှလွဲပြီး မည်သူမှမသိနိုင်ကြပါ။

မြို့တက်ပြီး ဈေးသွားဝယ်လျှင်လည်း မြင်းနှင့်သွားရ









www.burmeseclassic.com

www.burmeseclassic.com



သည်။ လူယုံတော်၊ အဝယ်တော်မှာ ကိုကျော်မောင်းပင်။ မြို့ကို မနက်စောစောသွားလျှင် ညမိုးချုပ်ခါနီးမှာ ပြန်ရောက်သည်။ နှစ်ပတ်စာရိက္ခာများကိုဝယ်ပြီး ဦးကေတုအား စာရင်းဖယားနှင့်တကွ အပ်နှံသည်။ ကိုကျော်မောင်းသည် ဦးကေတုနှင့် မိသားစုအပေါ်မှာ အထူးသစ္စာရှိသော လူယုံတော်ကြီးပင်။ လက်ဝတ်ရတနာများကို ထုခွဲပြီးငွေကြေးနှင့်လဲလှယ်ဖို့အတွက်ကို ကျော်မောင်းပင် တာဝန်ယူရသည်။

တစ်ခါတစ်ရံတွင် ကိုသူရသည် ကိုကျော်မောင်းနှင့်အတူ မြို့ကိုလိုက်သွားတတ်သည်။ လိုအပ်သော ပန်းချီဆေးရေးပစ္စည်းများ၊ ပန်းပုအတွက်ပစ္စည်းများကို ဝယ်ယူရန်ဖြစ်သည်။ သို့သော် တစ်လတစ်ကြိမ်ပင် သွားခဲ့ပါသည်။

◆ ◆ ◆

တစ်ရက်တွင် ...

နှင်းသုခမြိုင်ကို လူငယ်တစ်ယောက်ရောက်လာခဲ့သည်။ နန္ဒသုခပင် ...။ သူသည် ကိုကျော်ဝ၊ နန်းသီတာတို့၏ တစ်ဦးတည်းသောသား။ အိန္ဒိယပြည် ဒါဂျီလင်တွင် ပညာသင်ကြားပြီး ပြန်ရောက်လာခဲ့ခြင်းပင်ဖြစ်သည်။ သို့သော် နန္ဒသုခသည် နှင်းသုခမြိုင်ကို ရောက်လာခဲ့သည့်အတွက် အံ့အားသင့်နေမိသော







အမှုအရာများကို ပြနေလေသည်။

"အဖေ ဝယ်လိုက်တယ်ဆိုတာ ဒီခြံကြီးနဲ့ ဒီအိမ်ကြီးကိုလား"

"ဟုတ်တယ် သား ... ဒီနေရာကို သားရဲ့ဘိုးဘိုးက ဝယ်လိုက်တာ၊ ဒါပေမဲ့ အဖေတို့လည်း ဒီကိုရောက်မှသိကြရတာ၊ သား သိတဲ့အတိုင်းပဲလေ ... သားရဲ့ဘိုးဘိုးက ဘာမဆိုလျှို့ဝှက်တတ်တယ် မဟုတ်လား"

"သားက ဒီနေရာကို သဘောမကျလို့လား"

မိခင်နန်းသီတာက မေးသည်။ သားဖြစ်သူ နန္ဒသုခမကြိုက်မှာကို စိုးရိမ်နေမိသည်။

"မဟုတ်ပါဘူး ... ဒီနေရာကို သား သဘောကျပါတယ်၊ လူသူအဆက်နဲ့တော့ ကင်းဝေးပုံရတယ်၊ ဒါပေမဲ့ အဲသလိုနားအေးပါးအေးနေရတာကလည်း အရသာတစ်မျိုးပါပဲလေ"

လူကြီးတွေ၏အကြိုက်ကို လိုက်ပြောတာလား၊ သူကိုယ်တိုင်ကပဲ တကယ်စိတ်ဆန္ဒရှိ၍ပဲလားမသိ။ သို့သော် နန္ဒသုခ၏ နဂိုဗီဇကိုက အေးဆေးပြီး နူတ်နည်းသူဖြစ်သည်။ စာပေနှင့်မွေ့လျော်ပြီး အခန်းထဲမှာ စာအုပ်တစ်အုပ်နှင့်သာ အချိန်ကုန်နေတတ်သည်။

အဘိုးဖြစ်သူ ဦးကေတုသည် စည်းစနစ်ကြီးသူဖြစ်သည်။ သူလည်း ရင်ထဲမှာရှိသည့်ဆန္ဒကို အမြဲတစေမျိုသိပ်ထားတတ်သည်။ ပြောရေးရှိကပြောသည်။ ဆိုရေးရှိကဆိုသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်က ထွက်လာသော စကားသည်အတည်ဖြစ်၏။

"ငါ့မြေးကို နိုင်ငံခြားသွားပြီး ပညာသင်စေတာ ပညာဂုဏ်ရှိစေချင်လို့ပဲ၊ ဒါပေမဲ့ ကိုယ့်ပညာကို ကြောင်လက်သည်းလို ဝှက်ထားရမယ်၊ အရေးရှိမှ ထုတ်ပြီးတော့သုံးရမယ်၊ လူတကာကို ထုတ်ပြီးတော့ မပြရဘူး ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... ဘိုးဘိုးပြောတဲ့စကားကို သေသေချာချာမှတ်ထားပါ့မယ်"

"အေး ... အဲဒါမှ ငါ့မြေးကွယ့်"

ဦးကေတုသည် သူ့စိတ်ဓာတ်နှင့်တူသော မြေးရယ်ဟု သတ်မှတ်ထားသည့်အတွက် ကျေနပ်အားရနေမိသည်။ ဦးကေတုသည် ငွေကြေးများစွာ စုဆောင်းထားပြီးသူဖြစ်သည်။

"ဘိုးဘိုး စုဆောင်းထားတာ ဆယ်သက်စားမကုန်ဘူး။ ဒါကြောင့် ငါ့မြေး ပင်ပင်ပန်းပန်းအလုပ်မျိုး လုပ်ဖို့မလိုဘူး"

မြေးကိုချစ်၍ မည်သည့်အလုပ်ကိုမှ ပေး၍မလုပ်။ သူ့မျက်စိအောက်မှာပဲ ရှိနေစေချင်သည်။ အဘိုး၏ရည်ရွယ်ချက်က လွဲချော်နေသည်ဟု နန္ဒသုခ မှတ်ချက်ချမိသည်။ နန္ဒသုခမှာ ဦးကေတု၏သြဇာကို မလွန်ဆန်နိုင်၊ ဒီအတိုင်းပင် နေလိုက်ရလေတော့သည်။

ဦးကျော်ကံမောင်းက ပွဲကျောင်းပညာကို တတ်မြောက်သည်။ နန္ဒသုခသည် ယင်းအတတ်ပညာများကို သင်ကြားသည်။ ကိုသူရဆီမှာလည်း ပန်းပုအတတ်ပညာများကို သင်ကြားသည်။





ယင်းဖြင့် ... ပျင်းရိဖွယ်ကောင်းသောအချိန်များကို ကျော်လွန်စေခဲ့လေသည်။ နန္ဒသုခက သူတို့အပေါ်မှာ ဆရာလို၊ သွေးရင်းသားရင်းလို၊ မိတ်ဆွေလို ဆက်ဆံခဲ့သော်လည်း မိမိတို့ မိသားစုအပေါ်မှာ လွှမ်းမိုးမှု ရှိကျိုးနေကြခြင်းပင်။ သခင်ကြီး၊ သခင်မကြီး၊ သခင်လေးဟူသော အသုံးအနှုန်းများကိုသာ သုံးနှုန်းသည်။

မသီရိဆိုသည့် အမျိုးသမီးသည်လည်း ဦးကေတုမိသားစုနှင့်အတူ လိုက်ပါလာခဲ့သည့် လူယုံတော်စားဖိုမှူးဖြစ်သည်။ သူမသည် အေးအေးစွာနေတတ်ပြီး နှုတ်နည်းသည်။ သို့သော် ကြက်မျက်သင့်ရောဂါရှိသူတစ်ဦးပင်တည်း။

www.burmeseclassic.com

(၁၅)

## မျက်နှာပေါ်က [illegible]

ဦးကေတုသည် ပါးမြိုင်းမွေးရေးရေး မုတ်ဆိတ်ကျင်စွယ် ခပ်ပါးပါးနှင့် ယောက်ျားပီသသောအရုပ်အမော့င်း ရှိသည်။ ဇနီး ဖြစ်သူ ဒေါ်စက်ရှင်ကတော့ အမူအရာရော၊ နှုတ်ပါ အေးသည်။ ဦးကေတု၏အလုပ်မှန်သမျှ မစွက်ဖက်။ ပြောသမျှ ခေါင်းညိတ် သည်။

တစ်ရက်တွင် ဦးကေတုသည် ဦးကျောက်မောင်းနှင့်အ တူ နှင်းသုခမှပျောက်သွား၏။ မည်သည့်နေရာကို ထွက်သွားသ လဲဆိုသည်ကို မသိကြရ။ တစ်ရက်လည်း ပြန်မလာ။ နှစ်ရက် လည်း ပြန်မလာနှင့် တမျှော်မျှော်ရှိနေရသည်။ အိမ်သားတစ်ဦး ဦးလျော့သွားခဲ့လျှင် သိသာသည်။ ရင်ထဲကိုယ်စီ ဟာတာတာနှင့် မနေတတ်မထိုင်တတ်နှင့် ရှိနေကြရသည်။

သီတင်းနှစ်ပတ်လောက်ကြာမှ ပြန်ရောက်လာခဲ့ပေ





သည်။ လူတစ်ယောက် ပါလာခဲ့သည်။ မိန်းကလေးတစ်ဦးပင်။ အသက်နှစ်ဆယ်ကျော်ဝန်းကျင်ခန့် ရှိပြီဖြစ်သော်လည်း ဆယ် ကျော်သက်အရွယ်ကဲ့သို့ပင် ပျို့မျစ်နုနယ်သည်။

"ဒါ ငါတို့ရဲ့မျိုးနွယ်ထဲကပဲ၊ ဒီအိမ်မှာ နေမယ်၊ သူ့ကို ငါတို့လိုပဲ တစ်တန်းတည်းထားပြီးတော့ ဆက်ဆံကြရမယ်"

ဦးကေတု၏နှုတ်မှ ထွက်လာသည့်စကားက အမိန့်ပင် ဖြစ်သည်။ ထိုအခါ ယုယဟုအမည်ရှိသော မိန်းကလေးသည် နှင်းသုခမြိုင်တွင် သခင်မလေးတစ်ဦးသဖွယ် ဖြစ်လာခဲ့ရလေ၏။ အဘိုးဘက်ကတော်စပ်သော်လည်း သွေးစပ်က ဝေးသည်။ သို့ သော် ... ယုယသည် လိမ္မာရေးခြားရှိသောကြောင့် တစ်အိမ်လုံး က ဝိုင်းပြီးတော့ချစ်ခင်ကြသည်။ အိမ်မှုထိန်းသိမ်းရာတွင် သေ သပ်သည်။ လုံ့ခြုံသည်။ ဟင်းချက်လည်းကောင်းသည်။ မသိရို တားမြစ်ထားသည့်အထဲက မနေတတ်၍ မီးဖိုချောင်သို့ဝင်သည်။ ပထမသော် ဦးကေတုကတားမြစ်သော်လည်း ယုယက တောင်း ဆိုလာသည့်အတွက် ...

"သမီးက မိန်းကလေးပါ ဘဘ ... ဒီအတိုင်းမနေဘဲ အိမ်မှုကိစ္စလုပ်ရမှာပေါ့၊ သမီးကို အဲ့သလိုအခွင့်အရေးမျိုးတော့ ပေးပါနော် ဘဘ"

ယုယက ထပ်ခါတလဲလဲ တောင်းဆိုလာသောအခါ နောက်ဆုံးမှာတော့ လိုက်လျောခွင့်ပြုလိုက်ရလေသည်။ နန္ဒသုခ သည် ယုယရောက်လာခါစက အနေစိမ်းခဲ့သော်လည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ တဖြည်းဖြည်းနှင့် ရင်းနှီးလာခဲ့လေသည်။ ယုယက စကား ပြောလျှင် ချိုသာသလို ခံတွင်းမှထွက်လာသည့်အသံကိုက ဆည်းလည်းသံပမာ ဆွဲဆောင်မှုအပြည့်ရှိသည်။ ကြာညိုနှံ့ သင်း သင်းလေးနှင့် ...

"မမယုယ"

"ဘာလဲ သခင်လေးရဲ့"

"ဟာဗျာ ... သခင်လေးလို့ မခေါ်စမ်းပါနဲ့၊ ရင်းရင်းနှီး နှီး နာမည်ကိုပဲခေါ်ပါ"

"မဟုတ်တာကွယ် ... ဘဘက ဒီလိုပဲခေါ်ရမယ်လို့ မှာထားတယ်လေ၊ ဘဘရဲ့စကားကို မမက ပယ်ရှားလို့ဖြစ်မတဲ့ လား"

ထိုအခါကျမှ နန္ဒသုခလည်း ငြိမ်သွားခဲ့ရသည်။ ဦးကေ တုကို သူလည်း ချစ်၊ ကြောက်၊ ရှိသေရသည်မဟုတ်ပါလား။

"ကျွန်တော် မမယုယရဲ့ပုံတူကို ပန်းပုထုချင်လို့ဗျ"

"ဟင် ... မမရဲ့ပုံကို ပန်းပုထုချင်လို့ ... ဟုတ်လား။ နို့ ... သခင်လေးကရော ထုတတ်လို့လား"

"ဟာ ... မမကလည်း ကျွန်တော်က ကိုသူရဆီမှာ လက်ထပ်ပြီးသင်ထားတာပါဗျာ၊ သူ့ကိုလည်းခွင့်တောင်းပြီးပါပြီ"

"ဒီလိုဆိုလည်း သခင်လေးရဲ့သဘောပဲပေါ့ကွယ်"

ကိုသူရသည် ဤအိမ်ကြီး၏ လခစားဖြစ်သော်လည်း နန္ဒသုခ၏ဆရာဖြစ်သည်။ ထို့ကြောင့် ခွင့်တောင်းပြီးမှ ရုပ်တုကို







ထုလုပ်ခြင်းပင်ဖြစ်သည်။ ယုယက ပုံစံထိုင်ပေးရသည်။ ဤသို့ ဖြင့် ဆရာကောင်းတပည့်ပီပီ ယုယ၏ပုံတူရုပ်တုကို လက်ရာ မြောက်စွာ ထုလုပ်နိုင်ခဲ့သည်။ ကိုသူရပင် အံ့အားသင့်ယူရလေ သည်။

"ဟင် ... သခင်လေးက ကျွန်တော့်ထက်တောင် လက်ရာမြောက်နေပါလား"

"ဟာ ... မဟုတ်တာ ကိုကြီးသူရကလည်း၊ ဒါ တမင် သက်သက်မြှောက်ပြီးပြောတာပဲ"

"မြှောက်တာမဟုတ်ပါဘူး သခင်လေးရာ ... ကျွန် တော်က အမှန်အတိုင်းပဲ ပြောတတ်တဲ့သူပါ"

သုခသည် ယုယ၏ပုံတူရုပ်တုကို ကောင်းစွာထုလုပ် နိုင်ခဲ့သည့်အတွက် ကျေနပ်ပီတိဖြစ်နေမိရသည်။ ယုယကိုယ် တိုင်ပင်လျှင် အံ့အားတသင့်ရှိနေမိရလေသည်။

"သခင်လေးက ဒီလောက်တော်နေမှန်းကို မမမသိဘူး"

မည်သူတွေက ချီးမွမ်းသည်ဖြစ်စေ ယုယ၏ချီးမွမ်းကို ခံရခြင်းက နန္ဒသုခအတွက် ပိုပြီးတော့ ဝမ်းမြောက်ပီတိဖြစ်မိရ သည်။ မိသားစုစာရင်းဝင်သူများ၏ ပုံတူရုပ်တုများကို သီးခြား ခန်းတစ်ခုထဲမှာ ထားသည်။ ထိုရုပ်တုများထဲတွင် ကိုသူရနှင့် ဦးကျောက်ခဲောင်းတို့၏ ရုပ်တုများလည်း အပါအဝင်၊ ကိုသူရ က သူ၏ပုံတူရုပ်တုကို ကိုယ်တိုင်ပင်ထုလုပ်သည်။ မိမိ၏ရုပ်သွင် ကို မိတ်မှန်းနှင့်ထုလုပ်ခြင်းဖြစ်သည်။ ထို့အပြင် ဦးကေတုသည်

www.burmeseclassic.com



ရဲဖန်ရံခါတွင် ဦးကျောက်မောင်းနှင့်အတူ ခရီးထွက်သွားတတ်ပြီး ပြန်လာလျှင် ညှိသည်တစ်ယောက် တစ်ယောက်က ပါလာတတ်သည်။

ထိုညှိသည်များသည် ငွေကြေးကြွယ်ဝသောသူများ၊ မင်းမှုထမ်းအရာရှိများ၊ ရှေးမင်းမျိုးအဆက်အနွယ်များ ဖြစ်ဟန်တူကြသည်။ ထိုသူများ၏ ပုံတူရုပ်တုများကိုလည်း အမှတ်တရ ထုလုပ်စေကာ မိသားစုရုပ်တုများနှင့်အတူတူ ထားရှိလေသည်။ ညှိသည်များဖြစ်ကြပေမယ့် ယခင်က လွန်စွာရင်းနှီးကျွမ်းဝင်ခဲ့ဟန်တူသည်။ ထို့ကြောင့် . . . အမှတ်တရအနေဖြင့် အတူတူပင် ထားရှိခြင်းဖြစ်ဟန်တူသည်။

◆ ◆ ◆

တစ်ရက်တွင် ဦးကေတုသည် ကိုကျောက်မောင်းနှင့်အတူ စံအိမ်ကြီး၏ခြံဝင်းအပြင်ဘက်သို့ မြင်းစီးထွက်ကြသည်။ နှင်းတွေဝေနေသောကာလဖြစ်၍ လူလည်း သွေးပူလေ့ကျင့်ခန်းဆင်းပြီးသား ဖြစ်ရသလို၊ မြင်းများအတွက်လည်း အညောင်းအညာပြေကာ သွေးပူလာ၍ ကျန်းမာရေးအတွက် အထောက်အကူပြုလေသည်။ အပြန်ခရီးတွင် နောက်မှလိုက်လာသော မြင်းတစ်စီးကို သတိထားမိလာကြသည်။







"သခင်ကြီး . . . မြင်းတစ်စီးလိုက်လာတယ်"

ကိုကျောက်မောင်းက နောက်ကိုလှည့်ကြည့်ရင်း သတိပေးလိုက်သည်။

"သူ့လမ်းသူသွားတာ ဖြစ်ပါလိမ့်မယ်ကွယ်"

သို့သော် မြင်းသမားသည် ရှေ့မှမြင်းများကို ကျော်တက်မသွားဘဲ အတူယှဉ်ပြီးတော့နှင်လာခဲ့သည်။ လမ်းမှာ တောက်လျှောက်ဆိုသလိုပင် ထိုသူ၏အပြုအမူကြောင့် အံ့အားသင့်မိကြရသည်။

"ဘယ်လိုလူပါလိမ့် . . . ရှေ့ကိုလည်းမကျော်, နောက်မှာလည်း ချန်မနေခဲ့ပါလား"

ထိုသူကို စဉ်းစား၍ နားမလည်နိုင်အောင်ပင်ရှိနေကြရသည်။ နှင်းသုခမြိုင်၏ခြံရှေ့ကိုရောက်မှသာ ထိုသူ၏မြင်းလည်း အတူတူရပ်တန့်သွားခဲ့ရလေသည်။

"မိတ်ဆွေက ကျုပ်နောက်က ဘယ်လိုအကြောင်းကြောင့် လိုက်လာခဲ့ရတာလဲ"

ဦးကေတုက သိချင်စိတ်ဖြင့်မေးမိလိုက်သည်။ နှာရှောင်ကောက်ကောက်၊ နှုတ်ခမ်းကွဲကွဲ၊ အသားကလတ်လတ်၊ သိန်းငှက်တစ်ကောင်၏မျက်လုံးများပမာ ရူးရဲတောက်ပသောအကြည့်ဖြင့် ထိုသူက ဦးကေတုကိုကြည့်လိုက်ပြီး . . .

"ဪ ဒီလိုပါ ဦးရီး . . . ဒီစံအိမ်ကြီးကို ဦးရီးတို့ဝယ်လိုက်တာ ဟုတ်,မဟုတ် သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် . . . ကျုပ်တို့ ဒီမှာနေလာကြတာပဲ နှစ်နှစ်နီးပါးရှိရော့မယ်"

"နို . . . အရင်လူတွေကရော ဘယ်ကိုပြောင်းသွားကြသလဲ ဦးရိုး"

"အဲ့ဒါတော့ မပြောတတ်ဘူး၊ လူမျိုးခြားတွေဆိုတော့ ငါ့အထင်တော့ . . . နိုင်ငံရပ်ခြားကို ပြန်သွားပြီထင်တာပဲ"

ထိုသူက ခေါင်းတညိတ်ညိတ်နှင့်ရှိနေသည်။

"သြော် . . . အကြောင်းက ဒီလိုကိုး၊ ကျွန်တော်က ခရီးလွန်နေလို့ ဒီအကြောင်းတွေကို မသိလိုက်ရတာပါ၊ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ပြောင်းသွားကြလိမ့်မယ်လို့ကို မထင်မိဘူး၊ ကိုင်း . . . ခွင့်ပြုပါဦးခင်ဗျာ"

ထိုသူသည် နှုတ်ဆက်ပြီးတော့ ထွက်သွားခဲ့လေသည်။

"သခင်ကြီး . . . ဒီလူကို ကျွန်တော်တို့တစ်ခါမှ မတွေ့ဖူးဘူး၊ အရင်က ဒီမှာနေဖူးခဲ့တဲ့ မျက်နှာဖြူမိသားစုနဲ့ ရင်းနှီးခဲ့တယ်နဲ့တူတယ်"

"ဖြစ်နိုင်တယ် . . . သူ့ရဲ့မျက်နှာနဲ့ အမူအရာက တစ်မျိုးပဲ၊ စဉ်းလဲတတ်တဲ့မျက်လုံးတွေကလည်း တစ်မျိုးပဲ၊ အတွင်းကောက်ရှိပုံရတယ်"

ဦးကေတုက သဘောမကျသလိုပြောလိုက်သည်။





သို့သော် ထိုလူကြီးသည် ဦးကေတုကို မည်သို့ပေါင်းလိုက်သည်မသိ။ နောင်အခါ အကျွမ်းတဝင်ဖြစ်လာကာ နှင်းသုခမြိုင်ဆီသို့ အလည်ခေါ်လာခဲ့ရသည်အထိပင်။ သို့သော် ဒတ္တဟုခေါ်သောထိုသူသည် ဤနှင်းသုခစံအိမ်ကြီးဆီသို့ ယခင်ကတည်းက ရောက်ဖူးခဲ့ဟန်ရှိသည်။

ဦးကေတုက ဒတ္တကို သေချာစွာညွှန်ခဲ့သည်။ ထိုအခါမလှမ်းမကမ်းမှ ဖြတ်သွားဖြတ်လာရှိခဲ့သော ယုယကို မမျှော်လင့်ဘဲ တွေ့သွားခဲ့လေသည်။ ယုယ၏အလှကို ဣန္ဒြေမဆည်နိုင်လောက်အောင်ပင် ငေးမောပြီးကြည့်နေမိခဲ့သည်။ ဦးကေတုလည်း ဂနာမငြိမ်ဖြစ်နေသည့် ဒတ္တကို အကဲခတ်မိသွားသည်။

"သူက . . . ကျုပ်ရဲ့တူမပေါ့၊ မိဘတွေဆုံးပါးသွားကြပြီ၊ ကျုပ်ကပဲ ဒီခေါ်ပြီး စောင့်ရှောက်ထားရတယ်၊ သင့်တော်မယ့်သူနဲ့ အိမ်ထောင်ချပေးဖို့လည်း အစီအစဉ်ရှိတယ်၊ အိမ်ထောင်ဘက်ကိုလည်း ရှာတွေ့ထားပြီးပြီ"

ဦးကေတုက ဒတ္တ ရှေ့ဆက်လာမည်စိုး၍ ကြိုတင်ကာကွယ်သည့်အနေဖြင့် တုတ်ထိုးအိုးပေါက် ပြောချလိုက်လေသည်။

"အင်း . . . သင်းက ငါ့သဘောနဲ့အတွင်းမနောကို ချက်ချင်းပဲသိတယ်၊ တစ်ခါတည်း နှစ်ပြေတ်ကို ပြောချလိုက်တာပဲ"

ဒတ္တကလည်း ရိပ်မိသည်။ သို့သော် . . . စိတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



တော့ နေနှင့်ဦးပေါ့ပဲဟု တေးထား၊ မှတ်ထားလိုက်၏။ ညှိသည့် အတွက် အစားအစာ၊ ယမကာများကိုလာပို့သော မသီရိပင် လျှင် ဒွတ္တကိုတွေ့သော် ...

"ဟို ညှိသည့်ရဲ့မျက်နှာက တစ်မျိုးကြီးပဲ၊ သူကြည့် ရတာ မနောပုပ်မပံ့ပုံ၊ သူရှိနေရင် အနားကို ဖြတ်သွားဖြတ်လာ တောင်မလုပ်နဲ့ သခင်မလေး၊ သခင်ကြီးကခိုင်းရင်လည်း ဒေါ် ဒေါ့်ကိုပြော ... ဒေါ်ဒေါ်ပဲလုပ်မယ်"

"ယုယကတော့ သူ့ကို သတိမထားမိပါဘူး ဒေါ်ဒေါ်"

"အေး ... ခုချိန်ကစပြီး သတိထားရတော့မယ်၊ ဘာ ဖြစ်လို့လဲဆိုတော့ ဒီလူ သခင်ကြီးကိုချဉ်းကပ်နေတာ သွေးရိုးသား ရိုးမဖြစ်နိုင်ဘူး ... အကြံအစည်တစ်ခုခု ရှိရမယ်"

မသီရိက နိမိတ်ဖတ်လိုက်သည်။ ဦးကေတုကိုယ်တိုင် ယုယကိုမှာထားသည်က ...

"သမီး အဲဒီလူလာရင် ဘာအကြောင်းပဲရှိရှိ အနားကို ဘယ်တော့မှ မလာနဲ့ ... ကြားလား"

"ဟုတ်ကဲ့ ဘဘ"

◆ ◆

ဦးကေတုကိုယ်တိုင် ဒွတ္တကို မနှစ်သက်။ အိမ်ကိုဖိတ်ခေါ်





ဖို့လည်း စိတ်မကူး။ သို့သော် ထိုသူ၏မျက်လုံးများနှင့် ရင်ဆိုင် မိလိုက်ရသည့်တစ်ခဏ၌ မူလဆုံးဖြတ်ချက်က အလိုလိုပင် ပျောက်ကွယ်သွားခဲ့ရသည်။ သူ့မျက်လုံးထဲတွင် တစ်ခုခုကိုတွေ့ လိုက်ရသလို ထိုသူ၏ဆန္ဒကို လိုက်လျောချင်စိတ်က ဖြစ်သွားခဲ့ ရသည်။ နန္ဒသုခသည်ပင် စိတ်ထားကြံ့ခိုင်သော၊ လူကဲခတ် ကောင်းသော အဘိုးဦးကေတု၏ဆုံးဖြတ်ချက်များ မှားယွင်းနေ သည်ဟု ထင်နေမိသည်။

"ဘိုးဘိုးက ... ဒီလူကြီးကို ဘယ်လိုအကြောင်းနဲ့ ပေါင်းသင်းနေသလဲ မပြောတတ်ပါဘူး၊ ဒီလူဟာ တစ်ချိန်ချိန်မှာ ဒုက္ခကောင်းကောင်းပေးနိုင်တယ်"

"ဟုတ်တယ် သခင်လေး ... ကျုပ်လည်း သတိပေး တာပဲ၊ ကနဦးအစကတော့ သူလည်း ဒွတ္တဆိုတဲ့လူကို သဘော မကျဘူး။ နောက်တော့မှ ဘယ်လိုလက်ခံလာသလဲ မသိဘူး"

ဦးကေတုကိုတော့ နောက်ထပ်သတိမပေးကြတော့။ ဦး ကေတုကိုယ်တိုင် ဒွတ္တကို လိုလိုလားလားနှင့် လက်ခံနေသည်မို့ ပင်။ ဤအိမ်တွင် ဦးကေတုက အရှင်သခင်။ အာဏာရှိသူ သူ့ကို ဆန့်ကျင်ပြီးတော့ မည်သူကမှ ခပြောဝံ့ကြချေ။

တစ်ရက်တွင် ...

◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

### ကမ်းလျှောက်သစ်ပင်

နှင်းသုခစံအိမ်ကြီး၏ အပေါ်ထပ် လှေကားအတက်အဆင်းအောက်၊ နံရံနှင့်ကပ်လျက် ရှေးဟောင်းခွေးခြေကြီးပေါ်တွင် ကြေးပန်းအိုးကြီးထဲ၌ အလှပန်းများကိုထည့်ကာ ပြင်ဆင်လျက်ရှိသော ယုယ ...။ သူမကို ခပ်လှမ်းလှမ်းမှ ကြည့်နေသူတစ်ဦး။ သူကတော့ အခြားသူမဟုတ် ... ဒွတ္တပင်။ ယုယ၏လက်ထဲမှာ ရောင်စုံနှင်းဆီပန်းပွင့်ကြီးများသည် ဝေနီးဆန်းလျက်ရှိနေကြသည်။ တစ်ခန်းလုံး ပန်းရနံ့တို့ဖြင့် မွှေးကြိုင်နေလျက်။

ယုယ ပန်းများကိုပြင်ဆင်ပြီးတော့ ပြန်အလှည့်တွင် ခပ်လှမ်းလှမ်းမှာရပ်နေသော ဒွတ္တကို မမျှော်လင့်ဘဲတွေ့လိုက်ရသည်။ သို့သော် ဒွတ္တသည် ယုယကို မမြင်သလို မျက်လုံးအကြည့်တွေက ကြေးပန်းအိုးကြီးထဲက ပန်းများဆီကိုသာ ရောက်နေသည်။ မျက်တောင်ကလည်း မခတ်။ သူငယ်အိမ်သည်လည်း





ရွေ့လျားခြင်းမရှိဘဲ ငြိမ်သက်နေသည်။ ယုယသည် ဒွတ္တကိုကြည့်ပြီးတော့ ကြောက်ရွံ့လာမိသည်။

တစ်ဖန် ပန်းများကိုပြန်လှည့်ကြည့်လိုက်သောအခါ ...

"ဟင်"

အံ့အားသင့်စရာ၊ စိတ်တုန်လှုပ်စရာကောင်းသော မြင်ကွင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ အကြောင်းမှာ ... စောစောကလန်းဆန်းနေသော ပန်းများသည် ချက်ချင်းပင် ညှိုးကျသွားကာ ရိုးတံများက ဇောက်ကျိုးကျသွားခဲ့ကြလေသည်။

"ဒါ ... ဒါ ... ဘယ်လိုဖြစ်တာလဲ"

ယုယသည် မမျှော်လင့်မိသောမြင်ကွင်းကြောင့် အံ့ဩထိတ်လန့်သွားခဲ့ရသည်။ အအေးဓာတ်အမြဲတမ်းဖုံးလွှမ်းလျက်ရှိသောနေရာမျိုးမှာ ရုတ်တရက်ညှိုးရော်ခြောက်သွေ့သွားခဲ့ရသော ပန်းများ။ မည်သို့မှ နားမလည်နိုင်အောင် ဖြစ်သွားခဲ့ရသည်။

"ဟဲ ဟဲ ဟဲ ဟဲ ...သိပ်အံ့ဩသွားသလား မိန်းကလေး၊ ငါ့အတွက်ဒီပညာဟာ အပရိက အကင်းစေ်လောက်ပဲရှိသေးတယ်၊ သည့်ထက်မက ဆန်းကြယ်တာတွေကို ငါတတ်ထားတယ်၊ မင်း ... မြင်ချင်သလား"

"ဟင့် ဟင့်အင်း ... မမြင်ချင်ဘူး။ မသိချင်ဘူး"

ယုယသည် ထိုလူကြီးကို အမှတ်မထင်မြင်လိုက်ရသောအခါ ကြောက်သွားခဲ့ရသည်။ မည်သည့်အချိန်ကတည်းက သူ့



www.burmeseclassic.com

www.burmeseclassic.com



အနားကိုရောက်နေမှန်း မသိခဲ့ပေ။ ဒွတ္တ၏အကြည့်သည် ယုယဆီကို ရောက်သွားသည်။ သူမက မျက်နှာကိုလွှဲဖယ်ရန်ကြိုးစားသော်လည်း မရပါ။ စိတ်ကအလိုလိုနေရင်း ပျော့လာခဲ့သည်။ ဒွတ္တ၏မျက်လုံးတွေကို ပြန်မကြည့်ဘဲမနေနိုင်။

ဒွတ္တက ထိုနေရာမှ တရွေ့ရွေ့နှင့်ထွက်သွားသည်။ ယုယသည်လည်း တစ်လှမ်းချင်းပင် လိုက်သွားခဲ့လေသည်။

ထိုစဉ် ...

"မမယုယ"

တစ်ယောက်ယောက်က ယုယကိုလှမ်းပြီးတော့ ခေါ်လိုက်သည်။ ထိုအခါ ...

"ဟင်"

ယုယသည် မိန်းမောတွေဝေနေရာက ဖျတ်ခနဲဆို လန့်နိုးသွားသောသူပမာ ဖြစ်သွားခဲ့ရသည်။ သူမကို ခေါ်လိုက်သူက အခြားသူမဟုတ် ...နန္ဒသုခပင်။ သူသည် ယုယဆီကို သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လာသည်။ ဒွတ္တသည် နန္ဒသုခကို ရူးရူးရှားရှားပင်ကြည့်နေလိုက်၏။ နောက်တော့မှ မျက်နှာထားက ပြေလျော့သွားသည်။ မျက်လုံးအရောင်လည်း ပြောင်းသွားခဲ့လေ၏။

"လာ မမယုယ"

နန္ဒသုခက ယုယလက်ကိုဆွဲခေါ်သွားခဲ့သည်။

"ခဏနေပါဦး နန္ဒသုခ"





ဒွတ္တက လှမ်းပြီးတားလိုက်သည်။ နန္ဒသုခသည် ဒွတ္တကို ရှုရှာသော့အကြည့်ဖြင့်ကြည့်လိုက်၏။

"ခင်ဗျားက ကျုပ်နာမည်ကိုတောင် သိနေပါလား"

"သိဆို ငါက သိအောင်လုပ်ထားတာကိုး၊ အဲ ...ဒီအိမ်ကြီးနဲ့ ရင်းနှီးကျွမ်းဝင်နေမှတော့ ဘယ်သူဘယ်ဝါနာမည်တွေကို သိထားတာလောက်တော့ မဆန်းတော့ဘူးထင်တယ်"

"ခင်ဗျား သိပ်ပြီး စွက်ဖက်လွန်းနေပြီနော်၊ ကျုပ် အားလုံးကိုမြင်တယ်. ဟောဟိုပန်းတွေကို ညှိုးနွမ်းအောင်လုပ်လိုက်တာရော, မမယုယကို လှည့်စားလိုက်တာရော၊ ဒါ နောက်ဆုံးဖြစ်ပါစေ ...နောက်တစ်ခါဆိုရင် သည်းမခံတော့ဘူးမှတ်"

"ငါ ဘာမှ မကျူးလွန်မိသေးပါလားကွ၊ တစ်ခါတလေမှာ သဘာဝတရားကြီးက ချွတ်ချော်တိမ်းစောင်းမှုတွေကို ပေးတတ်သကွယ့်၊ လူပဲဖြစ်ဖြစ်, သစ်ပင်ပဲဖြစ်ဖြစ် စိတ်ဓာတ်ကျသွားတတ်ကြတာမျိုးရှိတယ်၊ မင်း သစ်ပင်တွေ စိတ်ဓာတ်ကျတာကို မြင်ဖူးသလား"

"ခင်ဗျား စကားကို ဖာထေးပြီးပြောချင်ရာတွေကို ပြောမနေနဲ့၊ ခင်ဗျား ...ဘာတွေကြံစည်နေသလဲဆိုတာ ခန့်မှန်းမိတယ်၊ ခင်ဗျားလိုလူမျိုးကို ဘိုးဘိုးက ဘာဖြစ်လို့ လက်ခံထားသလဲဆိုတာ ...စဉ်းစားလို့ကိုမရဘူး"

နန္ဒသုခသည် ယုယ၏လက်ကိုဆွဲကာခေါ်သွားသည်၊ ဒွတ္တက နန္ဒသုခကိုစိုက်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သင်းဟာ ငါ့အတွက် အနှောင့်အယှက်တစ်ခုပဲ"

◆ ◆

နန္ဒသုခသည် သူ၏အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။ သူသည် ဒတ္တနှင့်ပတ်သက်ပြီး နက်နဲစွာပင် စဉ်းစားနေရလေပြီ''

''ဘိုးဘိုးဟာ အင်မတန်စိတ်ဓာတ်ကြံ့ခိုင်တဲ့သူပါ၊ လူကဲလည်း ခတ်တတ်ပါတယ်၊ ဒီ ... ဒတ္တဆိုတဲ့လူကို အပေါင်းအသင်းလုပ်လိုက်တာ အကြောင်းတော့ရှိပုံရတယ်၊ ဒီလူဟာ စိတ်ညို့ပညာ ကောင်းကောင်းတတ်ပုံရတယ်၊ ဘိုးဘိုးကို သူ့ဘက်ပါလာအောင် ဒီပညာကိုအသုံးချလိုက်တာပဲ ဖြစ်ရမယ်၊ မမယုယကိုလည်း သူ ...''

ပြန်လည်ပြီး တွေးတောနေရင်းက ပန်းပွင့်တွေက နေပြင်းခသလို အလိုလို ညှိုးငိုက်ကျသွားကြသည်ကိုလည်းကောင်း၊ ဒတ္တ၏အကြည့်ညှို့ချက်တွင် ယုယက ဝပ်စင်းသွားကာ လိုက်ပါသွားသည်ကိုလည်းကောင်း တဖြည်းဖြည်းနှင့် မြင်ယောင်လာခဲ့မိပြန်သည်။

''မဖြစ်ဘူး ... ဘိုးဘိုးဆီကိုသွားပြီး သတိပေးမှပဲ''

ယင်းအချိန်တွင် ဦးကေတုသည် အပေါ်ထပ်ရှိ သူ၏





အခန်းထဲတွင် တရားမှတ်လျက်ရှိသည်။ စိတ်အနှောင့်အယှက် ဖြစ်သွားမည်စိုး၍ ပြန်ထွက်မည်အပြု ...

''မြေး နေဦးလေ ... ဘယ်ကိုထွက်သွားမလို့လဲ''

လှမ်းခေါ်လိုက်သဖြင့်အခန်းထဲကိုပြန်ပြီးတော့ ဝင်လာခဲ့ရသည်။ ထို့နောက် ဦးကေတု၏မျက်နှာကို အကဲခတ်လိုက်သည်။

''ဘိုးဘိုးကို ပြောစရာရှိတယ်နဲ့တူတယ်၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းသာပြော ... မြေးအဘိုးနှစ်ယောက်ကြားမှာ ဘယ်လိုအဟန့်အတားမျိုးမှ မရှိစေရဘူး''

''ဒါဆိုရင် ကျွန်တော်ပြောမယ် ဘိုးဘိုး။ ဟို ... ဒတ္တဆိုတဲ့လူကို ဘိုးဘိုးက ဘာဖြစ်လို့ အရောတဝင်နဲ့ ဆက်ဆံနေရတာလဲ၊ ဒီလူဟာ လူကောင်းတစ်ယောက်မဖြစ်နိုင်ဘူး''

''ဟေ ... ဘာပြောတယ်၊ ဒတ္တဟာ လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူး ... ဟုတ်လား။ ငါ့မြေးက ဘယ်လိုအကြောင်းကြောင့် ဒီလိုပြောနိုင်ရတာလဲ''

ဦးကေတု၏လေသံအရ ယခုအချိန်အထိ ဒတ္တနှင့်ပတ်သက်ပြီး ဘာကိုမှနားမလည်သေးဟု အစိပ္ပါယ်ရသည်။ မိမိကိုပင် အမြင်တစ်မျိုးဖြင့် ကြည့်နေလိုက်သေးသည်။

''အင်း ... ဘိုးဘိုးရဲ့ မနောဓာတ်ကို သူ့ရဲ့စိတ်ညို့ပညာနဲ့ အပိုင်ချုပ်နှောင်ထားခဲ့ပြီးပြီပဲ၊ ဒါကြောင့်မို့ ဒတ္တကို အကောင်းမြင်နေသေးတာ၊ ဒီလူဟာ ဘိုးဘိုးလို တရားအလုပ်လုပ်နေတဲ့သူကို ဒီလိုမဟုတ်မဟတ်နည်းတွေနဲ့ လွှမ်းမိုးထားလို့



www.burmeseclassic.com

www.burmeseclassic.com



သလား''

''ဘိုးဘိုးမေးနေတယ်လေ . . . ငါ့မြေးက ဒဏ္ဍကို ဘာဖြစ်လို့ အမြင်မကြည်လင်ရတာလဲ''

''အဘိုးက လူကဲခတ်တတ်တယ်ဆိုပြီး ဒဏ္ဍလိုလူမျိုးကျတော့ ယုံကြည်မှုလွဲမှားနေတယ်၊ ဒီလူဟာ . . .''

နန္ဒသုခသည် စိမ်းလန်းနေသောပန်းပွင့်များက အလိုလိုညှိုးနွမ်းသွားပုံ၊ ယုယကို စိတ်ညှို့ဖမ်းစားထားလိုက်ပုံ စသည်တို့ကို ပြောပြလိုက်သည်။

ထိုအခါ ဦးကေတုသည် နန္ဒသုခ၏စကားကြောင့် မင်တက်မိသွားကာ မျက်နှာလည်း ဖြူဖျော့သွားခဲ့ရသည်။ ကုလားထိုင်ကိုကျောမှီလျက်က မယှက်မလှုပ် ငြိမ်သက်သွားခဲ့သည်။ ခန္ဓာကိုယ်ထဲမှ အသက်ဝိညာဉ်ထွက်သွားသည့်ပမာ ပူးကပ်နေသော မကောင်းဆိုးရွားဝိညာဉ် ခွာထွက်သွားခဲ့သလို။

''ဘိုးဘိုး . . . ဘိုးဘိုး''

နန္ဒသုခက ဦးကေတု၏ပခုံးကို လက်နှင့်ကိုင်လှုပ်ကာ ခေါ်လိုက်သည်။ ထိုအခါကျမှ ဦးကေတုသည် သတိပြန်ပြီး ရလာသလို မျက်နှာသည်လည်း သွေးရောင်ဖြန်းပြီးတော့ လွှမ်းလာခဲ့သည်။

''ဟင် . . . ငါ့မြေးပြောခဲ့တာတွေက တကယ်ပဲလား၊ စိတ်အထင်နဲ့ပြောခဲ့တာတော့ မဟုတ်ပါဘူးနော်''

''မဟုတ်ပါဘူး . . . ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့တပ်





အပ် မြင်ခဲ့တာပါ၊ ဒီလူကြီးကို ဘိုးဘိုးပဲ အစက သဘောမကျခဲ့ဘူးဆို''

''အေး . . . ဟုတ်တယ်၊ သဘောမကျခဲ့ဘူး၊ နောင်ကိုလည်း သဘောကျမှာမဟုတ်ဘူး။ ဒါပေမဲ့ ဒီလူဟာ ငါနဲ့ဘယ်လိုအကြောင်းကြောင့် တရင်းတနှီးရှိနေခဲ့ရတာလဲ၊ ဘာဖြစ်လို့ အိမ်ပေါ်အထိ ရောက်လာခဲ့ရတာလဲ''

ဦးကေတုသည် နန္ဒသုခကိုမေးသလိုလို၊ သူ့ကိုယ်သူ မေးနေသလိုလို ပြောနေမိသည်။

''တစ်ခုတော့ရှိတယ် . . . ဘိုးဘိုးက သူ့ကိုသဘောမကျပေမယ့် ခုကျမှတော့ မောင်းထုတ်လို့မဖြစ်တော့ဘူး။ အလိမ္မာသုံးမှ ဖြစ်တော့မယ်၊ သူ့ကို သာမန်ထက်ပိုပြီးတော့ မရောဘဲ ပုံမှန်အတိုင်းဆက်ဆံကြရမှာပဲ၊ ဒီလူဟာ လူတစ်ဖက်သားကို အကောက်ဉာဏ်နဲ့ ဒုက္ခကောင်းကောင်းပေးနိုင်တယ်''

နန္ဒသုခ၏စကားကို နားထောင်ကာ ခေါင်းတညိတ်ညိတ်နှင့်ရှိနေသည်။ ဦးကေတုသည် တကယ်တော့ မြန်မာ့ဘုရင်နန်းတော်မှာ မင်းမှုထမ်းတစ်ဦးအဖြစ် အမှုထမ်းဖူးခဲ့သည်။ ကြာလာတော့ မိမိ၏အလုပ်ကိုငြီးငွေ့လာကာ တပ်မှထွက်ခဲ့သည်။ ထို့နောက် မိမိဘဝ၏ နောက်ဆုံးအချိန်များတွင် အေးဆေးစွာနေလိုသည့်အတွက် ဆိတ်ငြိမ်သောနေရာကိုရွေးချယ်ရင်း ဤအရပ်ဒေသကို ရောက်လာခဲ့ရသည်။

''အေး ဟုတ်တယ် . . . ငါ့မြေးပြောတာ မှန်တယ်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လူကို 'မြေမသေတုတ်မကျိုး' ဆက်ဆံမှ ရတော့မယ်၊ အလိမ္မာသုံးမှ''

ထိုအချိန်မှစပြီး ဦးကေတုသည် မဟာအာရှာနာဝ္ရိယ သုတ်တော်ကို နေ့စဉ်ပုတီးပတ်များစွာစိပ်သည်။ ဒတ္တနှင့်ဆုံတွေ့ခဲ့လျှင်လည်း စိတ်ထဲက ရွတ်ဆိုနေသည်။ ဤပရိတ်တော်သည်ကား ဘီလူးသဘက်၊ မကောင်းဆိုးရွားများကိုပင် ဝေးရာသို့ ရှောင်ရှားစေနိုင်သော တန်ခိုးသတ္တိရှိသည်။

◆ ◆ ◆

တစ်ရက်တွင် ...

ဒတ္တသည် နှင်းသုခမြိုင်ဆီကို ရောက်လာခဲ့လေ၏။ သူ့ထံတွင် မြေပန်းအိုးထဲထည့်ပြီးယူလာသော ရှူကွပင်လေးတစ်ပင် ပါလာခဲ့သည်။ ယင်းအပင်ကလေးသည် တစ်တောင်သာသာခန့်ပင် ရှိသော်လည်း သစ်ပင်လားမြောက်နေသော အပင်ကြီးများအတိုင်း အင်္ဂါအပြည့်အစုံရှိသည်။ သက်ကြီးပုအပင် များလားဟု ထင်ရသည်။

''ဦးရီးကို ပြမလို့ ယူလာခဲ့တာပါ''

''အင်း ... ဒီလူဟာ ငါ့ကို သူ့မှိုင်းမိနေသေးတယ် ထင်နေသေးဆဲရှိနေသေးပါလား။ သူ့အကြံအစည်ကိုသိရအောင်





ဟန်မပျက်နေမှ''

ဟု စိတ်ထဲက တွေးတောလိုက်ပြီးခါမှ ...

''ဒီသစ်ပင်ဟာ သေးငယ်ပေမယ့် အင်္ဂါစုံလင်ပြီးဖြစ်တဲ့ သစ်ပင်ကြီးတစ်ပင်အတိုင်းပါပဲလား၊ အပွေး,အခေါက်တွေကလည်း တော်တော်ရင့်ကျက်ခိုင်မာနေကြပြီ''

''ဟုတ်ပါတယ် ... ဒါဟာ အပင်ငယ်လေးတစ်ပင်ကို သက်ကြီးပင်ဖြစ်အောင် နည်းအမျိုးမျိုးနဲ့ စီရင်ထားတာပါ၊ ဒီသစ်ပင်လေးဟာ သူ့ရဲ့ မူလဇာတိအစေ့ဘဝကနေ အချိန်မတန်သေးခင်မှာ ဆယ်နှစ်၊ ဆယ့်ငါးနှစ်သားအရွယ်ရောက်အောင် လပိုင်းအတွင်းမှာပဲ ကြီးထွားဖွံ့ဖြိုးလာခဲ့ရတာပါ''

ဒတ္တက ရှင်းပြလိုက်သည်။ ဦးကေတုသည် အကိုင်းအခက်များဝေဆာစွာနှင့် သစ်ပင်ကြီးဘဝကိုရောက်နေသော်လည်း ပုညှက်နေသောအပင်၊ လူစဉ်မမီသောလူတစ်ယောက်က ပုညှက်နေသလို သစ်ပင်စဉ်မမီ ဖြစ်နေသော အပင်ပုလေးကို ကြည့်ပြီးတော့ အံ့အားသင့်သွားခဲ့ရသည်။

''ဒါ ... မင်းလက်ချက်လား ဒတ္တ''

''ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်စမ်းသပ်ထားတာပါ''

''ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလိုလုပ်ထားရတာလဲ''

''ဘာရယ်မဟုတ်ပါဘူး ... ကျွန်တော်က လူတွေထက် သစ်ပင်တွေကို ပိုပြီးတော့ စိတ်ဝင်စားတယ်၊ လူတွေက လှုပ်ရှားသွားလာကြပြီး သစ်ပင်တွေက မလှုပ်ရှား,မသွားလာနိုင်ကြဘူး





www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ သူတို့ခမျာ သနားစရာပါ"

ဒတ္တ၏ ကြောင်စီစီစကားကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

"ဒါက သဘာဝပဲလေ၊ သူ့အခြေအနေအတိုင်း ကမ္ဘာဦးကာလကတည်းက ရပ်တည်လာခဲ့တဲ့ သစ်ပင်တွေကို မောင်ရင်က တခုတ်တရချုံ့ကားပြီး သနားနေရတာလဲ"

"အင်း ... ဒါကတော့ ကျွန်တော့်ရဲ့ ခံစားချက်ပါ။ ငယ်ငယ်ကတည်းက ဖြစ်ပေါ်နေခဲ့တဲ့ အတွေးပဲဆိုပါတော့၊ ကျွန်တော့်အကြံအစည်ကို ဦးရှီးသဘောပေါက်လောက်ပြီဆိုရင်"

ဒတ္တသည် ပုလင်းတစ်လုံးထဲမှ ကြည်လဲ့နေသော အရည်အနည်းငယ်ကို အပင်၏အမြစ်တည့်တည့်ပေါ် လောင်းချလိုက်သည်။ ငြိမ်သက်နေသောအပင်လေးသည် ချက်ချင်းတော့ ထူးခြားမှုမပြ။ အချိန်အနည်းငယ်အတွင်းမှာပင် အကိုင်းများ၊ အရွက်များက လေတိုက်မခံရဘဲနှင့် လှုပ်ရှားလာခဲ့ကြသည်။

"ဒါက ဘာဆန်းသလဲ ... ဒီလို ဓာတုဆေးရည်မျိုးဆိုတာ နည်းရှိရင် ဖော်စပ်လို့ရတာပဲ မဟုတ်လား"

"ကြည့်ပါဦးလေ"

ကြည့်နေရင်းကပင်လျှင် အပင်သည် အမြစ်ကပါ ရှန်းကြွလာခဲ့သလို မြေစိုင်မြေခဲများသည် ဖွာထလာခဲ့ကြလေသည်။ တစ်ခဏအကြာတွင် တစ်ချောင်းချင်းလှုပ်ရှားလာခဲ့ကြသော အမြစ်များသည် ရေဘဝဲ၏လက်တံများသဖွယ် ပန်းအိုး၏ဘောင်







နှုတ်ခမ်းပေါ်ကို တရွေ့ရွေ့နှင့် တက်လာခဲ့ကြသည်။

အမြစ်များသည် ခြေထောက်များသဖွယ် လှမ်းကာလှမ်းကာ အောက်ကိုဆင်းသွားခဲ့ကြသည်။ ထို့နောက် ကြမ်းပြင်ပေါ်မှာ လျှောက်သွားနေလေတော့သည်။ ထိုအခါ ဦးကေတုသည် အံ့အားတသင့်ဖြင့် ကြည့်နေမိသည်။ မျက်တောင်ပင်မခတ်မိ။

◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

### ထံကြွယ့်များသချိုမြင်ဦးကြီး

ဒဏ္ဍသည် အံ့အားသင့်နေသော ဦးကေတုကိုကြည့်ပြီးတော့ သဘောကျနေလေသည်။ ထို့နောက် ဆေးစွမ်းမပြယ်မီမှာပင် သစ်ပင်လေးကို သွားရောက်ကောက်ယူလိုက်သည်။ ပန်းအိုးထဲကို ပြန်ပြီးတော့ထည့်ကာ အမြစ်နေရာတွင် မြေစာများကို ဖို့သိပ်လိုက်သည်။ သို့တိုင် သန်မာလှသောအမြစ်များက ရုန်းထနေကြသေးသည်။

အပေါ်ကနေ လက်နှင့်ဖိထားရသေးသည် တစ်ခဏအကြာတွင်မှ ငြိမ်သက်သွားခဲ့သည်။ သို့သော် ဦးကေတုသည် ဘာမှမထူးဆန်းသလို အမူအရာဖြင့် . . .

"လောကဓာတ်ပညာဆိုတာ အဆန်းသားကလား . . . နည်းလမ်းရှိရင် လုပ်လို့ရတယ်၊ အောင်မြင်နိုင်တာပဲ မဟုတ်လား"





"သိပ်မှန်တာပေါ့ဗျာ၊ ကျွန်တော့်မှာ နည်းလမ်းရှိတယ်၊ ခုလိုကြိုးစားခဲ့တော့ အောင်မြင်ခဲ့ပြီပေါ့၊ ဒီလိုသစ်ပင်မျိုးတွေ အများကြီးပွားယူနိုင်ပြီ၊ ဒါတင်မက အပင်ကြီးတွေဖြစ်တဲ့အထိ ကြိုးစားပြီးစိုက်သွားမယ်"

"အဲဒါကိုပဲ . . . ဒါမျိုးတွေကို လျှောက်လုပ်တော့ မင်းမှာ ဘာအကျိုးအမြတ်တွေဖြစ်လာမလဲ၊ သဘာဝကိုဆန့်ကျင်တာမကောင်းဘူး ဒဏ္ဍ"

"အကျိုးအမြတ်ရမှ လုပ်ရမှာလား၊ ဘယ်သူမှမတီထွင်နိုင်တာကို ကိုယ်ကတီထွင်နိုင်ခဲ့ရင် ဒါဟာ ဂုဏ်တစ်ခုပဲ မဟုတ်လား၊ အဲ တစ်ခုတော့ရှိတယ် . . . ဒီလိုအပင်မျိုးတွေကို တစ်တောပြီးတစ်တော ပြောင်းပြီးစိုက်ရင် ဘာဖြစ်လာမလဲဆိုတော့"

(မေးဖျားကိုလက်နှင့်ကိုင်ကာ စဉ်းစားသလိုပြုလိုက်ပြီး)

"အပင်ကြီးတွေဖြစ်လာတဲ့အခါမှာလည်း ကိုယ်ကအမိန့်ပေးလိုက်ရင် သူ့ဘာသာသူ ရွှေ့ပြောင်းသွားလို့ရတယ်၊ အပင်ကို ခုတ်ထွင်ဖို့မလိုဘူး၊ မနိုင်တဲ့အပင်ကြီးတွေကို မ,ပြီးတော့ နှုတ်ပြီးတော့ ရွှေ့ပြောင်းဖို့မလိုတော့ဘူးပေါ့"

ဦးကေတုသည် ဒဏ္ဍကို စိတ်ရှုပေါက်ပြီး ပြောချင်ရာပြော၊ လုပ်ချင်ရာကိုလုပ်နေသည့် လူစားမျိုးဟု ထင်သွား၏။

"ကျွန်တော့်မှာ အခက်အခဲဖြစ်နေတာက ဒီအပင်တွေကို ပျိုးပြီးမျိုးပွားနိုင်မယ့်နေရာပဲဗျ၊ မျိုးစေ့တွေကို အမှောင်ထဲမှာပဲ စမ်းသပ်လို့ရတယ်၊ ဒါကြောင့် အဲသလို အဆင်ပြေမယ့် နေရာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို လိုက်ရှာနေတာ သွေ့တားတာပေါ့ ကြာပြီ"

"ဘယ်နေရာလဲ"

"ဒီနေရာပဲ"

"ဘာ . . . ဘယ်လို . . . ဘယ်နေရာလဲ"

"ဟောဒီ နှင်းသုခခြိုင်ခြံကြီးထဲမှာပေါ့၊ ဒီစံအိမ်ကြီးက ကျွန်တော့်အတွက် အကောင်းဆုံးပဲ"

"မင်းအလုပ်အတွက် ငါက ဒီနေရာကို အသုံးချခွင့်ပေးမယ်လို့ ပြောလို့လား"

"မဟုတ်ဘူးလေ . . . ကျွန်တော်က ဝယ်မှာ၊ ဟိုမျက်နှာဖြူတွေ ဒီမှာနေကြကတည်းက သူတို့ကိုဝယ်မယ်လို့ ပြောပြီးသား၊ ကျွန်တော်က နိုင်ငံရပ်ခြားကိုခရီးထွက်သွားလို့၊ ရုက္ခပင်တွေနဲ့ပတ်သက်ပြီး အထူးအဆန်းနယ်မြေတွေမှာ သွားရောက်လေ့လာခဲ့တာ၊ နည်းစနစ်တွေကို သင်ကြားခဲ့တာ အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့တယ်၊ ကျွန်တော်ပြန်ရောက်လာတော့ မျက်နှာဖြူမိသားစုက မရှိကြတော့ဘူး၊ ဒါကြောင့် ဦးရိုးတို့လက်ထဲက ပြန်ပြီးတော့ဝယ်မလို့ပါ"

ထိုအခါ ဦးကေတုသည် ဆတ်ခနဲဆို ဖြစ်သွားသည်။

"မရောင်းပါဘူး၊ ဝယ်ကတည်းက ဒီမှာတစ်သက်လုံး အခြေချဖို့ ဆုံးဖြတ်ပြီးမှ ဝယ်ခဲ့တာ၊ နေသားကျလုနီးပါးရှိနေကြပြီပဲ၊ ရောင်းလို့ဘယ်ဖြစ်ပါ့မလဲ"

"မဟုတ်ဘူး . . . ကျွန်တော့်အတွက် ဒီနေရာက သိပ်





ပြီးတော့ အရေးပါနေပြီ၊ ဦးရိုး ရောင်းမှဖြစ်မယ်"

"ဟ . . . မင်းက ငါ့ကို ဒီလောက်အထိ တိုက်တွန်းနေရအောင် စွက်ဖက်ပွန်းလှချည့်လားကွ၊ မရောင်းပါဘူးလို့ဆိုနေမှ"

"ဟား ပ.ပ.း . . . ဦးရိုး ကျွန်တော့်ကို မရောင်းဘဲမနေနိုင်ပါဘူးဗျာ၊ ဒီမှာ . . . ကျွန်တော့်ကိုကြည့်စမ်း"

သို့သော် ဦးကေတုက ဒတ္တမျက်လုံးများကို မကြည့်ပေ။ မျက်နှာကို ခပ်ရှုံ့ရှုံ့လွှဲပင်ထားသည်။

"ကြည့်ပါ ဦးရိုးရဲ့ . . . ကျွန်တော်က ဦးရိုးရဲ့မျက်နှာကို ကြည့်ပြီး သေသေချာချာဆွေးနွေးချင်လို့ပါ"

ဒတ္တသည် ဦးကေတုအပေါ်မှာ အားမလိုအားမရဖြစ်လာခဲ့သည်။ ထို့ကြောင့် နေရာမှထကာ တစ်ခုခုကိုကြံစည်တော့မည် အပြု . . .

"ဟိတ် . . . ဒါ ဘာသဘောလဲ . . . ပြန်ထိုင်စမ်း"

ဦးကျောက်မောင်း၏အသံ။ ထိုအခါ ဒတ္တသည် ကိုယ်ရှိန်တန့်သွားပြီး နေရာမှာ ပြန်ထိုင်လိုက်ရသည်။

ဦးကျောက်မောင်းနှင့်အတူ နန္ဒသုခနှင့် ကိုသူရတို့က မလှမ်းမကမ်းတွင်ရောက်နေကြသည်။

"ခင်ဗျား ဒီလိုမသမာတဲ့နည်းနဲ့ ဒီခြံကြီးကို မရနိုင်ဘူး၊ ဒီတော့ လက်လျှော့လိုက်ပါ၊ အေးအေးဆေးဆေး ပြန်သွားပါ"

နန္ဒသုခက ဒတ္တကို လေသံအေးအေးနှင့်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကို နင်တယ်ပေါ့လေ ... ဟုတ်လား။ ကောင်းပြီလေ ... အိမ်ရှင်ကနှင်တော့ ဧည့်သည်ကလည်း ပြန်ရမှာပေါ့။ ဒါပေမဲ့ တစ်ခုတော့မှာခဲ့မယ် ... ဒီအိမ်ကြီးကို ငါ ရအောင်ယူမယ်၊ ယုယကိုလည်း ငါ ရအောင်ယူမယ်၊ ကျန်တဲ့သူတွေ အားလုံးကတော့ ဘေးအပေါင်းသင့်စေရမယ်"

'ခွပ်'

"အား"

ဒတ္တ စကားမဆက်နိုင်တော့။ နန္ဒသုခ၏လက်သီးတစ်လုံးက မေးရိုးဆီကို ပစ်ဝင်သွားသောကြောင့်ပင်။ ဒတ္တသည် တစ်ချက်ယိမ်းယိုင်ကာ ထွက်သွားသည်။ ကြမ်းပြင်ပေါ်ပစ်လဲကျသွားခဲ့လေ၏။ နန္ဒသည် ထိုမျှနှင့်မကျေနပ်နိုင်သေးဘဲ ဒတ္တ၏အင်္ကျီကော်လံစနှစ်ခုကို စုစည်းကာဆွဲထူသည်။ နောက်ထပ်လက်သီးတစ်လုံးက မျက်ခွက်ဆီကို ရောက်သွားမည်အပြု ...

"ဟေ့ မြေး ... တော် ... တော်တော့၊ ဒီလိုလက်ရောက်မှုမျိုး မဖြစ်သင့်ဘူး၊ ကဲ ကဲ ဒတ္တ ... မင်းလည်း ဒီကနေ ထွက်သွားပါတော့ကွယ်၊ မင်းက မိတ်ဆွေကောင်းမှမဟုတ်ဘဲ၊ အကောက်ဉာဏ်နဲ့ ရောက်လာတဲ့သူပဲ၊ နောက်လည်း ဘယ်တော့မှ မလာပါနဲ့"

ဦးကေတုက နန္ဒသုခကို တားဆီးလိုက်သည်။ ဒတ္တကိုလည်း မောင်းထုတ်လိုက်လေသည်။ ဒတ္တသည် နေရာမှထကာ ဒယိမ်းဒယိုင်ကိုယ်လုံးဖြင့် နေရာမှထွက်သွားခဲ့လေ၏။ ထွက်သွား





မသွားမီ တစ်ယောက်စီ၏မျက်နှာကို စေ့စေ့ကြည့်သွားခဲ့သေးသည်။

"အင်း ... ဒီလူကြီးဟာ ခုလိုအထိုးခံလိုက်ရတဲ့အတွက် ကျေနပ်မှာတော့ မဟုတ်ဘူး၊ ကောက်ကျစ်တဲ့မျက်လုံးတွေက တောက်လျှောက်ကို ဒုက္ခပေးတော့မှာပဲ၊ ဒီလိုလူမျိုးနဲ့မှ လာပြီးတော့ ကြုံရလေတယ်ကွယ်"

"သခင်ကြီး ... သူက တစ်ယောက်တည်း၊ ကျွန်တော်တို့က အများကြီး၊ လာစမ်းပါစေ ... ဒီတစ်ခါတော့ မလွယ်ဘူး၊ ကျုပ်ကိုယ်တိုင် ရှင်းပစ်မယ်"

ဦးကျောက်မောင်းက ကြိမ်းဝါးလိုက်လေသည်။

◆ ◆

ရက်အတန်ကြာသွားသည်။ ဒတ္တ၏သတင်းကို လုံးဝမကြားရတော့။ နှင်းသုခမြို့င်ဆီကိုလည်း ရောက်မလာတော့ပေ။ သူ အရက်ရသွားပြီဖြစ်ပြီး မည်သည့်အခါမှ မလာတော့ဟု ထင်မိကြသည်။ ထိုသူရောက်မလာသဖြင့် အားလုံး စိတ်သက်သာရာ ရနေကြသည်။ သို့သော် ... နှင်းသုခမြို့င်အပေါ် ကံကြမ္မာအရိပ်မည်းကြီးက တဖြည်းဖြည်းနှင့်ကျရောက်လာခဲ့သည်ကို မည်သူမှ မသိနိုင်ကြ။





www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ကိုသူရသည် ပန်းပုထုရန်အတွက် သစ်ကောင်းကောင်းအပင် လိုအပ်လာသည်။ မနီးမဝေးကျေးရွာမှ သစ်ခုတ်သမားတစ်ဦးကိုခေါ်ကာ တောထဲသို့ ဝင်လာခဲ့သည်။

(ယင်းအချိန်က **အကောက်တောကြီး**ရယ်ဟု အမည်မတွင်သေးပေ။ အမည်မဲ့တောကြီး တစ်တောပင်ဖြစ်သည်။)

"ပန်းပုဆရာ ... သစ်ကောင်းကောင်းလိုချင်ရင် အတွင်းဘက်မှာရှိတယ်၊ နည်းနည်းတော့ အားစိုက်ရမယ်"

"ရပါတယ်ဗျာ ... ဒီလောက်တော့ အပင်ပန်းခံရမှာပေါ့"

ဤသို့နှင့် တောနက်ထဲကို ဝင်လာခဲ့ကြလေသည်။ သစ်ပင်အလတ်စားတစ်ပင်ကို သစ်ခုတ်သမားက လက်ညှိုးထိုးပြလိုက်ပြီး ...

"ဟောဒီအပင်ကြီးကို ကျွန်တော်တွေ့ထားတာ ကြာပြီ၊ ဘယ်သူမှ မမြင်ကြသေးဘူး။ ဒါ **သစ်ကနက်ပင်ကြီး**ပဲ၊ ပန်းပုထုဖို့ အကောင်းဆုံးပဲပေါ့"

"ဟာ ... ကောင်းတယ် ... ခုတ်ဗျာ"

ထို့နောက် သစ်ပင်ကို ပင်ခြေမှစပြီး ခုတ်မည်ပြုလိုက်စဉ် ...

ဟဖျော ..ဖျော ..ရှော ..ရှော'

အမှတ်မထင်ထွက်ပေါ်လာသော အသံများ။ သစ်ရွက်များ၊ သက်ခြောက်များပေါ်မှ၊ ကိုင်းခြောက်များပေါ်မှ ဖြတ်သန်း





လာကြသံများ၊ တရွတ်ဘိုက်ဆွဲလာကြသံများလိုလို ထိုအသံမျိုးကို သူတို့ တစ်ကြိမ်တစ်ခါမှ မကြားဖူးကြ။ တစ်ခဏနားစိုက်ထောင်ပြီး ငြိမ်သွားပြန်သည်။ ဘာမှမဟုတ်မှန်းသိလိုက်၍ အပင်ကို ဆက်၍ခုတ်မည်ပြုသည်။

'ဖျော ..ဖျော ..ဖျော ..ရှော ..ရှော ..ရှော'

အသံကထွက်လာခဲ့ပြန်သည်။ ဒီတစ်ခါတော့ တစ်နေရာတည်းကထွက်လာကြသည့် အသံများမဟုတ်ကြဘဲ ဟိုမှ၊ ဒီမှ နေရာအနှံ့ထွက်လာခဲ့ကြသံများ ဖြစ်ကြသည်။ နှစ်ယောက်စလုံး ပတ်ချာလည်လိုက်ကြည့်ကြရလေပြီ"

"ဘာသံတွေလဲဗျို့"

"မပြောတတ်ဘူး ပန်းပုဆရာ ... ဟိုအကောင်ရှည်ရှည်ကြီးတွေ ဖြတ်သွားဖြတ်လာလုပ်ကြသလားမှ မသိတာ၊ တစ်ကောင်တည်းဆိုရင် တော်တော်ကြီးမယ်၊ ဒါမှမဟုတ် အကောင်တွေအများကြီးဆိုရင်တော့ မိတ်လိုက်ကြသလားမှ မသိတာ"

မြွေများမိတ်လိုက်ကြလျှင်လည်း တစ်ကောင်ပြီးတစ်ကောင် ထွက်လာကြသည်။ လမ်းမှာကြုံရာအကောင်နှင့်ပူးပေါင်းသွားတတ်ကြသည်။ နားစွင့်နေကြဆဲမှာပင် အသံတွေကပိုပြီးတော့ကျယ်လောင်လာကြသည်။ နီးကပ်လာခဲ့ကြသည်။

'ဖျော ..ဖျော ..ဖျော ..ရှော ..ရှော ..ရှော'

ထိုအသံများသည် တိတ်ဆိတ်နေသော တောထဲမှာ ညံညံစီပျော်ရှိနေကြသည်။ ဂနာမငြိမ်သောမျက်လုံးတွေက

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်းတန်းမိရာ မြေပြင်အနှံ့ ဟိုဒီလိုက်ပြီးတော့ကြည့်နေကြသည်။ သို့ရှိစဉ် မြေသားများသည် ကြွတက်လာကြပြီး ပွရောင်းရောင်းဖြစ်လာခဲ့ကြသည်။ တစ်နေရာပြီးတစ်နေရာ အတန်းလိုက်၊ အရှည်လိုက် အကြောင်းကြီးများသည် သူတို့ဆီကို လေးဖက်လေးတန်မှ ဝိုင်းလာနေကြသည်။

"ဟင် ... ဘာတွေလဲ, ဘာတွေလဲ"

အံ့အားသင့်နေကြရာမှ ထိတ်လန့်လာခဲ့ကြသည်။

ထိုစဉ် ...,

'ဝုန်း'

မြေကြီးထဲမှ ဝုန်းခနဲ၊ ဖွားခနဲဆို ထောင်တက်လာသော ရှည်မျောမျောအရာကြီးများ၊ နွယ်လိုလို မြွေလိုလို အရာကြီးများ ပေါ်ထွက်လာခဲ့ကြပြီး သူတို့ကို ရစ်ပတ်လိုက်ကြပါတော့သည်။

"အား"

"အား"

ရုတ်တရက် တစ်ကိုယ်လုံးအနှံ့ ရစ်ပတ်ခံလိုက်ကြရပြီး မည်သို့မှမတတ်နိုင်ကြမီမှာပင် ဆွဲခေါ်သွားခြင်းကို ခံလိုက်ကြရပါတော့သည်။ စူးစူးဝါးဝါးနှင့် အော်ရင်းပါသွားခဲ့ကြလေသည်။

◆ ◆ ◆ ◆



(၁၅)

## သေမင်းနှင့် ဆော်ခင်းကြသူများ

တောကဲ့သို့ သစ်ပင်အရှာထွက်သွားသည့် ကိုသူရတစ်ယောက် နှင်းသုခမြိုင်ကြီးဆီကို ပြန်ရောက်မလာတော့ပေ။ သူနှင့်အတူပါသွားခဲ့သည့် သစ်ခုတ်သမားလည်း မည်သို့ဖြစ်သွားမှန်း မသိ။ နှစ်ယောက်စလုံး ပျောက်ခြင်းမလှ ပျောက်ကုန်ကြသည်။

"တောထဲမှာ ဝံ, ကျားတွေနဲ့များ ရင်ဆိုင်မိကြလို့လား"

ဦးကေတု၊ ကိုကျောက်မောင်းနှင့် နန္ဒသုခတို့သည် မည်သူ့အကူအညီမှမယူကြဘဲ သူတို့ချည်း ကိုသူရကို အရှာထွက်သွားခဲ့ကြသည်။ နှင်းသုခမြိုင်မှာ ကိုကျော်ဝနှင့် နန်းသီတာတို့ပဲ အိမ်စောင့်အဖြစ် ကျန်ရစ်ခဲ့ကြလေသည်။ တစ်နေကုန် မိုးကြီးစုန်းစုန်းချုပ်မှ ပြန်ရောက်လာခဲ့ကြသည်။

ကိုကျော်ဝနှင့် နန်းသီတာတို့သည် ဘေးကင်းစွာ ပြန်

www.burmeseclassic.com

ရောက်လာခဲ့ကြသူများအတွက် ထိုအခါကျမှ သက်ပြင်းချမိကြသည်။

"မတွေ့ခဲ့ပါဘူးကွယ် ... သစ်ရှာရင်း ကျွားရဲပေါတဲ့ဘက်ကို ရောက်သွားခဲ့လို့များ ကိစ္စများကုန်ကြပြီလား"

ဦးကေတုက စိတ်အားပျက်သောလေသံဖြင့် ပြောလိုက်လေသည်။ ကိုသူရအတွက်ကား မျှော်လင့်ချက်က မရှိတော့ပေ။

လအနည်းငယ် ကြာသွားခဲ့သည်။

တစ်ရက်တွင် နန္ဒသုခနှင့် ကိုကျောက်မောင်းတို့သည် မြင်းကိုယ်စီဖြင့် မြို့သို့ထွက်သွားခဲ့ကြသည်။ အိမ်အတွက် ရိက္ခာများကိုဝယ်ရန်၊ နန္ဒသုခအတွက်လည်း စိတ်လွတ်လပ်မှုကို ရှာဖွေရန်ဖြစ်သည်။

သူတို့ထွက်သွားကြသည်ကို အတော်ခပ်ဝေးဝေးမှ ... စောင့်ကြည့်နေသူတစ်ယောက်။ သူကတော့ ... ဒတ္တ။

"ဒီအိမ်ကြီးကို မကြာခင်မှာ ငါ ပိုင်ဆိုင်ရမယ်"

ဟု စိတ်ထဲက ကြိမ်းဝါးလိုက်ကာ အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့လေသည်။

◆ ◆

ဦးကေတုသည် ခြံအပြင်ဘက်ကိုထွက်ကာ မြို့ဘက်



ကိုသွားသည့်လမ်းကိုကြည့်ပြီး တမျှော်မျှော်နှင့်ရှိနေသည်။

"ခုထက်ထိ ရောက်မလာကြသေးပါလား ... လမ်းမှာ ဘာများဖြစ်လို့လဲ"

မိုးကလည်း ချုပ်စပြုလာပြီ။ နှင်းများကလည်း တဖွဲဖွဲနှင့် ကျလာခဲ့ကြသည်။ ဤနေရာမျိုးမှာ နှင်းကျလျှင် မှုန်မှုန်မွှားမွှားမဟုတ်ဘဲ အဖတ်လိုက်၊ အဖတ်လိုက်ကို ကျလာတတ်သည်။

'ရှူး .. ရှူး .. ဝေါ .. ဝေါ .. ဝေါ'

လေပါ ပါလာသည်။ ချက်ချင်းပင် အအေးဓာတ်က ပိုပြီးတော့ သိပ်သည်းလာခဲ့သည်။ ကိုကျော်ဝနှင့်နန်းသီတာတို့သည် ခြံအပြင်ကိုရောက်လာကြ၏။

"အဖေ ... မိုးချုပ်နေပြီလေ၊ နှင်းတွေလည်းကျနေတယ်၊ လေပါပါလာပြီ အေးလည်းအေးတယ် အဖေရဲ့၊ အိမ်ထဲကိုဝင်ကြရအောင်"

"သူတို့ ရောက်မလာကြသေးဘူးကွယ့်၊ အဲဒါကို မျှော်နေတာ"

"လာမှာပေါ့ အဖေရယ် ... အကြောင်းတစ်ခုခုရှိလို့ နောက်ကျနေတာဖြစ်မှာပေါ့၊ ကိုကျောက်မောင်းလည်း ပါသွားတာပဲဟာ၊ မစိုးရိမ်ပါနဲ့ ... အဖေ့မြေးက ကလေးမဟုတ်တော့ဘူး။ သူ့ကိုယ်သူ ထိန်းနိုင်ပါတယ်

"ဟုတ်ပါတယ် ... သူတို့ ဘာမှမဖြစ်နိုင်ကြပါဘူး။

www.burmeseclassic.com



ပြန်ရောက်လာကြမှာပါ၊ အဖေ အအေးပတ်လိမ့်မယ်၊ အထဲကို ဝင်ပါ''

ကိုကျော်ဝကလည်း ဖျောင်းဖျသည်။ လေကလည်း အတိုက်ကြမ်းလာခဲ့ပြီဖြစ်၍ ဆက်နေလို့မရတော့။ ခြံထဲကို ဝင်လာခဲ့ကြသည်။ အိမ်ကြီးပေါ်ကိုရောက်သော လေက ပိုပြီးတော့ အတိုက်ကြမ်းလာလေတော့သည်။ နှင်းမုန်တိုင်းကား ကျလေပြီတည်း။ ဦးကေတုမှာ မြေးဖြစ်သူ နန္ဒသုခနှင့် ကိုကျောက်မောင်းတို့ကို ပိုပြီးတော့ စိတ်ပူလာမိသည်။

မိုးက ချုပ်သထက်ချုပ်လာခဲ့သည်။ အပြင်ဘက်တွင်နှင်းမုန်တိုင်းက သည်းထန်လျက်ရှိသည်။ တစ်ချီတစ်ချီမှာ တိုက်ခတ်လိုက်သောလေကြောင့် လွန်စွာမှ ခိုင်ခန့်သောအိမ်ကြီးသည်ပင် သိမ့်သိမ့်တုန်သွားခဲ့ရသည်။ ခြံထဲမှာ ခွေးဘီလူးကြီးနှစ်ကောင်ကို လွှတ်ထားသည်။ သို့သော် ခွေးဘီလူးကြီးများသည် အပြင်ဘက်မှာ တိုက်ခတ်နေသော နှင်းမုန်တိုင်းကြောင့် ခြံထဲမှာမနေကြတော့။ သူတို့အတွက် သီးခြားဆောက်ပေးထားသည့် နေအိမ်လေးတွေထဲမှာသာ ဝပ်နေကြသည်။

ခွေးဘီလူးများကို နေ့ဘက်တွင် သံကြိုးများဖြင့် ချည်





နှောင်ထားသော်လည်း ညဘက်မှာတော့ ဤအတိုင်းပင် လွှတ်ထားကြသည်။ အစကတော့ ခွေးမမွေးပါ။ ဒဏ္ဍာနှင့်ပတ်သက်ပြီးနောက်ပိုင်းမှာတော့ ဦးကေတုဆန္ဒဖြင့် ကိုကျောက်မောင်းက ခွေးဘီလူးများကို ရှာဖွေဝယ်ယူလာခဲ့ခြင်းပင်။

နှင်းမုန်တိုင်းက အဖျားခတ်ကာ တိုက်ခတ်နေခြင်းသော်လည်း ဒဏ်ကတော့ပြင်းသည်။ ဦးကေတုသည် အပေါ်ထပ်မှနေ၍ ပြတင်းအပြင်ကို ငေးပြီးတော့ကြည့်နေသည်။ တဖွားဖွားနှင့်လွင့်စဉ်နေသော နှင်းများကိုသာ ခပ်ဝါးဝါးမြင်တွေ့နေရသည်။ အလင်းရောင်က ပျောက်ပြီ။

''သခင်ကြီး ... သိပ်ပြီးကြောင့်ကြမနေပါနဲ့၊ သခင်လေးတို့လည်း နှင်းမုန်တိုင်းကြောင့် ဘေးကင်းရာမှာခိုလှုံနေကြမှာပါ''

အနားကိုရောက်လာသော ယုယက နှစ်သိမ့်မှုကိုပေးသည်။

''အိမ်း ... အဲ့သလိုဆိုရင်တော့ ကိစ္စမရှိပေဘူးပေါ့၊ လမ်းခုလတ်ကြီးမှာ ခိုစရာမရှိဘဲ ဒုက္ခရောက်နေကြမှာစိုးလို့''

ဦးကေတုသည် မြေးချစ်အတွက်လည်း အစိုးရိမ်ပိုပြီးတော့ကြီးသည်။ ဤစံအိမ်ကြီးနှင့် ရတနာအမွေပစ္စည်းများကို ဆက်ခံရမည့်သူမှာ တစ်ယောက်တည်းပဲ ရှိသည်မဟုတ်ပါလား။ နောက်တစ်ချက်ရှိသေးသည် ... နန္ဒသုခနှင့် ယုယကို လက်ဆက်ပေးဖို့ပင်။ သူ့ဓါရည်ရွယ်ချက်ကိုတော့ မည်သူ့ကိုမှ မပြော

www.burmeseclassic.com

www.burmeseclassic.com



ပြမထား။ အချိန်မတန်သေး၍ပင်။ သူ့ရေရည်ရွယ်ချက်ကိုတော့ ဘယ်နည်းနှင့်မှ အပျက်မခံနိုင်။

ထမင်းဝိုင်းမှာ မည်သူကမှ ဖြောင့်ဖြောင့်မစားနိုင်ကြ။ နှုတ်ကထုတ်ဖော်ပြီးတော့ မပြောကြသော်လည်း အားလုံးကတော့ ခရီးထွက်သွားသူနှစ်ဦးဆီကိုသာ စိတ်ကရောက်နေကြသည်။ အပြင်မှာ နှင်းမှုန်တိုင်းက တိုက်ခတ်နေဆဲဖြစ်သည်။ အသီးသီး ကိုယ့်အခန်းထဲသို့ ဝင်ပြီးလှဲနေကြသည်။

ယင်းအချိန်တွင် . . . ဦးကေတုသည်လည်း ဇနီးဖြစ်သူ ဒေါ်စက်ရှင်နှင့်အတူ အိပ်ခန်းထဲမှာရှိနေကြသည်။ ဒေါ်စက်ရှင် သည်လည်း စိတ်အာရုံက အပြင်ကိုရောက်နေလျက်။ ထိုစဉ် ဦးကေတုနားထဲမှာ အသံတစ်သံကို ကြားမိလိုက်သလို . . .။

"ရှင်မ . . . ဘာသံလဲ . . . ကြားလိုက်လား"

"ဟင့်အင်း . . . မကြားမိပါဘူး"

"သေသေချာချာ နားထောင်ကြည့်စမ်း"

ထိုအခါ ဒေါ်စက်ရှင်က အာရုံစိုက်ပြီးတော့ နားထောင်မိသည်။ တစ်ခဏအကြာတွင် နားထဲတွင် အသံတစ်မျိုးကို ကြားလာမိသည်။ အပြင်ကလာသည့်အသံတွေများလားဟု ထင်မိလိုက်သေးသည်။

ထိုအတူပင် . . . ကိုကျော်ဝ၊ နန်းသီတာနှင့် ယုယတို့ သည်လည်း စိတ်ထဲမှာ တစ်မျိုးဖြစ်နေကြသည်။ မိမိတို့၏ ခံစား ချက်များကို ညှို့အားတစ်မျိုးဖြင့် ဆွဲယူခြင်းခံနေကြရသလို အနှ



ရာယ်တစ်ခုခုကျရောက်လာတော့မည်ဟူသော အသိစိတ်က စိုးမိုး ခြင်းခံနေကြရသည်။ အပြင်ဘက်တွင် နှင်းမှုန်တိုင်းကျနေသော် လည်း အိမ်ကြီးက လုံခြုံလွန်းလှသည့်အတွက် သဲ့သဲ့မျှလောက်ပဲ ကြားနေရသည်။

မသီရိပင်လျှင် စိတ်ထဲမှာ အလိုလိုနေရင်း သံသယတွေ ဝင်နေမိသည်။ ဘာကို သံသယဝင်နေသလဲဆိုသည်ကိုမူ အ ကြောင်းပြစရာက မရှိ။ သူမသည် ကြက်မျက်သင့်ဝေဒနာရှင် တစ်ဦးမို့ ညဘက်မှာ . . . ဘာမှအသုံးမဝင်။ ဘာကိုမှ မမြင်နိုင်။ မိမိ၏ဝေယျာဝစ္စကိစ္စများ ပြီးသည်နှင့် စောစောပင် အိပ်ရာဝင်ခဲ့ သည်။

◆ ✎ ◆

ယင်းအချိန် . . .

နှင်းသုခအိမ်ကြီးပေါ်တွင် ထူးခြားမှုများက စတင်လာခဲ့ သည်။ တလှုပ်လှုပ်တလိမ့်လိမ့်နှင့် ရှိနေကြသော ရှည်မျောမျော အရာများ အိမ်ကြီး၏အတွင်းဘက် မှောင်ရိပ်သန်းသောနေရာ များ၊ အကွယ်များ၌ ပုန်းခိုနေကြသည်။ နေ့လယ်ခင်းအချိန်၊ ညနေစောင်းအချိန်လောက်အထိ မလှုပ်မယှက်နှင့် ရှိနေကြ သည်။ မည်သည့်အချိန်ကတည်းက စံအိမ်ကြီးထဲကို ရောက်နေ

www.burmeseclassic.com



ကြမှန်း မသိကြပေ။ ယင်းတို့ရှိနေကြသည်ကို အိမ်သားများက လည်း အသိမပေးကြပေ။

ည မိုးစုန်းစုန်းချုပ်လာခဲ့သည်နှင့် အသက်ဝင်လာသလို လှုပ်ရှားလာခဲ့ကြလေသည်။ အငြိမ်မနေနိုင်ကြတော့။ ဆာလောင်မွတ်သိပ်နေကြသော သတ္တဝါများပမာ ဒေါသရာဂမီး တောက်လောင်နေကြသည်။ သည့်နောက်မှာတော့ ပုန်းကွယ်နေကြရာက တစ်ကောင်ပြီးတစ်ကောင် ထွက်လာခဲ့ကြလေသည်။

ရှေးဦးစွာ ...

ယုယ၏အခန်းထဲကို ဝင်သွားခဲ့သည်။ ယင်းအချိန်တွင် ယုယသည် စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာဖြင့် ဖတ်နေသည်။ အကယ်၍ နန္ဒသုခတို့ပြန်ရောက်လာခဲ့ကြလျှင် အသံများကို မကြားရမည်စိုး၍ တံခါးကိုဖွင့်ကာ နားစွင့်ထားသည်။ ခြံတံခါးကိုတော့ အတွင်းဘက်က သော့ချိတ်မထား။ ကန့်လန့်ကို ခပ်တဲတဲလေး ထိုးထားသည်။

(ယခုတော့ နှင်းမုန်တိုင်းကြောင့် ပြုံတံခါးကပွင့်လျက် ရှိနေပေပြီ)

ယုယသည် စာအုပ်တွင် စိတ်ပါဝင်စားနေရင်းက ကြမ်းပြင်တွင် လျှောတိုက်ကာ ရုတ်တရက်ဝင်လာသော ရှည်မျောမျောကောင်များကို တွေ့လိုက်ရသည်။

ထိုအခါ သူမမျက်လုံးများမှာ ပြူးကျယ်ဝိုင်းစက်သွားခဲ့ရလေ၏။



"အမလေး ... မြွေ မြွေ ... လုပ် ... လုပ်ကြပါဦး"

ယုယက အသံစူးစူးလေးနှင့် အထိတ်တလန့်အော်ဟစ်လိုက်သည်။ ကုလားထိုင်မှထကာ အပေါက်ဝကိုထွက်ပြေးရန်ကြသည်။ သို့သော် တစ်ကောင်ပြီးတစ်ကောင် ရောက်လာခဲ့ကြသော သတ္တဝါများကြောင့် မပြေးရဲတော့။ ခုတင်ပေါ်ကို တက်ပြေးသည်။ အကောင်ရှည်များသည် ခုတင်ခြေထောက်များကို တွယ်ရစ်ကာလိုက်ကြသည်။ ယုယလည်း အိပ်ရာဘေးမှာထားသော ဓားကို ဓားအိမ်ထဲမှ ဆတ်ခနဲဆို ချွတ်လိုက်သည်။

'ဝှစ် .. ရှပ်'

ခုတင်ပေါ်ကိုတက်လာကြသည့် အကောင်အချို့ကို ခုတ်ပိုင်းချလိုက်လေသည်။

'ရှီး'

ကိုယ်ထည်က ပြတ်ထွက်သွားခဲ့ကြသည်။ သို့သော်လည်း ထွက်လာခဲ့သည်များက နီညိုညိုစေးပျစ်ပျစ်အရည်တွေ၊ သွေးတွေလည်း မဟုတ်။ ယုယသည် သွေးပူလာပြီဖြစ်၍ ကြောက်စိတ်ကိုတန့်ကာ တစ်ချက်ပြီးတစ်ချက် ခုတ်ပိုင်းပစ်နေသည်။

'ဝှစ် .. ရှပ်'

သို့သော် များပြားလှသောအကောင်များကို နိုင်အောင်မခုတ်နိုင်။ သူမ၏ကိုယ်ပေါ်ကို တစ်ကောင်ပြီးတစ်ကောင် တက်လာခဲ့ကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အား ..အင်း ..အင်း"

ရှည်လျားသောအကောင်များသည် သွက်လက်လျင်မြန်စွာပင် သူမ၏ကိုယ်ကို ရစ်ပတ်သားလိုက်ကြသည်။ လက်တွေကိုပါ တစ်ခဏအတွင်းမှာပင် ရစ်ပတ်ထားလိုက်ကြပြီးဖြစ်၍ ရုန်းမှုမရတော့ပေ။ ထိုစဉ် ရှည်မျော့မျော့ကောင်၏ ချွန်မြည့်သော ထိပ်ပိုင်းသည် ဆတ်ခနဲဆို သူမ၏ကိုယ်ထဲသို့ တိုးဖောက်ကာ ဝင်သွားခဲ့လေတော့သည်။

"အား"

◆ ◆ ◆

နှင်းမှုန်တိုင်းတိုက်ခတ်နေသောအချိန်တွင် နှင်းသုခစံ အိမ်ကြီးထဲမှာ သေမင်းနှင့်စစ်ခင်းနေကြရသည်။

ဦးကေတုနှင့် ဒေါ်စက်ရှင်၊ ကိုကျော်ဝနှင့် နန်းသီတာ တို့သည်လည်း ထို ... ရှည်မျော့မျော့အကောင်ကြီးများနှင့် ရင်ဆိုင်နေကြရသည်။ ဦးကေတုက မထင်မှတ်ဘဲ ဝင်လာခဲ့ကြသော ထိုအကောင်ရှည်ရှည်ကြီးများကို မြွေတွေဟု ထင်မိလိုက်ကြသေးသည်။

သို့သော် တကယ်တော့ မြွေများမဟုတ်ကြ။ နွယ်ရှင်များသာ ဖြစ်ကြသည်။





"မစက်ရှင် ... ပြေး ပြေး ... သင်းတို့က မြွေတွေလိုပဲ ... လူကို ရစ်ပတ်ပြီးတိုက်ခိုက်တတ်တယ်၊ အမိမခံနဲ့"

ဦးကေတု နွယ်ရှင်များကို ဓားတစ်လက်နှင့် ခုတ်ပိုင်းတိုက်ခိုက်ရင်း ဇနီးဖြစ်သူကို သတိပေးသည်။ သို့သော် ပြေးပါဟုသာဆိုသည် ... ဘယ်ကိုပြေးရမှန်းမသိ။ သူမသည်လည်း ဆောင်ဓားတစ်လက်နှင့် တတ်နိုင်သမျှ တိုက်ခိုက်နေမိသေးသည်။

သို့သော် ...

◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

### ဂျုံနီကလားနိုင်ကြော

နွယ်ရှင်များကား အုံ့ညြစရာ၊ ထိတ်လန့်စရာ ကောင်းလောက်အောင်ပင် နှင်းသုခမြို့စံအိမ်ကြီးထဲမှာ လူတွေကို တိုက်ခိုက်လျက်ရှိနေကြသည်။ အပြင်ဘက်မှာ နှင်းမှုန်တိုင်းကလည်း ခပ်ကြမ်းကြမ်းမွှေလျက်ရှိသည်။ စံအိမ်ကြီးထဲမှာ အသည်းအသန် ရုန်းကန်နေကြရသည့်အဖြစ်အပျက်ကို မည်သူမှမသိနိုင်ကြ။

သန်မာလှသည့် နွယ်ရှင်များသည် ထူးထူးဆန်းဆန်း ရောက်လာခဲ့ကြပြီး လူတွေအင်္ကျီမှာ ဝင်ပြီးမွှေနေကြဆဲ။ ကိုကျော်ဝသည် နွယ်ရှင်တို့၏ထိုးဖောက်တိုက်ခိုက်မှုများကြောင့် ဒဏ်ရာဗရပွ ရရှိထားသည့်တိုင် အသက်ဘေးမှလွတ်မြောက်မှု ရရန် အစွမ်းကုန်တိုက်ခိုက်နေဆဲ။

"နန်း . . . နန်း . . . မင်း လွတ်အောင်ပြေး . . . ပြေး မရတော့ဘူး . . . မရတော့ဘူး"





'ဝှစ် . . ရွှပ်'

'ဝှစ်'

ဖနီးဖြစ်သူကို သတိလည်းပေးရင်း၊ တိုက်ခိုက်ရင်းဖြင့် အလူးအလဲ ခံနေရသည်။ သူ့ခါးချက်တစ်ချက်ထိတိုင်းမှာ နွယ်ရှင်များက ပြတ်တောက်သွားခဲ့ကြသည်။ ထိုအခါ နီညိုစေးပျစ်သောအစေးများက ရှူးခနဲ ဘွက်ခနဲဆို ပန်းထွက်လာခဲ့ကြလေသည်။ သူ့ကိုယ်ပေါ်မှာလည်း နွယ်ရှင်တို့က ထိုးဖောက်ထားကြသဖြင့် ကြည့်မကောင်းဇာတော့။

"ငါ အသက်ရှင်နိုင်ပါ့မလား၊ အ . . . အဖေနဲ့ အမေ, ယုယတို့လည်း ဘယ်လိုအခြေဆိုက်နေကြပြီလဲ"

"အား"

အော်သံတစ်ချက်က ထွက်ပေါ်လာသည်။ လှည့်ကြည့်လိုက်ရာ ဖနီးဖြစ်သူသည် . . . ကြမ်းပြင်ထက်မှာ လဲကျနေလျက် မလှုပ်မယှက် နွယ်ရှင်များက သူမ၏ကိုယ်မှာရစ်ပတ်သွားလာနေကြလျက် . . .

"ဟင် နန်း . . . နန်း"

အထိတ်တလန့်ဖြင့် အော်လိုက်ပြီး မနန်းသီတာဆီကို သွားမည်ပြုစဉ် . . .

"အ . . . အား"

နွယ်ရှင်တစ်ချောင်းက သူ့ပါးစပ်ထဲကို ထိုးဖောက်ပြီးတော့ ဝင်လာခဲ့လေသည်။ အပြင်ဘက်မှာ နှင်းမှုန်တိုင်းကား



www.burmeseclassic.com

www.burmeseclassic.com



အားကောင်းနေဆဲ။ အငြိုးကြီးစွာ တိုက်ခတ်နေဆဲ။

◆ ◆

မနက်လင်းပြီးခါမှ နန္ဒသုခနှင့် ဦးကျောက်မောင်းတို့ နှင်းသုခမြို့သို့ ပြန်ရောက်လာခဲ့ကြသည်။ ညက နှင်းမုန်တိုင်းက တောက်လျှောက်တိုက်ခတ်နေ၍ လမ်းရှိ အသိမိတ်ဆွေ အိမ်ကြီးတစ်လုံးမှာ အကူအညီတောင်းပြီး ညအိပ်ရပ်နားကြရသည်။ ဘယ်လိုမှ ခရီးမဆက်နိုင်ကြတော့။

အသိမိတ်ဆွေတစ်ဦး၏အိမ်သည် နှင်းသုခမြို့နှင့် သိပ်မဝေးပါ။ မိုးလင်းခါနီးမှ . . . မုန်တိုင်းက စဲသွားသည်။ မိုးလင်းလင်းချင်း ခရီးဆက်လာခဲ့သည်။ နှင်းတွေက လမ်းမှာ ထူထပ်စွာ ရှိနေကြသည်။ သို့သော် မြင်းနှစ်ကောင်က နှင်းများကို ကောင်းကောင်းရုန်းနိုင်ခဲ့သည်။ စံအိမ်ဆီကိုရောက်တော့ ခါးသီးထိတ်လန့်စရာကောင်းသော မြင်ကွင်းက သူတို့ကို ဆီးကြိုလျက်ရှိနေကြသည်။ အဘိုး၊ အဘွား၊ အမိ၊ အဖကအစ ယုယသည်လည်း ပိုးစိုးပက်စက် သေပွဲဝင်နေကြလျက်။ သူတို့၏အနားပတ်ပတ်လည်မှာ အပိုင်းပိုင်းပြတ်တောက်လျက်ရှိနေကြသော နွယ်ရှင်များ။

"ဟင် . . . အလိုလေးလေး . . . ဒါ ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်ကုန်ကြတာလဲ။ ကြည့် . . . ကြည့်ပါဦး ဦးရိုး"

နန္ဒသုခသည် ရင်ထဲ ရှုတ်တရက်ဆို့တက်သွားကာ ခေါင်းထဲလည်း မိုက်ခနဲဖြစ်သွားသည်။ ဒယိမ်းဒယိုင်ဖြစ်သွားခဲ့ရလေ၏။ ကိုကျောက်မောင်းသည်ပင် မယုံကြည်နိုင်စရာမြင်ကွင်းကို မျက်လုံးကြီးအပြူးသားနှင့် ငေးကြောင်ပြီးကြည့်နေမိသည်။ နောက်တော့မှ ရုတ်တရက်သတိရလာကာ . . .

"သခင်ကြီး သခင်ကြီး"

ဦးကေတုကို ပွေ့ချီကာ ငိုသံပါကြီးနှင့်အော်ဟစ်ပြီးတော့ ခေါ်မိလိုက်သည်။ နန္ဒသုခလည်း မိဘနှစ်ပါးကို တစ်ပြန်တစ်လဲစီ ပွေ့ချီသည်။

"အမေ . . . အဖေ . . . သားပြန်လာပြီလေ . . . ထကြည့်ကြပါဦးလား . . . ဘယ်လိုဖြစ်ကုန်ကြပြီလဲ"

ကလေးတစ်ယောက်သဖွယ် ရှိုက်ကြီးတငင် ငိုကြွေးမိသည်။ ထို့နောက် အရှုံးမပိုင်သလိုဖြစ်ကာ အဘိုးဖြစ်သူ ဦးကေတုကို ကိုကျောက်မောင်း၏လက်ထဲက ဆွဲယူကာပွေ့လိုက်ပြီး

"အဘိုး အဘိုး . . . ကျွန်တော် ခရီးထွက်သွားခဲ့ရ၍ စိတ်မချပဲရှိနေခဲ့တယ်၊ လမ်းခရီးမှာ ဂရုစိုက်ဖို့ တတွတ်တွတ်နဲ့မှာခဲ့တာ၊ ခုတော့ ကျွန်တော့်ကို စိတ်မချတဲ့အဘိုးက အဖြစ်ဆိုးနဲ့ကြုံသွားခဲ့ရပါလားအဘိုးရဲ့ . . . ဟီး"

ဘိုးအေကိုလည်း ဖက်ကာငိုသည်။ ဘွားအေကိုလည်း ဖက်ကာငိုသည်။ ထို့နောက် . . .

www.burmeseclassic.com



''ဟင်''

ယုယကို ချက်ချင်းပင် သတိရသွားခဲ့လေသည်။ မှုန်ထု နေသည်ဖြစ်၍ ယခုမှပဲ သတိရသွားခဲ့ခြင်းပင်။

''မမယုယ ...မမယုယ ...သူ ...သူ''

အောက်ထပ်ကို ပြန်ဆင်းပြီးပြေးလာသည်။ ပွင့်နေသော အခန်းထဲကို အလျင်စလိုဖြင့် ပြေးဝင်သွားခဲ့သည်။

''ဟင်''

နန္ဒသုခ၏ခေါင်းသည် ချာချာလည်ထွက်သွားခဲ့ရသည်။ ယုယကား အိပ်ရာထက်တွင် သေပွဲဝင်လျက်ရှိနေလေပြီ။ အချို့နွယ်ရှင်အရှည်ကြီးများကား သူမ၏ကိုယ်ပေါ်မှာ ရစ်ပတ်နေကြသေးသဲ။ နွယ်ရှင်များကို ဆောင့်ဆွဲပြီး ယူလိုက်ကာ ...

'ဝှစ် ..ဝှစ် ..ရှပ် ..ရှပ်'

ဓားဖြင့် ဝေ့ယမ်းကာ ပိုင်းထစ်ပစ်လိုက်သည်။

''မမယုယ မမယုယ''

ယုယ၏ကိုယ်လုံးလေးကို ပွေ့ချီကာ လှုပ်ပြီးခေါ်လိုက်သည်။ ယုယကား မထူးနိုင်တော့ပါ။ နှုတ်ခမ်းလေးက ခပ်ဟဟလေးပွင့်လျက် လက်တစ်ဖက်ကလည်း ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ အသက်ဝိညာဉ်ကင်းမဲ့လျက် ရှိနေလေပြီ။

''တောက် ...ငါရှိရင် ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရမှာမဟုတ်ဘူး။ ဒါ ...သင်းလက်ချက်၊ သင်း ယုတ်မာတာ၊ ဒတ္တ ဒတ္တ ...ခင် ...ခင်ဗျားကြီးကို ကျုပ် မတွေ့တွေ့အောင်ရှာမယ်၊ ကျုပ် မိဘ, အဘိုးအဘွားတွေသေရသလို ခင်ဗျားကြီးလည်း အသက်ကိုပေးဆပ်ရလိမ့်မယ်၊ ကောင်းကောင်းမှတ်ထားလိုက်စမ်းပါ''

နန္ဒသုခသည် ရုက္ခပင်ရှုး ဒတ္တ၏လက်ချက်ဆိုသည်ကို အတတ်သိသွားခဲ့လေပြီ။

''သင်းက ဒီစံအိမ်ကြီးကို လိုချင်တဲ့အတွက် အားလုံးကို မျိုးဖြုတ်ပစ်တာကိုး၊ ကျုပ် ရှိသေးတယ်၊ နန္ဒသုခကျန်သေးတယ်၊ ခင်ဗျားကြီးကို ကျုပ် ဘာလုပ်မလဲဆိုတာ စောင့်ကြည့်ထား၊ အခုချက်ချင်း ခင်ဗျားကို မတွေ့တွေ့အောင်ရှာမယ်''

နန္ဒသုခသည် ဓားကိုဆွဲကာ ဒတ္တရှိရာနောက်ကို လိုက်မည်ပြုသည်။ ကိုကျောက်မောင်းက ဆွဲထားရသည်။

''သခင်လေး သခင်လေး ...စိတ်ကိုထိန်းပါ၊ ထိန်းပါ၊ သင်းဟာ ခုလောက်ဆို တစ်နေရာရာမှာ ပုန်းရှောင်နေလောက်ပြီပေါ့၊ ဒီကိစ္စကို ကျုပ်တာဝန်ထားပါ၊ သင်းကို ကမ္ဘာဆုံးသရွေ့ လိုက်ပြီးတော့ရှာမယ်၊ အားလုံးအတွက် လက်တုံ့ပြန်မယ်''

''မလိုဘူး မလိုဘူး ...ကျုပ်ကိုယ်တိုင် သင်းကို လက်တုံ့ပြန်မှာ၊ အားလုံးရဲ့အသက်အတွက် ကျုပ်မှာသာ တာဝန်အရှိဆုံး''

နန္ဒသုခသည် ရှန်းကန်အော်ဟစ်ရင်းက ပြောလိုက်လေတော့သည်။

◆ ◆





ရွှေကားစာပေ

www.burmeseclassic.com



ဤစံအိမ်ကြီးတွင် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်သွားသောသူကား . . . သီရိပင်။ သူမသည် ကြက်မျက်သင့်ရောဂါရှိသူမို့ ညဘက်တွင် ဘာမှအသုံးမဝင်။ ထို့ကြောင့် တံခါးကိုလုံခြုံစွာပိတ်ကာ အိပ်ရာစောစောဝင်ခဲ့သည်။ ထို့ကြောင့် နွယ်ရှင်များက သူမ၏အခန်းထဲကို ရောက်မလာနိုင်ခဲ့ကြခြင်းပင် ဖြစ်သည်။

သက်ဆိုင်ရာကို ကိုကျော်မောင်းက သွားရောက်အကြောင်းကြားသည်။ အခင်းဖြစ်ပွားသောနေရာကို လာရောက်စစ်ဆေးကြသည်။ သို့သော် အဖြစ်အပျက်သည် ထူးခြားလှသည်ဖြစ်ရာ တရားခံကို မည်သို့သတ်မှတ်ရမည်ကို မသိကြ။ အရေးယူဆောင်ရွက်ထားကြသော်လည်း နှစ်ပေါင်းများစွာကြာသည်အထိ တရားခံကိုမမိခဲ့ပါချေ။ အကြောင်းမထူးခဲ့ပါချေ။

ယင်းအချိန်တွင် . . .

ဒဂ္ဂသည် အဝေးတစ်နေရာမှနေ၍ နှင်းသုခမြိုင်၏ သတင်းကို နားစွင့်လျက်ရှိသည်။ အခင်းဖြစ်ပွားပြီး နောက်တစ်နေ့မှာပင် သိလိုက်ရသည်မှာ သေဆုံးသူများထဲတွင် ယုယသည်လည်း ပါသွားသောကြောင့်ပင်တည်း။

"တောက် . . . အဲဒီအချက်ကို ငါ ထည့်ပြီးမတွေးမိလိုက်ဘူး။ သတိလစ်သွားတယ်၊ ငါ သူ့ကို အရင်ဆုံး မဖြစ်ဖြစ်





တဲ့နည်းနဲ့ အပြင်ကိုခေါ်ထုတ်ထားရမှာ"

ဒဂ္ဂ ယူကျုံးမရဖြစ်သွားခဲ့သည်။ ထို့နောက် နန္ဒသုခနှင့်ကိုမိုးကောင်း လွတ်မြောက်သွားခဲ့ကြသည့်အတွက်လည်း . . .

"ဒီကောင်တွေ နှင်းမုန်တိုင်းကြောင့် အချိန်မီပြန်ရောက်လာကြတာ သက်သာသွားကြတယ်၊ ဟို သီရိဆိုတဲ့ အမျိုးသမီးမှာ ငါ့လက်က ပြေးလွတ်ကြမယ် ထင်လို့လား"

ဒဂ္ဂသည် နန္ဒသုခကိုပါ မရွေးမနှောင်းမှာပင် အပြီးင်းပစ်ရန် ဆင်ကြံကြံလျက်ရှိသည်။

◆ ◆

နှင်းသုခမြိုင်တွင် ကြေကွဲဖွယ်ရာ ဓာတ်သိမ်းသွားခဲ့သူများအတွက် ဆွမ်းသွတ်အမျှပေးဝေခဲ့ပြီးလေပြီ။ ယခင် မိသားစုစည်စည်ကားကားနှင့် ရှိနေခဲ့သော အိမ်ကြီးသည်တော့ သုသာန်တစပြင်ပမာ ခြောက်သွေ့လျက်ရှိနေသည်။ သူ၏စိတ်ထဲမှာလည်း အလိုလိုနေရင်း ချောက်ချားလျက်နေသည်။

သေဆုံးသွားခဲ့ကြသူများ၏အသံများကို ကြားနေရသ ဟိုနေရာ၊ ဒီနေရာ အရိပ်အယောင်များက ထွက်လာကြသ မြင်နေမိသည်။ အိပ်လို့ကလည်း မပျော်၊ ညစဉ် ဝရန်တာမှာ

www.burmeseclassic.com



ထွက်ပြီးထိုင်နေသည်ကသာ များနေသည်။

"ဒီအတိုင်းဆိုရင် သခင်လေး လုံးပါးပါးသွားနိုင်တယ် မသီရိ ... တစ်ခုခုတော့ ကြံပါဦး"

"သခင်လေးကို အသာချော့ကျွေးပြီး အစာထဲမှာအားဆေး, စိတ်ငြိမ်ဆေး မသိမသာထည့်ထားရမယ်၊ ဒါမှ သူ့စိတ်က ပုံမှန်ပြန်ဖြစ်လာမှာ"

"ကောင်းတယ် ကောင်းတယ် ... ဒီလိုပဲ လုပ်ရမှာပဲ"

နန္ဒသုခသည် ရုပ်တုများထားသောအခန်းထဲကိုလည်း မကြာခဏဝင်သည်။ ကွယ်လွန်ဆုံးပါးသွားပြီဖြစ်ကုန်ကြသော မိဘဘိုးဘွားတို့၏ရုပ်တုများသည် သက်ရှိထင်ရှားအတိုင်းပင် ရှိနေကြသည်။ ယုယသည် သူ့လက်ရာဖြစ်သည်။ ပိုပြီးတော့ အသက်ဝင်နေသလိုထင်ရသည်။ လက်ရာက အမြောက်ဆုံးဖြစ်နေသည်။ သူ ယုယကိုလည်း နှမြောတသနေမိသည်။

"မမယုယရယ် ... အဖြစ်ဆိုးလှချည်လား"

ရုပ်တုအားလုံး၏မျက်နှာတွေကို တစ်ဦးစီလိုက်ကြည့်ရင်း ရင်ထဲမကောင်း ဖြစ်လာမိသည်။ ဤကဲ့သို့သော ကြေကွဲမှုမျိုး သူ့တစ်သက်တာတွင် ရောက်လာလိမ့်မည်ဟုမထင်မိ။

"တရားနဲ့ဖြေပါ သခင်လေးရယ်၊ ဒါ ... ပြန်ပြင်လို့ရတဲ့ကိစ္စလည်း မဟုတ်တော့ပါဘူး။ သခင်လေးသာထပ်ပြီး တစ်ခုခုဖြစ်သွားခဲ့ရင် ဒွတ္တဆိုတဲ့လူကြီးရဲ့အကြိုက် ဖြစ်သွားမှာပဲ၊ သူက ဒီစံအိမ်ကြီးကို ပိုင်ဆိုင်ချင်နေတာ မဟုတ်လား"



မသီရိက အားပေးသည်။ သတိပေးသည်။ ထိုအခါ နန္ဒသုခသည် ဆတ်ခနဲဆို ဖြစ်သွားခဲ့ရသည်။

"ဟုတ်တယ်၊ ဟုတ်တယ် ... ဒီလူကြီးဟာ နှင်းသုခမြိုင်အိမ်ကြီးကို လိုချင်လို့ ဒီလိုအကြံပက်စက်ခဲ့တာ၊ တကယ်လို့ ငါပါမရှိခဲ့ရင်တော့ သူ ... ဒီအိမ်ကြီးကို အသာကလေး သိမ်းယူလိုက်မှာပဲ"

"သခင်လေး ခွန်အားပြည့်မှဖြစ်မှာ၊ ဒါမှ သင်းကို လိုက်ရှာပြီး သေဆုံးသွားကြတဲ့သူတွေကိုယ်စား လက်တုံ့ပြန်နိုင်တော့မှာပေါ့"

ကိုမိုးကောင်းကလည်း ဖြောင်းဖျသည်။ ထိုအခါ နန္ဒသုခသည် အားလုံးကိုဆင်ခြင်ကာ တွေးမိလာသည်။ ခေါင်းတညိတ်ညိတ်နှင့် ရှိနေလေသည်။

သို့သော် နန္ဒသုခ၏ ကံကြမ္မာကား ...

www.burmeseclassic.com

## (၁၉)

### [illegible]

အပြင်ဘက်မှာလည်း လဝန်းကြီးက ထိန်ထိန်သာလျက် ရှိနေသည်။ နှင်းသုခမြိုင်ခြံကြီးနှင့် အိမ်ကြီးပေါ်ကို လရောင်က ပက်ဆမ်းထားသည်။ နှင်းမှုန်လေးတွေကလည်း တဖွဲဖွဲနှင့်ကျဆင်းလျက်ရှိနေကြသည်။ နန္ဒသုခသည် အိပ်မပျော်သည်နှင့် လသာဆောင်ဘက်ကိုထွက်လာခဲ့သည်။ အိမ်အပေါ်မှနေ၍ ... အောက်ဘက်ကိုလှမ်းပြီးတော့ ကြည့်လိုက်သည်။

တစ်ခြံလုံးသာမက ... ဟိုးအပြင်ဘက်တွင်လည်း လရောင်က တည်ငြိမ်ပြီးလွှမ်းခြုံထားသည်။ ယခုအချိန်မျိုးတွင် သွားလေသူအားလုံးကို ပိုပြီးတော့ သတိရလာစေခဲ့သည်။ လပြည့်ညက သူ့ကို ပိုပြီးတော့ လွမ်းဆွတ်ကြေကွဲစေနေလေသည်။ သို့သော် တစ်ခဏအတွင်းမှာပင် ရင်ထဲမှာ ခံစားချက်တစ်မျိုးက ဖြစ်ပေါ်လာခဲ့သည်။





လရောင်က အရာရာအားလုံးကို ဆွဲငင်ထားသလို သူ့နှလုံးသားကိုလည်း ဆွဲယူကာညှစ်ကိုင်ထားသလိုပင်။ ရင်ထဲမှာ မွန်းကျပ်မှုများဖြစ်ပေါ်လာသည်။ အသက်ရှူမဝသလို ခံစားလာခဲ့ရသလို

"ငါ ဘယ်လိုဖြစ်ပါလိမ့်။ မောကျပ်ကြီးပါလား"

ယင်းအချိန်တွင် လေကတိုက်စပြုလာခဲ့သည်။

'ဝီး .. ဝီး .. ဝီး .. ဝီး'

နှင်းဖတ်များက လေနှင့်အတူ လွင့်ပါသွားခဲ့ကြသည်။ နားထဲတွင် အသံဗလံတွေကို ကြားလိုက်ရသည်။ သို့သော် မသဲကွဲ။ အဘိုးဦးကောတ၊ မိဘများဖြစ်သော ဦးကျော်ဝနှင့် နှန်းသီတာ၊ ပြီးတော့ ... ယုယတို့၏စကားပြောသံများက လေနှင့်အတူ ပါလာခဲ့ကြသည်။ ဖွဲလမ်းမှုကို ဖြေဖျောက်ခဲ့သော်လည်း တစ်ခါတစ်ခါမှာတော့ စိတ်ထဲမှာ ပြန်ပြီးတော့ပေါ်လာတတ်သည်မျိုး။

ယခုလည်း ဒီလိုပဲဖြစ်လိမ့်မည်။ အသံများသည် နီးလာလိုက်၊ ဝေးသွားလိုက်နှင့် ရှိနေကြသည်။

"မြေးရော မြေး ... နန္ဒသုခ ... သုခ"

"သား ... သား"

"မောင်လေး နန္ဒသုခ"

"ဟင် ဒါ ... ဒါ ... သူတို့ရဲ့ အသံတွေပဲ၊ ဘယ်ကနေထွက်လာခဲ့ကြတာလဲ၊ အပြင်ဘက်က ... ဟုတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ အပြင်ဘက်ကလာတဲ့ အသံတွေ''

နန္ဒသုခ၏ရင်ထဲမှာ လှုပ်ရှားသွားခဲ့ရသည်။ လောကကြီးထဲမှာ သူတို့မရှိကြတော့ပြီကို သတိလစ်သွားခဲ့သည်။ အကာယ်ပင် ရှိနေဆဲဟုပင် ထင်မိလိုက်သည်။

''သူတို့ ဘယ်ကိုသွားနေကြတာလဲ၊ အခု ဒီအိမ်ကြီးဆီကို ပြန်လာနေကြတာလား။ ငါ ငါတွက်တွေ့ရမယ်၊ ထွက်တွေ့မယ်''

နန္ဒသုခသည် အိမ်ထဲမှ အပြင်ကိုသာ ထွက်ခဲ့သည်မှာ ကြာခဲ့ပြီ။ ခြံအပြင်ကိုလည်း သူမထွက်ခဲ့။ သူ အောက်ထပ်ကို ဆင်းလာသည်။ လက်ထဲမှာ ဓားအိမ်နှင့်ထည့်ထားသော ဓားကိုကိုင်ထားသည်။

'ဂူး . . ဂူး . . ဂူး . . . ဝဲ . . ဝေါ . . ဝေါ'

အပြင်ဘက်မှာ လေတွေကတိုက်နေသည်။ သူ — ခြံတံခါး ကို ဖွင့်လိုက်သည်။

◆ ◆

ယင်းအချိန်တွင် . . . တောစပ်တစ်နေရာ၌ လူတစ်ယောက်။ ထိုသူသည် လေထန်ထန်၊ နှင်းသောသောနှင့်ကျနေသည့်အထဲမှာ စူးလက်သောမျက်လုံးတွေဖြင့် ထိန်ထိန်သာ



နေသောလမင်းကြီးကို မော့ပြီးတော့ကြည့်နေသည်။ လေနှင့်အတူ ပါလာကြသော နှင်းဖတ်တွေက သူ့မျက်နှာကိုရော၊ သူ့ကိုယ်လုံးကိုပါ ရိုက်ခတ်နေကြသည်။ သူက ဘာကိုမှဂရုမစိုက်။ လမျက်နှာပြင်ထက်မှာ နန္ဒသုခ၏ပုံရိပ်က ထင်နေအောင်၊ မြင်နေမိအောင်ကြိုးစားနေမိသည်။ သူက ဒဏ္ဍ။

လရောင်သည် ခြံအပြင်ကိုထွက်လာသော နန္ဒသုခ၏ကိုယ်ပေါ်ကို ကျဆင်းလျှက်ရှိနေသည်။ နှင်းဖတ်တွေကလည်း သူ့ကိုယ်ပေါ်ကို အပြေးအလွှားပင် လာရောက်ရိုက်ခတ်နေကြသည်။ အအေးဓာတ်ကိုလည်း သူမခံစားမိ။ နားထဲမှာ သူ့နာမည်ကို ခေါ်နေသောအသံများကိုသာ ကြားနေရသည်။ သူသည် အသံများထွက်ပေါ်လာရာဆီကို လျှောက်သွားနေမိသည်။

◆ ◆

ကိုကျော်မောင်းသည် အောက်ထပ်တွင် အိပ်ပျော်နေရာက ဖျတ်ခနဲဆို လန့်နိုးသွားခဲ့သည်။ နားထဲမှာ တဂူးဂူး၊ တဝေါဝေါနှင့် ကြားနေရသည့်အသံများ။ ခါတိုင်းဆိုလျှင် ဒီအသံများကို မကြားရ။ အပြင်မှာ လေခပ်ကြမ်းကြမ်းတိုက်နေသည့်တိုင် အိမ်ကြီးကလုံနေ၍ တိုးတိုးသဲ့သဲ့မျှလောက်သာ ကြားရသည်။

www.burmeseclassic.com



'ဝီး . . ဝီး . . ဝီး . . ဝီး'

"မဖြစ်သေးပါဘူး"

စိတ်ထဲမှာ သံသယဖြစ်လာမိသည်။ အိပ်ရာထက်က ထလိုက်သည်။ စားကိုဆွဲကိုင်သည်။ အိမ်ရှေ့ကိုထွက်လာသည်။ တံခါးမကြီးက ပွင့်နေသည်။

"ဟင်"

အပြင်ဘက်မှာ မုန်တိုင်းက ကျနေသည်။ နှင်းတွေက ဆင်ဝင်အောက်ကို အလုံးလိုက်အရင်းလိုက်ပင် တိုးဝင်လာနေကြသည်။

"ဒီတံခါးကြီးက ဘာဖြစ်လို့ ပွင့်နေတာလဲ၊ ညဦးပိုင်းက မသီရိများ မပိတ်မိခဲ့တာလား"

တံခါးကိုပိတ်လိုက်သည်။ မသီရိ၏အိပ်ခန်းဆီကို မှောင်ရိရိထဲမှာ မှန်းဆပြီးတော့ ပြေးသွားသည်။ လရောင်က ပြတင်းမှန်ချပ်များကို ထိုးဖောက်ပြီးဝင်လာသဖြင့် မှုန်ရေးရေးလောက်တော့ မြင်နေရသည်။

"မသီရိ မသီရိ . . . တံခါးဖွင့်ပါဦး"

'ဒုန်း . . ဒုန်း'

ချက်ချင်းပင် အခန်းထဲက တုံ့ပြန်သံထွက်ပေါ်လာသည်။

"ခ . . . ခဏလေး . . . လာပြီ . . . လာပါပြီ"

မသီရိသည် ကြက်မျက်သင့်နေသူတစ်ဦးဖြစ်ကာ မှောင်ထဲတွင် မမြင်မကန်းနှင့် မီးခြစ်ကိုစမ်းရမည်။ ဖယောင်းတိုင်





ကို စမ်းရမည်။ ကိုကျော်မောင်းသည် သူခေါ်မိလိုက်တာ များသွားပြီဟု ထင်မိလိုက်သည်။ တစ်ခဏအတွင်း အခန်းတံခါးက ပွင့်လာသည်။ သူမသည် မီးတိုင်ကြီးကိုကိုင်ထားသည်။ မျက်လုံးတွေက ပြူးကြောင်ကြောင်။

"ကိုကျော်မောင်းလား . . . ညကြီးအချိန်မတော် အရေးတကြီးကိစ္စတစ်ခုခု ပေါ်ပြီထင်တယ်"

"ဟုတ်တယ် . . . အိမ်တံခါးပွင့်နေလို့ မသီရိ ညဦးပိုင်းက မေ့ပြီးမပိတ်မိတာလားလို့"

"ဟင် . . . မဟုတ်ဘူး။ ကျွန်မ သေသေချာချာကိုပိတ်ပြီးမှ အိပ်တာပါ၊ သူ့အလိုလို ဘယ်လိုမှ ပွင့်နိုင်စရာအကြောင်းမရှိပါဘူး။ သခင်လေးများ . . ."

"ဟုတ်ပြီ . . . နေဦး . . . မသီရိ အခန်းထဲကိုပြန်ဝင်တော့၊ ကျုပ် အပေါ်ထပ်ကို တက်ကြည့်လိုက်ဦးမယ်"

ကိုကျော်မောင်းသည် လှစ်ခနဲဆို အပေါ်ထပ်ကို လှေကားအတိုင်းတက်ပြေးသွားသည်။ နန္ဒသုခ၏အခန်းက ပွင့်နေသည်။ အိပ်ရာထက်မှာလည်း မရှိ။ စာကြည့်ခန်းတံခါးကိုတော့ ပိတ်ထားသည်။ သူ နန္ဒသုခအတွက် စိုးရိမ်သွားသည်။ အောက်ကို ပြန်ဆင်းလာသည်။ သူ့အခန်းထဲကိုဝင်ပြီး စားကိုယူသည်။

သည့်နောက် . . . ချက်ချင်းမှာပင် စံအိမ်ကြီး၏အပြင်ဘက်ကို ရောက်သွားသည်။ ခြံတံခါးကလည်း ပွင့်နေသည်။ နှင်းမုန်တိုင်းကြောင့် နှင်းဖတ်တွေက အလုံးအရင်းနှင့်တိုးပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာခဲ့သည်။ ဒါတောင် အဖျားခတ်ခံရရုံပဲ ရှိသေးသည်။ မဟုတ်ရင် လူပါ လွင့်ပြီးတော့ပါသွားမလား မသိ။

လကလည်း ထိန်ထိန်သာနေသည်။ တဖွားဖွားနှင့် လွင့်စဥ်နေသော နှင်းဖတ်တွေကြားမှာ နန္ဒသုခကို မည်သို့ရှာရမှန်း မသိ။ အပြင်ကိုထွက်သွားတာကတော့ သေချာသည်။ ဒဏ္ဍကပဲ ဖြားယောင်းပြီး ဖမ်းခေါ်သွားခဲ့တာလားမသိ။ ထိုသို့တွေးမိလိုက်သည်နှင့် စိုးရိမ်စိတ်က ဝင်သွားခဲ့ရသည်။ သည့်နောက် သူစိတ်ထင်သည့်ဘက်ဆီကို လိုက်သွားခဲ့လေသည်။

ယင်းအချိန်တွင် ...

◆ ◆

လေကထန်ထန်၊ နှင်းကတဖွဲဖွဲနှင့် ရှိနေဆဲ။ နန္ဒသုခသည် စိတ်ဇောကြီးစွာလျှောက်လာရင်း တောစပ်ဆီကို ရောက်လာခဲ့လေပြီ။ သူ့ကို အင်အားကြီးမားသောညို့ဆွဲချက်ဖြင့် ခေါ်ဆောင်ခြင်းခံနေရသလို တောက်လျှောက်လိုက်လာခဲ့ခြင်းပင်ဖြစ်သည်။

ဒဏ္ဍသည် လေကြမ်းကြမ်းမှာ ဖြတ်သန်းလွင့်ပါးနေသော နှင်းများကြားမှ လမင်းကြီးကိုမော့ကြည့်နေရာက မျက်လုံးအစုံက အောက်ကို ပြန်ပြီးတော့ရောက်လာသည်။ ထိုအခါ ကောက်







ကျစ်သောအမြီးက မျက်နှာပြင်မှာ ချက်ချင်းပင်ပေါ်လာခဲ့သည်။

"လာပြီ လာပြီ ... သင်း လာနေပြီ"

နန္ဒသုခလာနေသည်ကို မြင်နေရသည်။ သို့သော် သူကတော့ မလှုပ်ရှားဘဲ ဒီအတိုင်းရပ်ကြည့်နေသည်။ ထိုစဥ် သစ်ပင်ကြီးတစ်ပင်သည် နန္ဒသုခအနားကို ရောက်လာခဲ့သည်နှင့် ...

'ဝိုး .. ဖြန်း'

သစ်ကိုင်းကြီးတစ်ခုက အရှိန်ဖြင့်ပြေးဝင်လာသည်။

"ဟင်"

နန္ဒသုခသည် ရိုပ်ခနဲဆို ဝင်လာသောသစ်ကိုင်းတစ်ခုကြောင့် လျှင်မြန်စွာရှောင်တိမ်းလိုက်ရသည်။ သစ်ကိုင်းကြီးသည် ခေါင်းထက်မှ ကျော်လွန်သွားခဲ့သည်။ အိပ်မက်မက်နေသလိုဖြစ်နေသော အခြေအနေမှ ရုတ်တရက် လန့်နိုးလာသလိုဖြစ်သွားခဲ့ရသည်။ အရှောင်မြန်၍လည်း သက်သာရာရသွားခဲ့ရလေ၏။

ထိုမျှနှင့်မပြီးသေးပါ။ နောက်ထပ် သစ်ကိုင်းများသည် သူ့ဆီကို တဝုန်းဝုန်းနှင့် ရောက်လာခဲ့ကြသည်။

'ဖြောင်း .. ဖြောင်း .. ဝုန်း .. ဝုန်း'

'ဝှစ် .. ဝှစ် .. ရွှပ် .. ရွှပ် .. ရွှပ်'

နန္ဒသုခသည် ရောက်လာသောအန္တရာယ်များကို ဓားဖြင့်ခုတ်ပိုင်းကာ ဖြေရှင်းပစ်နေရသည်။ သစ်ကိုင်းများက ထပ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းပြီးတစ်ချောင်း ပြတ်တောက်သွားခဲ့ကြသည်။ ထို့နောက် အခွင့်ကောင်းကိုကြည့်ပြီး ထိုနေရာမှ ပြေးထွက်လာခဲ့သည်။

"ဒါ ... ဒါ ... သွေးရိုးသားရိုး မဟုတ်တော့ဘူး။ ဟိုလူ ... ဟိုလူ ... ဒတ္တရဲ့လက်ချက်ပဲ၊ သင်း ... သင်း ဘယ်မှာလဲ"

စိတ်ပေါက်ပေါက်နှင့် တောထဲကိုပြေးဝင်လာမိသည်။ ဒတ္တကို သူရှာနေသည်။ သိပ်ကိုတွေ့ချင်နေပြီ။ သွေးကြွေးကို ဆပ်ရမည်။

"သင်း ... သင်းကိုတွေ့ရင် ထိုက်ထိုက်တန်တန်ကို သုံးမရမယ်၊ ဒတ္တ ... ဒတ္တ ... ခင်ဗျားကြီး ဘယ်မှာလဲ၊ ဒီလို နွံးကြောင်ခိုးဝှက်မလုပ်ပါနဲ့၊ လူမဆန်တဲ့သတ္တဝါကြီး ထွက်လာခဲ့စမ်း"

လေသံတဝေါဝေါ၊ နှင်းတသောသောကြားထဲမှာ အော်ပြောလိုက်သည်။ သို့သော် သူ့အသံက ယင်းအသံများကို မထိုးဖောက်နိုင်။ သို့ရှိခိုက် အပင်တစ်ပင်က သူ့ကျောဘက်မှာ ဘွားခနဲပေါ်လာသည်။ ဆူးတွေနှင့်ပြည့်နေသောအပင်တစ်ပင်။ သက်မကောင်းစိတ်ကြောင့် နောက်ကို ချက်ချင်းပင်လှည့်ကြည့်မိလိုက်သည်။

"ဟင်"

'ဝိုး ..ဖြောင်း'

"အား"





နန္ဒသုခ၏မျက်နှာသည် မီးပွင့်သွားသလို ခံစားလိုက်ရသည်။ အပင်မှဆူးများက သူ့မျက်နှာကို ခြစ်မိသွားခဲ့ကြသည်။ သို့သော် နန္ဒသုခသည် ဓားဖြင့်ရမ်းသန်းပြီး ပိုင်းချလိုက်သည်။

'ဝှစ် ရှပ် ရှပ်'

'ရှီ ..ရှီ'

သစ်ကိုင်းတွေက ပြတ်ထွက်သွားခဲ့ကြသည်။ သို့သော် စေးပျစ်သောအရည်များက သူ့မျက်နှာဆီကို ပန်းထွက်လာခဲ့ကြသည်။

"အား"

မျက်နှာက ပူလောင်သွားသည်။ မျက်လုံးတွေကို အချိန်မီ မှိတ်ပစ်လိုက်နိုင်ခဲ့သည်။ ဒတ္တသည် မျက်ခွံတွေကို မဖွင့်ရဲ။ ယင်း စေးပျစ်သောအရည်များသည် အဆိပ်ရည်များဖြစ်နေခဲ့လျှင် မျက်လုံးတွေကန်းသွားနိုင်သည်။ ထို့ကြောင့် ဓားဖြင့်ရမ်းသန်းပြီးတော့ လိုက်ခုတ်နေမိသည်။

ထိုစဉ် ...

ဒတ္တသည် နန္ဒသုခနှင့် မလှမ်းမကမ်းဆီကို ထွက်လာခဲ့ပြီး ...

"ဟိတ် နန္ဒသုခ ... မင်း အခုတော့ ဘာတတ်နိုင်သေးသလဲ၊ မင်းမျက်နှာ ပျက်စီးသွားပြီကွ၊ သုံးမရအောင် ပျက်စီးသွားပြီ၊ ဖြေဆေးလိုချင်ရင် ဒီ နှင်းသုခမြိုင်ကြီးကို ငါ့ကိုရောင်းမရောင်းဘူးဆိုရင်တော့ မင်း ဖြေဆေးမရတဲ့အပြင် အသေသာပါ



www.burmeseclassic.com

www.burmeseclassic.com



အနုတ်ခံရလိမ့်မယ်ကွ၊ ငါက မင်းကိုသနားလို့ သက်သက် သာသာဖြစ်အောင် ပြောနေတာ''

''ဟင် ဒ ... ဒတ္တ ... ခင်ဗျားကြီး ခင်ဗျားကြီး''

နန္ဒသုခသည် ဒတ္တ၏အသံမှန်းသိလိုက်သည်နှင့် ဒေါသထွက်ကာ ဓားနှင့်ပစ်ပေါက်ထည့်လိုက်လေတော့သည်။

◆ ◆ ◆ ◆



## (၂၈)

## [illegible]

ဒတ္တ သတိတစ်ချက်လစ်သွားခဲ့ရသည်။ ရုတ်တရက် ရှောင်တိမ်းလိုက်သော်လည်း မမီတော့။

'ဒုတ်'

''အား''

ဓားရှည်က နံကြားထဲကို စိုက်ဝင်သွားသည်။ ကိုယ်လုံးက ဒယိမ်းဒယိုင်ဖြစ်သွားသည်။ ဓားရိုးကို လက်နှစ်ဖက်နှင့် ဆွဲလိုက်ကာ ကိုယ်ထဲကဆွဲထုတ်လိုက်သည်။ အသည်းခိုက်အောင် နာကျင်သွားခဲ့သည်။

''အား''

''မင်း ... မင်းကို ငါ အသေသတ်မယ် နန္ဒသုခ''

ဒတ္တသည် ဓားကိုကိုင်ကာ နန္ဒသုခဆီကို ပြေးဝင်သွားခဲ့သည်။ ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



နှင်းတသောသော လေတဝေါ်ဝေါ်ကြားထဲမှာ အပြေးလာနေသူတစ်ယောက်။ သူကတော့ ကိုကျော်မောင်း။ သူသည် နန္ဒသုခနှင့် ဒတ္တာတို့ကို တွေ့မြင်သွားခဲ့သည်။

''ဟင်''

ဒတ္တာကလည်း နန္ဒသုခဆီကို ပြေးအလာ၊ ကိုကျော်မောင်းကလည်း အချိန်မီရောက်သွားခဲ့ရကာ ...

''သင်း ... သင်းကိုး''

'ထန် ထန်'

ကိုကျော်မောင်းသည် ဒတ္တာကို ဓားဖြင့်ပိုင်းချလိုက်သည်။ ဒတ္တာသည်လည်း လရောင်အောက်မှာ ရိပ်ခနဲပြေးဝင်လာသော လူတစ်ယောက်ကို ရုတ်တရက်မြင်တွေ့သွားခဲ့သည်။ သူ့ကို ဓားဖြင့်ပိုင်းချလိုက်သည်ဖြစ်၍ သူ့လက်ထဲက ဓားဖြင့် ဆီးပြီးခံလိုက်လေသည်။ သို့သော် ဒတ္တာ၏ကိုယ်ပေါ်မှာလည်း ဓားဒဏ်ရာက ရထားသည်ဖြစ်ရကား သိပ်ပြီးတော့ အားမစိုက်နိုင်။ ကိုကျော်မောင်းက ဒတ္တာကို အငြိုးတကြီးဖြင့် တရစပ်ဝင်ပိုင်းချနေသည်။

'ထန် ထန် ထန်'

ဒတ္တာက ကြံ့ကြံ့ခံကာခုခံရင်း လက်ကဓားကိုပင် မြဲမြဲစွာဆုပ်မကိုင်နိုင်တော့။

'ထန်'

ကိုကျော်မောင်း၏ ပြင်းထန်သောဓားချက်ကြောင့်





လက်ထဲမှဓားက လွင့်ထွက်သွားခဲ့ရလေ၏။

''အား''

တစ်ဆက်တည်းမှာပင် လည်ပင်းက ပူခနဲဆိုဖြစ်သွားခဲ့ရသည်။ ဒတ္တာသည် ဆက်ပြီးရင်မဆိုင်နိုင်တော့ဘဲ တောထဲကိုဝင်ပြေးသွားခဲ့လေ၏။ ကိုကျော်မောင်းသည် ဒတ္တာ၏နောက်မှ ပြေးလိုက်သွားမည်အပြု နန္ဒသုခကို သတိရသွားခဲ့သည်။

''သခင်လေး''

ထိုအချိန်တွင် နန္ဒသုခမှာ မျက်နှာကိုပူလောင်သကဲ့သို့ဖြစ်ကာ ဝေဒနာကိုခံစားနေရလေပြီ။

''ဦး ... ဦးရိုး ... ကျွန်တော့်အနားမကပ်နဲ့၊ မျက်နှာမှာ အဆိပ်ရည်တွေ ထိထားတယ်''

''ဟင်''

ကိုကျော်မောင်း အထိတ်တလန့်ဖြစ်သွားသည်။ သို့သော် ပြေးသွားပြီး နန္ဒသုခ၏မျက်နှာကို ကြည့်မိလိုက်သည်။ ထိုအခါ မျက်စိမျက်နှာကြီးစွာပင်ပျက်သွားခဲ့ရလေ၏။

''လာ လာ သခင်လေး''

နန္ဒသုခကို တွဲခေါ်သွားခဲ့သည်။ နှင်းမှုန်တိုင်းက အဆက်မပြတ် တိုက်ခတ်နေဆဲ။ သူတို့သည် ကိုယ်ကို မနည်းပင် ဟန်နိုင်အောင်ကြိုးစားပြီး နှင်းသုခမြို့ကြီးဆီကို သွားနေကြရသည်။



www.burmeseclassic.com

ကြေးမုံမှန်သားပြင်တွင် ထင်ဟပ်နေသော အတိတ်မှ အရိပ်သဏ္ဌာန်တို့သည် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့ကြသည်။ ထိုအခါ မိမိ၏ ကြောက်စရာ အကျည်းတန်မျက်နှာကြီးသည် ပြန်၍ပေါ်လာခဲ့လေ၏။ နန္ဒသုခသည် အံကိုတင်းတင်းကြိတ်ကာ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလိုက်သည်။

"ဒုတ္တ ဒုတ္တ . . . ခင်ပျားကြီး ဒီကနေ ပျောက်သွားခဲ့တာ လူ့လောကကြီးထဲမှာ မရှိတော့ဘူးလို့မှတ်တာ၊ ခုတော့ ပြန်တွေ့ရပြီ၊ ကျုပ်မျက်နှာ ပြန်မကောင်းရင်နေပါစေ . . . ကျုပ်မိသားစုအတွက် သွေးကြွေးကတော့ ဆပ်ဖို့ဖြစ်လာခဲ့ပြီ၊ နေနှင့်ဦးပေါ့ . . . သင်း ငါ့လက်ထဲက မလွတ်နိုင်ပါဘူး"

လပြည့်ညတွင် ရခဲ့သည့်ဒီဇာထ်ရာက လပြည့်နေ့ညကိုရောက်တိုင်းမှာ မှတ်မှတ်ရရပင် ခံစားနေမိသည်။ ချောက်ချားနေမိရသည်။ ဤမျက်နှာကြီးကို မှန်ထဲမှာမကြည့်ဘဲလည်း မနေနိုင်။ ကျိန်စာသင့်နေသူပမာ ကြည့်မိသည်။ ထိုအခါ သည်းမခံနိုင်တော့ဘဲ ပေါက်ကွဲကာ အော်ဟစ်မိလေတော့သည်။ နှစ်အတန်ကြာခဲ့လေပြီ။

ယင်းအချိန်တွင် . . .

ဖန်လေးသည် နန္ဒသုခ၏အော်သံကြီးကြောင့် အိပ်မရဘဲ ရှိနေခဲ့သည်။ ခုတင်ထက်မှ အောက်ကိုဆင်းမိလိုက်သည်။ မရည်ရွယ်ဘဲနှင့် အခန်းတံခါးဆီကို လျှောက်သွားခဲ့သည်။ တွန်းကြည့်မိလိုက်သည်။ တံခါးက အလိုလိုပင် ပွင့်သွား၏။ ထင်သည့်အတိုင်းပင် အပြင်က သော့ခတ်မထားတော့၊ အပြင်သို့ထွက်လိုက်သည်။ လရောင်သည် အမြင့်ရှိမှန်တံခါးချပ်ကို ဖောက်ထွင်းကာ အိမ်ထဲကို ကျရောက်လျက်ရှိသည်။ ထို့ကြောင့် မြင်ကွင်းအားလုံးကို ပြတ်သားစွာပင် မြင်တွေ့နေရသည်။

လှေကားဆီကို လျှောက်လာခဲ့သည်၊ အပေါ်ကို တဖြည်းဖြည်းနှင့်တက်လာခဲ့၏။ အိမ်အပေါ်ကိုရောက်သော် လသာဆောင်မှတစ်ဆင့် လွတ်လပ်စွာကျဆင်းလျက်ရှိသော အလင်းရောင်ကြောင့် မြင်ကွင်းအားလုံးက ထင်နေသည်။ နန္ဒသုခ၏အခန်းဆီကို ခြေဖော့ကာသွားနေသည်။ အခန်းတံခါးကို အတွင်းမှ ချက်ချထားမှန်းသိသည်။ ထို့ကြောင့် ချိတ်ချိတ်ရှိနေစဉ်မှာ သော့ပေါက်ကထွက်ပေါ်လာသော အလင်းရောင်ကြောင့် နန္ဒသုခမအိပ်သေးဟု သိရသည်။

"သူ . . . မအိပ်သေးဘဲကိုး"

ဒူးထောက်လိုက်ကာ သော့ပေါက်မှနေ၍ အထဲကို ကြည့်မိလိုက်သည်။ ဖယောင်းတိုင်တုတ်တုတ်တစ်ချောင်းကို စားပွဲထက်မှာ ထွန်းထား၏။ နန္ဒသုခသည် မှန်ရှေ့မှာ ရပ်နေသည်။ သူမကို ကျောပေးလျက်အနေအထား။ ထို့နောက် ဖယောင်းတိုင်ရှိရာဘက်ဆီကို နန္ဒသုခက ကိုယ်ကိုလှည့်လိုက်သည်။ ထို







www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အခါ သူ၏မျက်နှာကြီးကို ဖန်လေး မြင်တွေ့သွားခဲ့လေရာ ...

ပထမတော့ ကြောင်ပြီးတော့ ကြည့်နေမိသေးသည်။ နောက်တော့ တဖြည်းဖြည်းနှင့်မျက်လုံးပြူးလာသည်။ ရင်ထဲလည်း ဒိန်းခနဲဝင်ဆောင့်သွားသကဲ့သို့ ခံစားလိုက်ရပြီး ...

"အား"

ငယ်သံပါအောင် အော်ဟစ်မိလိုက်သည်။ ထို့နောက် နေရာမှာတင် ပျော့ခွေပြီးတော့ လဲကျသွားခဲ့လေ၏။

◆ ◆ ◆

နားထဲတွင် ကျေးငှက်သံများကို ကြားနေရသလို၊ ခေါင်းထဲမှာ နောက်ကျိနေသလို၊ ပင်ပန်းနွမ်းနယ်သလို ခံစားနေရသည်။ လေးလံနေသောမျက်ခွံတွေကို အားယူကာဖွင့်ကြည့်မိလိုက်သည်။ ခုတင်ဘေးနားမှာ ထိုင်နေသူတစ်ယောက်။ ရွှေမျက်နှာဖုံးနှင့်လူကို တန်းပြီးတော့မြင်လိုက်သည်။

"ဟင်"

ဖန်လေး၏မျက်ဝန်းအစုံသည် ပြူးကျယ်ဝိုင်းစက်သွားသည်။ အိပ်ရာထက်မှ ထလိုက်မည်ပြုပြီးမှ ... မထဖြစ်တော့။

"မင်း သတိရလာပြီလား၊ အိပ်ပျော်နေတာမဟုတ်ဘူး ... မင်း သတိလစ်သွားတာ၊ မကောင်းဆိုးရွားတစ်ကောင်ရဲ့





မျက်နှာကိုမြင်ပြီး မင်း ... လန့်သွားတာ"

"ဖန် ... ဖန်လေး"

"ငါ မင်းကို အပြစ်မတင်ပါဘူးလေ၊ မင်းလည်း ဒီကိုရောက်လာတာကြာပြီ၊ ငါနဲ့ပတ်သက်ပြီး သိချင်နေမှာပဲ၊ ဒီမျက်နှာဖုံးကြီးကို ဘာဖြစ်လို့တပ်ထားရတာလဲဆိုတာ၊ ခုတော့ မင်း ... မြင်သွားပြီပေါ့"

နန္ဒသုခက ညည်းညူသလို ပြောလိုက်သည်။

"ဖန်လေးကို ခွင့်လွှတ်ပါ၊ အိမ်ရှင်မသိအောင် နိုးကြောင်ခိုးဝှက်ပြုမိတယ်၊ ဒါ စည်းဖောက်တာပဲ၊ ဖန်လေးမှာ အပြစ်ရှိပါတယ် ... ကြိုက်သလို စီရင်ပါ သခင်ကြီး"

နန္ဒသုခက ခေါင်းကိုခါယမ်းလိုက်သည်။

"မဟုတ်ဘူး ... မင်းမှာ ဘာအပြစ်မှမရှိဘူး၊ ဒါဟာ တာရှည်ဖုံးကွယ်ထားလို့မရတဲ့ကိစ္စလေ၊ တစ်ရက်မဟုတ်တစ်ရက်၊ တစ်ချိန်မဟုတ်တစ်ချိန် မင်းသိသွားနိုင်တဲ့ကိစ္စပဲ ဖန်လေး။ ခုလိုသိသွားတော့ မင်း ငါ့ကိုရွံ့သွား၊ ကြောက်သွားပြီမဟုတ်လား။ မသတီစရာကောင်းတဲ့ ငါ့မျက်နှာကြီးဟာ တခြားသူရဲ့ထက်တောင် ကြောက်စရာကောင်းလိမ့်ဦးမယ် ...၊

မကောင်းဆိုးရွားဝါးကမှ ကမ္ဘာဖိနိုင်ရှိလို့ ရုပ်ပြောင်းရုပ်လွှဲလုပ်လို့ရဦးမယ်၊ ငါ ... ငါကတော့"

"တော် ... တော်ပါတော့ သခင်ကြီးရယ်၊ ဖန်လေး မကြားပါရစေနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ဖနိလေးသည် တုန်ယင်လှိုက်လှဲသောအသံဖြင့် ပြောမိသည်။ နန္ဒသုခကို ကြောက်စိတ်ထက် သနားနေမိသည့်စိတ်က ပိုနေမိသည်။

"မင်း ဒီကနေ ထွက်သွားချင်စိတ်ကော မဖြစ်မိဘူးလား ဖနိလေး၊ ငါနဲ့အတူတူနေရင်တော့ မင်းကိုယ်မင်း တစ်ရက်မှ စိတ်ချမှမဟုတ်ဘူး၊ မင်း နေရပ်ကိုပြန်ချင်သလား ... မဖြစ်ဖြစ်အောင် ပို့ပေးမယ်"

"ဟင် ... သခင်ကြီးက ဖနိလေးကိုပြန်စေချင်လို့ ဒီလိုစကားမျိုး ပြောလိုက်တာလား၊ ဖနိလေးအတွက် သခင်ကြီးမှာတာဝန်ပိုနေလို့လား"

နန္ဒသုခသည် ခေါင်းကိုရမ်းခါလိုက်ပြီး ...

"မင်းအတွက် ငါ့မှာ ဘာတာဝန်ပိုရမှာလဲကွယ်၊ ငါက မင်းအတွက် မသတီစရာကောင်းမှား ဖြစ်နေမလားလို့ပါ"

"မဟုတ်ဘူး ... ဖနိလေးအတွက် သခင်ကြီးပြောသလို မဟုတ်ဘူး၊ မသတီစရာရယ်လို့လည်း မခံစားရဘူး၊ ဖနိ ... ဖနိလေး သခင်ကြီးကို သနားတယ်၊ သခင်ကြီးနှင့်မှသာ ပြန်မယ်"

ဖနိလေးသည် နန္ဒသုခ၏မျက်နှာကို မော့ကြည့်ကာ ပြောလိုက်သည်။

"သခင်ကြီးက ဖနိလေးရဲ့အသက်ကို ကယ်ထားတာပါ၊ သခင်ကြီးကိုကျေးဇူးကန်းလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဖြစ်သင့်တာက





ကိုယ့်ကျေးဇူးရှင် စိတ်ချမ်းသာအောင် အားပေးသင့်တယ်၊ ဒီလိုပဲ ဖြစ်သင့်တယ်၊ ဖနိလေး တစ်ကိုယ်ကောင်းဆန်တဲ့စိတ် မရှိပါဘူးလေ"

နန္ဒသုခဆီက ရယ်သံထွက်ပေါ်လာခဲ့သည်။ ဖနိလေး အံ့အားသင့်စွာပင် ကြည့်မိလိုက်သည်။

"ဖနိလေးကို လှောင်လိုက်တာလားဟင်၊ သခင်ကြီးလို အဖက်ဖက်က ပြည့်စုံတဲ့သူကို ဖနိလေးလို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်က အားပေးသင့်တယ်ပြောလိုက်လို့ မတန်မရာပြောလိုက်တယ်လို့ ထင်သွားတာလား"

"မဟုတ်ရပါဘူး ဖနိလေးရယ် ... ကိုယ့်ကို ဒီလိုအားပေးစကားပြောမယ့်သူတစ်ယောက် တိုးလာလို့ ဝမ်းသာမိသွားတာပါ"

"တကယ်ပြောတာလားဟင် သခင်ကြီး"

"တကယ်ပေါ့ကွယ်"

ထိုအခါ ဖနိလေးသည် နန္ဒသုခကို ကုလားထိုင်တစ်လုံးမှာ သက်သောင့်သက်သာ ထိုင်စေလိုက်သည်။

"ဒီလိုဆို ဖနိလေးကို သခင်ကြီးရဲ့အဖြစ်အပျက်တွေကို ပြောပြလို့ဖြစ်မလားဟင်၊ အို ... ဒီလိုမေးလိုက်လို့ အခွင့်အရေးယူတယ် မထင်ပါနဲ့နော်၊ တကယ့်ကို စာနာစိတ်နဲ့ နားထောင်ချင်လို့ပါ၊ ပြီးတော့ သခင်ကြီးကို ဖနိလေးကူညီနိုင်တာရှိရင်လည်း ကူညီလို့ရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ့်သာ ပြောလိုက်ရသည်။ နန္ဒသုခသည် သူ့ဘဝကို ခင်ပြီးစွက်ဖက်ရကောင်းလားဟု အမျက်တော်ရှမှာကိုလည်း စိုးရိမ်မိရသေးသည်။

"အင်းပေါ့လေ ... မင်းလည်း ဒီကိစ္စသိပ်ပြီးတော့ သိချင်နေမှာပဲ၊ ဖုံးကွယ်ထားဖို့လည်း မလိုတော့ပါဘူးလေ"

ထိုအခါ နန္ဒသုခသည် သူ့ဘဝဖြစ်စဉ်ကို စိတ်ရှည်စွာပင် ပြန်ပြီးတော့ ပြောပြနေလေသည်။

◆ ◆

နန္ဒသုခသည် နှင်းသုခမြို့င်မိသားစုနှင့်ပတ်သက်ပြီး ပြောပြနေစဉ်မှာ ဖန်လေးသည် တအံ့တသြနှင့် နားထောင်နေမိသည်။ မိသားစုအားလုံးလိုလို တစ်ရက်တည်းနှင့် အသက်သေဆုံးခဲ့ရပုံ၊ ယုတ်မာကောက်ကျစ်သော ဒတ္တ၏ အကြံအစည်များ၊ နောက်ဆုံး ... နန္ဒသုခကိုပါ ကိုယ်အင်္ဂါချို့ယွင်းသည်အထိ ပက်စက်ခဲ့ပုံများကို သိလိုက်ရသောအခါ ...

"ဟင် ဒီလူကြီးဟာ ... တော်တော်အကြံကြီးတာပဲ၊ ဒီအိမ်ကြီးကိုလိုချင်တာနဲ့ပဲ အားလုံးကိုလုပ်ကြံတဲ့အထိဖြစ်ရတယ်လို့ ခု ... ခုလည်း ဒီလူကြီးဟာ ပြန်ရောက်လာပြီဆိုတော့ နောက်ထပ်ကြံစည်ဦးမှာ ကျိန်းသေတယ် သခင်ကြီး"





"မြေကြီးကိုလက်နဲ့ပုတ်ရင် လွဲချင်လွဲဦးမယ် ... သင်းတစ်ကျော့ပြန်လာဦးမှာပဲ ဖန်လေး"

ထိုစဉ် ...

သူတို့ဆီကို ဦးကျောက်မောင်း ရောက်လာခဲ့လေသည်။

◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# (၂၁)

## [illegible]

ဦးကျောက်မောင်းသည် အိမ်ကြီးထဲကိုရောက်လာခဲ့သော်လည်း ဖန်လေး၏အခန်းအပြင်မှာ ရပ်နေသည်။

"ဦးရီး . . . ဒီကိုဝင်ခဲ့ပါ"

ထိုအခါကျမှ အခန်းထဲကို ဝင်လာခဲ့သည်။ ဖန်လေးကို မြင်တွေ့သွားသည်။ တစ်ကြိမ်မြင်ဖူးခဲ့ပြီဖြစ်သော်လည်း ခုတစ်ကြိမ်မှာလည်း သူမကိုကြည့်ပြီး အံ့အားသင့်နေမိသည်။

"သခင်ကြီး . . . ဒီကလေးမလေးဟာ ယုယနဲ့ တစ်ထေရာတည်းတူနေတာ ကျုပ် ထပ်မမေးဘဲမနေနိုင်ဘူး . . . သူ ဒီအိမ်ကြီးကို ဘယ်လိုရောက်လာတာလဲဆိုတာ သိပါရစေ"

"ပြောပြပါ့မယ်လေ . . . သူ့နာမည်က ဖန်လေးတဲ့၊ သူ ဒီကိုရောက်လာခဲ့ရတဲ့အကြောင်းကတော့"

နန္ဒသုခက ဦးကျောက်မောင်းကို အတိုချုံးပြီးတော့ ရှင်း





ပြလိုက်သည်။ ထိုအခါ ဦးကျောက်မောင်းသည် သက်ပြင်းတစ်ချက်ချမိလိုက်ပြီး အတိတ်ကအဖြစ်ဆိုးတစ်ခုကို ပြန်ပြီးတော့ မြင်ယောင်မိသွားဟန်တူသည်။

"အင်း . . . ယုယ . . . ဒီမိန်းကလေး ပြန်ပြီးတော့ ရောက်လာခဲ့တဲ့အတိုင်းပါပဲလား"

နန္ဒသုခကလည်း ဖန်လေးကို ဦးကျောက်မောင်းနှင့် မိတ်ဆက်ပေးသည်။

"ဖန်လေး . . . သူက ဦးကျောက်မောင်းတဲ့၊ နန်းသုခရဲ့ သစ္စာရှိမိသားစုဝင်တစ်ဦးပေါ့"

"ဟုတ်ကဲ့ . . . ဖန်လေး ဦးရီးကို မြင်ဖူးပြီးပါပြီ၊ ခုလို သိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ်"

"အေးကွယ် . . . ဦးရီးကတော့ ဒီအိမ်မှာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်နီးပါးလောက်က နေဖူးသွားခဲ့တဲ့ ယုယဆိုတဲ့မိန်းကလေးနဲ့ တစ်ထေရာတည်းတူနေလို့ အံ့ဩဝမ်းသာမိတယ်ကွယ်၊ သခင်ကြီးလည်း ဒီလိုပဲ ခံစားရမှာပါ"

"ကျွန်တော် ဖန်လေးကို ခုလေးတင်ပဲ အဖြစ်အပျက်အားလုံးကို ပြောပြီးပါပြီခင်ဗျာ"

"သြော် . . . ကလေးမလေးလည်း ဒီအကြောင်းတွေကို သိပြီးမှကိုး"

ဦးကျောက်မောင်းသည် ဖန်လေးကိုအကဲခတ်ကာ ကြည့်နေမိပြန်သည်။ ထို့နောက် ခေါင်းတညိတ်ညိတ်ဖြင့်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲ။ ယခုထက်တိုင် သူ၏မျက်နှာပြင်ပေါ်မှာ ထူးဆန်းအံ့ဩနေမှုက မပြေပျောက်သေး။

◆ ◆

ရုပ်တုများထားသောအခန်းဆီကို ဖုန်လေးရောက်သွားသည့်အကြောင်းတစ်ခုက ရှိသည်။ သိချင်နေသည်။ အခန်းထဲတွင် ဖုန်သန့်နေသော ဒေါ်သီရိကို တွေ့လိုက်ရသည်။

"ဩော် သမီး … လာ"

ရုပ်တုများရှိနေသော အခန်းထဲကိုရောက်သွားခဲ့သည်နှင့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားခဲ့ရသည်။ မျက်လုံးတွေက အားလုံးစုပြုံပြီး ဖုန်လေးကို ကြည့်နေကြသလိုပင်။

"ဒေါ်ဒေါ် … ဖုန်လေးကို စပ်စုတယ်လို့ မထင်ပါနဲ့နော်၊ ဒီရုပ်တုတွေဟာ ဘယ်သူတွေလဲဆိုတာ သိခွင့်ရမလား ဟင်"

"အင်း … သမီးလည်းသိချင်နေတယ်ဆိုတာ ဒေါ်ဒေါ်သဘောပေါက်ပါတယ်၊ ဒါလောက်လေးပြောပြလိုက်ရုံနဲ့ သခင်ကြီးက အပြစ်တင်မှာ မဟုတ်ပါဘူးလေ၊ ဟောဒါက သခင်ကြီး ဦးကေတု၊ ဒါက သူ့ရဲ့ဇနီး ဒေါ်စက်ရှင်၊ သူက ကိုကျော်ဝနဲ့ မနှင်းသီတာ၊ သခင်ကြီးနန္ဒသုခရဲ့ မိဘနှစ်ပါးပေါ့"



"သူကတော့ သခင်ကြီး … နန္ဒသုခ … ဟင်"

ဒေါ်သီရိသည် ရုပ်တုတစ်ခုကိုလက်ညှိုးထိုးပြီး အမှတ်တမဲ့ ပြောမိလိုက်သည်။ အပြစ်တင်ခုကျူးလွန်မိသည့်ပမာ ခံစားလိုက်ရသည်။ သို့သော် … ဖုန်လေးကား နန္ဒသုခ၏မျက်နှာကို ကောင်းစွာကျက်မှတ်မိခဲ့လေပြီ။ ယခင်က ဤရုပ်တုတွေက များပြားလှသည်။ ဆွေမျိုးမိတ်သင်္ဂဟများ၏ ရုပ်တုများလည်း အပါအဝင်။ မည်သူသည် နန္ဒသုခမှန်းမသိ။

သူမနှင့်တစ်ထေရာတည်းတူနေသော ယုယ၏ ရုပ်တုကိုသာ အလေးထားပြီးတော့ ကြည့်မိခဲ့သည်။ ယခုမှ … နန္ဒသုခ၏မူရင်းမျက်နှာပြင်ကို သိနိုင်ရန် ရုပ်တုများကို သတိရသွားခဲ့ခြင်းပင်။

"အင်း … သူက လူချောလူခန့်ကြီးပဲ၊ နှမြောစရာကောင်းလိုက်တာ"

ထို့နောက် ခေါင်းထဲတွင် နောက်ကိုကျိုဖြစ်လာခဲ့သည်နှင့်

"ဒေါ်ဒေါ် … ဖုန်လေး ပြန်တော့မယ်"

"ဟင် … ပြန်တော့မလို့လား၊ ကျန်တဲ့လူတွေကို ပြောပြပါဦးမယ်လေ"

"နောက်တစ်ခေါက်မှ ဒေါ်ဒေါ်ရယ်၊ အခု ဖုန်လေးခေါင်းထဲမှာ နောက်လာလို့"

ဖုန်လေး အခန်းအပြင်ကိုထွက်သွားသည်။ ဒေါ်သီရိ အံ့အားသင့်ပြီးတော့ ကျန်ရစ်ခဲ့သည်။ ဖုန်လေးချက်ချင်းပြန်သွား

www.burmeseclassic.com

www.burmeseclassic.com



ရခြင်းကိစ္စကို ဒေါ်သီရိမသိ။

ဖန်လေးသည် ယုယ၏ပုံတူရုပ်တုကို ကြည့်မိလိုက်စဉ်မှာ ရင်ထဲမှာ မကောင်းဖြစ်သွားသလိုလို၊ တုန်လှုပ်သွားသလိုလို ခံစားလိုက်ရသည်။

"ငါ . . . ငါ ယုယရဲ့ပုံကိုကြည့်ပြီး ဘယ်လို ဖြစ်သွားတာပါလိမ့်၊ မဟုတ်သေးဘူး . . . သခင်ကြီးရဲ့မျက်နှာကို မြင်လိုက်ရမှ ငါ ဒီလိုဖြစ်သွားခဲ့တာလား"

ရုပ်တုတွင် နာမ်မကိန်း။ သို့သော် ဖန်လေး၏အမြင်တွင် နာမ်ကိန်းနေသလိုပင်။ ယခုတော့ ယုယ၏ရုပ်တုသည် သူမနှင့်ပတ်သက်နေသလိုပင် ဤစံအိမ်ကြီးထဲတွင် ရှေးအခါက နေသားတကျဖြစ်ဖူးခဲ့သည်ဟု စိတ်မှာခံစားမိလာခဲ့ရသည်။

ဘယ်လိုကြောင့်လဲ။

မည်သည့်အကြောင်းကြောင့်ပါလဲ။

ဖန်လေး နားမလည်နိုင်တော့။

◆ ◆

ထိုနေ့က နှင်းတွေ တဖွဲဖွဲနှင့်ကျနေခဲ့သည်။

"ဖန်လေး"

"ရှင် . . . သခင်ကြီး"





နန္ဒသုခသည် ဖန်လေးဆီကို ရောက်လာခဲ့သည်။

"လာ . . . တို့ လမ်းလျှောက်ထွက်ကြရအောင်"

"ဟင်"

ဖန်လေး၏စိတ်ထဲမှာ ထူးဆန်းနေမိသည်။ နန္ဒသုခ သူမကို အပြင်သို့ တစ်ခါမှမခေါ်ဖူးခဲ့။

"ဟုတ် . . . ဟုတ်ကဲ့"

နန္ဒသုခ အခန်းပြင်ကို ပြန်ထွက်သွားသည်။ စိတ်ထဲမှာ ဝမ်းသာသလိုလို၊ ကြည်နူးမိသလိုလို။ ထို့နောက် တစ်ခုခုကို သတိရသွားသည်။ တံခါးကိုပိတ်သည်။ ကိုယ်ပေါ်မှ အင်္ကျီအဝတ်အစားများကို လဲသည်။ သူမအတွက်ပေးလာသည့် သားမွေးအင်္ကျီ၊ ဘောင်းဘီရှည်က အသစ်။ ခြံအပြင်ကိုရောက်တော့ နန္ဒသုခက စောင့်နေသည်။ သားမွေးခေါင်းစွပ်ကိုစွပ်ထားသော်လည်း ရွှေမျက်နှာဖုံးနှင့်မို့ မျက်နှာက အသေကြီးဖြစ်နေသည်။ မျက်လုံးတွေကိုသာ မြင်ရသည်။

ဖန်လေးဆောင်းထားသည့် သားမွေးဦးထုပ်က ထိပ်ချွန်ချွန်နှင့်။ လေက တစ်ချက် တစ်ချက်မှသာ တိုက်ခတ်လာသည်။ နှင်းတွေက အဖတ်လိုက်၊ အဖတ်လိုက် ကျဆင်းနေကြဆဲ။

ဖန်လေးသည် ရုတ်တရက် သူမ၏ဖခင် ဦးဒီပကို သတိရသွားသည်။

"အို . . . အဖ"

နှုတ်မှ လွှတ်ခနဲဆို ထွက်သွားသည်။ နန္ဒသုခက ဖန်



www.burmeseclassic.com

www.burmeseclassic.com



လေးကို လှည့်ကြည့်မိလိုက်သည်။

"အဖ . . . ဟုတ်လား . . . ဖန်လေးရဲ့ အဖလား"

"ဟုတ် . . . ဟုတ်ကဲ့"

"သတိရနေတာလား"

ဖန်လေးက မဖြေ။ ယခုအချိန်တွင် သူ့အဖက ဘာဖြစ်နေပြီလဲ မသိ။ သေသလား၊ ရှင်သလားလည်း မသိရ။ တို့အပြင် မိမိ၏အရပ်ဒေသသို့ ပြန်သွားချင်ပါသည်ဆိုသော်လည်း မည်သို့သွားရမည် မသိ။ ကမ္ဘာကြီးခြားနေသလိုဖြစ်နေသည်။ ထို့ကြောင့် မျက်ရည်များပင် လည်လာမိသည်။ စိတ်ပူပန်လာမိသည်။

"ဖန်လေး ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲ"

အခုမှပဲ မေးဖြစ်တော့သည်။ အရင်ကတော့ ဘာဖြစ်လို့မေးဖို့ သတိမရတာလဲ။

"ဒီ . . . ဒီလိုပါ"

ဖန်လေးက သူမတို့ဆီတွင် လူမျိုးစုတိုက်ခိုက်မှုများဖြစ်ပွားပြီး အဖဦးဒီပက တွက်ပြေးခိုင်း၍ ပြေးလာခဲ့ရသည့်အကြောင်း၊ ကျားသစ်မျိုးနွယ်စုခေါင်းဆောင် လုထန်လိုက်လာခဲ့သည့်အကြောင်း၊ လုထန်က သူမကိုအမိဖမ်းရန် ကြိုးစားရာ ဖားနှင့်ပြန်ပြီးပစ်ပေါက်ခဲ့ရာက ကိုယ်မှာထိမှန်ခဲ့သလို လုထန်ဒဏ်ရာရပြီး သေသလား၊ ရှင်သလားမသိခဲ့။ သူမ၏ဖခင် ဦးဒီပသည်လည်း လူမျိုးစုတိုက်ပွဲဝင်ရင်း အရေးနိမ့်ခဲ့ပြီလား၊ အနိုင်





ရခဲ့သည်လား။ အသက်နှင့်ကိုယ် မြဲပြီးကျန်ရစ်ခဲ့ခြင်းရှိ၊ မရှိ။ ဘာဆိုဘာမှမသိနိုင်တော့ စသည်၊ စသည့်အကြောင်းများ။

"လူမျိုးစုတိုက်ပွဲ"

နန္ဒသုခသည် စိတ်ဝင်စားသွားမိသည်။ ဖန်လေးက အစမှသည် အဆုံးထိပြောပြခဲ့ရာတွင် . . . ကျားသစ်မျိုးနွယ်စု၊ ဝံနက်မျိုးနွယ်စု၊ စသည့်မျိုးနွယ်စုများအကြောင်းကိုပါ သိလာခဲ့ရသည်။

"ဒီမျိုးနွယ်စုတွေအကြောင်းဆိုတာ ဟိုး . . . ရှေးပဝေသဏီကာတည်းက ရှိခဲ့ကြတာတွေပဲ၊ သူတို့အချင်းချင်း အငြိုးအတေးကြောင့် တိုက်ခိုက်ကြတာမျိုးတွေ၊ သတ်ဖြတ်ကြတာတွေဟာ အခုထက်ထိ ရှိနေကြသေးသလား၊ အဲဒီနေရာက ဘယ်နေရာလဲ"

စိတ်ထဲမှာ ထူးဆန်းနေမိသည်။ ထို့အပြင် ဖန်လေးသည် မိမိတို့ ယခုပြောနေသည့် မြန်မာစကားကို သွက်လက်ချက်ချာစွာပြောနိုင်ခဲ့သည်ကလည်း အံ့သြစရာ၊ ဒေါ်သီရိက နန္ဒသုခကို ပြန်ပြောပြသည်။ ဖန်လေးသည် စာကြည့်ခန်းထဲက စာအုပ်များကိုပင် ဖတ်ရှုနေသည်ကို မြင်ဖူးသည်ဟု ဆိုပါ၏။ မယုံကြည်နိုင်လောက်အောင် တွေ့ကြုံမြင်တွေ့နေရသည်။ လွန်စွာ ထူး(?)ဆန်းကြယ်မှုတစ်ခုပင်။

သူတို့လျှောက်လာခဲ့ကြသည်မှာ နှင်းသုခမြိုင်နှင့် အတော်လေးပင် လှမ်းလာခဲ့သည်။ တောစပ်နှင့်ပင် နီးကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေပြီ။ ဖန်လေးမှာ နန္ဒသုခနှင့် ယခုလိုသွားလာနေရသည့်အတွက် ကျေနပ်နေမိသည်။

"လေလည်း ပိုတိုက်လာတယ်၊ နှင်းလည်း အကျစိတ်လာကယ်၊ ပြန်လှည့်ကြရအောင် ဖန်လေး"

ထို့ကြောင့် ပြန်လှည့်လာခဲ့ကြသည်။ တကယ်ပဲ လေကပိုပြီး တိုက်လာခဲ့သည်။ နှင်းကလည်း အကျစိတ်လာခဲ့သည်။

"အင်း ... သူ ငါ့ကိုဒီလောက်အထိ လိုက်လျောနေတာ ငါဟာ ယုယဆိုတဲ့မိန်းကလေးနဲ့ တူနေလို့ပဲဖြစ်ရမယ်၊ အင်း ... အခုအချိန်မှာ သူ့မျက်နှာကဒဏ်ရာဆိုးကြီးကြောင့် လူတောသူတောထဲ မတိုးဝံ့တာ သနားစရာပဲ"

နှစ်ဦးသား အတွေးကိုယ်စီဖြင့် လျှောက်လာနေကြစဉ် သစ်ပင်ကွယ်တစ်ခုမှနေ၍ သူတို့ကို စောင့်ကြည့်နေသူတစ်ယောက်။

"ဟင် ... ဟိုမှာ နန္ဒသုခနဲ့အတူလျှောက်လာတဲ့ မိန်းကလေး"

ကြည့်နေရင်းကပင် အံ့အားသင့်သွားခဲ့ရသည်။

"ယု ... ယုယ၊ ဟုတ်တယ် ... ယုယပဲ၊ သူ ... သူ သေသွားပြီမဟုတ်လား၊ ဟာ ... မဟုတ်သေးဘူး၊ မသေခဲ့လို့ ငါ အခုလို တွေ့ရတာပေါ့၊ ကြည့်စမ်း ... ဒီကိစ္စကြီးကို နန္ဒသုခက အလျှို့ဝှက်ကြီးလျှို့ဝှက်ခဲ့တာပဲ၊ ကြည့်စမ်း ... ဝံ အိမ်ကြီးထဲမှာ ဝှက်ထားတာ ကြာပြီ၊ နှစ်တွေ ဒီလောက်ကြာ





တာတောင် နှနယ်လှပနေဆဲပဲ၊ ဒဏ္ဍ ... ဒဏ္ဍ ... မင်းရဲ့ မျှော်လင့်ချက်တွေ ပြန်ပြီးတော့ရှင်သန်လာပြီ၊ တွေ့ကြသေးတာပေါ့ နန္ဒသုခရယ်"

ဒဏ္ဍက အားပါးတရ ကြိမ်းဝါးလိုက်လေ၏။

www.burmeseclassic.com

# (၂၂)

## [illegible]

လုံးတွင်းလှေကြီးတစ်စင်းသည် ရေစီးကြောင်းအတိုင်း လိုက်ပါလာသည်။ ချောင်းရေသည် အေးစက်နေသည်။ သို့သော် ကမ်းသည် ရေတိုက်စားပါများ၍ ပိုပြီးကျယ်လာသောကြောင့် မြစ်တစ်ခုရယ်ဟု ခေါ်တွင်၍ရနေလေပြီ။ ရေသည် အတိုင်းမသိ အေးစက်လျှက်ရှိနေသောကြောင့် **ရေခဲမြစ်**ရယ်ဟု အသိအမှတ်ပြုထားကြသည်။

ဤမြစ်ကြီး၏အစကိုလည်း မသိ။ အဆုံးကိုလည်း မသိကြပေ။ မည်သို့ဖြစ်ပေါ်လာမှုန်းကိုလည်း မသိ။ မည်သည့်နေရာကိုရောက်အောင် စီးဆင်းနေသည်ကိုလည်း မည်သူမှမသိကြ။ ထို့ကြောင့် အချို့က အဆုံးအစရှိသော ဒဏ္ဍာရီမြစ်ကြော**ရှည်ကြီး**ဟုလည်း ဆိုကြသည်။

သို့သော် ယခုအခါ လုံးတွင်းလှေကြီးပေါ်မှာ လူနှစ်ဦး



က လိုက်ပါလာခဲ့ကြသည်။ ဝံနက်မျိုးနွယ်စုခေါင်းဆောင် ဦးဒီပနှင့် သူနှင့်သွေးသားမကင်းသော ယာနုတို့ပင်ဖြစ်သည်။ ခရီးထွက်လာခဲ့ကြရသည့် ရည်ရွယ်ချက်က ...

"သမီးဖုန်လေးဟာ မြင်းရောလူပါ ကမ်းပေါ်ကနေ ကျသွားခဲ့တယ်တဲ့၊ မြင်တဲ့သူက မြင်လိုက်ကြတယ်၊ သူ တစ်နေရာရာမှာ တင်ကျန်ရစ်နေမှာပဲ၊ ဒီလို ဒုက္ခရောက်လိမ့်မယ်မှန်းသိရင် ငါ သူ့ကို ထွက်မပြေးခိုင်းပါဘူး။ မတွေ့တွေ့အောင်ကို ရှာရမယ်"

ဦးဒီပက သမီးအတွက် စိတ်ပူပန်နေမိသည်။

"ဦးရီး ... ဒီမြစ်ရဲ့အကြောင်းကို သိထားတာရှိသေးသလား၊ တစ်ခါတစ်ခါ နောက်ပြန်စီးဆင်းတတ်တယ်တဲ့၊ တကယ်လို့ နောက်ပြန်စီးဆင်းရင် ဘယ်လိုလုပ်မလဲ၊ ကျွန်တော်တို့ရဲ့နေရာကို ပြန်ရောက်သွားမှာပဲ"

"အေး ... ငါလည်း ကြားသာကြားဖူးထားတယ် ... တစ်ခါမှ မကြုံဖူးဘူး။ မကြုံဖူးဆို ငါက ဒီမြစ်ကိုသုံးမှ မသုံးဖူးပဲကိုး။ လူတွေကလည်း သုံးရမှာကို ကြောက်ကြတယ်၊ ပြန်လမ်းမရှိတဲ့ မြစ်, သေတွင်းပို့တဲ့မြစ်ဆိုပြီး အမည်ပေးထားကြတယ်လေ၊ မင်းရော ယုံလား"

"အင်း ... တချို့ကလည်း သူ့အကြောင်းနဲ့သူ ရေခဲမြစ်ကိုအသုံးချရင်း ပျောက်သွားကြတဲ့သူတွေလည်း ရှိကြတာပဲ၊ ဒီရေခဲမြစ်မှ မဟုတ်ပါဘူး ... ရေရှိတဲ့ ဘယ်မြစ်,ချောင်းမဆို

www.burmeseclassic.com

www.burmeseclassic.com



အဆိုးအကောင်းတော့ ရှိကြတာပဲ၊ ကျွန်တော်က သူများအပြောနဲ့ မယုံဘူး။ တချို့ကလည်း ရမ်းသန်းခဲ့ကြပြီးတော့ ပြောကြတာ”

ဦးဒီပသည် ယာနကို သဘောကျသွားသည်။ သူက သတ္တိကောင်းသည်။ လက်တွေ့သမား။ ဒါကြောင့်မို့ သူ့ကို အဖော်အဖြစ်ခေါ်လာခဲ့ခြင်းပင် ဖြစ်သည်။ တကယ်တော့ ရေခဲမြစ်သည် ရေခဲတောင်ကြီးများမှ အခြေခံပြီးတော့ စီးဆင်းလာခဲ့သည်။

ခရီးဝေးကနေ လမ်းကြောင်းအတိုင်း တောက်လျှောက် စီးဆင်းလာခဲ့သည်။ တစ်ခါတစ်ရံ မြေအောက်ကိုသွားပြီးတော့ ဖြတ်သန်းလာခဲ့ရသည်။ တစ်နေရာကိုရောက်သောအခါ ဘွားခနဲ ပေါ်လာခဲ့ပြန်သည်။ ပြောင်းပြန်စီးဆင်းတတ်သည်ဟုဆိုခြင်းမှာ **ရေဝင်ရေထွက်တစ်လှည့်စီ**ဖြစ်နေသော နေရာတစ်ခုရှိနေသောကြောင့်ပင် ဖြစ်လိမ့်မည်။ သို့သော် ဒေသခံများကတော့ အခြားသောအတွေးပေါင်းစုံတို့ကြောင့် ရေခဲမြစ်ကြီးကို အသုံးမပြုကြ။ ကြောက်ကြသည်။

ဤသို့ဖြင့် ခရီးနှင်လာခဲ့လေရာ ဦးဒီပသည် ဝန်းကျင်ဝဲယာကို မျက်ခြည်မပြတ် ကြည့်လာခဲ့သည်။ မြစ်ကြောင်းသည်လည်း တဖြည်းဖြည်းနှင့်ကျဉ်းမြောင်းလာခဲ့သည်။ ရေစီးလည်း ပိုပြီးတော့ သန်လာခဲ့လေသည်။

◆ ◆





တစ်ရက် နံနက်ခင်းတွင် …

နန္ဒသုခဆီကို ခိုဖြူလေးတစ်ကောင် ရောက်လာခဲ့သည်။ စာပါအကြောင်းအရာများကား …

*သခင်ကြီး…*

*ဒွတ္တကို အချိန်ဆွဲမနေနဲ့တော့။ ဒီလူဟာ အရင်က ကျူးလွန်ခဲ့ဖူးတဲ့ အကြံမျိုးနဲ့ နောက်တစ်ကြိမ် ထပ်ပြီးလုပ်ဆောင်နိုင်တယ်။ ပြီးတော့ သူ့ဆီက မြွေဆေးရဖို့ အရေးကြီးတယ်။ ဒါကြောင့် သင်းအကြံမဦးမီ ကိုယ်က ဦးအောင်လုပ်ရမယ်။ ခုတစ်ရက်နှစ်ရက်အတွင်းမှာ သင်းဆီကို တစ်ခေါက်ထပ်သွားကြရင် ကောင်းမယ်။ ချက်ချင်း အကြောင်းပြန်ပါ။ ကျုပ် ဒီလူ ဘယ်သွား ဘယ်လာတယ်ဆိုတာ စောင့်ကြည့်နေတယ်။*

*ကျောက်မောင်း*

“အင်း … ငါလည်း ဒွတ္တနဲ့ စာရင်းအပြတ်ရှင်းချင်နေတာ”

နန္ဒသုခသည် စာတစ်စောင်ကို အမြန်ရေးကာ ခိုဖြူလေးနှင့်ပေးပို့လိုက်လေသည်။ ယင်းအချိန်တွင် ဖန်လေးသည် နန္ဒသုခ၏အနားတွင်ရှိနေသည်ဖြစ်၍ စာကိုဖတ်ကြည့်မိလိုက်သည်။

“သခင်ကြီးက ဒွတ္တနဲ့ ရင်ဆိုင်တော့မလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ဒီနည်းပဲရှိတော့တာပေါ့ ဖန်လေး၊ ဖြေဆေးက သူ့ဆီမှာ ရှိတယ်၊ ဒါကို ရမှဖြစ်မယ်၊ သင်းနဲ့ရင်မဆိုင်လို့ကို မဖြစ်တော့ဘူး"

"သခင်ကြီး သုမွေးထားတဲ့ ရုက္ခပင်တွေက အန္တရာယ်ကြီးတယ်၊ ဒီအပင်တွေကို နှိမ်နင်းနိုင်တဲ့ဆေးတစ်မျိုး ရှိတယ်"

"ဟင် . . . ဆေးတစ်မျိုး . . . ဟုတ်လား . . . ဘယ်လိုဆေးမျိုးလဲ"

"အဖတို့က ဒီဆေးကိုစိရင်တတ်ကြလို့ ဖန်လေးလည်း သိထားတာ၊ လူပဲဖြစ်ဖြစ်, တိရစ္ဆာန်ပဲဖြစ်ဖြစ် ဘယ်အပင်ကြီးတွေမဆိုပဲဖြစ်ဖြစ် အဲဒီအဆိပ်ထိလိုက်ရင် အတွင်းမှာလောင်ကျွမ်းလိုက်စားပြီး သေကျေပျက်စီးကုန်ကြတဲ့ ဆေးတစ်မျိုး။ ဒါပေမဲ့ ဒီလိုဆေးမျိုးကို အဖတို့က နေရာတိုင်းမှာမသုံးကြဘူး။ တကယ်လိုအပ်မှသာ သုံးကြတယ်"

နန္ဒသုခ၏မျက်လုံးများသည် အရောင်တောက်လာခဲ့ကြသည်။

"ဒီလိုဆေးမျိုး လိုချင်တယ်"

"အဲ့ဒီဆေးဖော်တဲ့နည်းကို ဖန်လေးသိတယ်"

"ဖန်လေးသိတယ် . . . ဟုတ်လား၊ ဟုတ်ပြီ . . . ဒါဆိုရင် ဟန်ကျပြီ"

မကြာမီမှာပင် . . .

နန္ဒသုခသည် ခိုဖြူတစ်ကောင်ဖြင့် ဦးကျောက်မောင်း





ဆီကို အကြောင်းကြားလိုက်သည်။ ညနေလောက်တွင် ဦးကျောက်မောင်း၏တပည့်တစ်ယောက်က မြားတံများကို လာပို့သည်။ မြန်လိုက်သည်ဖြစ်ခြင်း။ ထိုသူ၏အကူအညီနှင့်ပင် ဆေးကျိုသည်။ ညှောင်စေးကျဲအောင် ကျိုရသည်။ မြားစူးတွင် သုတ်လိမ်းပြီး နေအေးအေးမှာ အခြောက်ခံထားရသည်။

"ဖန်လေး ဒီမြားဆိပ်အစွမ်း နမူနာပြချင်တယ်"

နန္ဒသုခ၊ ဖန်လေးနှင့် ဦးကျောက်မောင်း၏တပည့် သုံးဦးတို့သည် ခြံအနောက်ဘက်ကို ထွက်လာခဲ့ကြသည်။

"ဟောဟိုအပင်ကို စမ်းကြည့်ချင်တယ်"

ဖန်လေးသည် လေးညို့မှ မြားတစ်ချောင်းကိုတင်လိုက်သည်။ ကိုက်ငါးဆယ်အကွာအဝေးမှာရပ်ကာ လေးညို့ကို တင်းတင်းဆွဲပြီး ပစ်ထည့်လိုက်သည်။

'ဝှစ်'

'ဒုတ်'

မြားစူးက အပင်ကိုသွားစိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် အပင်ကြီးသည် တဖျစ်ဖျစ်နှင့်မြည်လာသည်။ အရောင်အသွေး ပြောင်းလဲသွားသည်။ မည်းညစ်လာသည်။ ခြောက်သွေ့လာခဲ့သည်မှာလည်း ချက်ချင်း။ အရွက်များ ခြောက်သွေ့လာပြီး တဖြုတ်ဖြုတ်နှင့် ကြွေကျကုန်သည်။ တစ်ခဏအကြာတွင် သစ်ခြောက်ပင်ကြီးတစ်ပင်အဖြစ် ပြောင်းလဲသွားခဲ့လေတော့သည်။

"ကောင်းလိုက်တဲ့ဆေးကွာ၊ ဒီအတိုင်းဆိုရင် . . . ဟို



www.burmeseclassic.com

www.burmeseclassic.com



လူကြီး ဖန်တီးထားတဲ့အပင်တွေကို အဝေးကနေ လှမ်းပြီးနှိမ်နင်းလို့ရပြီ''

နန္ဒသုခက အားပါးတရပင် ပြောလိုက်လေသည်။

◆ ◆

မြစ်ကြောင်းက တဖြည်းဖြည်းနှင့် ကျဉ်းလာသည်။ ထိုအခါ ရေစီးလည်း ပိုပြီးသန်လာခဲ့သည်။ လျင်မြန်စွာပင် စီးဆင်းလျက်ရှိသည်။ ထိုအခါ လှေကလေးသည်လည်း ရိပ်ခနဲရိပ်ခနဲဖြင့် တစ်ရှိန်ထိုးမျောပါလျက်ရှိနေသည်။

ဦးဒီပသည် ကမ်းပေါ်ကိုတက်ပြီး သမီးဖြစ်သူ ဖန်လေးကိုတက်ရှာရန် အချိန်ကမပေးတော့။ ရေစီးအရှိန်ကြောင့် ကမ်းပေါ်ကိုတက်ခွင့်မရသောကြောင့်ပင်တည်း။

"ယာနု . . . သတိထားဟေ့ . . . ရေစီးက သန်တယ်၊ လှေမမှောက်အောင် သတိထား"

"ဟုတ်ကဲ့ . . . ဦးရီးလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ"

တက်တစ်ချောင်းစီကိုင်ရင်း ဘယ်ညာထိန်းကာ လိုက်ပါလာခဲ့ကြသည်။ ရှေ့တွင် ကွေ့များ၊ အဝေ့အဝိုက်များသည်လည်း ဘွားခနဲ၊ ဘွားခနဲဆို ပေါ်လာခဲ့ကြလေရာ တောင်နံရံများ





ကျောက်တုံးကြီးများကို မတိုက်မိစေရန် သတိကြီးစွာ ထားပြီးရှောင်တိမ်းသွားခဲ့ကြရသည်။ ထိုအခါ ရင်တမမအဖြစ်မျိုးကိုလည်း ကြုံကြရသည်။

ရေပြင်ကို လက်နှင့် အမှတ်မထင်ထိကြည့်ရာ ချက်ချင်းပင် ပြန်ရုပ်လိုက်ရသည်။ လွန်စွာမှ အေးစက်နေသည့်မို့ပင် တုထဲသော လုံးထွင်းလှေကြီးသည်ပင် အေးစက်လာခဲ့သည်။ သို့သော် ဦးဒီပသည် သမီးဖော်ဖြင့် မည်သည့်ဘေးဒုက္ခအန္တရာယ်ကိုမှ ဂရုမစိုက်တော့။ သူ့စိတ်ပူမိတာဟာစ်ခုပဲ ရှိသည်။ ရေထဲကိုကျသွားသည့် ဖန်လေးသည် သက်ရှိထင်ရှားရှိနိုင်ပါတော့မည်လားဟု။ မတတ်နိုင် . . . ခုအချိန်ကျမှတော့ ရေဆုံးရေဖျားအထိ လိုက်ရပေတော့မည်။

◆ ◆

အကောက်တောကြီးအတွင်း . . .

ဒတ္တသည် ဖန်လေးကို အမှတ်မထင်တွေ့ခဲ့ရပြီးသည့်နောက် ပိုပြီးတော့ ဂနာမငြိမ်ဖြစ်လာခဲ့သည်။

"အင်း . . . နန္ဒသုခ နန္ဒသုခ . . . ယုယကို အိမ်ကြီးထဲမှာ နှစ်ပေါင်းများစွာကြာတဲ့အထိ ဝှက်ထားတယ်၊ ငါကလည်းသင်းကို ဖြေဆေးမပေးချင်လို့ တမင်ညှဉ်းထားတာရယ်, တိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးမှာ သင်ဖို့ကျန်သေးတဲ့ ရက္ခပင်ရဲ့ လျှို့ဝှက်ပညာကို သွားသင်နေရတဲ့အတွက် ဒီဘက်မှာ မျက်ခြည်ပျက်သွားခဲ့တယ်၊ ဟင်း ယုယရယ် . . . မင်းက အရင်ကလို လှနေဆဲပါပဲလား''

ဒဏ္ဍမှာ ရာဂဇောကပ်ကာ ကြိတ်မနိုင်ခဲမရဖြစ်နေမိသည်။ ထို့နောက် စင်တစ်ခုပေါ်ရှိ ဆေးပုလင်းကို လှမ်းယူလိုက်ပြီး . . .

''ဒါ ဖြေဆေးပဲ၊ ဒီဆေးဟာ နန္ဒသုခအတွက် သေရေးရှင်ရေးပဲ၊ ဒါကိုသုံးမှ သူ့နဂိုမျက်နှာကို ပြန်ရမှာ''

ဆေးပုလင်းကိုကြည့်နေရင်းက အကြံတစ်ခုပေါ်လာခဲ့သည်။ နဂိုက ပုံဆိုးပန်းဆိုးနှင့် သူ့မျက်နှာပေါ်မှာ စဉ်းလဲကောက်ကျစ်မှုများက အကျည်းတန်စွာပင် ပေါ်လာလေ၏။

''ငါ ဒီဆေးကို ယုယနဲ့လဲရမယ်၊ ယုယ ငါ့လက်ထဲကိုရောက်ရင် တော်ပြီ၊ ပြီးတော့မှ နှင်းသုခအိမ်ကြီးကို ငါပိုင်ဆိုင်ဖို့အတွက် ထပ်ပြီးစီစဉ်ရမယ်''

ဆေးပုလင်းတွင် မည်သို့အသုံးပြုရမည်ကို အညွှန်းများရေးထားသည်။ ထို့နောက် သူသည် ပိုင်ကွက်တစ်ကွက်ကိုဖြ ဟူသောသဘောဖြင့် ပြုံးမိလိုက်သည်။ သူသည် ကြီးမားသောရေမသစ်ပင်ကြီးကို ရဲတိုက်ကြီးသဖွယ် ဆောက်ကာနေနေ သူဖြစ်သည်။

သူသည် တစ်ခုခုကို သတိရသွားသလိုဖြင့် . . .

''အိုး . . . ဟိုး . . . ငါ့အပင်တွေကို ပိုပြီးရှင်သန်အောင်





ဆေးထိုးပေးရဦးမှာပါလား''

သူ၏အတွေးထဲတွင် အပင်အချို့သည် ပန်းအိုးကြီးများထဲတွင် စိုက်ထားရာက လက်တံရှည်ကြီးတွေတယမ်းယမ်းနှင့် အားရစရာကောင်းနေသည်။ ဆေးထိုး၍ ခွန်အားများဖြည့်ပေးထားသည်။ အပြင်ကိုလွှတ်ပေးသင့်သောအခါမှာ လွှတ်ပေးလိုက်ရမည်။ သက်ရှိသတ္တဝါများမှာ ထိုအပင်များ၏အစာများ ဖြစ်ကြသည်။ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် အကြောင်းမသိဘဲ ထိုနေရာကိုရောက်လာခဲ့လျှင် အပင်များ၏အစာ ဖြစ်သွားကြလိမ့်မည်။ သားစားပင်များကိုမွေးထားခြင်းဖြင့် သူ့နေရာကို မည်သူမျှမလာရဲအောင် ကာကွယ်တားဆီးထားလေသည်။

ဒဏ္ဍသည် ဆေးထိုးအပ်တစ်ချောင်းကိုယူကာ ပိုက်တံမှာတပ်လိုက်သည်။ ထို့နောက် ပုလင်းသေးသေးလေးတစ်ခုထဲမှ ဆေးရည်များကို တစ်ဝက်ခန့်စုပ်ယူလိုက်လေ၏။ ထို့နောက် သူပျိုးထားသည့် ပန်းအိုးထဲရှိ အပင်လေးတစ်ပင်ကို ဆေးထိုးမည်ပြုစဉ် သူ၏နောက်ကျောမှ အပင်တစ်ပင်၏လက်တံကြီးတစ်ခုက သူ့ခါးကိုရုတ်တရက်ပတ်ကာ ဆောင့်ဆွဲလိုက်သည်။

''အား''

အမှတ်တမဲ့မို့ ပစ်လဲပြီးတော့ ကျသွားခဲ့လေ၏။ သူ၏ရင်ဘတ်ထဲမှာလည်း စူးခနဲဆို ဝေဒနာခံစားလိုက်ရသည်။ မှောက်လျက်လဲကျသွားခဲ့သည်ဖြစ်၍ ဆေးထိုးအပ်ကိုင်ထားသောလက်က ဗိုက်အောက်ကိုရောက်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ...ငါ ...ငါ ...ထိုးမိပြီ"

အပ်က တစ်ဆုံးအထိ ဝင်သွားခဲ့သည်။ သူ ကြီးကျယ်စွာပင် ထိတ်လန့်သွားခဲ့သည်။ နေရာမှ မနည်းကုန်းရုန်းပြီးတော့ ထရသည်။ မတ်မတ်ရပ်မိလိုက်စဥ်မှာ သူ့ခန္ဓာကိုယ်သည် ဒယိမ်းဒယိုင်ကြီးဖြစ်နေ၏။ မျက်လုံးတွေလည်း ပြာဝေစပြုလာခဲ့လေသည်။

"အလိုလေး လေး ငါ ...ငါ ...ငါ"

◆ ◆ ◆ ◆



(၂၃)

သသားစာသသပင်

မြင်းနှစ်ကောင်သည် အကောက်တောဆီကို တရိပ်ရိပ်နှင့်ပြေးနေ၏။ မြင်းပေါ်မှာ နန္ဒသုခနှင့် သုဒ္ဓ၊ ကျောထက်မှာ လေးမြားနှင့် ဓားကိုယ်စီပါလာခဲ့ကြသည်။ တောစပ်ကိုရောက်ခါနီးတွင် နောက်မှ မြင်းတစ်ကောင်လိုက်လာသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ နန္ဒသုခနောက်ကိုလှည့်ကြည့်မိလိုက်စဥ်မှာ ...

"ဘယ်သူများပါလိမ့် ...ဟင်"

"သခင်ကြီး ...ဖန်လေးပါ"

"ဟုတ်တယ် ...ဖန်လေးပဲ၊ သူ ဘာဖြစ်လို့ လိုက်လာတာပါလိမ့်"

ဖန်လေးသည် မြင်းစီးကျွမ်းသည်။ ချက်ချင်းလိုလိုပင် သူတို့၏အနားကို ရောက်လာခဲ့လေ၏။ မြင်းတွေကိုရပ်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေလိုက်ကြသည်။

"ဖန်လေး ဘာဖြစ်လို့ လိုက်လာတာလဲ"

"အို . . . ဖန်လေးလည်း အကူအညီပေးမလို့ပေါ့"

"မဖြစ်ဘူးထင်တယ် ဖန်လေး၊ တောထဲမှာ အန္တရာယ်ကြီးတယ်၊ ဖန်လေးတစ်ခုခုဖြစ်သွားရင် မကောင်းဘူး . . . ပြန်ပါ"

"ဟင့်အင်း . . . မပြန်ဘူး၊ ဒါလောက်ကတော့ ဖန်လေးကူညီနိုင်ပါတယ်၊ သခင်ကြီး ထပ်ပြီးနှင်ထုတ်ဦးမယ်ဆိုရင် ဖန်လေး ရောက်ရာပေါက်ရာကို လျှောက်သွားတော့မယ်"

နန္ဒသုခ အခက်တွေ့သွားသည်။ သုဒ္ဓကတော့ ဘာမှဝင်မပြော။

"ကဲ . . . ဒါဖြင့်လိုက်ခဲ့ . . . အလယ်က လိုက်"

ဖန်လေးဝမ်းသာသွားသည်။ တစ်ခဏအတွင်းမှာပင် မြင်းသုံးကောင်သည် တောထဲကို ဝင်ရောက်လာခဲ့ကြသည်။ တစ်နေရာတွင် လူနှစ်ယောက်က အမှောင်ရိပ်ထဲတွင် မြင်းကိုယ်စီနှင့် စောင့်ကြိုနေကြသည်။ ဦးကျောက်မောင်း၏လူများပင်။ နန္ဒသုခတို့ ရောက်လာကြသည်နှင့် ရှေ့မှအယောင်ပြကာ ထွက်သွားခဲ့ကြသည်။ နန္ဒသုခတို့လည်း နောက်မှ လိုက်သွားခဲ့ကြလေသည်။

ဖန်လေးသည် လူမျိုးစုအတိုက်အခိုက်များကြားထဲတွင် ကြီးပြင်းလာခဲ့သူဖြစ်သည်။ လေးမြား၊ ဓားလှံလက်နက်များကြား





တွင် နေခဲ့ရသူ။ ယခုလို နန္ဒသုခအတွက် သေရေးရှင်ရေးကိစ္စတွင် မိမိဝင်မပါဘဲ မနေနိုင်။ မိမိကို မည်မျှပင်တားတား လိုက်ပါခဲ့မှာပဲဖြစ်သည်။ သူမ၏ကိုယ်ပေါ်မှာလည်း ဓားနှင့်လေးမြားတို့က ပါလာခဲ့သည်။

သူတို့ထွက်လာခဲ့သောအချိန်သည် ညနေစောင်းကာလဖြစ်သည်။ အကောက်တောကြီးထဲကို ရောက်သွားခဲ့သည်နှင့် မှောင်ရိပ်က ကျသွားခဲ့လေသည်။ ရှေ့မှသွားနေကြသည့် မြင်းများက နှေးသွားခဲ့သည်။ နောက်မှမြင်းများကလည်း လိုက်ပြီးနှေးလိုက်ကြ၏။ မြင်းခွာသံများသည်လည်း ဆိတ်သုဉ်းသွားခဲ့ကြလေသည်။ လူတစ်ယောက်က မှောင်ရိပ်ထဲမှထွက်လာ၏။ ဦးကျောက်မောင်းပင် . . .။

အားလုံး မြင်းထက်မှ ဆင်းလိုက်ကြသည်။ ဦးကျောက်မောင်းက ဖန်လေးပါ,ပါလာသည့်အတွက် အံ့အားသင့်သွား၏။

"သမီး . . . ဘာဖြစ်လို့ လိုက်လာတာလဲ"

"ဖန်လေး ဟို . . . ဟို . . ."

ဖန်လေးသည် ဘာပြန်ပြောရမှန်း မသိ။ အထစ်ထစ်အငေါ့ငေါ့နှင့် ဖြစ်နေမိသည်။ ဦးကျောက်မောင်းသည် သက်ပြင်းတစ်ချက်ချမိလိုက်ပြီး . . .

"ကဲ . . . လိုက်ခဲ့၊ သတိကြီးကြီးတော့ ထားရမယ်နော် သမီး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖန်လေးလည်း သက်ပြင်းချမိရသည်။ မိမိကိုပြန်နိုင်းလေဦးမှာလားဟု ထင်မိခဲ့သည်။ ဦးကျောက်မောင်း၏နောက်မှ လိုက်သွားခဲ့ကြသည်။ သူတို့သည် သစ်ပင်ရဲတိုက်ကြီးဆီကို သွားကြမှာဖြစ်သည်။

''ဖန်လေး ... သတိထားနော်၊ အပင်တွေရဲ့အန္တရာယ်တွေက နီးကပ်နေပြီ''

နန္ဒသုခက ဖန်လေးကို တိုးတိုးသတိပေးသည်။ မြင်းများကို ထားခဲ့ကြသည်။ ခြေချည်းသက်သက် လျှောက်လာခဲ့ကြသည်။ တော်တော်လေးကို လျှောက်သွားကြပြီးသောအခါ ဦးကျောက်မောင်းသည် နောက်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ ကျည်တောက်ထဲမှ မြားစူးကိုထုတ်ကာ လေးညို့မှာတင်လိုက်သည်။ နောက်မှပါလာကြသူများကလည်း သဘောပေါက်သွားခဲ့ကြသည်။ အန္တရာယ်က နီးကပ်လာပြီဟူသည့် သဘော။ သူတို့လည်း လေးနှင့်မြားကို ပြင်လိုက်ကြလေသည်။

◆ ◆

တောသည် နက်လေလေ၊ အလင်းအားက နည်းပါးလာလေလေ ဖြစ်သည်။ သတိကြီးစွာထားပြီးတော့ သွားနေရသည်။ ဖန်လေးသည် အပင်ကြီးများ၏ပုံပန်းသဏ္ဌာန်ကို သတိ





ထားမိလေသည်။ အကိုင်းအခက် ပင်စည်မှအစ တွန့်လိမ်ကောက်ကွေးနေကြသည်။ အကျည်းတန်အပင်များ၏ ပုံပန်းသဏ္ဌာန်များက မသတီစရာကောင်းလှသည်။

ထိုစဉ် ...

'ဖျတ် ဖျတ် ဖျတ်'

ခပ်လှမ်းလှမ်းရှိ ပုံပန်းမကျသစ်ပင်ကြီးများသည် အလိုလိုနေရင်း လေတိုက်ခတ်ခြင်းမရှိဘဲ အကိုင်းအခက်အလက်တွေ တဖျတ်ဖျတ်နှင့် လှုပ်ခါလာကြသည်။ ဖန်လေးက အံ့အားတသင့်နှင့်ကြည့်နေဆဲမှာပင် ဦးကျောက်မောင်းသည် သစ်ပင်ဆီများတစ်စင်းကို ပစ်လွှတ်လိုက်သည်။

'ဝှစ်'

'ဒုတ်'

မြားစူးက သစ်ပင်မှာ သွားရှိုက်သည်။ ချက်ချင်းလိုလိုပင် အခက်အလက်အရွက်တွေက ပိုပြီးကြမ်းတမ်းစွာ လှုပ်ခါလာသည်။ အဆိပ်များပျံ့သွားခဲ့ပြီဖြစ်၍ မခံမရပ်နိုင်အောင်ဖြစ်သွားခဲ့သည့်သဘော။ နောက်တော့ စိမ်းစိုနေသောပင်စည်နှင့် အကိုင်းအခက်အရွက်များသည် တဖြည်းဖြည်းနှင့် ညိုမှိုင်းလာသည်။ အရောင်အသွေးတွေ ပြောင်းလဲလာသည်။ မီးခိုးများ အူထွက်လာသည်။ ကြမ်းတမ်းစွာလှုပ်ရှားနေကြသော အကိုင်းအခက်များသည်လည်း ငြိမ်ကျသွားခဲ့ကြကာ နောက်ဆုံးမှာတော့ တစ်ပင်လုံး သစ်ခြောက်ပင်ကြီးအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်သွားသည်။ အပင်လည်း သေဆုံးသွားခဲ့လေ၏။ မြန်ဆန်လိုက်သည့်ဖြစ်ခြင်း။

ဤကား စက္ကန့်ပိုင်းအတွင်းမှာ ပြောင်းလဲဖြစ်ပေါ်သွားခဲ့ခြင်းပင် ဤနေရာကိုရောက်လာကြသည်နှင့် သစ်ပင်ကြီးများသည် ထကြွလှုပ်ရှားလျက်ရှိနေကြသည်။

'ဖလပ် ..ဖလပ် ..ဖလပ်'

အချို့သစ်ပင်များသည် ဒတ္တ၏ဆေးတန်ခိုးကြောင့် ဖျတ်ခနဲ၊ ဖျတ်ခနဲဆို ရွေ့လျားလာနေကြသည်။ ထိုအခါ မြားရှူးများက လေထဲတွင်ဝီခေါ်ကာ လေးညို့မှ တစ်စင်းပြီးတစ်စင်း ထွက်သွားခဲ့ကြသည်။

'ဝှစ် ..ဝှစ် ..ဝှစ်'

'ဒုတ် ..ဒုတ် ..ဒုတ်'

သစ်ပင်များသည် မြားမှန်ပြီးတစ်ခဏအတွင်းမှာပင် ညှိုးနွမ်းခြောက်သွေ့ကာ သေဆုံးသွားခဲ့ကြသည်။ ဖန်လေးသည် သူမဆီရွေ့လျားလာသော အပင်တစ်ပင်ဆီ မြားရှူးတစ်ချောင်း ပစ်လွှတ်လိုက်သည်။

'ဝှစ်'

'ဒုတ်'

အပင်က ရုတ်တရက် တုံ့သွားခဲ့သည်။ ရွေ့ဆက်မတိုးနိုင်တော့ ချက်ချင်းမှာပင် တွန့်လိမ်ကောက်ကွေးသွားပြီး မီးခိုးများထွက်လာသည်။ ကိုယ်ထဲမှာ လောင်မြိုက်သွားဟန်တူသည်။





မျက်စိအောက်မှာပင်လျှင် သစ်ခြောက်ပင်ကြီးဖြစ်သွားကာ ငြိမ်သက်သွားခဲ့လေသည်။

နောက်ထပ် တစ်ပင်ပြီးတစ်ပင် လာနေသောကြောင့် မြားရှူးများကို တစ်ချောင်းပြီးတစ်ချောင်း ပစ်လွှတ်လိုက်သည်။ သူမသည် မြားပစ်ကျွမ်းကျင်လွန်းသောကြောင့် အားလုံး အံ့အားသင့်မိကြရသည်။

နန္ဒသုခသည် ခပ်ပုပ်းလုမ်းရှိ လက်တံကိုင်းရှည်အပင်ကြီးများဆီ လေးညို့ကို တင်းတင်းဆွဲ၍ပစ်ခတ်သည်။

'ဝှစ်'

'ဒုတ်'

ဒတ္တသည် သူမွေးထားသောအပင်များကို အကာအကွယ်ယူထားသည်။ ဓားနှင့်တိုက်ခိုက်လျှင် ထွက်လာသောအစေးများက အဆိပ်အတောက်ဖြစ်နိုင်သည်။ ထို့ကြောင့် အပင်ကို တဒင်္ဂအတွင်းမှာ သေစေသောဆိပ်လူးမြားဖြင့် အဝေးမှပစ်ခတ်ကြရသည်။

အားလုံး လေးမြားကိုယ်စီပါလာခဲ့ကြ၍ နိုင်နိုင်နင်းနင်း ပစ်ခတ်နိုင်ကြသည်။ ဒတ္တကား အတတ်ပညာကိုအလွဲသုံးစားပြုကာ လူတွေအတွက် ဆိုးကျိုးကိုဖန်တီးနေသူတည်း။ အချို့အပင်များသည် အလိုလို ပွားများနေကြသည်။ လှုပ်ရှုံ့ရသောအခါ ချက်ချင်းရောက်လာခဲ့ကြလေသည်။ ထိုအခါ ဓားများဖြင့် ခုတ်ထစ်ပိုင်းပစ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝုတ် ‥ ဝုတ် ‥ ဝုတ် ‥ ဝုတ်'

ဤသို့ဖြင့် သစ်ပင်ရဲတိုက်ကြီးဆီကို တဖြည်းဖြည်းနှင့် ချဉ်းကပ်လာခဲ့ကြသည်။ ဦးကျောက်မောင်းက …

"ဒီအထဲမှာလည်း အပင်တွေရှိနိုင်တယ် … သတိထားကြ"

ဦးကျောက်မောင်းက သတိပေးသည်။ ဖန်လေးသည် လွန်စွာမှကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရသည်။ သို့သော် အပင်ကြီးတစ်ပင်ဖြစ်ပေမယ့် အဆောက်အအုံ ရဲတိုက်ကြီးသဖွယ် အသုံးပြုထားသောကြောင့် အံ့အားသင့်မိရသည်။

"ဟင် … ဒီအပင်ကြီးကို အိမ်ကြီးတစ်အိမ်အနေနဲ့ အသုံးပြုထားတာပါလား"

သို့သော် သစ်ပင်ကြီး၏ပုံပန်းသဏ္ဌာန်က မသတိစရာလည်း ကောင်းသည်။ ကြောက်စရာလည်း ကောင်းနေသည်။ ဒတ္တ၏လှုပ်ရှားမှုကို မတွေ့ရ။

"သခင်ကြီး … သူ ဒီသစ်ပင်အိမ်ကြီးထဲမှာ ရှိနေတယ်၊ ကျုပ်သိတယ်"

"ဦးရီး … သူကလည်း ကျွန်တော်တို့ရောက်နေမှန်း သိလို့ တမင်မြှုပြီးတော့ စောင့်နေတာလား၊ တကယ်လို့ ကျွန်တော်တို့ရောက်နေကြမှန်း မသိရင်လည်း အသံမပေးဘဲ ဝင်နိုင်အောင် သတိထားကြရမယ်"





အမှောင်ရိပ်က အနည်းငယ်သန်းလာပြီဖြစ်သည်။ ခြံကြီးထဲ၏အခြေအနေကို လှမ်းပြီးတော့ အကဲခတ်ကြည့်မိသည်။ ပကတိတိတ်ဆိတ်ငြိမ်သက်နေဆဲ။ ဦးကျောက်မောင်းက သူ့ဒွိကို မျက်နှာရိပ်မျက်နှာကဲပြလိုက်သည်။ ထိုအခါ သူဒွိလည်း ခြံထဲကို ခုန်ဝင်သွားခဲ့သည်။ အတွင်းမှတံခါးမင်းတုံးကို ဖြုတ်လိုက်သည်။ တစ်ခဏအတွင်းမှာပင် အားလုံး ခြံထဲကိုရောက်သွားခဲ့ကြလေ၏။

ထိုစဉ် …

'ဟီး ဟီး ဟီး ဟီး'

မြင်းဟီသံကြီးလိုလို အမှတ်မထင်ထွက်ပေါ်လာ၏။ ထို့နောက် အကိုင်းအခက်၊ အရွက်များ၏ ဘဖျတ်ဖျတ်နှင့်လှုပ်ခတ်သံများကိုလည်း ကြားလိုက်ရသည်။ အသံထွက်ပေါ်လာရာဆီကို လှမ်းကြည့်လိုက်ကြရာ …

"ဟင်"

ကြီးမားသောသစ်ပင်ကြီးတစ်ပင်ကို မှောင်ရိပ်ထဲမှာ တွေ့လိုက်ရသည်။ ကြည့်နေရင်းကပင် နီညိုရောင်လင်းလာခဲ့လေသည်။ ရှည်လျားသော နွယ်ပင်ကြီးတွေ၊ သစ်ပင်ကြီးဆီက တယမ်းယမ်းနှင့် ထွက်ပေါ်လာခဲ့ကြသည်။

'ဝုတ် ရှမ်း ရှမ်း'

ကျာပွတ်နှင့်ရိုက်ခတ်သလို သူတို့ဆီကို ရောက်ရောက်လာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟော့ ... ဖယ် ဖယ် ... လှေကိုရစ်ပတ်ပြီး ဆောင့်ဆွဲယူသွားလိမ့်မယ်"

ဦးဂျောက်မောင်းက အရေးတကြီးနှင့် သတိပေးလိုက်သည်။ အလင်းရောင်တောက်ပလာသော အပင်ကြီး၏ ပင်စည်အလယ်တွင် ပါးစပ်ပေါက်ကြီးလို နီနီရဲရဲကြီးကိုတွေ့လိုက်ရသည်။ လက်တံသဖွယ်ရှိနေသည့်အရာများက သားကောင်တစ်ကောင်ကောင်ကို ရစ်ပတ်မိလိုက်သည်နှင့် ယင်းအပေါက်ကြီးထဲကို ဆွဲသွင်းပစ်လိုက်မှာပဲ ဖြစ်၏။ **အသားစားအပင်ကြီးပင်တည်း။**

ကြည့်နေရင်းကပင် ထိုအပင်ကြီး၏အမြစ်များသည် မြေကြီးထဲမှ ရုန်းထွက်လာခဲ့ကြသည်။ ရှေ့ကို တရွေ့ရွေ့နှင့်တိုးလာခဲ့သလိုပင်။ သို့သော် အမြစ်ကြီးများက မြေသားထဲမှာ နစ်ဝင်နေကြလျက်နှင့် ရှေ့ကိုတဖြည်းဖြည်းတိုးလာကြခြင်းပင်ဖြစ်သည်။

နွယ်ပင်လိုလို နှာမောင်းလက်တံကြီးတွေလိုလို အရာကြီးများကလည်း ဝိုးခနဲ ဝိုးခနဲဆို ရှေ့ကိုလွှဲလွှဲပြီးတော့ ရောက်လာခဲ့ကြသည်။ နန္ဒသုခသည် ထိုအပင်ကြီးဆီကို မြားတစ်စင်းပစ်လွှတ်လိုက်သည်။

'ဝှစ်'

'ဒုတ်'

ကျန်လူများဆီက တစ်စင်းပြီးတစ်စင်း ပစ်လွှတ်လိုက်ကြသော မြားများ အပင်ကြီးကိုသော်လည်းကောင်း၊ ပါးစပ်ပေါက်ကြီးနှင့်တူသော အပေါက်ကြီးထဲကိုသော်လည်းကောင်း





မြားစူးအချို့က ဝင်သွားခဲ့ကြသည်။ မြားလေးငါးဆယ်စင်း ဝင်သွားခဲ့ကြသော်လည်း အပင်ကြီးမှာ ဘာမှမဖြစ်။ ရှေ့ကိုတိုးလာနေမြဲ။

မြားဆိပ်ကိုမဖြုံဘူးဟု ထင်မိလိုက်ကြသည်။ အံ့အားသင့်သွားခဲ့ကြသည်။ သို့သော် တစ်ခဏအကြာတွင် အပင်ကြီးဆီက ထူးခြားမှုများဖြစ်ပေါ်လာသည်။ ရွေ့လျားလာနှုန်းက နှေးကွေးလာသည်။ လှုပ်ရှားနေသော နှာမောင်းလက်တံများကလည်း လှုပ်ရှားမှု နှေးကွေးလာခဲ့ကြလေသည်။

◆ ◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

### သမင်ခေါက်မျက်နှာ

'ဟီး ‥ ဟီး ‥ ဟီး ‥ ဟီး'

'ဖရဲ ‥ ရှဲ ‥ ရှဲ'

အပင်ကြီးဆီက ထူးခြားသောအသံများက ထပ်မံပြီးတော့ ထွက်ပေါ်လာခဲ့သည်။ အရွက်၊ အခက်၊ အလက်တွေက သွက်သွက်ခါအောင် လှုပ်ယမ်းသွားခဲ့ကြသည်။ ဝေဒနာခံစားနေရသည့် သက်ရှိလူသားတစ်ဦး မချိမဆံ့ဖြစ်သွားသလိုပင်။ ထို့နောက် ဆက်ပြီးရွေ့လျားမလာနိုင်တော့ဘဲ ရပ်တန့်သွားခဲ့သည်။

ထိုစဉ် ...

'ဝေါ'

ဝေါခနဲဆို ပါးစပ်ပေါက်လိုအရာကြီးက ထွက်ကျလာသော အရာတစ်ခု။ ဒရယ်လေးတစ်ကောင်ပင်။ မျိုထားပြီးခါစပဲ ရှိသေးသည်။ အစာမချေမီ ပြန်အန်ထုတ်မိလိုက်ခြင်းပင်။





'ဟီး ဟီး ဟီး ဟီး'

ထွက်ပေါ်လာသောအသံများက သတ္တဝါကြီးတစ်ကောင် သေငယ်ဇောနှင့် မြောနေသကဲ့သို့ပင်။ အသက်ထွက်ခါနီး လူမမာတစ်ဦးနှင့် တူနေသည်။ ထို့နောက် တဖြည်းဖြည်းနှင့် ငြိမ်ကျသွားသည်။ လှုပ်ယမ်းနေသော လက်တံများသည်လည်း အောက်ကို ပစ်ပြီးတွေ့ကျသွားခဲ့ကြသည်။ အရောင်လည်း အနည်းငယ်ဖျော့သွားခဲ့ရာမှ မှိန်မှိန်လာသည်။

သည့်နောက် ငြိမ်သက်သွားခဲ့လေ၏။

အပင်ကြီးသည်လည်း ခြောက်သွေ့လာကာ မီးခိုးများ အူထွက်လာခဲ့သည်။ အပင်သေကြီး ဖြစ်သွား၏။

'ဖျစ် ‥ ဖျစ် ‥ ဖျစ် ‥ ဖျစ်'

တဖျစ်ဖျစ်နှင့်မြည်လာပြီး ချက်ချင်းပင် မီးထတောက်လေတော့၏။ သစ်ခြောက်ပင်ကြီးဖြစ်သွားကာ မီးလောင်နေလေပြီ၊ အပင်ကြီး ထိုကဲ့သို့ဖြစ်သွားခဲ့သည်နှင့် အခြားသောအပင်များသည်လည်း လှုပ်ရှားနေကြရာ တဖြည်းဖြည်းနှင့် ငြိမ်သက်သွားခဲ့ကြသည်။ မီးခိုးများအူထွက်လာကြပြီး ခြောက်သွေ့သွားခဲ့ကြလေသည်။

ဤသို့ဖြစ်သွားခဲ့ရခြင်းအကြောင်းရင်းကို မသိနိုင်။ ဤအပင်ကြီးသည် တစ်တောလုံးတွင် အနည်းငယ်ပျံ့နှံ့နေကြသည်။ အသက်ဝင်ရုက္ခပင်များ၏ အဓိကအပင်ကြီး ဖြစ်ဟန်တူသည်။ ကြွက်နို့အမကြီးကို သတ်လိုက်က အခြားသောကြွက်နို့များပါ



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားကြသကဲ့သို့ ဆက်နွယ်နေကြဟန်တူနေကြသလား။

နောက်ထပ်ရောက်လာမည့် အနှောင့်အယှက်များကို မတွေ့ရ။ သစ်ပင်ရဲတိုက်ကြီးသည် အတွင်းဘက်မှနေ၍ တံခါး ပိတ်ထားသည်။ ဦးကျောက်မောင်းသည် ပါလာသောရဲဒင်းဖြင့် အပြင်ဘက်မှနေ၍ တံခါးကို ဖျက်ဆီးပစ်လိုက်သည်။ အပင်ကြီး သည် အစိမ်းရောင်အလင်းများဖြင့် တောက်ပလျက်ရှိသည်။ ထိုကဲ့သို့ အလင်းရောင်များထွက်စေရန် မည်ကဲ့သို့သော ဓာတု ပစ္စည်းများဖြင့် အစာကျွေးထားသလဲ မသိ။

သတိထားပြီး အထဲကို ဝင်လိုက်ကြသည်။ အိမ်ကြီးတစ် အိမ်၏အတွင်းပိုင်း သို့မဟုတ် ဂူကြီး၏အတွင်းပိုင်းလို ဖြစ်နေ သည်။ ပန်းအိုးအချို့တွင် ဖျိုးထားသောရုက္ခပင်များသည် ခြောက် သွေ့ကာ သေဆုံးလျက်ရှိနေကြ၏။ အပြင်ကအပင်ကြီး သေဆုံး သွား၍ ဤအပင်များသည်လည်း သေဆုံးသွားခဲ့ကြခြင်းပင်။ မီးလင်းနေသောသစ်ခေါင်းကြီးထဲတွင် ပုံးကြီးပုံးငယ်တို့ဖြင့် ထည့်ထားသော ဓာတုဆေးရည်များ၊ ဆင့်များပေါ်တွင် အစီအရီ ထည့်ထားသောပုလင်းများကို တွေ့လိုက်ကြရသည်။

"ဒွတ္တ ဒွတ္တ ... သင်း ဘယ်မှာလဲ"

ဒွတ္တကို မတွေ့ရ။ သူ ဤအထဲမှာရော ရှိနေရဲ့လား။ အပြင်ကို ထွက်သွားခဲ့ပြီလား။ အားလုံးက တွေးတောနေကြဆဲမှာ ပင်။

'ဖြတ် ဖြတ် ဖြောင်း_ဖြောင်း'





အသံတစ်သံကို ကြားလိုက်ရသည်။ ထို့ကြောင့် အား လုံးသည် လက်နက်များကို ကိုင်ဆောင်ထားလိုက်ကြသည်။ အ တွင်းဘက်တွင် အခန်းဖွဲ့ထားသည်။ ယင်းဆီက ထွက်ပေါ်လာ သည့်အသံ။ တရှတ်တိုက်ဆွဲပြီး ရွေ့လျားလာနေသည့်မျိုး။ တ ဖြည်းဖြည်းချင်း လာနေသည်။

ထိုစဉ် ...

ရှည်လျားသောအရိပ်ကြီးတစ်ခုက ထိုးထွက်လာသည်။ သူတို့အားလုံး အသင့်ပြင်ထားလိုက်ကြသည်။ ရုတ်တရက် အ ပြင်ကိုရောက်လာသော အရာကြီးတစ်ခု ...။

"ဟင်"

"ဟာ"

အာမေဍိတ်သံအသီးသီးက ထွက်ပေါ်လာကြသည်။ မြင် လိုက်ရသည့်မြင်ကွင်းကို မယုံနိုင်အောင် ဖြစ်သွားခဲ့ကြရသည်။ သူတို့တွေ့လိုက်ကြရသည်ကား ပုံပန်းမကျသော သစ်ပင်ကြီး တစ်ပင်။ အကိုင်း၊ အခက်၊ အလက်၊ အရွက်တွေက ရှည်လျား သော လက်ဆံ၊ ခြေဆံများလို။ ပင်စည်တစ်နေရာ၏ အပွေးအ ခေါက်များက ကံအားလျော်စွာ လူတစ်ယောက်၏မျက်နှာအသွင် မျိုး။ ဤကဲ့သို့ မပော်တဆ ဖြစ်တ... အကြောင်းမှာ ဒွတ္တ၏မျက် နှာနှင့် ခပ်ဆင်ဆင်တူနေသောကြောင့်ပင်တည်း။

"ဟာ ... ဒီမှာ တစ်ပင်ကျန်သေးတယ်၊ အသက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



နေသေးတယ်၊ တစ်ခါတည်း ကိစ္စတုံးပစ်မှဖြစ်မယ်''

နန္ဒသုခက ပြောလိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သစ်ပင်ကြီးဆီက ညည်းညူသံလိုလို မသဲမကွဲထွက်ပေါ်လာခဲ့သည်။ သို့သော် မြားတံများက ထို . . . အမင်္ဂလာ ရှုံ့စရာကောင်းသည့် သစ်ပင်ကြီးဆီကို တဒုတ်ဒုတ်နှင့် သွားစိုက်ခဲ့ကြလေပြီ။

''အား''

သစ်ပင်ကြီးဆီက ထူးဆန်းသောအသံကြီးတစ်သံ ထွက်ပေါ်လာသည်။ တစ်ပင်လုံး ဖျပ်ဖျပ်ခါအောင် လှုပ်လူးသွားခဲ့သည်။ ယင်းအချိန်တွင် နန္ဒသုခသည် မြားရှူးတစ်ချောင်းကို ညို့မှာတင်ကာ အပင်ကြီးဆီကို ပစ်ထည့်လိုက်သည်။

'ဝုစ်'

'ဒုတ်'

မျက်နှာကြီးနှင့်တူသောအပိုင်းကို သွားရှုမှန်သည်။ မီးခိုးများ ထွက်လာသည်။ အားလုံး၏မျက်လုံးထဲမှာ သစ်ခေါက်မျက်နှာကြီးသည် ရှုံ့မဲ့သွားသလို ချောက်ချားစရာအသံကြီးလည်း အမှတ်မထင်ယှက်ပေါ်လာခဲ့သည်။

ဖန်လေးသည် တစ်ခုခုကိုသတိရသွားသည်။ စင်များတွင်တင်ထားသော ပုလင်းများဆီကို စိတ်ကရောက်သွားသည်။

''ဖြေဆေး ဖြေဆေး''

ထို့ကြောင့် လျင်မြန်စွာပင် ပြေးသွားခဲ့၏။ မျက်ဝန်းတွေက လိုက်ပြီးတော့ရှာနေ၏။





''ရှိမှ ရှိပါ့မလား''

ကြောင့်ကြနေမိသည်။ တုန်ယင်သောစိတ်ကြောင့် လက်နှင့် မတော်တဆတိုက်မိသွားသည်။ ပုလင်းအချို့ အောက်ကို ကျသွားခဲ့ကြသည်။ ရင်ထဲ ထိတ်သွားမိသည်။ ကျသွားပြီး ပျက်စီးသွားသော ပုလင်းများသည် ဖြေဆေးပုလင်းဖြစ်ခဲ့လျှင် . . .။

ယင်းအချိန် . . .

အပင်ကြီးသည် တဖျစ်ဖျစ်နှင့် မြည်လာခဲ့သည်။ ထို့နောက် နီရဲလာသည်။ အပူအားကြီးပြီး မီးတောက်များက ထွက်စပြုလာခဲ့ကြသည်။ သစ်ခေါက်မျက်နှာကြီးသည်လည်း ပိုပြီးတော့ ရှုံ့တွလာခဲ့သည်။ တစ်ခဏအတွင်းမှာပင် အပင်ကြီးအောက်ခြေကစပြီး မီးတောက်မီးလျှံများက ထွက်ပေါ်လာခဲ့ကြလေသည်။ သစ်ပင်ရဲတိုက်ကြီးတစ်ခုလုံး လင်းထိန်သွားကာ အပူရှိန်ဟပ်လျက်ရှိလေပြီ။

''မြန်မြန်ထွက်ကြဲဟေ့ . . . တစ်ပင်လုံး မီးလောင်နေပြီ၊ ဓာတုဆေးတွေလည်း မီးသင့်ပြီး ပေါက်ကွဲနိုင်တယ်''

ဦးကျောက်မောင်းက အော်ပြီးသတိပေးလိုက်သည်။ နန္ဒသုခသည် ဖန်လေးကို သတိရသွားသည်။

''ဖန်လေး . . . ဖန်လေး . . . ဘယ်မှာလဲ''

လိုက်ရှာသည်။ ခပ်လှမ်းလှမ်းတွင် ဖန်လေးကိုတွေ့သွားသည်။

''ဖန်လေး''



www.burmeseclassic.com

www.burmeseclassic.com



သူ ပြေးသွားသည်။ ထိုအခါကျမှ ဖန်လေး ဘာရှာနေသလဲဆိုသည်ကို သိသွားခဲ့လေသည်။

"ဒီမှာ ဖြေဆေးရှာနေတာ ... ရှိများရှိမလားလို့"

"ဟုတ်တယ် ... ဖြေဆေး, ဖြေဆေး။ သူ ယားရော ထားခဲ့ပါမလား"

နန္ဒသုခပါ လိုက်ပြီးတော့ရှာသည်။ မီးအပူရှိန်က အတော်ပြင်းလာခဲ့လေပြီ။ အပင်ကြီးတစ်ပင်လုံး ကြွက်ကြွက်ဆူ လျှက်ရှိနေသည်။

"သခင်ကြီး, သခင်ကြီး ... မြန်မြန်ထွက်ပါ။ ဘာလုပ်နေကြတာလဲ"

ဦးကျောက်မောင်းက စိုးရိမ်တကြီးဖြင့် ပြေးလာခဲ့သည်။

"ဦးရိုး ... ဖြေဆေးလေ ... ဖြေဆေးရှာနေတာ၊ ဒါရမှ ဖြစ်မယ်"

"ဟာ ... ဟုတ်တယ် ... ဖြေဆေး ဖြေဆေး"

ဦးကျောက်မောင်းပါ ဝိုင်းပြီးတော့ရှာသည်။ သူ့လူတွေလည်း ရောက်လာခဲ့ကြသည်။ မီးခိုးတွေလည်း မွန်ထူလာခဲ့လေပြီ။ ချောင်းတဟွတ်ဟွတ်နှင့် ဆိုးလာခဲ့ကြသည်။ မျက်ရည်များပင် ကျလာခဲ့ကြသည်။ ထိုစဉ် ဖန်လေးသည် ပုလင်းတစ်လုံးဆီကို အကြည့်က ရောက်သွား၏။ လှမ်းယူလိုက်သည်။

'ဖြေဆေး'

အသုံးပြုရန် အညွှန်းစာပါကပ်ထားသည်။ ဖန်လေး





၏ ရင်ထဲမှာထိတ်ခနဲဖြစ်သွားသည်။ ဝမ်းသာသွားခဲ့သည်။

"တွေ့ပြီ တွေ့ပြီ ....ဒီမှာ"

"ဘယ်မှာလဲ ဘယ်မှာလဲ"

နန္ဒသုခက ဖန်လေး၏လက်ထဲကပုလင်းကို လှမ်းယူလိုက်သည်။ ဖတ်ကြည့်သည်။ သူ့မျက်နှာသေကြီးကတော့ အပြောင်းအလဲမရှိ။ သို့သော် ရင်ထဲကထွက်ပေါ်လာသည့် စကားကတော့ ...

"ဟုတ်တယ် ... ဒါ အမှန်ပဲ ဦးရိုး၊ ဒီမှာ ကြည့်စမ်း ... ဖြေဆေး ဖြေဆေးရပြီဗျ"

"ဟာ ... ဟုတ်ပါရဲ့ ... ဝမ်းသာစရာပဲဟေ့၊ သခင်ကြီးရော ... ကိုင်း ... ဒီကနေ မြန်မြန်ထွက်ကြရအောင်"

ထိုအခါကျမှ ပူလောင်မှုကိုခံစားရမှန်း သိလိုက်ကြရလေတော့သည်။ သစ်ခေါင်းအိမ်ကြီးထဲက ပြေးထွက်လာခဲ့ကြသည်။ မီးလောင်နေသောအပင်ကြီးသည် တစ်ပင်လုံးမှုန်ဖြစ်နေသည်။ ထူးခြားချက်မှာ သစ်ခေါက်မျက်နှာကြီး၏ ကွက်ကွက်နေရာသည် လူတစ်ယောက်၏ ဝေဒနာခံစားနေရသော ရှုံ့မဲ့နေသည့်အသွင်ဖြစ်နေသောကြောင့်ပင်တည်း။

အားလုံး မြေအပြင်ကိုရောက်လာခဲ့ကြသည်။ ထို့နောက်ဆက်လက်၍ မထွက်ခွာကြသေးဘဲ သစ်ပင်ရဲတိုက်ကြီးထဲမှာဖြစ်ပျက်နေသောအခြေအနေကို စောင့်ကြည့်နေကြသေးသည်။ အတွင်းမှ သစ်ပင်ကြီးက တစ်ပင်လုံးလောင်ကျွမ်းပြီး အပင်ကြီး

www.burmeseclassic.com



ဆီကိုပါ ကူးစက်သွားလေတော့သည်။

'ဝုန်း ‥ ဖောင်း ‥ ဒိုင်း'

အထဲမှပေါက်ကွဲသံများက တစ်ခဲနက်ပင် ထွက်ပေါ်လာခဲ့ကြသည်။ ဓာတုပစ္စည်းများက မီးသင့်ပြီးပေါက်ကွဲသွားကြခြင်းပင်။ အပြင်သို့ပင်လျှင် မီးတောက်များက လျှံပြီးတော့ထွက်လာခဲ့ကြသည်။ ချက်ချင်းမှာပင်လျှင် သစ်ပင်ရဲတိုက်ကြီးလည်း မီးဟုန်းဟုန်းတောက်ကာ လောင်ကျွမ်းလာခဲ့သည်။ ကြီးမားသောမီးတောက်ကြီးသည် အပင်ကြီးတစ်ပင်လုံးကို ဝါးမျိုလျက်ရှိနေလေပြီ။

သို့သော် ထူးခြားသည်က အပင်ကြီးတစ်ပင်တည်းကိုသာ ကွက်ကျလောင်ကျွမ်းလျက်ရှိသည်။ စိမ်းပြာရောင်မီးတောက်များဖြစ်ပေါ်လျက်ရှိကာ ဤအတိုင်းလောင်ကျွမ်းရင်း ငြိမ်းသွားသည်။ တစ်ခဏအတွင်းမှာပင် မည်းနက်သောမီးသွေးတုံးကြီးပမာ ပြောင်းလဲသွားသည်။ မြန်ဆန်လွန်းလှသည်။

"အင်း ‥‥ တော်တော်ပြင်းထန်တာပဲ၊ သွားပြီ ‥‥ ဒတ္တလည်း ဘယ်လိုဖြစ်သွားတယ်ဆိုတာ မြင်လိုက်ကြရဲ့ မဟုတ်လား"

"ဦးရိုး ‥‥ သူ့အတတ်နဲ့သူရှုံးသွားတာပဲ၊ ဖာတ်သိမ်းမကောင်းဘူးလို့ဆိုရမယ်"

အားလုံးသည် စိုးထိတ်မပြေသေးသော မျက်နှာများဖြင့်ရှိနေကြသေးဆဲ။ မြွေအလမ္ပာယ်ဆရာသည် မြွေဆိပ်သင့်ကာ





သေဆုံးရသကဲ့သို့ အတတ်ပညာအပေါ်မှာ အလွဲသုံးစားပြုခြင်း အရဲကိုးလွန်းသောသူသည်လည်း ကိုယ့်အတတ်ကိုယ် ရှုံးရလေသည်။ သူတို့သည် မှောင်ရီရီထဲမှာပင် မြင်းများရှိရာကို သွားကြသည်။ မြင်းများကား ပေါက်ကွဲသံများကြောင့် အထိတ်တလန့်မဖြစ်မိကြပေ။ သတ္တိကောင်းကြသည်။

သူတို့ကိုတိုက်ခိုက်ကြမည့် သစ်ပင်ကြီးများသည်လည်း မရှိကြတော့။ အားလုံး သေဆုံးကုန်ကြပြီဖြစ်သည်။ တစ်ခဏအကြာတွင် လူတစ်စုသည် အကောက်တောကြီးထဲက ထွက်လာခဲ့ကြသည်။

အမှောင်က စိုးမိုးလာခဲ့ပြီဖြစ်သည်။ မြင်းခွာသံများသည်သာ တောထဲမှာညံလျက်ရှိနေကြသည်။ တောထဲမှာ မွန်းကျပ်သမျှ အပြင်ကိုရောက်သော် လွတ်လပ်မှုကိုရသွားခဲ့ကြသည်။ အေးမြသောလေက သူတို့၏မျက်နှာကို ပက်ဆမ်းလိုက်လေသည်။ နှင်းကလည်း လေနှင့်အတူပါလာခဲ့ကြသည်။

နန္ဒသုခသည် ဇော်လေးနှင့်အတူယှဉ်ကာ လိုက်ပါလာသည်။ သူ့မျက်နှာမှာ ရွှေရောင်မျက်နှာဖုံးသည် ညဉ့်၏အလင်းရောင်နုံ့နုံ့အောက်မှာ တောက်ပလျက်ရှိနေလေသည်။

◆ ◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

**[illegible]**

နှင်းသုခစံအိမ်ကြီးအတွင်း ...

နန္ဒသုခ၊ ဖန့်လေး၊ ဒေါ်သီရိ၊ ဦးကျောက်မောင်း၊ သုဒ္ဓနှင့်တပည့်နှစ်ဦးတို့ ရှိနေကြသည်။ နန္ဒသုခ၏လက်ထဲတွင် ပုလင်းတစ်လုံးကို ကိုင်ထားသည်။ သူ့မျက်နှာပေါ်မှာ ရွှေမျက်နှာဖုံးကို တပ်ထားဆဲ။

"ဒီပုလင်းထဲက ဆေးဟာ ကျွန်တော့်ရဲ့ရုပ်သွင်ကိုပြန်ပြီး ကောင်းလာအောင်၊ နဂိုမူလရုပ်ရည်မျိုးပြန်ဖြစ်လာအောင် လုပ်ပေးနိုင်၊ မပေးနိုင် အတတ်ပြောလို့မရဘူး။ အဆင်ပြေသွားနိုင်သလို၊ အကောင်းဘက်ကိုမရောက်ဘဲ ပိုပြီးတော့လည်း ဆိုးရွားသွားနိုင်တယ်"

ထိုအခါ သက်ပြင်းချသံများထွက်ပေါ်လာခဲ့ကြသည်။

"ဒတ္တဟာ ဒါကို ဖြေဆေးဆိုပြီး ဆိုးဆိုးရွားရွားဖြစ်





အောင်လည်း ဖော်စပ်ထားနိုင်တယ်၊ ဒါပေမဲ့ ကျွန်တော်ကတော့ စမ်းသပ်ကြည့်ရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒတ္တက ဒီဖြေဆေးနဲ့ ကျွန်တော့်ကို အကျပ်ကိုင်ဖို့ စီစဉ်ထားတယ်၊ အဲဒါကတော့ ဟောဒီစံအိမ်ကြီးနဲ့ ဖြေဆေးကိုလဲလှယ်ဖို့ပဲ ...၊

ဒါကြောင့်မို့ ကျွန်တော်သုံးကြည့်မယ်၊ တကယ်လို့များ ဒီဆေးသုံးမိလို့ ကျွန်တော့်မျက်နှာဟာ ပိုပြီးဆိုးဆိုးရွားရွားဖြစ်လာခဲ့ရင်"

နန္ဒသုခကစကားကို ဆက်မပြောဘဲ ရပ်လိုက်သည်။ ဦးကျောက်မောင်းဆီကို လျှောက်သွားကာ နံရံတွင်ချိတ်ထားသည့်ဓားကို ယူပေးလိုက်၏။

"အဲသလိုဖြစ်လာခဲ့ရင် ကျွန်တော့်ကို တစ်ခါတည်း အဆုံးစီရင်ပစ်လိုက်ပါ"

"ဟင်"

"ဟာ"

"သခင်ကြီး"

နန္ဒသုခ၏စကားကြောင့် အားလုံးအထိတ်တလန့်ဖြစ်သွားခဲ့ကြရသည်။ အံ့အားလည်းသင့်သွားခဲ့ကြလေသည်။ ဘယ်လိုစကားမျိုးပြောလိုက်ပါလိမ့်ဟု ရက်စက်လွန်းလှသည်ဟု။

"သခင်ကြီး ... ကျုပ်ကတော့ အကောင်းဘက်ကို ရောက်လာလိမ့်မယ်လို့ ယုံကြည်တယ်၊ ဒါကြောင့် သခင်ကြီး ပြောတဲ့အတိုင်း လုပ်စရာမလိုဘူးလို့ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒသုခသည် ဦးကျောက်မောင်းကို တစ်ချက်တွေဝေပြီးတော့ ကြည့်လိုက်သည်။ ထို့နောက် သူ၏အခန်းထဲကိုဝင်သွားခဲ့လေသည်။ ထိုစဉ် မထင်မှတ်သော အပြုအမူတစ်ခု၊ ဖန့်လေးလည်း လိုက်ပြီးတော့ ဝင်သွားခဲ့သောကြောင့်ပင်။

"ဟင် ဖန့်လေး ... ဘာဖြစ်လို့ ဝင်လိုက်လာတာလဲ၊ အပြင်မှာနေခဲ့ပါ"

"ဟင့်အင်း ... ဖန့်လေးမနေခဲ့ဘူး၊ သခင်ကြီးအတွက် ဒီဖြေဆေးကို ဖန့်လေးကိုယ်တိုင်ကူညီပေးမယ်"

"မဟုတ်ပါဘူး ဖန့်လေးရယ် ... ကိုယ့်ဘာသာကိုယ်ပဲ အသုံးပြုပါ့မယ်၊' ဖန့်လေး နေခဲ့ပါ"

"ဖန့်လေးကို မတားပါနဲ့ သခင်ကြီး၊ ဘာလဲ ... သခင်ကြီးအတွက် ဖန့်လေး အခက်အခဲဖြစ်နေလိမ့်မယ်လို့ ထင်လား၊ ဘယ်တော့မှမဖြစ်ဘူး ... စိတ်ချ၊ ဖန့်လေး အားလုံးကိုနားလည်ပြီးသား"

နန္ဒသုခက တားမြဲ၊ ဖန့်လေးကလည်း ခေါင်းမာစွာငြင်းနေမြဲ။ မနေနိုင်၍ ကြားဝင်ရသူက ဦးကျောက်မောင်း။

"ကဲပါ သခင်ကြီးရယ် ... သမီးရဲ့စေတနာကို အသိအမှတ်ပြုပေးဖို့ ကောင်းပါပြီ၊ ဒီလို မေတ္တာ,စေတနာမျိုးက ရှားပါတယ်"

ထိုအခါ နန္ဒသုခသည် အားလုံး၏မျက်နှာကိုကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချမိလိုက်သည်။ ထို့နောက် တံခါးကိုပိတ်





လိုက်လေသည်။

◆ ◆

နန္ဒသုခသည် စားပွဲမှာ ထိုင်လိုက်သည်။

"ဖန့်လေး ... ဘာဖြစ်လို့ ကိုယ့်ဆီက ချောက်ချားမှုကို လိုချင်နေရတာလဲ၊ ဒီလိုရွံစရာကောင်းတဲ့ မျက်နှာကြီးကို ဖန့်လေး အနီးကပ်မြင်ရတော့မှာ၊ ကိုယ့်ဘာသာကိုယ် မှန်ကြည့်ပြီးတော့လုပ်လို့လည်း ရပါတယ်၊ ခုနေ ဖန့်လေး အပြင်ကိုပြန်သွားလို့ ရပါသေးတယ်"

"ဖန့်လေး ဆုံးဖြတ်ချက်ချပြီးသားပါ သခင်ကြီး ... နောက်ထပ် ဘာမှထပ်မပြောပါနဲ့တော့ ... ပြောလည်း ဖန့်လေးရဲ့စိတ်က ပြောင်းလဲသွားမှာ မဟုတ်ပါဘူး"

"တကယ်လို့ ကိုယ့်မျက်နှာက ပြန်ပြီးတော့မကောင်းခဲ့ရင်ရော ... ဖန့်လေး ဒီအိမ်ကြီးက ထွက်သွားမှာလား"

"ထွက်မသွားပါဘူး၊ အဆပေါင်းတစ်ထောင်မက ဆိုးရွားသွားပါစေ ... သခင်ကြီးရဲ့အနားက တစ်ဖဝါးမှ ခွာမသွားပါဘူး"

ဖန့်လေးသည် စကားပြောရပ်လိုက်သည်။ ဆေးပုလင်းမှအညွှန်းကို နောက်တစ်ခေါက် သေချာစွာဖတ်လိုက်သည်။ မိမိ



www.burmeseclassic.com

www.burmeseclassic.com



သည် ဤစာလုံးများကို ဖတ်တတ်နေခြင်းအတွက်လည်း ကိုယ်ဟိုင်အုံ့အားသင့်မဆုံး ဖြစ်နေမိသဲ။ ဆေးသွန်းထဲတွင် ရေရောစရာမလို။ ဤအတိုင်း တိုက်ရိုက်သုံးနိုင်သည် ဟူ၍။ နန္ဒသုခသည် မှန်ရေ့တွင်ထိုင်ရန် ခုံကိုဆွဲယူမည်အပြု . . .

"မှန်သုံးဖို့ မလိုပါဘူး . . . ဒီအတိုင်းပဲထိုင်နေပါ သခင်ကြီး"

အမိန့်ပေးသူက တစ်ယောက်၊ နာခံသူက နန္ဒသုခဖြစ်လာသည်။ ဤအတိုင်း ငြိမ်သက်စွာပင် ထိုင်နေလိုက်ရသည်။ ဖန်လေးသည် ဖန်းကန်လုံးထဲတွင် ဆေးရည်များကိုလောင်းထည့်လိုက်သည်။ ဂွမ်းထုပ်ထဲမှ ဂွမ်းများကို ခပ်များများဖဲ့ယူထားလိုက်သည်။ ထို့နောက် လက်က နန္ဒသုခ၏မျက်နှာဆီကို ရောက်သွားသည်။ ထိုအခါ နန္ဒသုခက ဖန်လေး၏လက်ကို ဖမ်းဆုပ်ကိုင်ထားလိုက်သည်။

သို့သော် ဖန်လေးက လက်ကိုရုန်းလိုက်သည်။ မျက်နှာပေါ်က **ရွှေမျက်နှာဖုံး**ကို ဖြုတ်ပစ်လိုက်လေသည်။ နန္ဒသုခသည် မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။ အကျည်းတန်မျက်နှာကြီးက ဖန်လေးနှင့်အနီးကပ်ဆုံးနေရာမှာ ရှိနေသည်။ သို့သော် ဖန်လေးသည် စိုးစဉ်းမျှ ကြောက်ရွံ့မပျက်ပေ။ ဇာဂနာနှင့် ဂွမ်းစတစ်စကို ညှပ်လိုက်သည်။ ထို့နောက် ဆေးရည်ထဲ နှစ်လိုက်ကာ၊ အရည်အနည်းငယ်စစ်ပြီး နန္ဒသုခ၏ပါးပြင်ပေါ်ကို အရင်သုတ်လိမ်းသည်။ အရေပြားနှင့်ဆေးရည် ထိသွားစဉ်မှာ အနည်းငယ်





စပ်ဖျဉ်းဖျဉ်းဖြစ်သွားသည်။

ထို့နောက် အခိုးအငွေ့များ ထွက်လာခဲ့ပေသည်။ ဖန်လေး၏မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့ရသည်။ လန့်သွားသည်။ ဆေးသည် အစစ်အမှန်မှ ဟုတ်ရဲ့လားဟု စိုးရိမ်စိတ်နှင့် သောကရောက်မှုများ ဖြစ်သွားခဲ့ရသည်။ နန္ဒသုခကတော့ မည်သို့မှ မတုံ့ပြန်။ စိတ်ကိုလျှော့ထားပုံရသည်။ ဤအတိုင်း ငြိမ်သက်စွာပင် ခံယူနေသည်။

ဖန်လေးသည် မထူးတော့ပြီဖြစ်၍ ဆေးအစစ်အမှန်ဖြစ်ပါစေဟုသာ ဆုတောင်းရင်း ဆက်လက်၍ လုပ်ကိုင်နေမိသည်။ အခိုးအငွေ့များက ထွက်မြဲထွက်နေသည်။ သာပြေးခြင်းမှည့်များကဲ့သို့ ပွတ်သိပ်နေသောမျက်နှာကြီးက ကြည့်နေရင်းကပင် ပိုကြီးတော့ ရောင်ကိုင်းလာသည်။ ကြီးမားလာသည်။ ဂွမ်းစတွေက တစ်ခုပြီးတစ်ခု ကုန်သွားသည်။ ဆေးကို ခပ်ပါးပါးလိမ်းပေးရင်း အချိန်အနည်းငယ်ကြာလာသည့်အခါ ထူးခြားမှုက ပြလာသည်။

မျက်နှာပြင်က ဖြုတ်ထနေသော ဒဏ်ရာများသည် အဖတ်လိုက်၊ အဖတ်လိုက် ကွာကျလာခဲ့သည်။ ချက်ချင်းပင် သွေး တန်နိုးက ပြလာခဲ့သည်။ အောက်ကို တစ်ခုပြီးတစ်ခု ပြုတ်ကျကုန်ကြလေသည်။ ဖန်လေးသည် အားရလာခဲ့လေပြီ။

"ဟုတ်ပြီ"

မျက်နှာပြင်ထက်က မိစ္ဆာမျက်နှာ ဝင်ပူးကပ်နေကြသလို



www.burmeseclassic.com

www.burmeseclassic.com



အရာများက အလွှားလိုက်၊ အလွှားလိုက် ကွာကျသွားနေသည် အထိ ဖန်လေးက ဆေးကို ခပ်ပါးပါးပင် သုတ်လိမ်းနေဆဲ။ နဂိုမျက်နှာအသွင် ပြန်ပြီးတော့ ပေါ်လာခဲ့လေ၏။ ဖန်လေး၏ ရင်ထဲမှာ တလှပ်လှပ်နှင့်ဖြစ်ကာ ခံစားနေရသည်။

"သခင်ကြီး ခဏလေးနော် . . . မျက်လုံးတွေကို မဖွင့်လိုက်နဲ့ဦး"

ဖန်လေးသည် စားပွဲပေါ်မှာ အသင့်ထားသည့် အင်တုံထဲကရေနွေးကို မျက်နှာသုတ်ပဝါသေးသေးဖြင့် နှစ်ကာ ရေညှစ်လိုက်သည်။ ထို့နောက် မျက်နှာပြင်ကို ခပ်ဖွဖွလေး သုတ်ပေးလိုက်သည်။ နန္ဒသုခသည် စပြီးတော့ ဆေးလိမ်းကတည်းက မလှုပ်မယှက် ကျောက်ရုပ်ပမာ။ နှုတ်က တစ်ခွန်းမှမဟ။ ဖန်လေး ရပ်ကြည့်နေဆဲမှာပင် နန္ဒသုခ၏မျက်နှာလေးက အရောင်ပြောင်းလာသည်။ တဖြည်းဖြည်းနှင့် ချောမွတ်လာသည်။ မယုံနိုင်စရာကောင်းအောင်ပင် မူလ အကျည်းတန်၊ ကြောက်စရာမျက်နှာကြီးကား အချိန်တိုတစ်ခဏအတွင်းမှာပင် ယူပစ်လိုက်သလို ပျောက်ကွယ်သွားခဲ့လေပြီ။

"သခင်ကြီး . . . မျက်လုံးတွေကို ဖွင့်လိုက်ပါတော့"

ထိုအခါကျမှ နန္ဒသုခသည် မျက်လုံးတွေကို မရဲတရဲနှင့် ဖွင့်လိုက်လေ၏။

"ဘယ်လိုလဲ . . . ဘာမှ ထူးခြားမလာဘူး မဟုတ်လား"





နန္ဒသုခသည် ဖန်လေး၏မျက်နှာကို အမိပ္ပါယ်ဖတ်ရင်း မေးလိုက်သည်။ ဖန်လေးက နန္ဒသုခ၏လက်ကိုဆွဲကာ နေရာမှ ထစေလိုက်သည်။ ခပ်လှမ်းလှမ်းရှိ မှန်ဆီကို ခေါ်သွားသည်။ နန္ဒသုခလည်း ဖန်လေးဆီက တုံ့ပြန်စကားကိုမကြားရဘဲ စိတ်လှုပ်ရှားစွာဖြင့် လိုက်ပါသွားခဲ့ရလေသည်။

"ကဲ . . . ကြည့်"

မှန်ရှေ့တွင် ရပ်မိလိုက်သည်နှင့် မိမိ၏ရုပ်သွင်ကို မယုံရဲ ယုံရဲဖြင့် ကြည့်မိလိုက်လေရာ

"ဟင်"

နန္ဒသုခ လွန်မင်းစွာ အံ့အားသင့်သွားခဲ့ရသည်။ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ ကြေးမုံပြင်မှာ ပေါ်လာသော မိမိ၏မျက်နှာသည် နန္ဒသုခ၏ မူလရုပ်သွင်အမှန်ဖြစ်နေသောကြောင့်ပင်တည်း။ နှစ်ပေါင်းများစွာပျောက်ဆုံးနေသော မိမိ၏ မျက်နှာကို သူပြန်တွေ့ခဲ့ရပြီဖြစ်သောကြောင့်ပင်တည်း။

"ဒါ . . . ဒါ . . . ကိုယ်ရဲ့မျက်နှာပဲ၊ ဟုတ်တယ် . . . ကိုယ်ရဲ့မျက်နှာပဲ၊ ဟို ဟို . . . ဘီလူးသဘက်, တစ္ဆေသရဲ မျက်နှာကြီး မရှိတော့ဘူး၊ ပျောက်သွားပြီ၊ ပျက်စီးသွားပြီ ဖန်လေး၊ သေသေချာချာကြည့်စမ်းပါဦး . . . ဒါ ကိုယ့်မျက်နှာအစစ်မှ ဟုတ်ရဲ့လား၊ အိပ်မက်များ မက်နေတာလား၊ အိမ်း . . . အိပ်မက်တော့ မဟုတ်နိုင်ပါဘူးလေ"

နန္ဒသုခက တုန်ယင်သောအသံကြီးဖြင့် ပြောလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဖန်လေးမှာ နန္ဒသုခခံစားနေရသည့် ရုပ်သွင်အမူအရာကို ကြည့်ပြီး မျက်ရည်များပင် ဝိုင်းနေမိသည်။

"အိပ် ... အိပ်မက်မဟုတ်ပါဘူး သခင်ကြီးရယ် ... အမှန်ပါ၊ သခင်ကြီးရဲ့မျက်နှာကို ပြန်ရလိုက်ပြီဆိုတာ မလွဲပါဘူး၊ ယုံမှားသံသယ မဖြစ်ပါနဲ့တော့"

"ဟင် ... ဖန် ... ဖန်လေးရယ်"

နန္ဒသုခသည် ကြည်နူးဝမ်းသာစိတ်နှင့် အမှတ်မထင်ပင် ဖန်လေးကို ဖက်ထားမိလိုက်သည်။

"အို ... သခင်ကြီး"

ဖန်လေးသည် နန္ဒသုခ၏ ရင်ခွင်ထဲတွင် စုံးစုံးမြုပ်သွားခဲ့ရပါလေတော့သည်။

"သ ... သခင်ကြီး ... အပြင်မှာ သခင်ကြီးရဲ့အခြေအနေကို သိချင်လို့ စောင့်မျှော်နေကြတယ်လေ၊ သူတို့ကို ဝမ်းသာစရာသတင်း မဖြစ်မနေ ပေးရဦးမှာမို့ ..."

ထိုအခါကျမှ နန္ဒသုခသည် သတိရသွားကာ ဖန်လေးကို ဖက်ထားရာက လွှတ်ပေးလိုက်လေသည်။ ထို့နောက် တံခါးဆီကို လျင်မြန်စွာဖြင့် လျှောက်သွားခဲ့ကြသည်။ အခန်းတံခါးကို ဖွင့်လိုက်စဉ် အားလုံး အံ့အားသင့်ခြင်းများစွာဖြင့် နန္ဒသုခ၏ မျက်နှာအပေါ်မှာ ...။

◆ ◆ ◆ ◆



# (၂၆)

## ခရီးသည်ကြွနှိုး

ညတစ်ည ...။ ဝိုင်းဝိုင်းစက်စက် လပြည့်ဝန်းကြီးက ကောင်းကင်ထက်မှာ ထိန်ထိန်သာလျက် ရှိနေသည်။ နှင်းများကလည်း မဖွဲ့မသဲ ကျနေဆဲင်းနေကြလျက်၊ နှင်းသုခမြို့င်ခြံကြီး၏ ရှေ့ မီးပုံကြီးတစ်ပုံကို ဖိုထားသည်။ မီးအရှိန်အားကောင်းနေ၍ မီးတောက်ကြီးတွေက တဟုန်းဟုန်းနှင့်၊ ထင်းတုံးကြီးများ၏ တဖျစ်ဖျစ်နှင့်မြည်နေသော အသံများက ထွက်ပေါ်နေကြလျက် မီးစွယ် ကြီးက ကောင်းကင်ထက်ဆီကို တစ်ချက်တစ်ချက်မှာ ဖိုးထိုး တက်သွားခဲ့ကြသည်။

မီးပုံကြီးနှင့် မလှမ်းမကမ်းတွင်ရှိနေကြသူများက နန္ဒသုခ၊ ဦးကျောက်မောင်း၊ ဖန်လေးနှင့် ဦးကျောက်မောင်း၏ တပည့်အချို့၊ သူဌေးအပါအဝင် တပည့်တပန်းများသည် စားပွဲရှည်ကြီး၏အနားတွင် အစားအစာများကို ပြင်ဆင်လျက်ရှိနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့၏ဝိုင်းထဲတွင် ဒေါ်သီရိကတော့ မပါဝင်နိုင်ရှာ။ သူမသည် ကြက်မျက်သင့်နေသူ၊ ညဘက်တွင် ဘာကိုမှမမြင်ရသူပါတည်း။ စံအိမ်ကြီးထဲမှာပဲ ကျန်ရစ်ခဲ့သည်။

ယခုပြုလုပ်သော မီးပုံပွဲသည် နန္ဒသုခ၏ အောင်မြင်ခြင်းအထိမ်းအမှတ်။ သို့မဟုတ် နှစ်ပေါင်းများစွာ လူတောထဲ မတိုးဝံ့ခဲ့သော မိမိ ... လူ့အသိုင်းအဝိုင်းထဲကို ပြန်လည်ရောက်ရှိခဲ့သည့် ကြိုဆိုပွဲဆိုလျှင်လည်း မမှားပေ။

ထိုနေ့တွင် ဖန်လေးသည်လည်း အထူးပင်လှပနေသည်။ လမင်းကြီးနှင့်အပြိုင် ဝင်းပနေသောမျက်နှာ၊ ဆွတ်ဆွတ်ဖြူနေသော အဝတ်အစားများကို ဝတ်ဆင်ထားသည်။ သူမသည် နန္ဒသုခ၏အနားမှ တစ်ဖဝါးပင်မခွာပေ။

"ဖန်လေး"

"ဟင် ... သခင်ကြီး"

"ကိုယ်တော့ ဒီလိုပျော်ရွှင်မှုမျိုးကို ဘယ်တော့မှ ရနိုင်မှာမဟုတ်တော့ဘူးလို့ ထင်မိခဲ့တာ ... အခုတော့"

"ကံကြမ္မာက သခင်ကြီးအပေါ်မှာ မျက်နှာသာပေးလာခဲ့ပြီလေ၊ ပြီးခဲ့တာတွေကို ပြန်မတွေးပါနဲ့တော့ ... စိတ်ပင်ပန်းပါတယ်"

"မတွေးချင်တော့ပါဘူး။ တွေးလို့လည်းမဖြစ်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ... မျက်နှာပေါ်က ဒဏ်ရာထက် ရင်ထဲကဒဏ်ရာဟောင်းက ပြန်ပေါ်လာမှာစိုးလို့ပါ"



ပြန်မစဉ်းစားတော့ပါဘူးဟုဆိုသည့်တိုင် အဘိုးအဘွား၊ မိဘများ၏ပုံရိပ်များက လျှပ်ပြက်သလို တဖျပ်ဖျပ်နှင့် ပေါ်ပေါ်လာခဲ့ကြသေးသည်။ ထို့နောက် ရုတ်ခြည်းပင် ပျောက်ကွယ်သွားခဲ့ကြလေသည်။ မိမိမွေးမြူထားခဲ့သော ခွေးကြီးနှစ်ကောင် နွယ်ရှင်များရစ်ပတ်ခံရပြီး သေဆုံးသွားခဲ့ကြသည့် မြင်ကွင်းကအစ၊ ငုံ့ချည်ပေါ်ချည် မဖြစ်မနေရောက်လာပြီး အနိုးအငွေ့များပမာ လိမ်တွန့်ကာ ပျောက်ကွယ်သွားခဲ့ကြသည်။ ဒတ္တသည် တစ်မိသားစုလုံးကို မျိုးဖြုတ်ခဲ့သည်တကား။

ထိုစဉ် ...

ဦးကျောက်မောင်းသည် အနားကိုရောက်လာပြီး ...

"သခင်ကြီး ... စားကြသောက်ကြဖို့ အဆင်သင့်ဖြစ်ပါပြီ"

"ဟုတ်ပြီ ဟုတ်ပြီ"

နန္ဒသုခသည် စိတ်ရွှင်စွာနှင့်ပင် ဖန်လေး၏လက်ကိုဆွဲကိုင်ကာ ထမင်းပွဲရှိရာကို လျှောက်သွားကြသည်။

"ကိုင်း ... အားလုံးဝိုင်းပြီး ပျော်ပျော်ပါးပါးစားသောက်ကြရအောင်"

လူအနည်းငယ်ပင်ရှိကြသော်လည်း မိမိအပေါ်မှာ စစ်မှန်သောသဘောထားများရှိကြသည့်သူများပေမို့ စားသောက်ပွဲက မြိုင်ဆိုင်နေသည်။

"ဦးရိုးလည်း မိသားစု, တပည့်တပန်းတွေနဲ့အတူ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



လာနေကြတော့ဗျာ၊ စံအိမ်ကြီးပေါ်မှာ နေချင်လည်းရတယ်၊ ဒါမှမဟုတ် လွတ်လွတ်လပ်လပ်နေချင်သပဆိုရင်လည်း ခြံကျယ်ကြီးရဲ့အနောက်ဘက်မှာ အိမ်တစ်လုံးစီ ဆောက်ပေးမယ်၊ ကိုယ်လုပ်ချင်တဲ့စီးပွားရေးကို လုပ်ကြ . . . အရင်းအနှီးထုတ်ပေးမယ်၊ ဘယ့်နှယ်လဲ''

''ကောင်းတာပေါ့ သခင်ကြီးရာ . . . ကျုပ်တို့ကလည်း ဒီလိုပဲ ဆန္ဒရှိကြတာပါ၊ သခင်ကြီးကြိုက်တဲ့ မြင်းတွေကိုမွေး၊ ပြီးတော့ မြင်းစီးလေ့ကျင့်ရင်း အပန်းဖြေကြတာပေါ့''

အားလုံးက နန္ဒသုခ၏ လက်ကမ်းကြိုဆိုမှုကို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံလိုက်ကြသည်။

''နောက်တစ်ချက်က သခင်ကြီးအတွက် အထီးကျန်မဖြစ်စေဖို့ ကြင်ယာရှာပေးမယ်၊ အဲဒါကို မငြင်းဘဲ လက်ခံပေးရမယ်နော်''

''ကြင်ယာ . . . ဟုတ်လား၊ စိတ်ဝင်စားစရာပဲ၊ ဒါနဲ့ ဘယ်သူနဲ့များလဲဗျာ''

ဖန်လေးသည် သူတို့ပြောနေကြသည့် စကားကြောင့် မျက်ဝန်းလေးဝိုင်းစက်သွားခဲ့ရသည်။ သံသယနှင့် စိုးထိတ်မျက်ဝန်းများ။ ဘယ်သူနဲ့များလဲဟု ရင်ထဲတထိတ်ထိတ်နှင့် ခံစားသွားခဲ့ရသည်။

''ဘယ်သူရှိရမှာလဲ . . . သခင်ကြီးရဲ့အနားမှာ ရှိနေတဲ့သူပေါ့ဗျာ''



''အို''

ဖန်လေးသည် မထင်မှတ်သောစကားကြောင့် ရင်ထဲလှိုက်ဖိုမောသွားခဲ့ရသည်။ မျက်နှာလေးသည်လည်း နီမြန်းသွားခဲ့ရလေ၏။ ထို့နောက် ခေါင်းလေးကို ငုံ့မိလိုက်သည်။

''ကျွန် . . . ကျွန်တော်''

''ကျွန်တော်တွေ,ဘာတွေ လုပ်မနေပါနဲ့ သခင်ကြီးရာ၊ ဖန်လေးနဲ့ သခင်ကြီးဟာ အလိုက်ဖက်ဆုံး။ ကျုပ်ကတော့ ပွင့်ပွင့်လင်းလင်းပဲ''

''မဟုတ်တာဘဲဗျာ၊ အ . . . အသက်ချင်းက ကွာခြားနေကြတာ''

''ဒါပေမဲ့ သခင်ကြီးကလည်း ဖန်လေးကို နှစ်သက်,မြတ်နိုးနေမိတယ် မဟုတ်လား၊ အသက်က အရေးမကြီးပါဘူးလေ၊ အဓိက အရေးကြီးတာက တစ်ယောက်အကြောင်း တစ်ယောက်နားလည်ပေးကြဖို့ပဲ၊ သမီးကလည်း သခင်ကြီးကို လက်ခံတယ် မဟုတ်လား''

''အို . . . ဦးရိုးကလည်း''

ဖန်လေးသည် တုတ်ထိုးအိုးပေါက် အားမနာတမ်းပြောချလိုက်သော ဦးကျောက်မောင်းကြောင့် မျက်နှာမဖော်နိုင်အောင် ဖြစ်သွားခဲ့ရပါ၏။

''ဟုတ်တယ် ဟုတ်တယ် . . . ကျွန်မလည်း သခင်ကြီးနဲ့ ဖန်လေးကို သဘောတူတယ်''

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ အသံတစ်သံထွက်ပေါ်လာသည်။ အနားကို ရောက်လာသူတစ်ယောက်။ အားလုံးလှည့်ကြည့်လိုက်ရာ

"ဟင် ... ဒေါ်သီရိ"

နန္ဒသုခ အံ့အားတသင့် ဖြစ်သွားခဲ့ရသည်။ ထို့အတူ အားလုံးလည်း ဒေါ်သီရိကို မှင်တက်မိပြီး ကြည့်နေမိကြသည်။ ဒေါ်သီရိသည် ကြက်မျက်သင့်ကာ ညဘက်တွင်ဘာကိုမှ မမြင်ရသူ။ ယခု ဤနေရာအထိရောက်လာခဲ့၍ ထူးခြားနေမိသည်။ မမြင်မကန်းနှင့် ရောက်အောင်လာခဲ့ခြင်းပင်လား။ ဖန့်လေးသည် နေရာမှထကာ ဒေါ်သီရိဆီကို ပြေးသွားသည်။

"ဒေါ်ဒေါ် ဒီအထိရောက်အောင်လာခဲ့တာ ပင်ပန်းပါတယ်၊ လမ်းမှာ လဲပြိုပြီးကော့ ကျနေပါဦးမယ်"

"သမီး ... ဒေါ်ဒေါ့်မျက်လုံးတွေ ညဘက်မှာလည်း ကောင်းကောင်းမြင်နေရပြီကွယ့်"

"ဟင် ... ဟုတ်လား။ ညဘက်မှာလည်းမြင်ရပြီ ... ထူးဆန်းလိုက်တာ၊ ဘယ်လိုမြင်သွားတာလဲ ... ပြောပါဦး"

ဖန့်လေးက ဝမ်းသာစွာဖြင့် မေးလိုက်သည်။

"ဒီလိုကွယ့် ... ဒေါ်ဒေါ်လည်း ဒီနေရာကို သိပ်ပြီးတော့ လာချင်နေတာ၊ ခုလိုအောင်ပွဲကို အတူပါဝင်ပြီး ဆင်နွှဲချင်နေတာ၊ ညဘက်ကြီးဆိုတော့ ဘာကိုမှ သွားလာလို့မရ၊ မမြင်မကန်းနဲ့မို့ ဒုက္ခရောက်နေတာပေါ့၊ အဲဒီအတွက် ဒေါ်ဒေါ် မျက်ရည်ကျမိတယ်၊ အဲ ... မကြာပါဘူး ... ဒေါ်ဒေါ့်မျက်လုံးတွေ



ဟာလေ တဖြည်းဖြည်းနဲ့ မြင်လာသလိုပဲ၊ စိတ်အထင်လားလို့တောင် ထင်မိတာ ... နောက်တော့ ထင်တာမဟုတ်ဘူး၊ တကယ်မြင်တာဆိုတာ သိလာခဲ့ရတယ်၊ ဝမ်းသာလိုက်တာကွယ် ... ပြောမပြတတ်အောင်ပါပဲ၊ ဒါကြောင့်မို့ နောက်မကျသေးဘူးဆိုပြီး ဒီကိုရောက်လာခဲ့တာ"

ဒေါ်သီရိက ရှင်းပြလိုက်သည်၊ နန္ဒသုခလည်း အနားကို ရောက်လာကာ ...

"ဒါ တစ်ယောက်ပါအပေါ်တစ်ယောက်ထားတဲ့ စေတနာ၊ မေတ္တာကြောင့်ပေါ့၊ ဒေါ်ဒေါ် အခုလို ရောဂါပျောက်ကင်းသွားတဲ့ အတွက် ဝမ်းသာမိတယ်ဗျာ၊ ကဲ ... ခါတော်မီ စားပွဲလေး နွှဲလိုက်ပါဦး"

ဒေါ်သီရိကို နန္ဒသုခက အားပေးသလို ဦးကျောက်မောင်းကလည်း နေရာမှထကာ ...

"မသီရိ ... လာ လာ ... ဒီမှာထိုင်"

ဝမ်းသာအားရစွာပင် ဖိတ်ခေါ်လိုက်သည်။ အားလုံးပင် ပျော်ပျော်ပါးပါးဖြင့် ရှိနေကြစဉ် ...

မလှမ်းမကမ်းဆီက မှောင်ရိပ်ထဲမှနေ၍ သူတို့ဆီကို လျှောက်လှမ်းလာနေသူနှစ်ဦး။ ကိုယ့်ပေါ်မှာ တစ်ဝက်တစ်ပျက်ရေစိုလျက်ရှိနေကြသည်။ ဖန့်လေးသည် နန္ဒသုခနှင့်အတူတူထိုင်နေရာက အမှောင်ရိပ်ထဲကို အကြည့်ကရောက်သွားခဲ့သည်။

"ဟင် ... ဟိုမှာ"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံကြောင့် နန္ဒသုခလည်း အမှတ်မထင် လှမ်းပြီးကြည့်မိလိုက်လေသည်။ ထို့နောက် ထိုနှစ်ယောက်ကို အားလုံးမြင်သွားခဲ့ကြလေ၏။

သူတို့ကိုရန်မူဖို့များ ရောက်လာခဲ့ကြသလားဟု သတိထားပြီးကြည့်နေမိစဉ်မှာပင် အသက်ကြီးကြီးလူက ဖနီလေးကို စူးစိုက်ပြီးတော့ကြည့်နေမိသည်။ ဖနီလေးကလည်း မီးမှောင်နှင့်မလှမ်းမကမ်းဆီရောက်လာသော ထိုလူကြီးကို ပြန်ပြီးကြည့်နေရင်းက ...

"အဖ ... အို ... အဖ"

လှိုက်လှဲစွာပင်ခေါ်လိုက်ပြီး နေရာမှ ပြေးထွက်သွားခဲ့လေသည်။

"သမီး ဖနီလေး"

လူကြီးဆီကလည်း တုန်ယင်သောအသံက ထွက်ပေါ်လာခဲ့လေသည်။ သားအဖနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ဖက်လဲတကင်းဖြစ်သွားခဲ့ကြလေသည်။ ထိုလူကြီးကား အခြားသူမဟုတ် ... ဖနီလေး၏ဖခင် ဦးဒီပပင်တည်း။

"သ ... သမီး ... အဖက သမီးကိုလိုက်ရှာနေခဲ့တာ၊ ဒဏ္ဍာရီမြစ်ကြောရှည်ကြီးအတိုင်း လိုက်လာခဲ့တာ၊ တစ်နေ့နဲ့တစ်ည ကြာတယ်၊ လမ်းမှာ အခက်အခဲအမျိုးမျိုးကြုံတွေ့ခဲ့ရတာ၊ ဒါပေမဲ့ ခုလို သမီးအသက်ရှင်လျက်ရှိနေတာကို တွေ့လိုက်ရလို့ အဖ ဝမ်းသာသွားပြီကွယ်"





"အို အဖရယ်.. သမီးလည်း အဖကို ခုလိုမမျှော်လင့်ဘဲ တွေ့လိုက်ရလို့ သိပ်ပြီးတော့ ဝမ်းသာနေမိတာပါ၊ ဒါ ... ဒါနဲ့ သူက"

ခပ်လှမ်းလှမ်းမှာရပ်နေသောသူကို လှမ်းကြည့်ရင်း မေးလိုက်ရာ ...

"သူက ယာနုလေ သမီး ... အဖနဲ့ အဖော်လိုက်လာခဲ့တာ"

"ဟင် ... ယာနု ... နင်ကိုး"

ဖနီလေးက ဝမ်းသာလှိုက်လှဲစွာပင် ယာနုကိုနှုတ်ဆက်သည်။

"ဖနီလေး ... နင့်ကိုစိုးရိမ်ပြီး ငါတို့လိုက်ရှာနေခဲ့တာ၊ တော်သေးတာပေါ့ ... နင် ဘာမှမဖြစ်တာကို တွေ့လိုက်ရလို့ ငါတို့ သိပ်ကိုဝမ်းသာသွားပြီဟာ"

ယာနုကလည်း ဝမ်းကွဲမောင်နှမတော်စပ်သော ဖနီလေးကို လှိုက်လှဲစွာပင် နှုတ်ဆက်သည်။

"သမီး ... ဒါက ဘာအထိမ်းအမှတ်လဲ"

ဦးဒီပက မီးပုံပွဲကိုကြည့်ပြီးတော့ မေးလိုက်သည်။ သူတို့ဆီမှာလည်း မီးပုံပွဲလုပ်လျှင် အထိမ်းအမှတ်တစ်ခုခုရှိ၍ပင် မဟုတ်ပါလား။

ပြောပြရလျှင် တောက်လျှောက်အရှည်ကြီးပင် ဖြစ်သည်။ နန္ဒသုခကလည်း အားလုံးနှင့်အတူ ကြည့်နေသည်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



"ညော် . . . အဖ၊ ယာနု . . . လာ လိုက်ခဲ့"

ဖန်လေးသည် သူတို့နှစ်ယောက်ကို နန္ဒသုခဆီကို ခေါ်သွားသည်။

"သ . . . သခင်ကြီး . . . ဒါ ဖန်လေးရဲ့အဖ ဦးဒီပ၊ သူက မောင်ဝမ်းကွဲ ယာနု၊ ဖန်လေးကို လိုက်ရှာကြရင်း ဒီကို ရောက်လာခဲ့ကြတာ၊ ရေခဲမြစ် . . . အဲ ဖန်လေးတို့ဆီမှာတော့ ဒဏ္ဍာရီမြစ်, ပြန်လမ်းမရှိတဲ့မြစ်လို့ ခေါ်ကြတယ်၊ လမ်းမှာ တစ်နေ့နဲ့ တစ်ည ကြာခဲ့တယ်၊ တောက်လျှောက်ကို လိုက်လာခဲ့ကြတာတဲ့"

"အို . . . ဒါဆို လမ်းမှာ နားခွင့်မရခဲ့ဘူးပေါ့၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

နန္ဒသုခကလည်း အံ့အားသင့်စွာဖြင့် ကြည့်ကာ နှုတ်ဆက်လိုက်သည်။ ဦးဒီပသည် သူတို့ပြောနေကြသည့် စကားများကို နားမယည်၍ . . .

"သမီး ဘာတွေပြောနေကြတာလဲ . . . သမီးကလည်း စကားအဆန်းတွေကို ပြောနေပါလား"

ဟု ပြန်မေးလိုက်သည်။

◆ ◆ ◆ ◆



## (၂၅)

### သမြန်သမီး

နန္ဒသုခနှင့် အခြားသူများသည်လည်း သူတို့သားအဖ နှစ်ယောက်ပြောနေကြသည့် စကားများကို နားမလည်ကြ။ သို့သော် . . .

"ဦးရီးတို့ လမ်းမှာ ဘာမှစားခဲ့ကြရမှာ မဟုတ်ဘူး။ ဒီတော့ လောလောဆယ် အစားစားလိုက်ကြပါဦး၊ ကျွန်တော်လည်း ဖန်လေးရဲ့ဖခင်နဲ့ မောင်ဘွားတော်စပ်သူတို့ ခုလိုတွေ့လိုက်ရလို့ ဝမ်းသာပါတယ်၊ ပြီးတော့မှ အေးအေးဆေးဆေးပြောကြတာပေါ့"

နန္ဒသုခ၏စကားကို ဖန်လေးက ဘာသာပြန်ပေးရသည်။ တကယ်လည်း ဆာလောင်နေကြပြီဖြစ်သည်။ ထမင်းသုံးနပ်ခန့် ငတ်ခဲ့ကြသည်။ ဤနေရာကိုရောက်ခဲ့ရသည်ကပင် ကံကောင်းထောက်မ၍သာ။ ဦးကျောက်မောင်းနှင့်အဖွဲ့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လုံဖော်ရွေစွာပင် အစားအစာများကို ကျွေးမွေးကြသည်။ ဦးဒီပတို့မှာ ဟန်မဆောင်နိုင်ကြတော့။ အားပါးတရပင် စားသောက်ကြလေသည်။

ညဦးနက်ပိုင်းကို ရောက်လာလေလေ နှင်းကအကျစိတ်လာလေလေဖြစ်သည်။ ထို့ကြောင့် မီးပုံကြီးကိုငြိမ်းသတ်ပြီး စံအိမ်ကြီးထဲသို့ ဝင်ကြသည်။ သမီးဖြစ်သူနှင့် စကားပြောချင်သေးသော ဦးဒီပကို စာနာစိတ်ဖြင့် နားလည်ပေးကြရသည်။

ဦးဒီပသည် ဤမျှကြီးမားသော အိမ်ကြီးကိုကြည့်ပြီး အံ့အားသင့်နေမိသည်။ ဧည့်ခန်းထဲတွင် ဦးဒီပနှင့်အတူ အားလုံးစုဝေးပြီးတော့ထိုင်ကြပြန်သည်။ မိမိတို့သည် လမ်းခရီးကိုသက်စွန့်ဆံဖျား ရင်ဆိုင်၍လာခဲ့ရသည့်အကြောင်း။

သို့သော် ...ဒဏ္ဍာရီမြစ်ကြီးသည် လူတွေကပြောသလောက် အန္တရာယ်ကြီးသည်မှာ မဟုတ်ကြောင်း။

ဤနေရာကိုအရောက်တွင် လှေက ကမ်းပေါ်ကို အမှတ်မထင်တင်သွားခဲ့၍ အခြေအနေကိုလေ့လာရန် တက်လာခဲ့ကြသည့်အကြောင်း။

ကံအားလျော်စွာ ...ဤလူများနှင့်ဆုံမိကြရသည့်အခွင့်အရေး သမီးနှင့်တွေ့ရန် နတ်ဒေဝတာများက ဖန်တီးပေးခဲ့သည်များ ...စသည်တို့ကို ပြောပြသည်။ ဖန်လေးက စကားပြန်လုပ်ရလေသည်။

"အဖေ ...လုထန် လုထန်တစ်ယောက်"





"သူ သေပြီ၊ ချောက်ကမ်းပါးနားမှာ ဓားဒဏ်ရာနဲ့ သေဆုံးနေတာကို တွေ့ကြရတယ်၊ တစ်တောရှင်းသွားတာပေါ့၊ သူ့မရှိတော့မှ ငါတို့မျိုးနွယ်စုအချင်းချင်းလည်း ညှိနှိုင်းလို့ရလာခဲ့တယ်၊ ရန်မစကြေး၊ နယ်မကျော်ကြေး၊ လိုအပ်ရင် အပြန်အလှန်အကူအညီပေးကြဖို့အတွက်တွေပါ ညှိနှိုင်းလို့ရလာတယ်၊ ခုတော့လည်း ...အေးအေးဆေးဆေးဖြစ်သွားပါပြီ"

လုထန်ကွယ်လွန်သွားပြီဟူသည့် သတင်းကြောင့် စိတ်မကောင်းဖြစ်သွားခဲ့ရသည်။ သို့သော် သူက တစ်ယူသန်သမားတစ်ယောက်။ ခေါင်းမာသူ၊ နားချရန်ခက်ခဲသောသူ။ သူမရှိတော့၍ ခုလို တစ်ဖက်နှင့်တစ်ဖက် ကျေအေးနိုင်ကြခြင်းသာ။ လုထန်သေဆုံးခြင်းမှာ မိမိ၏လက်ချက်ဆိုသည်ကို ဦးဒီပ သိနိုင်သည်။ သို့သော် ဤကိစ္စနှင့်ပတ်သက်ပြီး တစ်ခွန်းမှမဟ၊ မမေး။ ရေငုံနှုတ်ပိတ်နေသည်။

"ကဲ သမီး ...ဒီကိုရောက်လာခဲ့ရတဲ့အကြောင်းကို ပြောပြပါဦး။ ခုလို အေးအေးဆေးဆေးမြင်ရတာ အဖဝမ်းသာတယ်"

"ညဦးလည်းနက်နေပြီ၊ အဖတို့လည်း ပင်ပန်းလာတယ်၊ အနားယူ အိပ်စက်လိုက်ကြပါဦး။ မနက်ကျမှ ပြောပြပါ့မယ်"

ဦးဒီပက လက်ခံသည့်အလား ခေါင်းတညိတ်ညိတ်နှင့်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပနှင့် ယာနုတို့သည် နှင်းသုခမြို့ပြင်တွင် သုံးရက်နေပြီးသောအခါ ဖန်လေးက ဇာတ်စုံကိုခင်းပြခဲ့၍ အကြောင်းစုံကို သိခဲ့ရလေသည်။ နန္ဒသုခသည် ဖန်လေးကို ရေခဲမြစ်ထဲမှဆယ်ယူခဲ့သည်။ သူက ဖန်လေးကိုမတွေ့ခဲ့လျှင် မျောချင်ရာမျောပါသွားနိုင်သည်။ သို့မဟုတ် ရေခဲမြစ်ထဲမှာပင် အေးခဲပြီးသေဆုံးသွားနိုင်သည်။

ထို့အပြင် ...

နန္ဒသုခ၏ခွင့်ပြုချက်အရ နှင်းသုခမြို့ကြီးတွင် ဖြစ်ပျက်သမျှ အနု၊ အကြမ်းဇာတ်လမ်းအားလုံးကိုပြန်ပြီးတော့ ပြောပြခဲ့လေသည်။ ထိုအခါ ဦးဒီပသည် နန္ဒသုခ၏ နှစ်ပေါင်းများစွာ ခံစားခဲ့ရသော စိတ်ခံစားမှုကို သိသွားခဲ့ရလေသည်။ စာနာစိတ်များလည်း ဖြစ်သွားခဲ့ရလေသည်။

"သမီး ... သူနဲ့ချစ်နေသလား"

"အို ... အဖ"

ဖန်လေးသည် မမျှော်လင့်သောအမေးကြောင့် ရှက်ကိုးရှက်ကန်းနှင့် ဖြစ်သွားခဲ့ရလေသည်။

"အဖ,မေးတာ အကြောင်းရှိတယ်လေ သမီးရဲ့၊ အဖက သမီးကို ကြင်ဖက်ရှာခိုင်းထားတယ် မဟုတ်လား။ အခု ... ဒီသူငယ်ကလည်း သမီးကို ချစ်မြတ်နိုးပုံရတယ်၊ သမီးကလည်း





မေတ္တာရှိနေတယ် မဟုတ်လား"

"အင်း ... အဲဒါကတော့ ... သ ... သမီး"

ဦးဒီပက လက်ကာပြလိုက်ပြီး ...

"အဖကို မရှက်ပါနဲ့ သမီး ... ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ ဒီသူငယ်ဟာ ဆွေကြီးမျိုးကြီးထဲကပဲ၊ အဆင့်လည်း ရှိတယ်၊ စိတ်ကောင်းလည်းရှိတယ်၊ သူသာ သမီးကို လက်ထပ်ယူမယ်ဆိုရင် အဖက ခွင့်ပြုပြီးသား"

"အို ... အဖ"

ဖန်လေးတို့ဌာနတွင် သားသမီးများသည် မိဘစကားကို မြေဝယ်မကျ နားထောင်ကြရသည်။ မိမိမှာချစ်သူရှိသည့်တိုင် မိဘက လက်ထပ်ထိမ်းမြားပေးမှ တရားဝင်ဖြစ်သည်။

"ပြီးတော့ သမီးနဲ့တူကဲ့ မိန်းကလေးတစ်ယောက်ဟာ ဒီအိမ်ကြီးမှာ တစ်ချိန်တုန်းက ရှိဖူးခဲ့တယ်၊ သမီး ဒီကိုရောက်လာတဲ့အချိန်မှာ ဒီကပြောတဲ့စကားတွေကိုလည်း အလိုလိုနားလည်နေခဲ့တယ်၊ စာတွေလည်း ဖတ်တတ်တယ်၊ ဒါဟာ ထူးဆန်းတယ်၊ အဖေတို့ရဲ့ ဘိုးစဉ်ဘောင်ဆက် လက်ခံလာတဲ့စကားရှိတယ်၊ အဲဒါက 'သေသောသူဟာ မိမိဘုံဌာနကို တစ်ကြိမ်ပြန်လာတတ်တယ်'တဲ့၊ ဒီစကားကို သမီးလည်း သဘောပေါက်မှာပါ"

နန္ဒသုခကလည်း ဖန်လေးကို ...

"ဖန်လေးအဖေဆီမှာ ခွင့်တောင်းပြီး လက်ထပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ... တိုင်ပင်ကြည့်ပါလား''

ဖန်လေးကလည်း ဦးဒီပ၏ဆန္ဒကို ပြောပြသည်။ ထိုအခါ နန္ဒသုခလည်း ဝမ်းသာသွားခဲ့ရသည်။ ဤသို့ဖြင့် မင်္ဂလာအခမ်းအနားဖြစ်မြောက်ရန် စီစဉ်ကြသည်။ ဦးကျောက်မောင်းကို ရပ်ဝေးသို့စေလွှတ်ပြီး ဆွေမျိုးရင်းချာများကို ဖိတ်ကြားစေသည်။ မကြာမီမှာပင် နှင်းသုခမြို့၌ ဆွေမျိုးမိတ်သင်္ဂဟအစုံအလင်ဖြင့် စည်ကားသိုက်မြိုက်သော မင်္ဂလာပွဲကြီးတစ်ခု ဖြစ်မြောက်ခဲ့လေသည်။

ဦးဒီပသည် မိမိတို့၏ဒေသဓလေ့ထုံးတမ်းစဉ်လာနှင့်မတူသော မင်္ဂလာပွဲကို ကိုယ်တိုင်ပါဝင်နေရပေမယ့် ကျေနပ်နေမိသည်။ နန္ဒသုခနှင့် သမီးဖြစ်သူတို့၏အတွဲကိုကြည့်နေရင်းက

''အင်း ... ငါ့သမီးဟာ ဒီလူနဲ့ ဒီအရပ်ဒေသနဲ့ အပ်စပ်တယ်၊ ဒီမှာနေရင် ကြောင့်ကြခြင်း ကင်းဝေးမယ်၊ စိတ်ချမ်းသာမယ်၊ ကောင်းပါတယ်လေ''

အမှန်က သမီးကိုရှာရင်း တွေ့က ဌာနေကိုပြန်ပြီးတော့ ခေါ်ဆောင်သွားရန်ဖြစ်သည်။ ယခုတော့ ရင်ထဲမှာ ရှင်းသွားခဲ့ရလေပြီ။ သမီးနှင့်သမက်ကိုကြည့်ရင်း ပီတိဖြစ်နေမိသည်။ မင်္ဂလာပွဲကြီးအပြီးတွင် ...

''သမီး ... အဖဟာ လူမျိုးစုခေါင်းဆောင်ဖြစ်တယ်၊ ဌာနေကို ပြန်ရမယ်၊ ကိုယ်ရေးကိုယ်တာစိတ်နဲ့ ဒီကိုရောက်လာခဲ့တာ၊ ဟိုမှာ ကိုယ့်လူမျိုးစုတာဝန်တွေကို ဆက်လက်ပြီးယူရ





ဦးမယ်''

ပြန်ရန် အရိပ်အမြွက်စကားမှန်း သိသည်။

''အဖ ... အဖလည်း အသက်ကြီးပါပြီ၊ ခေါင်းဆောင်တာဝန်ကို တစ်ယောက်ယောက်ကိုလွှဲပေးပြီး သမီးတို့နဲ့အတူ လာနေပါလား''

''အဖလည်း ဒီလိုစိတ်ကူးမျိုးရှိပါတယ် သမီးရယ်၊ ဒါပေမဲ့ ခုလောလောဆယ်တော့ မဖြစ်သေးဘူး၊ သိပ်မကြာခင်မှာ အဖ ပြန်လာနိုင်အောင် ကြိုးစားပါမယ်''

နန္ဒသုခကိုလည်း အကျိုးအကြောင်းပြောပြရာ ...

''ကျွန်တော်ကတော့ ဦးရီးတို့ကို ဒီမှာပဲ နေစေချင်တာပဲ၊ ပြန်မလွှတ်ချင်တော့ဘူး''

ထိုအခါ ...

ဖန်လေးက ဦးဒီပ၏လူမျိုးစုတာဝန်ကို တစ်ဆင့်ဖြစ်ပြီးတော့ ပြောပြလေသည်။

''အဖက မကြာခင်မှာ ပြန်လာမှာတဲ့''

''ပြန်လာဖြစ်အောင် လာခဲ့ပါ ... ကျွန်တော် အားလုံးကို တာဝန်ယူပါတယ်''

ဖန်လေးက စကားပြန်လုပ်ပေးရလေသည်။

မကြာမီ ...

ဦးကျောက်မောင်းနှင့်တပည့်များသည် တောင့်တင်းကြံ့ခိုင်သော ဖောင်ကြီးတစ်ခုကို ဖွဲ့ကြသည်။ ဖောင်ပေါ်တွင် အိမ်





www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်လုံးကိုလည်း ဆောက်ပေးသည်။ ထို့နောက် နန္ဒသုခ ၏အစီအစဉ်ဖြင့် ဝယ်ခြမ်းထားသော လက်ဆောင်ပစ္စည်းများကို ဖောင်ပေါ်သို့ တင်ပေးကြလေသည်။

ရေခဲမြစ်ကြီးသည် လမ်းကြောင်းနောက်ပြန်တစ်လှည့် စီးဆင်းနေပြီဖြစ်သည်။ ဖောင်ပေါ်သို့ဆင်းရန် နန္ဒသုခ၊ ဖန်လေး၊ ဦးကျောက်မောင်းနှင့်တပည့်များက လိုက်ပို့ကြသည်။ နန္ဒသုခ ၏လက်ထဲတွင် နိုအိမ်လေးတစ်အိမ် ပါလာသည်။ အိမ်ကလေး ထဲမှာ နိုသုံးကောင်။

"ဖန်လေးဆီကို စာပို့ချင်ရင် ဒီနိုလေးတွေနဲ့ ပို့ပါ ... ရောက်ပါတယ်"

"အေး အေး ... ကောင်းတယ်၊ ဒါမှ မင်းတို့နဲ့ငါတို့ အဆက်အသွယ်မပြတ်မှာ"

"ယာနု ... လမ်းမှာ အဖကို ဂရုစိုက်နော်"

"စိတ်ချ ဖန်လေး ... ဒီဒဏ္ဍာရီမြစ်ကြီးဟာ သူများ တွေပြောသလောက် မဆိုးပါဘူး။ ငါတို့လူမျိုးစုတွေ တခြားကို ထွက်သွားကြမှာစိုးလို့ ခြောက်လှန့်ထားကြတာ၊ ငါ ဦးရီးကို ကောင်းကောင်းစောင့်ရှောက်သွားမယ်၊ ဒီမြစ်ကြီးကို ငါတို့တွဝရီး နှစ်ယောက် လုံးဝမကြောက်ဘူးဟေ့"

ယာနုက ဖန်လေးကိုနှစ်သိမ့်လိုက်သည်။ ထို့နောက် နန္ဒသုခကိုလည်း နှုတ်ဆက်သည်။

"ယောက်ဖကြီး ... ပြန်ဦးမယ်နော် ... ခွင့်ပြုပါဦး"





ဖန်လေးက စကားပြန်လုပ်ပေးရသည်။

"ယောက်ဖကြီး ပြန်မယ်လို့ နှုတ်ဆက်တာ"

"ဪ ဪ ... ကောင်းပြီ ကောင်းပြီ ... နောက် တစ်ခါ ထပ်လာခဲ့ဦးနော်"

"လာမယ် လာမယ် ... စိတ်ချ"

ဦးဒီပသည် ဖန်လေးကိုဖက်လိုက်ပြီး ...

"လိမ်လိမ်မာမာနေနော် သမီး၊ အဖ ပြန်လာရင် မြေး တွေအများကြီးရှိနေတာ မြင်ချင်တယ်"

"အို ... အဖကလည်း"

ဖန်လေး၏မျက်နှာပြင်မှာ ပန်းနုရောင်ပြေးသွားခဲ့သည်။

"အဖက ဘာပြောလိုက်လို့လဲ"

"မသိဘူး၊ အဲ ... နောက်မှပြောမယ် ... အဟန်း ဟင်း"

ဖောင်ပေါ်ကို တက်ကြသည်။ ဦးဒီပက လက်ကိုဝှေ့ယမ်း ပြီး နှုတ်ဆက်သည်။

"သွားမယ် သမီးနဲ့သား"

"ဖန်လေး, ယောက်ဖကြီး ... သွားမယ်နော်"

"အဖ ... ကျန်းမာရေးကို ဂရုစိုက်နော်"

"လမ်းခရီးမှာ အဆင်ပြေကြပါစေ"

ဦးကျောက်မောင်းနှင့် တပည့်နှစ်ယောက်ကပါ ဖောင် ပေါ်ကိုရောက်နေကြသည်။ သူတို့သည် ဖောင်ကိုထိန်းပြီး လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြမည်ဖြစ်သည်။ မိုင်ဝက်ခန့်အလွန်တွင် သူတို့ချည်းပဲ လွှတ်ပေးပြီး ပြန်လာကြမည်။ ဖောင်သည် ရေစီးကြောင်းတွင်း တရွေ့ရွေ့နှင့်မျောပါသွားသည်။ လက်တွေကိုဝှေ့ယမ်းကာ နှုတ်ဆက်ကြရင်း ကွေ့တစ်ကွေ့အရောက်တွင် ဇွဲ့ခနဲ့ဆိုပျောက်ကွယ်သွားခဲ့လေသည်။ ဖန်လေးမှာ မျက်ရည်လည်ကာ ကျန်ရစ်ခဲ့သည်။ ထိုနေရာမှ မခွာနိုင်သေး။

"ကဲ ... အပြင်မှာအေးတယ် ဖန်လေး ... ပြန်ကြရအောင်၊ ဦးရိုးက သူ့ကတိအတိုင်း ဒီကိုပြန်လာခဲ့မှာပါ"

"ဖန်လေးသိပါတယ် ... သူ့သမီး ဒီမှာရှိနေတယ်ဆိုရင် အဖက နေမှာမဟုတ်ဘူး။ တစ်ချိန်ချိန်မှာ ပြန်ရောက်လာမှာပါ"

"ဘာလဲ ... မြေးတွေအများကြီးရမှလား"

"အို သခင်ကြီးကလည်း ... အဖ ဒီလိုပြောခဲ့တာကို ဘယ်လိုသိနေသလဲ"

"ဦးရိုးရဲ့အပြောမှာ ဖန်လေးရှက်သွားတယ် မဟုတ်လား။ ဒီစကားပဲဖြစ်ရမယ်ဆိုပြီးတော့ ခန့်မှန်းပြီးပြောတာပါ ... ဟုတ်တယ်မဟုတ်လား"

"သွား ... သိဘူး"

လက်တွဲကာ နှင်းသုခမြိုင်ဆီကို တရွေ့ရွေ့နှင့် လှမ်းလာခဲ့ကြသည်။

◆ ◆





ထိုည ...

စံအိမ်ကြီးထဲမှာ ...

မီးလင်းဖိုကြီးကို ဖိုထားသည်။ အခန်းထဲတွင် အနွေးဓာတ်က ကောင်းစွာရနေသည်။ နန္ဒသုခလည်း လက်ထဲတွင် တစ်စုံတစ်ခုကိုကိုင်ကာ မီးလင်းဖိုဆီကို လျှောက်သွားသည်။ ထိုစဉ် ... ဖန်လေးက နန္ဒသုခ၏ အနားကိုရောက်လာခဲ့သည်။

"သခင်ကြီး ... လက်ထဲက ဘာလဲဟင်"

နန္ဒသုခက ဖန်လေးကိုပြလိုက်သည်။ ထို့နောက် မီးလင်းဖိုထဲကို ပစ်ထည့်လိုက်လေသည်။ ရွှေရောင်မျက်နှာဖုံးလေးသည် တစ်ခဏအတွင်းမှာပင် မီးစွဲသွားသည်။ ထို့နောက် မီးဟုန်းဟုန်းတောက်ကာ လောင်ကျွမ်းနေလျက်။

"ညဉ့်နက်နေပြီ ... အနားယူပါတော့ သခင်ကြီး"

နန္ဒသုခက ဖန်လေး၏ခါးကိုဖက်ကာ ဖန်လေးနေသည့် အခန်းထဲကို ဝင်သွားခဲ့ကြလေသည်။ အပြင်ဘက်တွင် နှင်းတွေကပို၍ပြီးတော့ အကျစိပ်လာခဲ့သည်။ လေကလည်း ပို၍ပြီးတော့ ထန်လာခဲ့လေသည်။ ညတာက ရှည်လျားလှစွာ ...။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

မင်းစိုးကြ

www.burmeseclassic.com